www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံး ချင်း ဝတ္ထု

# မင်းစက္က

ဝေမာနိကပေတ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မြိတ်စာပေ

အမှတ်(၂၂၁)၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
Ph : 09-732 45048, 09-503 1034

# မင်းခက္က

ဝေမာနိကမေတ

မြိတ်စာပေ
အမှတ်-၂၂၁(၃၁)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၇၃၂၄၅၀၄၈၊ ၀၉၅၀၃၁၀၃၄

www.burmeseclassic.com

www.burmeseclassic.com

မဉ္ဇူ ဂုဏ် အဟံ ဝန္ဒာမိ

# မင်းစက္ကူ

# ဝေမာနိကပေတ

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၂ခုနှစ်၊စက်တင်ဘာလ၊
အုပ်ရေ - ၅၀၀အုပ်
တန်ဖိုး - ၁၅၀၀ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ချိုမြင့်
ကောင်းဆုအော့ဖ်ဆက်
အမှတ်(၅၂/ခ)၊ရွှေယင်းမာလမ်း၊
၁၃ရပ်ကွက်၊ရန်ကင်း။
ထုတ်ဝေသူ - ဦးလှနိုင်(မြိတ်စာပေ)
အမှတ်(၆၆)၊ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ရန်ကုန်မြို့။
ဖြန့်ချိရေး - မြိတ်စာပေ(ဖုန်း-၀၉၇၃၂၄၅၀၄၈)
၂၂၁၊၃၁-လမ်း(အထက်)၊ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင်(မြိတ်)(ဖုန်း-၀၉၅၀၃၁၀၃၄)

၈၉၅.၈၃
မင်းစက္ကူ
ဝေမာနိကပေတ- ရန်ကုန်၊
မြိတ်စာပေ၊ ၂၀၁၂။
၂၉၉ - စာ ၊ ၁၂ × ၁၈စင်တီ
ဝေမာနိကပေတ။

# အခန်းစဉ်

၁။ လှိုင်းလေးကြားကကယ်တင်ရှင်၊
၂။ လေလုံးကိုသာမွေးဖွားသူ၊
၃။ သျှောင်ပေစူးနှင့်ကလေး၊
၄။ သျှောင်ပေးစူးနှင့်ကလေးကသတိပေးလိုက်ခြင်း၊
၅။ အမေဆီမှာ လာနေပါရစေ၊
၆။ ငါးသိုက်ထဲက ငွေဒင်္ဂါးများ၊
၇။ မောင်တိုးဝေ၏ဆန္ဒ၊
၈။ မှန်တိုင်းထဲပါသွားသော၊
၉။ မောင်တိုးဝေကိုရှာကြရပြီ၊
၁၀။ ကြောက်စရာအကြံ၊
၁၁။ ဝေမာနိကပေတ၊
၁၂။ တောထဲကကယ်တင်ရှင်၊
၁၃။ လသာသာသစ်ပင်အောက်က ကလေးတစ်ယောက်၊
၁၄။ ကစားဖော်ဖြစ်သွားရသောသူ၊
၁၅။ ထူးဆန်းသောအိပ်မက်၊
၁၆။ မသင်္ကာစရာကုလားအဖိုးကြီး၊
၁၇။ သေဆုံးနေသော ကုလားအဖိုးကြီး၊
၁၈။ သစ်ပင်ပေါ်ကလူလား၊ မျောက်လား၊
၁၉။ အချိန်မတော်ခြံထဲဝင်လာသူ
၂၀။ အပြစ်ကျခံသွားရသူ၊
၂၁။ ရည်စားရပြီဖြစ်သောမောင်တိုးဝေ၊
၂၂။ ဘဝဟောင်းက မောင်လူလု
၂၃။ အိမ်တိုင်အောက်မှ ရတနာများ၊
၂၄။ နှုတ်ဆက်သွားသူ၊

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ကျိုင်းလေကြားက ကယိတင်ရှင်

"ဂျိမ်း. . ဂျိမ်း"

မိုးခြိမ်းသံတွေက မြေပြင်ကို တသိမ့်သိမ့်တုန်သွားစေသည်အထိ ထွက်ပေါ်လာခဲ့လေသည်။ လျှပ်နွယ်လျှပ်ပန်းတွေကလည်း ဝင်းကနဲ၊ လက်ကနဲ၊ မိုးကောင်းကင်ကြီးကို လက်သည်းနှင့်ကုပ်ခြစ်လိုက်သလို့ဝင်းကနဲ လက်ကနဲနှင့် နေအော်ထွက်ပေါ်လာခဲ့ကြလေသည်။

ကောင်းကင်တစ်ခုလုံးမိုးတိမ်များနှင့် အဖြည့်ဖုံးလွှမ်းနေလျက်ရှိကြသည်။ တဝင်းဝင်းနှင့် ဖြိုးပြက်လိုက်ကြသော. . . လျှပ်စီးကြောင်းများကြောင့်. . . မိုးအောက်၊ မြေပြင်ကို တစ်ချက်တစ်ချက်မှာ ထင်ရှားစွာပင် မြင်နိုင်စေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံ၊ မိုးကြိုးသွားထစ်သံများက အဆက်မပြတ်ပင် ထွက်ပေါ်နေဆဲမို့ ချောက်ချားစရာကောင်းသော ညအဖြစ် ဖန်တီးပေးနေသလိုပင်။

မကြာမီ. . .

မိုးဖွဲကလေးတွေက ကျလာသည်။

"ဝေါ. . . ဝေါ. . . ဝေါ. . . ဝေါ"

လေပြင်းကျလာသည်။ တမဟုတ်ချင်းဖြစ်ပေါ်လာသော အခြေအနေက လေရောမိုးပါ ကျလာတော့မည့်အသွင်ပင်။

မြစ်ရေသည်လည်း လွန့်လူးလာသည်။ လှိုင်းထမီးပိုးများက ထကြွလာခဲ့ကြသည်။ ညဥ့်ဦးယံကာလသို့ ရောက်နေသော်လည်း မြစ်ပြင်တစ်ခုလုံးသည် မည်းမှောင်နေလျက်ရှိသည်။

မကြာမီ. . .

မိုးက ရွာချလိုက်လေတော့သည်။ မိုးရွာချသံ၊ မိုးကြိုးသွားက တထစ်ထစ်နှင့် ဒလိမ့်တုံးပမာလိမ့်ပြီး မြည်ဟီးသွားကြသံ၊ လေသံများနှင့် ရောပွမ်းသွားခဲ့လေတော့သည်။

ဤအချိန်တွင်. . .

မြစ်ထဲမှာ လှုပ်ရှားနေသော သင်္ဘောနက်တစ်ခု၊ လှိုင်းတွေကြားမှာ လွန့်လူးနေလျက်ရှိသည်။ လှေတစ်စင်းပင်တည်း။ မိုးသဲသဲ၊ လှိုင်းထန်ထန်၊ လေပြင်းကျချိန်မှာ မြစ်ထဲကိုရောက်နေသောလှေတစ်စင်း။

ဟိုမှာဘက်ကမ်းမှ ဤမှာဘက်ကမ်းဆီသို့ ကူးလာ



နေစဉ်မှာ အစကမိုးရွာမည့် လက္ခဏာမျိုးကိုမမြင်ရ၊ မသိနိုင်သေး။ မိုးထစ်ချုန်းသံများ၊ လျှပ်ပြက်တာမျိုးလောက်ပဲရှိသည်။ မြစ်သည် များစွာမကျယ်လှပါ၊ အလွယ်တကူးပဲဖြတ်ကားနိုင်လိမ့်မည်ဟု ထင်သည်။ ယခုအချိန်မှာ သည်မိုးနှင့်သည်လေကို လွတ်မြောက်နိုင်လိမ့်မည်ဟု ထင်မိသည်။

"ကိုရင်. . . ကျွန်မတို့ မိုးလွတ်ပါ့မလား. . ."

ဇနီးဖြစ်သူက မိုးထစ်ချုန်းသံများ၊ လျှပ်တစ်ဝင်းဝင်းနှင့် လင်းလက်နေခြင်းများကြောင့် စိုးထိတ်နေမိသည်။

"သည်မိုးက တော်တော်နဲ့ ရွာဦးမှာမဟုတ်ပါဘူးကွာ၊ လွတ်မြောက်နိုင်ပါတယ်ကွယ်. . ."

ခင်ပွန်းဖြစ်သူကလည်း ခပ်အေးအေးပင်ပြောလိုက်လေသည်။ သူတို့သည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းကို မကြာခဏပင် ဖြတ်သန်းဖူးကြသည်။ မိုးတသဲသဲသောကြားမှာပင် ဖြတ်သန်းခဲ့ဖူးကြသည် မဟုတ်ပါလား။ မြစ်ထဲမှာ လှေမှောက်သမ္မာန်မှောက်ခြင်းအမှုများသည် ဖြစ်ခဲလှသည်။

ထို့ကြောင့်. . .

မှောင်စပျိုးသည့်အချိန်မှာပင် လင်မယားနှစ်ယောက်တို့သည် ထွက်လာခဲ့ကြလေသည်။ မြစ်လယ်ကိုရောက်ကာမှမထင်မှတ်ပဲ မိုးကရွာချလိုက်ခြင်းပင်ဖြစ်သည်။ မထူးတော့ပြီမို့ လှေကို ဂရုတစိုက်နှင့်ထိန်းကာ ဆက်ပြီးတော့လှော်ခတ်လာခဲ့လေသည်။

လေကပါ ပါလာခဲ့သောကြောင့် လှိုင်းကပိုပြီးတော့သန်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။ လှေသည်လည်း လှိုင်းလေကြားမှာ ဖက်ရွက်ကလေးတစ်ရွက်ပမာ လွန့်လူးလျက်ရှိနေလေသည်။

"ကိုရင် . . . ကိုရင် သည်တစ်ခါ လှိုင်းလေကပိုပြီတော့ ကြမ်းတယ် ဖြစ်ပါ့မလား သတိထားနော် . . ."

ဇနီးမှာ လှေနံနှစ်ဖက်ကိုလက်နှစ်ဖက်နှင့် အုပ်ကိုင်ကာ ထိတ်လန့်နေလျက်ရှိနေလေသည်။

"မင်းမကြောက်နဲ့ လှေနံကိုသာမြဲမြဲကိုင်ထား မင်းလည်း သတိမလစ်စေနဲ့နော် . ."

ခင်ပွန်းဖြစ်သူက မိုးထဲလေထဲမှာအော်ပြီးတော့ သတိပေးသည်။ မိမိအတွက် မစိုးရိမ်မိသော်လည်း ဇနီးကရေမကူးတတ်သည်ကို စိုးရိမ်မိလေသည်။ သို့သော် ဒီနေ့မှာမှ မိုးကပို၍ကြီးသည်။ လှိုင်းလေကလည်းပိုပြီးတော့ ထန်လာခဲ့လေသည်။ ကုန်းတွင်းပိုင်းဘက်ကိုလည်း အရှိန်အဟုန်ပြင်းစွာနှင့် တိုက်ခတ်နေလျက်ရှိသည်။

ရွာတွေဘက်ဆီမှာလည်း မိုးကြီးလေကြီးကြောင့် အိပ်မရတော့ပဲ အိမ်ထဲမှာ ငုတ်တုတ်ထထိုင်နေကြရသည်။ ကျွတ်ဆတ်သော သစ်ပင်ကြီးတွေမှာ ခါးလယ်မှပြတ်ထွက်သွားကြကာ ကျိုးကြကုန်သည်။ အချို့ကားအမြစ်မှကျွတ်ကာ မြေတွင် ဘုံးဘုံးလဲကျသွားကြရလေသည်။ သစ်ကိုင်းများသည်လည်း ကျိုးကပြီးလေထဲမှာ လွင့်ထွက်သွားခဲ့ကြလေသည်။

"ဝေါ . . . ဝေါ . . ဝေါ . . ဝေါ . ."



"ဝူး . . ဝူး . . ဝူး . . ဝူး . ."

မိုးသံလေသံတွေကို ကြောက်ခမန်းလိလိကြားနေကြရလေသည်။ မြစ်ထဲတွင် လှေတစ်စင်းက မှောက်တော့မလိုလို ဖြစ်နေသည့် အခြေအနေကို မည်သူကမှ မသိနိုင်ကြပါ။

လင်ယောကျ်ားဖြစ်သူက လှေကိုမည်သို့ပင် ကြိုးစားပြီး ထိမ်းပါသော်လည် လှိုင်းကကြီးမားနေသောကြောင့် လိုရာခရီးကို မရောက်နိုင် ဝဲဩဂထဲမှာ ချာချာလည်လျက်ရှိနေလေသည်။ လှိုင်တွေကလည်း အမှောင်ထဲမှာတစ်လုံးပြီးတစ်လုံးတက်လာပြီး တဟဲဟဲ တဟည်းဟည်းနှင့် မြည်ဟည်းနေကြလေသည်။ အစိုးရိမ်နည်းသော လင်ယောကျ်ားသည်လည်း အစိုးရိမ်ကြီးစပြုလာနေလေပြီ။ မိုးရွာ၍ တစ်ကိုယ်လုံးရွဲနစ်နေကြသည်ကို ဂရုမစိုက်နိုင်ကြ။ လှိုင်းလေကြီးသောကြောင့် မတော်တဆ လှေမှောက်သွားမည်ကိုသာ စိုးရိမ်နေမိကြသည်။

သိပ်မကြာလိုက်ပါ။ သူတို့အစိုးရိမ်ကြီးနေကြသည့်အတိုင်းပင်ဖြစ်လာလေတော့သည်တကား၊ လှေပဲ့ပိုင်းမှ ပြေးဝင်လာသော လှိုင်းလုံးကြီးတစ်လုံးသည် အရှိန်ကောင်းလှသည်။ လှေငယ်လေးကို နောက်တစ်နေတအားပင် ရိုက်ချလိုက်လေတော့သည်။

"ဝုန်း"

"အား"

လှေသည် ဂွန်းထိုးမှောက်ခုံဖြစ်သွားပြီး မြောက်တက်သွားသည်။ ထိုအခါလှေထဲက လူနှစ်ယောက်စလုံး ရေထဲကို

www.burmeseclassic.com



ကျသွားခဲ့ကြလေတော့သည်။ တစ်ကွဲတစ်ပြားစီလည်း ဖြစ်သွားခဲ့ကြလေသည်။

လှေသည် နှစ်ကြာပြီဖြစ်ရကား ကောင်းစွာမခိုင်ခန့်တော့ပဲ ကွဲထွက်သွားသည်။ ပျဉ်ချပ်များ ကျိုးကြေကာပျက်စီးသွားခဲ့လေသည်။ ရေထဲကို ခေါက်သွားသော ခင်ပွန်းဖြစ်သူသည် ကူးခတ်နေရင်းက ဇနီးကို လိုက်လံရှာဖွေလျက်ရှိနေလေသည်။

"မရီ. . မရီ. . မရီရေ. . ."

သူ၏အသံသည် လေ၊ မိုးကျနေသံများကို မထိုးဖောက်နိုင် တဝေါဝေါတသောသောနှင့် ဆူညံနေကြသော အသံဗလံတွေကြားထဲမှာ ထိုးဖောက်ပြီးတော့ မထွက်နိုင်၊ လှိုင်းလုံးကြီးတွေကြားထဲမှာ ပတ်ချာလှည့်ပြီးတော့သာ ကူးခတ်ရင်းရှာဖွေနေလျက်ရှိနေလေသည်။

○ ○ ○

မရီသည် လှေပျက်ပြီး ရေထဲကိုကျသွားခဲ့လေရာ ပထမတော့ လွန်မင်းစွာပင် ထိတ်လန့်သွားမိလေသည်။ ရေအနည်းငယ်သာ ကူးတတ်သည်။ ကောင်းစွာမကူးတတ်၊ ကြောက်ကြောက်လန့်လန့်နှင့်သာ ကူးခတ်နေရသည်။ တစ်ချက် တစ်ချက်မှာ ရေထဲကို နစ်မြုပ်သွားတတ်လေသည်။



ခင်ပွန်းဖြစ်သူသည်ည်း မည်သည့်နေရာကို ရောက်သွားမှန်းမသိတော့၊ လှိုင်းတွေက တစ်လုံးပြီးတစ်လုံး ဘေးဘီဝဲယာများဆီကို ပုတ်ခတ်နေကြသည်၊ ကြမ်းတမ်းစွာပင် ပုတ်ခတ်နေကြသဖြင့် တစ်ကိုယ်လုံး မြောက်ကာနဲ့ပါသွားလိုက်၊ လှိုင်းအကျမှာ ဝေါကနဲပြန်ဆင်းလာလိုက်နှင့်. မငြိမ်မသက်ရှိနေရသည်။

ရေအောက်ကိုလည်း အကြိမ်ကြိမ်ပင် နစ်မြုပ်သွားခဲ့လေသည်။ သူမမှာ အသက်ရှူမဝတော့၊ ရေမွန်းကြပ်လျက်ရှိနေလေပြီ၊ နောက်တစ်ကြိမ်သာ နစ်မြုပ်သွားခဲ့လျှင် ရေပေါ်ကိုပြန်ပြီးတော့ ပေါ်လာနိုင်တော့မှာမဟုတ်တော့။ ထို့ကြောင့် သေဘေးကို တွေးမိပြီးတော့ ကြောက်ရွံ့လာခဲ့လေသည်၊ ကူးရခတ်ရလွန်း၍ လွန်စွာမှပင် မောပန်းနေကာ မျက်လုံးတွေပင် ပျာဝေလာခဲ့ရလေပြီ။

ထိုစဉ်. . .

မျက်လုံးတွေထဲမှာ သဏ္ဌာန်တစ်ခုကို ရိပ်ကနဲဆိုမြင်တွေ့လိုက်ရလေသည်။ လှေတစ်စီးရယ်လားဟု. . မှန်သည်၊ အကြည့်မမှားပါ။ လှိုင်းအနိမ့်အမြင့်တွေကြားမှာ သူမဆီကို ရွေ့လျားပြီးလာနေသော လှေငယ်လေးတစ်စင်းပင်။

လေမိုးကျနေချိန်မှာ လှိုင်းထန်နေချိန်မှာ အလိုက်သင့်လာနေသော လှေကလေးသည် တခဏအတွင်းမှာပင် သူမဆီကိုရောက်လာခဲ့လေသည်။ လှေပေါ်မှာလည်း လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့လေသည်။ လျှပ်တစ်ပြက်မှာ ထိုသူကိုထင်ရှားစွာပင် မြင်တွေ့လိုက်ရလေသည်။

သျှောင်ပေစူးလေးနှင့် လူငယ်လေးတစ်ဦး အသက်က ၁၂ နှစ်လောက်ပဲရှိလိမ့်ဦးမည်။ ကော်လာမပါသော ရှပ်အင်္ကျီလက်တိုကလေးကို ဝတ်ဆင်ထားသည်။ အောက်ပိုင်းမှာတော့ ဘာဝတ်ထားသလဲမသိရပါ။ မျက်နှာလေးက ဝိုင်းဝိုင်းလေးနှင့် ချစ်စရာလေးပင်ဖြစ်သည်။ လက်မှာလည်း လှော်တက်တစ်ချောင်းကို ကိုင်ထားသည်။

သူမသည် လူငယ်လေးကို အံ့အားတသင့်နှင့် ကြည့်နေဆဲမှာပင် လှေကလေးက မိမိ၏အနားကို ရောက်လာပြီး. . .

"တက်. . တက် အမေ၊ မြန်မြန်ထက်. . ."

ဟုပြောပြီး သူကပါလှေနံကို ကိုင်တွယ်ထားသော သူမ၏လက်ကို ဆွဲတင်လိုက်သည်။

မရီသည် တခဏအတွင်းမှာပင် လှေထဲကိုရောက်သွားခဲ့ရလေသည်။ လှေလေး၏ ပဲ့ပိုင်းဆီကို ရောက်သွားခဲ့ရသည်ဖြစ်ရကား ရှေ့ကလူငယ်ကလေးက ကျောပေးနေသည်ဖြစ်၍ မျက်နှာကို မမြင်ရတော့ပေ။

လူငယ်ကလေးသည် မည်သည့်စကားမှထပ်ပြီးတော့ မပြောတော့ပဲ လှေလေးကိုသာ ကျွမ်းကျင်စွာနှင့်ထိမ်းကာ ကမ်းဘက်ဆီကို လှော်ခတ်သွားခဲ့သည်။

မရီသည် မိမိ၏ချစ်ခင်ပွန်းသည်အတွက် စိတ်ပူပန်နေမိ





သည်။ မိမိကသာ ကယ်တင်ရှင်ကိုတွေ့၍ အသက်ချမ်းသာရာရသွားခဲ့လေပြီ။ သူမ၏ခင်ပွန်းသည်ကား မိုးလေကြားထဲ လှိုင်းကြမ်းကြမ်းထဲမှာ မည်သည့်အခြေအနေမျိုးရောက်ပြီလည်းမသိ။

"ဩော်. . သူက ရေကောင်းကောင်းကူးတတ်တာပဲ ကမ်းဆီကို ကောင်းကောင်းကူးလာနိုင်မှာပါ. ."

ဟုပူပန်သောကစိတ်တို့ကောင်းမှာပင် ဖြေဖျောက်နိုင်ခဲ့လေသည်။ မကြာမီ လှေလေးသည် ကမ်းကိုကောင်းစွာပင် ကပ်နိုင်ခဲ့လေသည်။ မရီသည် လှေပေါ်ကဆင်းသက်လိုက်လေ၏။ ကျေးဇူးတင်စကားပြောရန် ကြိုးစားနေဆဲမှာပင် လှေကလေးက ထွက်သွားခဲ့လေသည်။

မရီသည် ထိုတခဏသာမြင်မိလိုက်သော လူငယ်လေးကို မည်သူပါလိမ့်ဟု တွေးတောနေမိလိုက်စဉ်မှာပင် တစ်ခုခုကို ချက်ချင်းပင် အမှတ်ရသွားကာ မျက်လုံးတွေလည်း ဝိုင်းစက်သွားခဲ့ရလေတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂)

## ဃေလုံးကိုသာ မွေးဖွားသူ

ကိုဒွေးတစ်ယောက် ခြံထဲမှာ ကဏ္ဍာမငြိမ်ဖြစ်ကာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလျက်ရှိနေလေသည်။ နှုတ်ကလည်း တတ်သမျှ မှတ်သမျှဘုရားစာများကို ရွတ်ဆိုနေမိသည်။

"ဟဲ့. . ငဒွေး၊ နင်. . အိမ်ပေါ်မှာ လာထိုင်နေစမ်း နင့်ကို ကြည့်ရတာ ငါတောင်မူးလာပြီ. ."

မိခင်ဖြစ်သူ ဒေါ်ပုက အိမ်ပေါ်ကနေပြီး လှမ်း၍ပြောလိုက်လေသည်။

"ဟာ. . အမေကလည်း ကျွန်တော်ဘယ်လိုလုပ်ပြီးတော့ ငြိမ်ငြိမ်နေနိုင်မှာလဲ၊ ဟိုမှာမရီက ဘယ်လိုဖြစ်နေမှန်းမှ



www.burmeseclassic.com

www.burmeseclassic.com



မသိတာ. . . ”

“ဩော်. . ငွေးရယ်၊ မိန်းမမီးဖွားတာ ဆန်းသလားဟဲ့. . ဗိုက်နာနေတာ. . ဒါလောက်တော့ရှိမှာပေါ့. . ဒေါ်ဘုမလည်း အနားမှာရှိနေတာပဲ. . အားလုံးအခြေအနေကောင်းတယ်တဲ့၊ ရှောရှောရှူရှူပဲမွေးမှာပါ. . . ”

“ဒါပေမယ့် ဗိုက်နာနေတာကြာပြီဗျ. . ညကတည်းက ခုလောက်ဆို တော်တော်ပင်ပန်းနေပြီ”

“နင့်မိန်းမက မဒန်ဗိုက်ပဲ၊ ခုမှ သားဦး၊ သမီးဦး မွေးမှာ. . ဒါလောက်ကတော့ ရှိမှာပေါ့. . နင် ဒါလောက်တောင် အစိုးရိမ်ကြီးလှရင်လည်း တစ်လဲဝင်ပြီးတော့ နာပေးလိုက်ပါလား”

“ဟာဗျာ. . အမေကလည်း. . ”

ကိုငွေးမှာ မိခင်၏ ငေါ့တော့တော့ စကားကြောင့် မျက်နှာကြီး နီမြန်းသွားခဲ့ရလေသည်။

○ ○ ○

အိမ်ခန်းထဲရှိ မွေးခန်းထဲတွင် မရီမှာ ဝမ်းနာလျက်ရှိနေလေသည်။ အံကိုကြိတ်ကာ တဟင်းဟင်းနှင့်ညည်းညူနေလျက်ရှိသည်။ လက်သည်ဒေါ်ဘုမသည် မွေးဖွားကာနီးဆဲဆဲ လူနာ





အား အနားမှာနေ၍ လိုအပ်သမျှပြုပြင်ပေးနေလျက်ရှိနေလေသည်။ မရီသည် ဝမ်းနာ၍ မချိမဆန့်ခံစားနေရသည့်တိုင် တအားလွတ်ပြီးအော်ရမည်ကို ရှက်ကြောက်နေမိသည်။ ထို့ကြောင့် ကြံ့ကြံ့ခံကာ ညည်းရုံသာညည်းနေမိခြင်းသာဖြစ်သည်။

ယောက္ခမဖြစ်သူဒေါ်ပုက အခန်းထဲကို တစ်ခေါက်ဝင်လာသည်။

“ကြီးတော် ဒေါ်ဘုမ. . အခြေအနေစာယ်လိုရှိသလဲ”

“ခုပဲမွေးတော့မှာပါဟဲ့. . ငါရှိတယ်၊ ဘာမှမပူနဲ့”

ဒေါ်ပုက အလိုက်သိစွာနှင့် အပြင်ကို ပြန်ပြီးတော့ ထွက်လာခဲ့လေသည်။ ဒေါ်ပုအပြင်ကို ထွက်သွားပြီးမကြာမီမှာပင်. . .

မရီမှာ ဖွားမြင်လေတော့သည်။ ဒေါ်ဘုမသည် မမျှော်လင့်ပဲတွေ့လိုက်ရသော အခြေအနေကြောင့် အံ့အားသင့်သွားမိသလို အထိတ်တလန့်လည်း ဖြစ်သွားခဲ့ရလေသည်။ မရီမှာကား မိန်းမောပြီး သတိလစ်သွားခဲ့လေ၏။ ဒေါ်ဘုမသည် မိမိဆောင်ရွက်စရာရှိသည်ကို လျင်မြန်စွာပင် ပြုလုပ်လိုက်လေ၏။

ထို့နောက်. . .

“ဟဲ့. . အခန်းထဲကို မြန်မြန်လာကြစမ်း. . . ”

အခန်းအပြင်ဘက်သို့ လှမ်းပြီးတော့ အော်လိုက်လေရာ ဒေါ်ပုနှင့် ကိုငွေးတို့က ချက်ချင်းလိုလိုပင် ဝင်ရောက်လာခဲ့ကြလေသည်။ ဒေါ်ပုက. . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာ. . ဘာဖြစ်လို့လဲ ကြီးတော်ဘုမ. . ."

ချွေးမဖြစ်သူအတွက် အစိုးရိမ်ကြီးသော အလောတကြီးနှင့် မေးလိုက်လေသည်။

"ဟို. . ဟိုမှာ မရီသတိလစ်နေတယ်၊ ပြုစုလိုက်ပါဦး. ."

"ဟင်. ."

ထိုအခါကျမှ သားအမိနှစ်ယောက်တို့သည် မရီဆီကို ရောက်သွားခဲ့ကြပြီး ဝိုင်းပြီးတော့ ပြုစုနေကြလေသည်။ မရီကား တအင်းအင်း တအဲအဲနှင့် သတိရကာစပြုသည်။

ကိုဌေးသည် ပူနေသော မရီ၏ဝမ်းဗိုက် နဂိုအတိုင်းဖြစ်ကာပြားချပ်သွားသည်ကို မြင်လိုက်ရသောအခါ. . .

"မရီ မွေးပြီးပြီလား ကြီးတော်ဘုမ က. . ကလေးကော"

ကလေးကိုမတွေ့သောအခါ မျက်လုံးက ကျီးကန်းတောင်းမှောက်သလို အခန်းထဲကို ပြူးတူးပြတဲနှင့် လိုက်ပြီးတော့ ကြည့်နေမိသည်။

မိခင်ဒေါ်ပုမသည်လည်း ကလေးကိုသတိရသွားပြီး ရှာဖွေနေလေတော့သည်။

"ကြီးတော်ဘုမ. . က. . ကလေးကော. ."

ထိတ်ထိတ်ပျာပျာနှင့်မေးလိုက်လေသည်။ ဒေါ်ဘုမက ညှိုးငယ်သော မျက်နှာနှင့်ခေါင်းကိုခါရမ်းလိုက်ပြီး. . .

"ငါ. . ငါလည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဟယ်. . အချင်းသာကျလာတယ်၊ ကလေးက ပါမလာဘူး"





"ဘယ်. . ဘယ်လို ကလေးက ပါမလာဘူး ဟုတ်လား ဒါက ဘယ်လိုဖြစ်တာတုန်း၊ ဟာ. . မဟုတ်ဘူး မဟုတ်ဘူး မဖြစ်နိုင်တဲ့ကိစ္စ လုံးဝမဖြစ်နိုင်တာပဲ ကလေးဘယ်ရောက်သွားသလဲ၊ ကြီးတော်ဘုမ ကျွန်တော့်ကို အမှန်အတိုင်းပြောပါ. ."

ထိုအခါ. . .

ဒေါ်ဘုမသည် ဆက်ဆက်ခါနာသွားခဲ့ရပြီး. . .

"ငါပြောတာကို နင်က မယုံပဲကိုး၊ ကလေးကို ငါကပဲဝှက်ထားသလိုလိုနဲ့ ငါလည်း အခန်းထဲက မထွက်သေးဘူး ဆိုတာ နင်တို့အသိပဲ တကယ်ကလေးပါမလာလို့ ငါပြောနေတာ ငါလည်း အဲဒါကိုပဲ အံ့အားသင့်နေမိလို့ နင့်တို့ကို ဘယ်လိုရှင်းပြရမလဲတောင် မသိတော့ဘူး. ."

ဒေါ်ဘုမသည် ဒေါသကို ချုပ်တည်းပြီးတော့ ပြောလိုက်လေ၏။ ဟုတ်တော့လည်း ဟုတ်သည်။ သူတို့သားအမိနှစ်ယောက်စလုံးအပြင်မှာရှိနေကြသည်။

လက်သည်ဒေါ်ဘုမသည် ကျွန်းတံခါးပေါက်တစ်ပေါက်တည်းသာ အသုံးပြုပြီးတော့ အပြင်ကိုထွက်နိုင်သည်။ အခြားသော ထွက်ပေါက်ကမရှိ။

"အံ့အားသင့်လွန်းလို့ မယုံကြည်နိုင်အောင် ဖြစ်သွားမိတာပါ ကြီးတော်၊ ကျွန်တော်ဘယ်လိုသဘောမျိုးနဲ့မှ မေးတာ မဟုတ်ပါဘူး မဆင်မခြင်မေးမိတာ ခွင့်လွှတ်ပါ. . ."

ကိုဌေးက ဒေါ်ဘုမကို တောင်းပန်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ငါလည်း အကျိုးအကြောင်းကို သေသေချာချာ မရှင်းပြတတ်သေးတော့ နင်မေးတာကို မခံချင်ဖြစ်သွားမိတာပါ ငါစောစောက ပြောပြခဲ့တဲ့အတိုင်းပါပဲ၊ အခြေအနေက နင်တို့မြင်နေကြရတဲ့အတိုင်းပဲလေ. .

ငါလည်းနောက်ထပ်မရှင်းပြတတ်တော့ဘူး ငါတစ်သက်မှာ သည်လိုအတွေ့အကြုံမျိုးကို သည်တစ်ခါပဲ ကြုံဖူးသေးတယ်. . "

လက်သည် ဒေါ်ဘုမသည်လည်း ချောက်ချားသောမျက်နှာနှင့် ပြောလိုက်လေသည်။ ထို့နောက် မျက်စိမျက်နှာပျက်ပျက်နှင့် ပြန်သွားခဲ့လေသည်။

○ ○ ○

ရွာထဲတွင် မရီမီးဖွားသည့်သတင်းက ကျော်ထွက်သွားခဲ့လေသည်။ အများကိုယ်ဝန်ဆောင်မိခင်များကိုပင် ကိုယ်ဝန်ဆောင်ကာ လွယ်ထားခဲ့ပြီးခဲ့မှ မွေးဖွားလာရာတွင် ကလေးကပါမလာ၊ ဗိုက်သာပိန်ချပ်သွားခဲ့လေသည်။ နဂိုအတိုင်း ဖြစ်သွားခဲ့သည်။ မည်သို့သောအကြောင်းများကြောင့်နည်း၊ သို့လော၊ သို့လောနှင့် ဝေဖန်နေကြသည်။ ရွာထဲက ဆေးဆရာကြီး ဦးမိတ္တကမူ. . .





"မိခင်ဟာ အသွေးအသားကို ကိုယ်ဝန်အဖြစ်နဲ့ လွယ်ထားခဲ့ရခြင်းသာဖြစ်တယ်၊ လေဖျဉ်းလို့ဆိုလိုတယ်၊ မိခင်တွေရဲ့သဘာဝအတိုင်း သန္ဓေသားကို လွယ်ထားရသလိုဖြစ်ခဲ့တယ်၊ နေ့စေ့ လစေ့သဘောမျိုးနဲ့ မွေးဖွားလာတာကတော့ အကြောင်းအားလျော်စွာပဲ တိုက်ဆိုင်ခဲ့တာပါ သည်လိုမျိုးကတော့ ဖြစ်ခဲ့ပါတယ်. . . "

ဦးမိတ္တက ရှင်းပြခဲ့သော်လည်း ကိုဌေးနှင့်မရီတို့က လက်မခံနိုင်ကြ၊ နားမလည်ကြ၍ပဲလား. . ယုတ္တိမတန်ဟုများ ထင်ထားကြ၍ပဲလား မပြောတတ်။

"ဆေးဆရာကြီးက သည်လိုအဖြစ်မျိုးက ဖြစ်ခဲ့ပါတယ်လို့ ဆိုပေမယ့် ကျွန်မတို့ကျမှ လာဖြစ်ရသလား ကိုရင်ရယ်. . "

မရီက ဝမ်းပမ်းတစ်နည်းပင် ပြောလိုက်လေရာ. .

"ဘယ်တတ်နိုင်မှာလည်းကွယ်. . ငါတို့က ကလေးလိုချင်ပေမယ့် ကြံဖန်ပြီးတော့ လွဲကြရတယ်၊ အကုသိုလ်ကံကပါလာခဲ့လို့ပေါ့. . သည်အတိုင်းပဲ လက်ခံလိုက်ပါကွယ်. . "

ကိုဌေးက သက်ပြင်းချမိလိုက်သည်။ မရီကလည်း နောက်ထပ် ဘာမှမပြောတော့ အတွေးကိုယ်စီနှင့်သာ ရှိနေကြလေတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

## သျှောင်ပေစူးနှင့်ကလေး

ရက်မှသည်. . လ။

လမှသည် တစ်လ၊ နှစ်လ၊ သုံးလ၊ ခြောက်လသို့ တိုင်လာခဲ့လေသည်။

"ဖြောင်း. ."

အခန်းထဲမှ မထင်မှတ်ပဲထွက်လာသော အသံကြောင့် ဒေါ်ဘုမ အိပ်ပျော်နေရာက လန့်နိုးသွားခဲ့လေသည်။ အိပ်ယာက မထသေးပဲ ခေါင်းကိုထောင်ကာ နားစွင့်လိုက်လေသည်။

"ရှပ်. . ရှပ်. . ရှပ်. . . ရှပ်. ."

တရှပ်ရှပ်နှင့် အသံတွေကလည်း ထွက်ပေါ်လာခဲ့ပြန်သည်။ ကြမ်းပြင်ပေါ်မှာ တစ်ဦးတစ်ယောက်က လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေသလိုမျိုး အနားမှာ အိပ်ပျော်နေသော ဦးကျင်မောင်ကလည်း အအိပ်ဆတ်သူပီပီ နိုးလာခဲ့ရလေသည်။

"ဘာသံလည်း ဘုမ. . အခန်းထဲက ထွက်လာတာပဲ. ."

"ကြွက်တိုးတာ ထင်ပါရဲ့ တစ်ခုခု တိုက်မိပြီး ကျလာတဲ့အသံပဲ. . ."

ဒေါ်ဘုမပြန်ပြီးတော့ ဖြေသည်။ အမှောင်သာ မစိုးမိုးခဲ့လျှင် ဒေါ်ဘုမထိတ်လန့်နေသော မျက်နှာကို ဦးကျင်မောင်မြင်တွေ့ရမှာအမှန်ပင်။

"သူခိုးများကပ်သလား. . ငါသွားကြည့်လိုက်ဦးမယ်"

"အို. . နေပါ. . သူခိုးမဖြစ်နိုင်ပါဘူး သည်အိမ်မှာ သူခိုးမက်လောက်အောင် ဘာပစ္စည်းများ ခိုးစရာရှိလို့လဲ. ."

"ရှိတော့ မရှိဘူးပေါ့. . ဒါပေမယ့် ရှိစုမဲ့စုလေးတွေပါသွားရင် ဘယ့်နှယ့်လုပ်မလဲ. . ."

ဦးကျင်မောင်သည် ရေနံဆီသုံးမီးတိုင်ခွက်ကို ထွန်းလိုက်သည်။ အိမ်ရှေ့က အခန်းတစ်ခန်းလုံး လင်းသွားသည်။ အခန်းထဲမှာ အိုက်၍အပြင်ကို ထွက်အိပ်ကြသည်မှာကြာပြီ။

ဒေါ်ဘုမသည် ဦးကျင်မောင်တို့ တားချိန်မရလိုက်၊ မီးတိုင်ကိုကိုင်ကာ အခန်းထဲသို့ ဝင်သွားခဲ့လေပြီ၊ အခန်းထဲတွင် မည်သည့်ပစ္စည်းမှ ကျနေသည်ကိုမတွေ့ရ၊ ပြောင်းကနဲနှင့် မြည်သံကြားရလောက်အောင် ကျနိုင်လောက်အောင် ပစ္စည်းမျိုးကလည်းမရှိ။ ဒါဆိုရင် ခြေသံလိုမျိုး တရှပ်ရှပ်နှင့် ကြားနေရ



သည်ကကော။

"ကြွက်ပါတော်. . ကြွက်ပါ ရှင်ကလည်း အိပ်ရေးပျက်ပါတယ် အိပ်စမ်းပါ. . ."

ဒေါ်ဘုမက နောက်ကနေချက်ချင်းလိုက်လာပြီး ပြောလိုက်သည်။ ဦးကျင်မောင်ကိုလည်း အခန်းထဲသို့ မဝင်စေလိုသည့် သဘောရှိသည်။

"အေးပါကွယ်. . ငါက လိုရမယ်ရ ဝင်ပြီးတော့ ကြည့်တာပါ သည်လိုအသံမျိုးကြားနေရတာကြာပြီ။ အစက တစ်ခါတစ်လေပဲ၊ အခုတော့ ညတိုင်းလိုလို နည်းနည်းစိပ်လာတယ်. . ."

"ဩော်. . . ရှင်ကလည်း ဇီဇာကြောင်လိုက်တာ ကြွက်တွေသောင်းကျန်းနေတာကြာပြီ. . ."

"အေး. . အေး. . သည်လိုဆိုလည်း ငါကြောင်တစ်ကောင်လောက်ရှာပြီးမွေးမယ်. . ."

ဦးကျင်မောင်က အခန်းဝမှ ပြန်ပြီးတော့ ထွက်လာခဲ့ရာ ဒေါ်ဘုမမှာ ထိုအချိန်ကျမှ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ရလေတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင်. . .

ကြောင်လေးတစ်ကောင်က အိမ်ပေါ်ကိုရောက်လာခဲ့လေသည်။ အဖြူခံမှာ အဝါစင်းများပါသောကြောင်ကလေးပင် ဦးကျင်မောင်က အသိအိမ်တစ်အိမ်မှ တောင်းယူလာခဲ့ခြင်းပင်။

"ဟောသည်မှာဟေ့. . ငါကြောင်တစ်ကောင် ယူလာခဲ့တယ်၊ ကြွက်တော့မခုတ်တတ်သေးဘူးကွ. . ဒါပေမယ့်အိမ်မှာကြောင်ရှိတော့ ကြွက်ကငြိမ်နေတာပေါ့ကွာ. . ."

ကြောင်မလေးက ငယ်သည်၊ ကြွက်မခုတ်တတ်သေးသောအရွယ်၊ ယူလာခဲ့ရလေသည်။ ကြွက်တွေက ညဘက်ကျမှရောက်လာတတ်သလားမသိ၊ အစကတည်းက ဤအိမ်မှာကြွက်မရှိဟု ထင်မိသည်။ ယခုလပိုင်းလောက်မှာပင် ညဘက်ကိုရောက်တိုင်း အိမ်ခန်းထဲမှာ ကြွက်တိုးသံလိုလို၊ လမ်းလျှောက်သံလိုလို ကြားနေရသည်မှာ ကြာလေပြီ ဝင်ကြည့်တော့လည်း ဘာမှမတွေ့ရ ဦးကျင်မောင်တစ်ယောက် နားမလည်နိုင်အောင်ပင်ဖြစ်နေရသည်။

"ဘုမ. . နင်ကြွက်တွေကလည်း နေ့ဘက်မှာဆိုရင်တစ်ကောင်တစ်မြီးတောင်မတွေ့ရဘူး ပြေးလွှားနေကြတဲ့ အသံရော၊ အကောင်ရောမမြင်ရဘူး ညဘက်ကျတော့လည်း အသံပဲကြားရတယ်၊ အခန်းအဖြစ်က ထွက်လာတဲ့အသံတွေ၊ သည်ကြွက်တွေကို ဘယ်လိုသဘောပေါက်ရမှန်းတောင်မသိတော့ဘူး. ."



ဦးကျင်မောင်က ညည်းတွားလိုက်သည်။ ဒေါ်ဘုမသည် မကြားမိသလို နေမိလိုက်လေသည်။

○ ○ ○

တစ်ညနေခင်းတွင်. . .

ဦးကျင်မောင်နှင့် ဒေါ်ဘုမတို့သည် အိမ်နောက်ဖေးမီးဖိုချောင်၌ ညနေစာထမင်းစားနေသည်။

"ညောင်"

နာကျင်စွာနှင့် အော်လိုက်သောကြောင်မလေး၏ အသံကို ကြားလိုက်ရလေသည်။ အခန်းထဲမှလည်း အပြင်တိုပြေးထွက်လာခဲ့သည်။ နှစ်ယောက်စလုံးက ထမင်းစားနေကြရာက လှည့်ကြည့်မိလိုက်ကြသည်။

ကြောင်မလေးသည် သူတို့ဆီကို ပြေးလာခဲ့သည်။ အနားကိုရောက်လာသည်။ လွန်စွာမှ ထိတ်လန့်နေသည့်လက္ခဏာကို တွေ့လိုက်ရသည်။ အသားများပင် တဆတ်ဆတ်နှင့် တုန်ယင်နေသည်။

"ဟာ. . သည်ကြောင်မ ဘာဖြစ်လာတာလဲ. ."

ဦးကျင်မောင်သည် ကြောင်မလေး၏ ထိတ်ထိတ်ပျာပျာအမူအရာကို အံ့အားတသင့်နှင့် ကြည့်နေမိလေသည်။ ကြောင်မလေးသည် ဦးကျင်မောင်၏ပေါင်ပေါ်မှာ တက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည်။ ကြောင်မလေး တဆတ်ဆတ်နှင့်တုန်နေသည်ကို ဦးကျင်မောင်လည်းခံစားမိသည်။

"ဘာဖြစ်လို့ ဒါလောက်တောင် ကြောက်နေရတာလဲ အခန်းထဲမှာ ဘာတွေ့ခဲ့လို့လဲ. . ."

ဒေါ်ဘုမသည် ဦးကျင်မောင်ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေလိုက်ပြီးမှ. . .

"ဘာကိုကြောက်ရမှာလဲ ကြောင်က ငယ်သေးတော့ သူ့ထက်ပိုပြီးအကောင်ကြီးတဲ့ မြေကြွက်လိုဟာမျိုးကို တွေ့လို့နေမှာပေ့ါ. . ."

"မြေကြွက် ဟုတ်လား၊ သည်အိမ်မှာကြွက်ဖလောင်းကောင်တောင်မရှိတာ အမတေမြေကြွက်က ရောက်လာနိုင်မှာလဲ"

"အိုတော် ကင်းမြီးကောက်လိုလို တောက်တဲ့လိုလို အကောင်တစ်ကောင်မျိုးကို တွေ့လိုက်ရလို့လည်း ဖြစ်နိုင်တာပဲ မြွေလည်းတက်လာနိုင်တာပဲ. ."

"ဟာကွာ မင်းကလည်း ပြောလိုက်တာ ဘာကောင်မှ မကျန်တော့ဘူး။ တော်ကြာ တောထဲက ဆင်တွေ၊ ကျားတွေကိုတောင် ထည့်ပြီးတော့ ပြောဦးမလားမသိဘူး။ ပြဿနာတစ်ခုခု ဖြစ်ရင် အခြေခံဇစ်မြစ်ကို မရှာဘူး။ ကိုယ်ထင်ရာကို လျှောက်ပြီးတော့ ပြောနေတော့တာပဲ. ."

"မဟုတ်သေးဘူးလေ. . ကျုပ်ကလည်း ကိုယ်တွေးမိတာကို ပြောရတာပဲ။ ရှင်ကလေ ကြောင်လန့်တာကအစ ဇာချဲ့

နေတယ် နေရာတကာ အတွေးကခေါင်၊ သည်ထက်အသက်ကြီးလာရင်ပိုပြီးတော့ ဆိုးမယ်. . ."

ဒေါ်ဘုမက မကျေမနပ်နှင့် ပြောလိုက်သည်။ ဦးကျင်မောင်ကတော့ မျက်မှောင်ကျုံ့ကာနေသည်။ တစ်ခုခုကို အလေးအနက်စဉ်းစားနေသလိုပင်၊ အကြောက်ပြေသွားသော အခါကြောင်ကလေးသည် ဦးကျင်မောင်၏ကိုယ်ပေါ်မှ ဆင်းသွားခဲ့လေသည်။ ခြေထောက်တစ်ဖက် ထော့နဲ့နဲ့ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။

"ခြေထောက်တစ်ဖက်ကလည်း ထော့နဲ့နဲ့နဲ့ တစ်ယောက်ယောက်က လုပ်လိုက်သလိုလိုပဲ. . ."

"သည်ကြောင်က အိမ်ပေါ်ကနေအောက်ကိုမှမဆင်းတာ အင်မတန်ကြောက်တတ်တဲ့ကြောင် ဘယ်သူက အိမ်ပေါ်ကို တက်လာပြီးတော့ ရိုက်မှာလဲ မတော်တဆမှုတစ်ခုခုကြောင့် ထိခိုက်သွားတာပဲဖြစ်မှာပေ့ါ. . ."

ဒေါ်ဘုမသည် ဦးကျင်မောင်ကို မျက်စောင်းထိုးကာ ပြောလိုက်လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုမသည် မွေးဖွားခါနီးကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၏ အိမ်ရှေ့မှ လာခေါ်၍ လိုက်သွားခဲ့သည်။ ထိုအမျိုးသမီးသည် ခက်ခက်ခဲခဲမွေးဖွားရပြီး ဒေါ်ဘုမ၏ လက်ပေါ်မှာပင် သေဆုံးသွားခဲ့လေသည်။

ထို့နောက်. . .

ဒေါ်ဘုမဖွားပေးသော မွေးလူနာတိုင်းအဆင်မပြေဖြစ်ခဲ့ကြရသည်။ မိမိကိုယ်တိုင်မမွေးဖွားနိုင်၍ အခက်အခဲကြီးမားလာသောအခါ ဆေးရုံသို့ ပို့ကြရသည်။ ရွာနှင့်မြို့ကလည်း ဝေး၍ ပင်ပန်းခက်ခဲကြရသည်။ အချိန်မမီ၍ ခရီးကထောက်သောအခါ လမ်းမှာတင် သေဆုံးကြရလေသည်။

"ငါသည်လို တစ်ခါမှမဖြစ်ဖူးပါဘူး၊ ငါမွေးပေးလာခဲ့တဲ့ မွေးလူနာမှန်သမျှ အဖိတ်အစင်ရှိကြတဲ့ သူတွေမရှိကြပါဘူး၊ ခုကျမှပဲ. . ငါဘယ်လိုဖြစ်နေရပါလိမ့်. . ."

ဝမ်းဆွဲဒေါ်ဘုမကိုယ်တိုင်လည်း မိမိ၏ ကံတရားကိုနားမလည်နိုင်တော့။

တစ်ရက်တွင်. . . .

ဦးကျင်မောင်သည် အိမ်ကိုပြင်ဖြိုးဆောက်လို၍ အိမ်တိုင်အလို့ငှာ တောထဲကိုဝင်သည်။ အဖော်နှစ်ယောက်လည်းပါသည်။ တောကအနည်းငယ်လှမ်းသည်။ မိမိမှာ ကျွဲ၊ နွားလှည်းမရှိ၍ သူတစ်ပါးဆီက ငှားရသည်။ လှည်းပိုင်ရှင်ကပါ ကိုယ်တိုင်လှည်းကို မောင်းပို့ရသည်။





ရွာမှထွက်လာသည့်အချိန်က မိုးပင်မလင်းသေး၊ လှည်းမောင်းသူအပါအဝင် ကျွန်းပေါ်မှာ အားလုံးစုစုပေါင်းလေးယောက်။

ဦးကျင်မောင်သည် အိမ်မှထွက်လာခဲ့နှင့် စိတ်ထဲမှာအလိုလိုပင် မသိုးမသန့်ဖြစ်လာခဲ့ရသည်။ လှည်းပိုင်ရှင်ရှိရာအိမ်ဆီသို့ သွားရန်ပင်။ လမ်းတွင်မိမိ၏နောက်မှ တစ်ယောက်ကလိုက်လာသည်ဟု စိတ်ထဲမှာအလိုလိုနေရင်း ထင်နေမိခြင်းပင်။

လူစုံ၍ လှည်းကိုမောင်းထွက်လာခဲ့ရာတွင်လည်း လှည်းသည် သိမ့်ကနဲဖြစ်သွားခဲ့ရသည်။ တစ်ယောက်ယောက်က ခုန်တက်လာသလိုမျိုးပင်။ မိမိ၏စိတ်ကသာ ဤသို့ထင်မိသည်။ လှည်းပေါ်မှာ အတူပါလာကြသူတွေကတော့ မည်သို့မှမခံစားရသလိုပင်။

"မဟုတ်သေးပါဘူး ငါ့စိတ်ထဲမှာ နောက်ထပ်တစ်ယောက်က ပါလာသလိုပဲ. ."

ဦးကျင်မောင်ည် တစ်လမ်းလုံးပင် စိတ်ထဲမှာခုပြီးတော့လိုက်ပါလာခဲ့သည်။ တောအဝင်တွင် မိုးစင်စင်လင်းခဲ့ပြီဖြစ်သည်။ စိတ်ထဲမှာလည်း အနည်းငယ်ပေ့ါပါးသွားသလိုပင်။ တောထဲတွင် မိမိစိတ်ကြိုက်ရွေးထားသော သစ်ပင်သုံးလေးပင်ကို တစ်နေရာစီမှာ မှတ်သားထားသည်။

"ဟောဟို. . အပင်ကို အရင်ခုတ်မယ်ကွာ. ."

လက်ညှိုးထိုးပြလိုက်စဉ်မှာ ဦးကျင်မောင်မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့သွားမိရသည်။ ကလေးငယ်တစ်ယောက်ထိုင်နေသည်ကို တွေ့ရသောကြောင့်ပင်။

"ကိုကျင်မောင် ခင်ဗျားဘာဖြစ်သွားတာလဲဗျ. ."

လှည်းပိုင်ရှင်က အမူအယာပြောင်းသွားသော. . ဦးကျင်မောင်ကို မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးဗျာ. ."

သို့သော်. . .

ဦးကျင်မောင်သည် ထိုသစ်ပင်ဆီသို့ လျှောက်သွားခဲ့လေသည်။ အနားကိုရောက်သောအခါ စောစောက သျှောင်ပေစူးလေးနှင့်ကလေးငယ်တစ်ယောက်ဟုပင် ထင်နေမိသော နေရာပင် ခြုံလေးတစ်ခြုံရှိနေသည်ကို တွေ့လိုက်ရလေ၏။

"ငါမျက်စိမှားပါဘူး. ."

အခြေအနေကို မကျေမနပ်ဖြစ်သွားမိခဲ့ရလေသည်။ ထို့နောက် နေရာကိုပြန်ရောက်လာပြီး. . .

"သည်. . အပင်ပဲဗျာ. ."

ပါလာကြသူနှစ်ဦးက ဦးကျင်မောင်စိတ်မှားနေသည်ဟုထင်မိလိုက်ကြသည်။ ငှားလာသောသူက သစ်ပင်ခုတ်ကျွမ်းသည်။ ပင်ခြေအထက်တစ်တောင်အကွာလောက်မှနေ၍ ခုတ်သည်။ အတွင်းသို့ တော်တော်နက်နက်လေးဝင်ပြီးကာမှ ခြေနှင့်ကန်ပြီးတော့ လွှဲချလိုက်သည်။

"ကျွတ်. . . ကျွတ်. . . ကျွတ်. ."





"ဖြောင်း"

"ဟ. . ကိုကျင်မောင်. . . ကိုကျင်မောင်"

သစ်ပင်ကြီးက အောက်သို့လဲကျလာသည်။ သို့သော် မဖြစ်စဖူး ကိုယ်လုံးကြီးက လန်ပြီးတော့ ကျလာခဲ့လေရာ ဦးကျင်မောင်ရပ်နေရာဘက်ဆီသို့ဖြစ်လေသည်။ လှည်းရှင်က အထိတ်တလန့်နှင့် အော်လိုက်လေသည်။

ဦးကျင်မောင် မှင်တက်မိနေရာက ရုတ်တရက်သတိရလာပြီး ဘေးကိုခုန်ရှောင်လိုက်သည်။

"ဘုံး"

သစ်ပင်ကြီးက ဘုံးကနဲမြည်ကာ မြေပြင်ပေါ်သို့ ပစ်ကျသွားခဲ့လေသည်။

သို့သော်. . .

ဦးကျင်မောင်ကိုသစ်ပင်မှ အကိုင်းဖျားတစ်ခုက ရိုက်ခတ်လိုက်သလိုဖြစ်သွားခဲ့လေရာ နေရာမှလွင့်ထွက်သွားခဲ့လေသည်။

"အား"

မြေပြင်ထက်မှာ သုံးလေးပတ်လိမ့်ထွက်သွားသည်။ သတိကြီးစွာဖြင့် ထားထားသောကြောင့် ချက်ချင်းဖြင့် နေရာမှ ထရပ်ရန်ကြိုးစားလိုက်သော်လည်း မထနိုင်တော့ပေ။ မျက်လုံးတွေထဲမှာ မြင်လိုက်ရသည်ကား သျှောင်ပေစူးနှင့် ကလေးငယ်တစ်ယောက်သည် လဲကျနေသော သစ်ပင်ကြီး၏အနားမှာ



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကားမှုကိုကြည့်နေသည်ဟု မြင်နေမိသောကြောင့်ပင်တည်း။ ဦးကျင်မောင်၏ခြေတစ်ဖတ်ကား သွင်သွင်ကျိုးခဲ့လေပြီတည်း။

အဖော်များသည် ချက်ချင်းမှာပင် ဦးကျင်မောင်ကို လှည်းပေါ်တင်ကာ ရွာသို့ပြန်လာခဲ့ကြရသည်။ မတော်တဆဖြစ်ရပ်ဟုဆိုသော်လည်း ဦးကျင်မောင်ကတော့ ပယောဂတစ်ခုခုပတ်သက်နေသည်ဟု ထင်မိလေသည်။

မိမိလည်း ကိုယ်လက်အင်္ဂါချို့ယွင်းသွားသည်။ ရက်အတန်ကြာဆေးကုရသည်။ ဦးကျင်မောင်၏မျက်လုံးထဲမှာ ထိုသျှောင်ပေစူးနှင့်ကလေးလေးကို အဖန်ဖန်တလဲလဲပင် ပြန်ပြီးတော့ မြင်ယောင်နေမိလေသည်။ ပြန်စဉ်းစားမိလိုက်တိုင်းမှာ ချောက်ချားခြင်းများဖြစ်ပေါ်လာခဲ့ရလေသည်။

○ ○ ○



## အခန်း (၅)

### သျှောင်ပေစူးကလေးက သတိပေးလိုက်ခြင်း

"ဘုမ. . ငါတော့ သည်အိမ်မှာချို့ယွင်းချက်တစ်ခုခု ရှိနေပြီထင်တယ်။ ငါလည်းအလုပ်အကိုင် အဆင်မပြေ သစ်ပင်လှဲရာမှာလည်း ကံကောင်းလို့ အသက်မသေပဲ ခြေကျိုးခဲ့ရတယ်. . နင်ကတော့ နင့်အလုပ်မှာ အမှားမှားအယွင်းယွင်းတွေနဲ့ပဲမဟုတ်လား အဲဒါတွေဟာ ဘယ်လိုကြောင့် ဖြစ်ရတာလဲ"

"ဩော်. . ဒီလိုဖြစ်တာတော့အကုသိုလ်ကံတရားပေါ့တော်၊ ဘယ်သူမဆို တစ်ခါတစ်လေမှာ၊ သည်လိုမျိုးကြုံရတာပဲမဟုတ်လား. . ."

ဒေါ်ဘုမက လေပြေကလေးနှင့် ပြောလိုက်လေရာ-

"မင်းကသိပ်ပြီးတော့ တရားရနေပါလား အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့တာရ [illegible] အေးအကုသိုလ်ဝင်တယ်ဆိုတာ ကိုယ့်မှာအကုသိုလ်အလုပ်မပွားရှုနေလို့ပဲကွ ငါတို့နှစ်ယောက်စလုံးမှာ တစ်ယောက်ယောက်ကအကုသိုလ် အလုပ်တွေလုပ်နေလို့ပဲကွ. . ငါတို့နှစ်ယောက်စလုံးမှာ တစ်ယောက်ကကုသိုလ်ကြီးနေလို့ပဲ ငါကတော့ ကနေပထက်ထိ ဘာအကုသိုလ်မှ မလုပ်ဖူးခဲ့ဘူး လူတိုင်းအပေါ်မှာမေတ္တာစေတနာ အပြည့်ထားတယ်. . ."

"ရှင်က ဘယ်သူ့အပေါ်မှာမှ မစ္ဆေရိယစိတ်မျိုးမရှိဘူးဆိုတော့ ကျွန်မကတော့ရှိနေတယ်ပေါ့လေ. . ဟုတ်လား၊ သည်လိုဖြစ်နေတာတွေဟာ ကျွန်မကြောင့်ပဲလို့ ရှင်က ဆိုလိုနေတာလား"

"ဒါကတော့ ငါလည်း မသိဘူးလေ၊ မှင်းကိုယ်မင်းပဲသိမှာပေါ့. . ."

သည်တစ်ခါတော့ ဒေါ်ဘုမ ဘာမှပြန်မပြောနိုင်တော့ပဲ အာစေးမိသွားခဲ့ရလေသည်။ ဒေါ်ဘုမသည် စဉ်စားစရာများကခေါင်းထဲကို ဝင်လာခဲ့ရလေသည်။

○ ○ ○



ဒေါ်ဘုမသည် အိမ်နောက်ဖက်မှာစိုက်ပျိုးထားသော ခရမ်းချဉ်ပင်ပေါက်လေးတွေကို ပေါင်းသင်နေစဉ် မိမိ၏ကျောကုန်းကို တစ်ယောက်ယောက်က လက်နှင့်ပုတ်လိုက်သလိုခံစားလိုက်ရလေသည်။ နောက်ကိုလှည့်ကြည့်လိုက်မိရာ. . .

"ဟင်. . ."

ကလေးတစ်ယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ သျှောင်ပေစူးနှင့်ဖြစ်သည်။ သနပ်ခါးပါးကွက်ကြားလိမ်းထားလေသည်။ မျက်နှာလေးကတော့ မရယ်မပြုံးခပ်တည်တည်။

"ကျွန်တော့်ကို ဒေါ်ကြီးခိုးလာခဲ့တယ်၊ ဒေါ်ကြီးဘာကောင်းသလဲ အမေ့ဆီကို ပြန်ပို့ပေးပါ. . ."

"ဟဲ့. . ငါကနင့်ကို အိမ်မှာကောင်းကောင်းထားတာပဲမဟုတ်လား ဘာဖြစ်လို့ နင်က ပြန်ချင်ရတာလဲ ငါမပို့နိုင်ဘူး. ."

"ကျွန်တော့်ကိုပြန်ပြီးတော့ မပို့ရင် ဒေါ်ကြီးတို့ ဒုက္ခရောက်ကြပြီသာမှတ်. . အဲသည့်အချိန်ကျရင် ကျွန်တော့်ကိုအဆိုးမဆိုနဲ့. ."

"အံမာ နင်ကလား ငါ့ကို. . ."

ဒေါ်ဘုမက လက်မှာကိုင်ထားသော ခက်ရင်းသုံးခွနှင့် ရွယ်လိုက်လေရာ ထိုကလေးသည်လည်း ထွက်ပြေးသွားခဲ့လေသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဘုမ အိပ်ပျော်နေရာကလန့်ပြီးတော့ နိုးလာခဲ့လေသည်။

"ဟင်. . လက်စသတ်တော့ ငါအိမ်မက်,မက်နေတာပါလား. . "

ထိုအခါကျမှ မိမိအိပ်မက်,မက်နေခဲ့ကြောင်းကို သိလိုက်ရလေတော့သည်။ ပထမသော် အိပ်မက်ကြောင့် စိတ်ထဲမှာ တစ်မျိုးတစ်ဖုံဖြစ်သွားခဲ့ရလေသည်။ နောက်တော့လည်း မက်ချင်ရာမက်သည့်အိပ်မက်ပဲဟု သဘောထားခဲ့သည်။ ခေါင်းထဲမှာ မရှိတော့ပဲ မေ့မေ့ပျောက်ပျောက်ပင် ရှိလာခဲ့ရသည်။

သို့သော်. . .

အလားတူ အိပ်မက်မျိုးကို တစ်ပတ်တစ်ခါ မက်လာခဲ့ရလေသည်။

"ဒေါ်ကြီးနော်. . . ဒါနောက်ဆုံးအကြိမ် သတိပေးခြင်းပဲ ကျွန်တော့်ဘက်က သတိပေးတာကုန်ပြီ. . . "

တတိယမြောက်အိပ်မက်,မက်ပြီးတော့အခါ. . နောက်ထပ်မမက်တော့ပေ။ ဒေါ်ဘုမမှာ ထိုအခါကျမှ ရင်တထိတ်ထိတ်နှင့် ရှိလာခဲ့ရလေသည်။

"ဘာဖြစ်မလဲ ဘာဖြစ်လာနိုင်မလဲ၊ သူက ငါ့ကို ဘာလုပ်လာနိုင်မှာမို့လို့လဲ. . . "

ဤသို့တွေးထင်နေခဲ့ပြီး မကြာမီမှာပင် သူမအတွက် သော်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးကျင်မောင်အတွက်



သော်လည်းကောင်း၊ ဆိုးကျိုးများဖြစ်ပေါ်လာခဲ့ကြရသည်။ လက်တွေ့ခံစားလာခဲ့ရလေသည်။ ဥပါဒါန်အစွဲကြောင့် ဥပါဒ်ရောက်ခဲ့တာလား၊ တိုက်ဆိုင်မှုကြောင့်ပဲလား၊ နားမလည်တတ်တော့ပါ. . ဒေါ်ဘုမသည် မိမိပြုခဲ့သည့် ကိစ္စအတွက် ခင်ပွန်းဖြစ်သူဦးကျင်မောင်ကိုလည်း မပြောဝံ့ခဲ့ပါ။ နောက်ထပ် ဘာတွေများဖြစ်လာနိုင်ဦးမလည်းဟု မတွေးဝံ့ တွေးဝံ့နှင့် ရင်ထဲမှာ တနုံနုံရှိလာခဲ့ရလေသည်။

"ကြောင်လေးကို ကျွန်တော်က ရိုက်ပစ်လိုက်တာ ကျွန်တော့်ကိုလာကိုက်စားဖို့ ကြံစည်တယ်၊ နောက်တစ်ခါဆိုရင် မလွယ်ဘူး. . "

ကြောင်လေးနှင့် ပတ်သက်ပြီးတော့လည်း အိပ်မက်ထဲမှာ ပြောခဲ့သေးသည်။

တစ်ညတွင်. .

ညဉ့်သန်းခေါင်ယံအချိန်လောက်တွင် လင်မယားနှစ်ယောက် အိမ်ရှေ့မှာ အိပ်မောကျနေကြသည်။ ဦးကျင်မောင်က အိမ်ရှေ့ကပြင်မှာ ဒေါ်ဘုမကတော့ အိမ်ခြေရင်းမှာ အိပ်ပျော်နေလျက်. . .

"ညောင်. . "

"ဖုန်း. . . ဖုန်း. . "

နာကျင်စွာနှင့် ထွက်ပေါ်လာသော ကြောင်အော်သံကြီးကို မမျှော်လင့်ပဲ ကြားလိုက်ရသည်။ တဖုန်းဖုန်းနှင့် အသံ



www.burmeseclassic.com

www.burmeseclassic.com



များကလည်း ထွက်ပေါ်လာခဲ့လေသည်။

"ဟင်. . ."

နှစ်ယောက်စလုံး တပြိုင်တည်းလိုလိုပင် လန့်ပြီးတော့ နိုးလာခဲ့ကြလေသည်။

"ဘုမ. . ဘုမ ကြောင်အော်သံပါလား. . မြန်မြန် ထစမ်း. ."

"နိုးနေပါပြီတော် တစ်ကတည်းမှုပဲ. ."

ဒေါ်ဘုမသည်လည်း အိပ်ယာမှလူးလဲပြီးတော့ ထလိုက်ရလေသည်။ အိပ်ကောင်းနေချိန်မှာ ထွက်ပေါ်လာသောအသံများကြောင့် လန့်နိုးလာခဲ့ရလေသည့်အတွက် ဒေါ်သလည်း ထွက်သွားခဲ့ရလေသည်။ ဦးကျင်မောင်သည် မီးတိုင်ခွက်ကို အလျင်စလိုနှင့် ထွန်းညှိလိုက်လေသည်။ အခန်းဆီကို ချက်ချင်းလိုလိုပင် ရောက်လာခဲ့ကြလေရာ. . .

"ဟင်. ."

မီးရောင်အောက်တွင် ထိတ်လန့်စရာကောင်းသော အခြေအနေတစ်ခုကို မမျှော်လင့်ပဲ မြင်တွေ့လိုက်ကြရလေသည်။ ယင်းမှာ ကြောင်မလေးသည် ကြမ်းပြင်ပေါ်မှာ စန့်စန့်ကြီး သေဆုံးနေသောကြောင့်ပင်တည်း။

"ဟာ. . ကြောင်လေး သေသွားပြီ၊ ဒါဘယ်လိုဖြစ်တာလဲ. . ."

"သူများအိမ်မှာ ဟင်းသွားခိုးစားတယ်ထင်တယ်၊





အဆိပ်မိသွားသလားမှမသိတာ. ."

"ဟာ. . ဘုမ ငါကြားတာကတော့ သည်အခန်းထဲမှာ ရိုက်နှက်နေတဲ့ အသံမျိုးကွ. . ကြောင်လေးကို တယောက်ယောက်က ရိုက်နှက်နေသလိုမျိုးပဲ. . မင်းကော ကြားလိုက်တယ်မဟုတ်လား. ."

"ဟင့်အင်း ကျွန်မမကြားမိလိုက်ပါဘူး၊ အဲ့သလိုဖြစ်နိုင်မယ်ဆိုရင်လည်း ကြောင်ကလေးကို ခြံထဲအထိလိုက်လာပြီးတော့ ရိုက်လို့ ထွက်လာတဲ့အသံမျိုးပဲဖြစ်မှာပေါ့၊ နားကြားလွဲပြီး အိမ်ထဲကလို့ ထင်မိနိုင်တာပဲ. . ."

ဒေါ်ဘုမ၏ စကားကြောင့် ဦးကျင်မောင်မှာ ဇဝေဇဝါ ဖြစ်သွားခဲ့ရလေသည်။

"မင်းပြောတာ ဖြစ်တော့ဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါကြားမိတာကတော့ အိမ်ထဲကလိုလိုပဲ. . ."

"အို. . ဒါကတော့ ရှင်နားကြားလွဲတာပါ. ."

"မင်းက ခြံထဲက ထွက်လာတဲ့အသံလို့ သေသေချာချာ ပြောနေနိုင်ပါလား. . ."

"ပြောနိုင်မှာပေါ့. . သည်အတိုင်းပဲကြားလိုက်ရတာကိုး ရှင်ကသာ အိပ်လိုက်ရင် ခေါ်မနိုး၊ အော်မနိုးနဲ့ ခြေပစ်လက်ပစ် သတိနဲ့ကိုမအိပ်ဘူး. ."

ဒေါ်ဘုမမှာ ဦးကျင်မောင်ကိုသာလျှင် ဖိပြီးပြောနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . ငါ့ကြောင်လေးကို ခြံထဲအထိလိုက်လာပြီး ရိုက်တာ ဘယ်ကောင်လည်းမသိဘူး၊ တော်တော် ရက်စက်တယ် သူများအိမ်မှာ ဟင်းသွားခိုးစားလို့လည်း ဟုတ်ချင်မှဟုတ်မှာ အရက်သမားတွေ၊ စားချင်လို့လိုက်သတ်တာလည်း ဖြစ်နိုင်တာပဲ၊ သူခင်ဗျာ သေလောက်အောင်အရိုက်ခံရတဲ့ ဒဏ်ရာမျိုးရှိနေတာတောင် အိမ်ပေါ်ကိုတက်လာပြီးမှ သေရရှာတယ်၊ တကယ်တော့ သခင်ကို အကူအညီတောင်းတာပဲကွ. . ငါတို့လည်းဘာမှမတတ်နိုင်တော့ဘူးကွယ်. ."

ဦးကျင်မောင်သည် ညတွင်းချင်းပင် ကြောင်သေလေးကို စိတ်မကောင်းကြီးစွာနှင့် မြေမြှုပ်လိုက်လေသည်။

○ ○ ○

"မဖြစ်ဘူး. . မဖြစ်ဘူး သည်ဟာလေးကို အိမ်မှာဆက်ပြီးတော့ ထားထားရင် ငါတို့ပါ အသက်ဘေးအန္တရာယ်ထိခိုက်နိုင်တယ်၊ တစ်နေရာမှာ သွားလွှင့်ပစ်လိုက်ရင် ကောင်းမယ်. ."

ဒေါ်ဘုမမှာ တုန်လှုပ်ချောက်ချားနေရလေပြီ။ အိပ်မပျော် စားမဝင်ဘဝမျိုးရောက်နေရသည်။ သွားလည်းသည်စိတ်၊ စားလည်းသည်စိတ်ဆိုသလို ဖြစ်နေရလေသည်။

"ဟုတ်တယ် ငါသွားပစ်ရမယ်၊ ဒါမှငါလည်း အသက်ရှုချောင်မယ်. . ."



ဟုဆုံးဖြတ်ချက်ချလိုက်လေသည်။ နောက်တစ်နေ့မှာပင်လျှင် ဦးကျင်မောင်အိမ်မှာ မရှိခိုက် အိပ်ခန်းထဲသို့ဝင်သည်။

မီဘာလက်ထက်က ကျန်ရှိသော ဗီဒိုဟောင်းကြီးကို ဖွင့်ကာ ရှုပ်ထွေးနေသော ပစ္စည်းပစ္စယအဟောင်းအစုတ်တွေကြားထဲက ကျောက်သံသေတ္တာဘူးလေးဆီကို လက်က လှမ်းလိုက်စဉ်မှာပင်. . .

"အား. ."

လက်ချောင်းလေးများက စူးကနဲဆိုဖြစ်သွားခဲ့ရသည်။ ချက်ချင်းမှာပင်. . ထုံကျင်သွားခဲ့ရပြီး လက်မောင်းရင်းအထိ အောင့်တက်သွားခဲ့လေသည်။ လက်ကိုလည်း ချက်ချင်းပင် ပြန်ပြီးတော့ ရုပ်မိလိုက်ရလေ၏။ တစ်ကောင်ကောင်က. . ကိုက်လိုက်ပြီဖြစ်သည်။

မြွေလား. . ကင်းလား၊ ကင်းဆိုလျှင်တော့ ဒါလောက်ပြဿနာမရှိ၊ အကောင်ရှည်ရှည်မြွေသာဖြစ်ခဲ့လျှင်. . ဒေါ်ဘုမ ဆက်ပြီး မတွေးဝံ့တော့၊ ခေါင်းထဲမှာ မိုက်ကနဲပင်ဖြစ်သွားခဲ့ရလေသည်။ နောက်ကိုလည်း ခြေနှစ်လှမ်းခန့် ဆုတ်သွားမိသည်။

"ကလောက်. . ကလောက်. . ကဇလာက်"

ဗီရိုထဲမှ အသံတစ်ခုကို ကြားလိုက်ရပြီး. .

"ထောက်"

ကြမ်းပြင်ပေါ်ကို တစ်စုံတရာက ပြုတ်ကျသွားခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကင်းမြီးကောက်တစ်ကောင်ပင်တည်း၊ ဒေါ်ဘုမက လန့်ပြီးတော့ ခြေကိုရုပ်မိလိုက်စဉ်မှာပင်. . ကင်းမြီးကောက် သည် အခန်းအပြင်ကိုထွက်သွားခဲ့လေတော့သည်။ သူမသည် လည်း. . ခဲတံသေတ္တာလေးကို နောက်ထပ်မထိရဲတော့ပေ။

ထိုညမှာပင်. . ဒေါ်ဘုမ အိပ်မက်,မက်လေသည်။

"ကျွန်တော့်ကို လွှင့်ပစ်ဖို့ မကြိုးစားပါနဲ့၊ အမေ့ဆီကိုသာ ပြန်ပို့ပေးပါ၊ ကျွန်တော် မရက်စက်ချင်ဘူး. ."

သျှောင်ပေစူးလေးနှင့် ကလေးက သူမကို လက်ညှိုး တငေါက်ငေါက်နှင့် ခြိမ်းခြောက်လိုက်လေသည်။

အိပ်ယာက နိုးလာချိန်မှာတော့. . ဒေါ်ဘုမတစ်ကိုယ် လုံး ချွေးစေးများ ပျံလျက်ရှိနေလေသည်။



## အခန်း (၅)

## အမေ့ဆီမှာ လာနေပါရစေ

ဒေါ်ဘုမသည် ကိုဌေး၊ မရီတို့၏ အိမ်ကိုရောက်လာခဲ့ သည်။ ချိုင်းမှာ အဝတ်ပတ်ထားသော အထုတ်လေးတစ်ထုတ် ကိုလည်း ညှပ်ထားသည်။

"မရီ. . မရီ၊ ဟဲ့. . ဘယ်သူမှ မရှိကြဘူးလား"

"အိမ်ထဲမှာပါ. . ရှိပါတယ်၊ လာပြီ. . လာပြီ"

အိမ်နောက်ဖေးမှ မရီရော၊ ကိုဌေးပါ ပြေးထွက်လာခဲ့ ကြလေသည်။ ဒေါ်ဘုမဆီက ထွက်လာသောအသံသည် အထိတ်တလန့်သံမျိုးဖြစ်နေသောကြောင့်ပင်၊ အသံကိုလည်း ကျက်မိနေသောကြောင့် ဒေါ်ဘုမမှန်းလည်း သိလိုက်ကြသည်။

"ဩော်. . ကြီးဒေါ်ဘုမ၊ လာလေ. . လာ. . ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စများပါလိမ့်. . . ”

“ငါတော့ ပြောကိုမပြောချင်တော့ပါဘူး. . ဟယ်”

ဟုဆိုကာ တရှုပ်ရှုပ်နှင့် ငိုပါလေတော့သည်။ ကိုဌေးနှင့် မရီတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။ ဒေါ်ဘုမ ဘာဖြစ်လာမှန်း မသိကြပေ။

“ပြောပြပါဦး ကြီးတော်ဘုမရဲ့၊ ဘာများဖြစ်လာလို့လဲ၊ ဒါလောက်တောင် ဝမ်းပမ်းတနည်းနဲ့ ငိုရလောက်အောင်၊ ဦးကျင်မောင်နဲ့များ အချင်းများခဲ့လို့လား. . ”

ကိုဌေးက မေးလိုက်ရာ. . ဒေါ်ဘုမသည် ခေါင်းကို ခါရမ်းလိုက်သည်။ တရှုံ့ရှုံ့နှင့်ငိုကောင်းနေဆဲမို့ သူမစကားပြောလာမည့်အချိန်ကို စိတ်ရှည်စွာနှင့် စောင့်နေကြရလေသည်။ အတန်ကြာမှ. . ခေါင်းမှာ ပေါင်းထားသော တဘက်ကို ဖြုတ်ကာ. . နှပ်ညှစ်လိုက်ပြီး. .

“ပြောပါ့မယ်အေ၊ ပြောပါ့မယ်၊ ငါမပြောခင်မှာ. , နင်တို့ကို အရင်တောင်းပန်ထားချင်တယ်. . ”

“ဘာကို တောင်းပန်ချင်တာလည်း ကြီးတော်ဘုမ၊ ကျွန်မတို့ နားရှင်းအောင်လို့ ပြောပြပါဦး”

“အေ. . ငါက အစချီပြီးတော့ ပြောပြမှာမို့. . အားယူနေရတာပါ. . ကဲ. . ကဲ. . သည်ကို ရောက်လာမှတော့ မထူးတော့ပါဘူးလေ၊ နင်. . မီးဖွားစဉ်ကာလကို မှတ်မိတယ် မဟုတ်လား. . အရီ. . ”





“မှတ်မိတာပေါ့. . ဘာဖြစ်လို့လဲ”

“နင်. . ဘယ်လိုအခြေအနေမျိုးနဲ့ မွေးဖွားလာတယ်ဆိုတာကိုတော့ မေ့နိုင်မှာ မဟုတ်ပါဘူးလေ. . ”

“ဟင်. . ကြီးတော်ဘုမက သည်အကြောင်းတွေကို ဘာဖြစ်လို့ ပြန်ပြောပြနေရတာလဲ. . ”

“အကြောင်းရှိလို့ပေါ့အေ၊ သည်လိုကွယ့်. . နင့်ကို ငါမီးဖွားပေးခဲ့တဲ့ အချိန်မှာ. . ”

ဒေါ်ဘုမသည် ထိုစဉ်က ဖြစ်ပျက်ခဲ့သမျှအလုံးစုံကို ပြန်ပြီးတော့ ပြောပြနေသည်။ ထိုအခါကိုဌေးနှင့် မရီတို့မှာ အံ့အားတသင့်ဖြစ်နေကြရာက တဖြည်းဖြည်းနှင့် မျက်လုံးတွေကျယ်ပြူးလာခဲ့ကြရလေသည်။ မိမိတို့နှစ်ယောက်ကို စကားလုံးတွေနှင့် ခြောက်လှန့်လျက်ရှိနေလေသည်။

ဒေါ်ဘုမသည် ထိုအရာနှင့် ပတ်သက်ပြီး မိမိတို့ကို တုန့်ပြန်ခဲ့ပုံ၊ ဒုက္ခရောက်ခဲ့ကြပုံ၊ သေဘေးနှင့် ကြုံတွေ့ခဲ့ရပုံများကိုပါ အားလုံးပြောပြလိုက်လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ကိုဌေးနှင့်မရီတို့သည် ဒေါ်ဘုမပြောပြသော အဖြစ်အပျက်များကို အစမှသည်အဆုံးအထိကြားလိုက်ရသောအခါ မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်သွားခဲ့ရလေသည်။

"ကြီးတော်ဘုမ အခုပြောခဲ့တာတွေဟာ . . အားလုံးအမှန်တွေချည့်ပါပဲနော်၊ ကျွန်မတို့များ နားကြားလွဲခဲ့ကြသလားလို့ပါ. . ."

မရီသည် အထစ်ထစ်အငေါ့ငေါ့နှင့်မေးလိုက်သည်။

"တစ်ကယ်ပါ မရီရယ်၊ ငါလည်း ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်အတွက် နောင်တရလို့မဆုံးပါဘူး၊ နင်တို့ကိုလည်း ငါတောင်းပန်ပါတယ်၊ ငါ့ကိုခွင့်လွှတ်ကြပါ၊ အကျိုးပေးတယ်. . . စီးပွားတတ်တယ်လို့ လူတွေကပြောနေကြတော့ ငါလည်း ပြောကြတဲ့အတိုင်းဖြစ်လာမလားလို့. . ငါ. . ငါ ခိုးယူသွားခဲ့တာပါ. ."

"ဖြစ်မှဖြစ်ရလေဗျာ၊ ဒါ. . ကြီးတော်ဘုမ. . မလုပ်သင့်မလုပ်ထိုက်တာကို လုပ်လိုက်တာပဲ"

"ဟုတ်ပါတယ်၊ ငါ့အမှားပါ၊ အဲ့သည်အတွက် နင်တို့အားလုံးလည်း ထိတ်လန့်ချောက်ချားသွားခဲ့ကြရတယ်၊ အုတ်အော်သောင်းနင်းဖြစ်သွားခဲ့ကြရတယ်. ."

"အဲ့သည်အချိန်တုန်းက ကြီးတော်ဘုမ လောဘဇောတက်ပြီး ကျွန်တော်တို့ကို သတိမရဘူး မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်၊ ငါလည်း အဲ့သည်အချိန်တုန်း





က. . လောဘစိတ်တွေနဲ့ မှန်နေလို့. . ကျိုးကြောင်းဆင်ခြင်တုံတရားဆိုလို့ ဘာမှမရှိတော့ဘူးလေ. . ငါ. . ငါ"

"တော်ပါတော့ဗျာ၊ ဒါလောက်ဆိုရင် ကျွန်တော်တို့သဘောပေါက်ပါပြီလေ၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်နဲ့ မှားခဲ့ပြီး ခုလိုလာတောင်းပန်တော့လည်း နားလည်ပေးရမှာပေါ့၊ ကြီးတော်ဘုမက လူကြီးတစ်ယောက်ပါ၊ သည်လိုတော့ မလုပ်သင့်ပါဘူး"

"ငါ. . ငါ နင်တို့ကို ထပ်ပြီးတော့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ကြပါ"

ဒေါ်ဘုမသည် အကယ်ပင်. . နောင်တရနေသည့်မျက်နှာနှင့်ထပ်ပြီးတော့ တောင်းပန်နေပြန်လေသည်။ ထိုအခါ မရီက သက်ပြင်းတစ်ချက်ချလိုက်ပြီး. .

"ဖြစ်ပြီးခဲ့တာလည်း ပြီးခဲ့ပြီပဲလေ၊ ဘာတတ်နိုင်တော့မှာလဲ၊ ကြီးတော်ကိုလည်း ဘယ်လိုမှ အပြစ်မယူတော့ပါဘူး၊ အဲ့. . အဲ့သည်ဟာလေးတော့. ."

"ငါ. . တစ်ပါတည်း ယူလာခဲ့တယ်၊ သည်မှာ. ."

ချိုင်းကြားမှာ ပိတ်စလေးနှင့် ပတ်ထားသော ရှည်မျောမျောအရာလေးကို မရီ၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

မရီသည် တုန်လှုပ်သော အမူအရာနှင့် လှမ်းပြီးယူလိုက်လေသည်။ ကိုဌေးကလည်း ဘာမှန်းမသိရသေးသော ထိုဖုံးကွယ်ထားသည့် အရာလေးကို ကြည့်ပြီး ရင်ထဲမှာ တဒုပ်



www.burmeseclassic.com

www.burmeseclassic.com



လှပ်နှင့် ခံစားလာခဲ့ရလေသည်။

"သြော်. . ခဏနေဦး. . မရီ"

ကိုဌေးသည် အိမ်အောက်ကို ပြေးဆင်းသွားကာ ခြံတံခါးကို ပိတ်လိုက်လေသည်။ ထို့နောက် အိမ်ပေါ်ကို ပြန်၍ တက်လာခဲ့သည်။ မရီက ကိုဌေးနှင့် ဒေါ်ဘုမတို့၏ မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး. . ပိတ်စကို ဖြည်လိုက်သည်။ အထဲမှာ ကျောက်တံထည့်ထားသော စက္ကူဘူးလေးက ပေါ်လာခဲ့လေသည်။ မရီက. . ဗူးလေး၏ အဖုံးကို လက်ညှိုးနှင့်ကော်ပြီး မ,လိုက်ရာ. .

"ဟင်. ."

"ဟင်"

ကိုဌေးနှင့် မရီတို့၏နှုတ်မှ "ဟင်"တစ်လုံးသည် တပြိုင်တည်းပင် ထွက်သွားခဲ့ရလေသည်။ သူတို့တွေ့လိုက်ကြရသည်ကား. . တစ်ထွာမရှိတရှိ. . လူသေးသေးလေးတစ်ခုပင်၊ အရုပ်လေးတစ်ရုပ်လို. . လဲလျောင်းနေလျက်ပင်ရှိသည်။ မျက်စိနှာခေါင်း၊ ပါးစပ်၊ နားရွက်တွေကမှအစ. . အင်္ဂါပြည့်စုံစွာပင် ရှိသည်။ မျက်ခုံးမွေးနှစ်ခုသည် ရေးရေးကလေးထင်နေလျက် ရှိသည်။ ပိတ်ထားသော မျက်ခွံကလေးတွေသည် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ကလေးတစ်ဦးလိုပင်၊ ကိုယ်ပေါ်မှာ လက်လေးလုံးခန့်ရှိသော ပိတ်စလေးတစ်ခုကို လည်ပင်းမှ အောက်ပိုင်းကို လွှမ်းခြုံထားသည်။ ဆံပင်မွေးလေးတွေကအစ



နက်မှောင်နေကြသည်။

"ဒါ. . ဒါ. . ကြီးတော် ဘုမ. . ပြောတဲ့"

"ဟုတ်ပါတယ်၊ သူပါပဲ. . ငါ့ကို ကောင်းကျိုးမပေးပဲ ဒုက္ခတွေပေးခဲ့တဲ့ကောင်၊ သူ့ကြောင့် ငါတို့လင်မယားနှစ်ယောက်စလုံး သေကောင်ပေါင်းလဲ ခံစားခဲ့ကြရတယ်. ."

"ကြီးတော်. . သည်လိုစကားမျိုးကို မပြောပါနဲ့၊ ဘယ်သူမပြုမိမိမှုတဲ့၊ ဖြစ်ခဲ့သမျှအားလုံးဟာ ကြီးတော်မှာသာ တာဝန်ရှိတယ်၊ ကိုယ်ပြုသောကံ. . ကိုယ့်ဆီပြန်တဲ့ ကိုယ့်ရဲ့စိတ်ထားအတိုင်း. . ကိုယ်,ဒဏ်ပြန်ခံရတာပဲ၊ သည်ကိစ္စမှာ မှားခဲ့တာက ကြီးတော်ဘုမ. . ကိုယ်တိုင်ပဲ မဟုတ်လား. ."

ဘာကြောင့်ရယ်မသိ. . ကိုဌေးက မခံမရပ်နိုင်ဖြစ်ပြီးတော့. . ပြောလိုက်လေသည်။ တတ်နိုင်လျှင်. . သည့်ထက်မက ရင့်သီးသော စကားမျိုးကို ပြောလိုက်ချင်သည်။ ပြောမထွက်၍သာ. . လူလိမ္မာသားမို့သာ. . လူမိုက်သားလို ရမ်းကားသည့်စကားမျိုးပြောမထွက်။

"ဟုတ်ပါတယ်လေ၊ အစချိကတည်းက ငါ့အပြစ်ပါ၊ ခုလည်း. . ငါမသေရုံတမယ်ခံစားခဲ့ရလို့. . သည်လို စကားမျိုး ပြောမိလိုက်တာပါ။ ကဲ. . ကဲ. . ငါလည်း ပြန်လိုက်ဦးမယ်"

"သြော်. . ကြီးတော် ဘုမ၊ ခဏနေပါဦး. ."

ကိုဌေးက လှမ်း၍ခေါ်လိုက်သဖြင့် ဒေါ်ဘုမ လှည့်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ကိစ္စ. . နောက်ထပ် ဘယ်သူများသိသေးသလဲ"

"ဘယ်သူမှ မသိကြဘူး၊ ငါ့ယောက်ျားတောင် မသိဘူး"

"ကောင်းပြီ၊ ဒါဆိုရင် ခုလည်း ဆက်ပြီးတော့ ရေငုံနှုတ်ပိတ်ပြီးတော့ နေပေးပါ။ အိုဗျာ. . ကျွန်တော့်မိဘတွေတောင်. . မသိကြပါစေနဲ့"

"ငါ. . သဘောပေါက်ပါတယ်၊ တခြားဘယ်သူမှလည်း မသိကြပါဘူး၊ ငါလည်း ဘယ်သူ့ကိုမှ မပြောပါဘူး. ."

ဒေါ်ဘုမက ကိုငွေး. . ခြံတံခါးဖွင့်ပေးလိုက်သည်နှင့် ခပ်သုတ်သုတ်ပင် ထွက်သွားခဲ့လေသည်။

○ ○ ○

"ကိုငွေး၊ အဖြစ်အပျက်ကတော့ မယုံနိုင်လောက်အောင်ပဲ၊ ဒေါ်ဘုမက တော်တော်ယုတ်မာတာပဲ၊ သူဖုံးထားသမျှ ပူးပေါ်သလို ပေါ်သွားခဲ့ရပြီ. ."

"အေး. . အဖြစ်မှန်ပေါ်ခဲ့တာကတော့ ဟုတ်ပါပြီလေ၊ ခုမှတော့ ဘယ်သူသိသွားကြဖို့မှလည်း မကောင်းတော့ဘူး၊ ပထမ တစ်ရှက်ထက် နောက်တစ်ရှက်က ထပ်တိုးလာဦးမယ်၊ သည်ကိစ္စကို ငါတို့လင်မယားနှစ်ယောက်ပဲ. . သိထားကြဖို့လိုတယ်. ."

"ဟုတ်ပါပြီ. . ကျွန်မလည်း သည်အတိုင်းပါပဲ၊





သည်ဥစ္စာလေးကို ကိုရင် ဘယ်လိုသဘောရသလဲ၊ ကျွန်မကတော့. ."

"ပြောပါ မရီ၊ မင်းရဲ့ သဘောကိုပဲ အရင်ပြောပြပါ"

"ကျွန်မရဲ့ လက်ထဲကို ရောက်လာတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရလိုက်တယ်၊ ကိုယ့်ရဲ့ သားသမီး ရပ်ဝေးကနေပြန်ရောက်လာသလိုပဲ. ."

"ငါလည်း မင်းလိုပဲ ခံစားရတယ် မရီ၊ ဒါပေမယ့် ခုလို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒါမျိုးနဲ့ ပတ်သက်ပြီး ကြားဖူးရုံလောက်ပဲရှိခဲ့တာ၊ ခုတော့ ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်လာခဲ့ရပြီ. ."

"အို. . ပတ်သက်ရာ ပတ်သက်ကြောင်းလို့ မပြောပါနဲ့၊ ကျွန်မရဲ့ ဝမ်းနဲ့လွယ်ပြီးတော့ မွေးခဲ့တာပဲ. . မဟုတ်လား၊ ကိုယ့်သွေးသားပဲပေါ့၊ ကျွန်မကတော့ မွေးထားမယ်"

"ဘာရယ်. . မွေးထားမယ်. . ဟုတ်လား မရီ"

ကိုငွေးက ဇနီးဖြစ်သူကို နောက်ထပ်စကားတစ်ခွန်း မဆက်တော့၊ မရီ၏ မျက်နှာအမူအယာက သနားစရာကောင်းနေသောကြောင့်ပင်တည်း။

"ကျွန်မတို့ရဲ့ သားပဲ မဟုတ်လား၊ ရှင်နားမလည်ဘူးလား၊ ရှင့်ကိုကြည့်ရတာ. . မလိုလားသလိုပဲ"

မရီ၏ အသံက တုန်ရီလျက်ရှိနေလေသည်။

"ငါ. . ငါ မင်းထင်သလို မဟုတ်ပါဘူးကွယ်၊ လက်ခံ-



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မင်းနဲ့ ဆန္ဒတူညီပါတယ်”

ထိုအခါကျမှ. .

မရီသည် ပြုံးရယ်လာနိုင်တော့သည်။

ထိုစဉ်. .

မရီသည် တစ်ခုခုကို သတိရသွားသလိုလိုနှင့်. .

“ဟင်. . ဒါဖြစ်နိုင်တယ်၊ ဖြစ်ကိုဖြစ်နိုင်တယ်၊ ငါမေ့နေလိုက်တာ၊ အခုမှပဲ. . ခေါင်းထဲမှာ ပြန်ပြီးတော့ ပေါ်လာတော့တယ်. .”

သူမသည် အနားမှာရှိနေသော ကိုဒွေးကိုပင် သတိမထားမိတော့၊ တစ်ယောက်တည်းပြောကာ နှုတ်မှ လွှတ်ကနဲ ဆိုထွက်သွားခဲ့ရလေသည်။

“ဟင်. . ဘာပြောတယ် မရီ၊ ဘာကို မေ့နေခဲ့လို့လဲ”

“ဟင်. . ကျွန်မ၊ ကျွန်မ သည်. . သည်လိုပါ ကိုဒွေး၊ ကျွန်မ ကိုယ်ဝန်မရမီက ထူးထူးဆန်းဆန်း အိပ်မက်တစ်ခုကို မက်တယ်. .”

“ဆိုစမ်းပါဦး. . ဘယ်လို အိပ်မက်မျိုးကို မက်ခဲ့လို့လဲ”

“သည်လိုရှင့်. .”

မရီသည် သူမ. . မက်ခဲ့သော အိပ်မက်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်းပင် ပြောပြလိုက်လေသည်။

ooo



တစ်ညတွင်. .

မရီသည် စောစောအိပ်ယာဝင်ချင်စိတ်များ ဖြစ်ပေါ်လာမိခဲ့လေသည်။ အိပ်ချင်စိတ်ကလည်း လွန်မင်းစွာပင် ဖြစ်ပေါ်လာခဲ့ရသည်။ တဝါးဝါးနှင့် သန်းလာခဲ့မိသည်။

“ဟဲ့. . မရီ ဒါလောက်တောင်. . အိပ်ချင်နေရင်လည်း သွားအိပ်တော့လေ. .”

ယောက္ခမဖြစ်သူ ဒေါ်ပုက သန်းဝေနေသော မရီကို ကြည့်ပြီးတော့ ပြောလိုက်လေသည်။ ကိုဒွေးနှင့် ဖခင် ဦးကြာမောင် (မရီ၏ယောက္ခမ)တို့သည် အကြောင်းကိစ္စတစ်ခုကြောင့် ရပ်ဝေးဆီသို့ ခရီးထွက်နေကြခိုက် ဖြစ်သည်။

[မရီ၏ မိဘများသည် ဤရွာသားများမဟုတ်ကြ၊ တစ်နယ်တစ်ကျေးမှာနေထိုင်ကြသည်]

ဦးကြာမောင်နှင့် ဒေါ်ပုတို့သည် ချွေးမဖြစ်သော မရီကို သမီးအရင်းလိုပင် သဘောထားကာ စောင့်ရှောက်ကြသည်။

“ဟုတ်တယ်. . အမေ၊ သည်ကနေ့မှာမှ ဘယ်လိုဖြစ်သလဲမသိဘူး၊ အိပ်ချင်စိတ်က သိပ်ပြီးတော့ ပြင်းပျနေတယ်”

“သွေးလေးတာ ဖြစ်မှာပါ၊ အိပ်ချင်ခိုက်မှာ အိပ်ပစ်လိုက်၊ ဒါမှ အိပ်ရေးက ဝ,မှာ၊ အိပ်အလုပ်လည်း ဘာရှိတာမှတ်လို့. .”

“ဟုတ်ကဲ့. . အမေ”

မရီမှာ လူကြီးထက်အရင် အိပ်ယာဝင်ရမည်ကိုအားနာ

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ သို့သော်. . မတတ်နိုင်တော့ပြီ။ ပြင်းပျလာသော အိပ်ချင်စိတ်ကြောင့် အခန်းထဲကို ဝင်လာခဲ့လေသည်။ ဘုရားစင် ရှေ့ကိုပင် မရောက်နိုင်တော့။ အိပ်ယာထက်မှာ ကျောခင်းမိ လိုက်သည်နှင့် မေ့ကနဲဆိုဖြစ်ကာ အိပ်ပျော်သွားခဲ့လေသည်။

○ ○ ○

မရီသည်. . သရက်ပင်ကြီးမှ ဝင်းမှည့်နေကြသော သရက်သီးများကို တစ်လုံးပြီးတစ်လုံး တံချူဖြင့် ဆွတ်ခူးနေလျက် ရှိသည်။ အချိန်အခါမဟုတ်ပဲ နှင်းများကလည်း ကျဆင်းနေ လျက်ရှိနေလေသည်။ ခြံထဲမှာပင်လျှင်. . နှင်းများကလည်း ဝေဝါးလျက်ရှိနေကြသည်။

"ခစ်. . ခစ်. . ခစ်. . ခစ်"

ကလေးငယ်တစ်ယောက်၏ ရယ်သံကို ကြားလိုက်ရ သည်။ အသံလာရာဆီကို လှည့်ကြည့်မိလိုက်သည်။ ရေတွင်း ဘေးရှိ ကျောက်တုံးပေါ်မှာ ထိုင်နေသော သုံးနှစ်သားအရွယ် ကလေး,လေးတစ်ယောက်. . သျှောင်ပေစူးလေးနှင့်ဖြစ်သည်။

သနပ်ခါးပါးကွက်ကြား လူးထားသည်။ နှာတံလေးက စင်းနေသည်။ နှာသီးထိပ်မှာ သနပ်ခါးကို တစ်ချက်တို့ထားသည်။ ပြည့်ဖောင်းသော ပါးလေးနှစ်ဖက်ကို ဖျစ်ညှစ်ချင်စရာကောင်း သည်။ အသားလေးကလည်း ဖြူဝင်းနေသည်။



ကလေးကိုယ်ပေါ်မှာ အဖြူခံတွင် အစက်အပြောက် လေးတွေပါသော ကော်လာမပါ. . အကျႌလေးနှင့် အပြာနု ရောင် ဘောင်းဘီရှည်လေးကို ဝတ်ဆင်ထားသည်။ ကလေးက မရီကိုကြည့်ကာ တခစ်ခစ်နှင့် ရယ်နေသည်။ အသံလေးက လွင်လွင်လေးမို့. . မရီက သဘောကျသွားခဲ့ရလေသည်။

"သားက ဘာဖြစ်လို့ ရယ်နေရတာလဲ၊ ဘာများ သဘောကျစရာများ တွေ့နေမိလို့လဲ. ."

"အမေ့ကိုကြည့်ပြီး ရယ်နေတာ"

ကလေးက မရီကို အမေဟု သုံးနှုန်းလိုက်လေသည်။ မရီသည် သူမ၏ ရင်ကို လက်ဝါးနှင့် ဖိကပ်ကာ ပြလိုက်ပြီး. .

"အမေ. . ဟုတ်လား"

"ဟုတ်တယ် အမေ့ကိုကြည့်ပြီးတော့ ရယ်နေတာ"

"ဘာဖြစ်လို့လဲ သားရယ်. ."

"အမေ့ကိုသားချစ်တယ်၊ အမေ့ဆီမှာ သားလာနေချင် တယ်၊ နေရမလားဟင်. ."

ကလေးငယ်က အသနားခံသောမျက်နှာပေးလေးဖြင့် မေးလိုက်သည်။

"အို. . သားလိုချစ်စရာကောင်းတဲ့ သားလေးမျိုးကို အမေက လိုချင်တာပေါ့ကွယ်. . နေရမှာပေါ့ အမေ့ဆီကို လာပါဦးသားရယ်. ."

ကလေးက အရွယ်နှင့်မလိုက်အောင်ပင် ဆွတ်ယက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချာလှသည်။ မရီဆီကို ပြေးလာခဲ့လေသည်။

မရီသည် ရင်ခွင်ထဲကိုရောက်လာသောကလေးကို ပွေ့ဖက်ကာ ပိုက်ထွေးထားလိုက်မိသည်။ ပါးချင်းလည်းကပ်ထားမိလိုက်၏။ တရှုံ့ရှုံ့နှင့်လည်း နမ်းနေမိပြန်လေသည်။

"အမေတကယ်ပြောတာနော်. . သားလာမှာ. . "

"ဩော်. . တကယ်ပေါ့သားရယ်. . အမေက သားကို လိမ်ရမှာတဲ့လား. . "

"ခစ်. . ခစ်. . ခစ်. . ခစ်"

ကလေးက ဟန်မဆောင်နိုင်ပဲ တခစ်ခစ်နှင့် ရယ်လိုက်ပြန်လေသည်။ ပျော်သွားဟန်တူသည်။

"သားရဲ့နာမည်က ဘယ်လိုခေါ်သလည်းကွယ်. . "

"မောင်တိုးဝေတဲ့ မေမေရဲ့. . "

"မောင်တိုးဝေဟုတ်လား နာမည်ကလေးက လှလိုက်တာ မောင်တိုးဝေ မောင်တိုးဝေ. . . မောင်တိုးဝေ. . "

○ ○ ○





"မောင်တိုးဝေ. . မောင်တိုးဝေ"

မရီဖျတ်ကနဲဆိုလန့်ပြီးတော့ နိုးသွားခဲ့လေသည်။ သူမ၏နှုတ်ကလည်း မောင်တိုးဝေ မောင်တိုးဝေသားဟု တဖွဖွ ပြောနေသည်ကို ကိုယ့်ကိုကိုယ် သတိထားမိလိုက်လေသည်။

"သားလေး သိပ်ပြီးတော့ ချစ်စရာကောင်းတဲ့ သားလေး. . "

အိပ်မက်ကိုမက်ပြီးနောက် တကယ်ဟုပင် ထင်နေမိကာ ကြည်နူးလျက်ရှိနေလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

## ငါးပိုက်ထဲက ငွေဒင်္ဂါးများ

"ကျွန်မ အိပ်မက်မက်ခဲ့တာ အဲဒါကိုပဲ ကိုငွေး တစ်ကယ့်ကိုအထင်ရှပဲ မက်ခဲ့တာ အပြင်မှာတကယ်တွေ့လိုက်ရတာလားလို့တောင် ထင်မိခဲ့တယ်၊ ကလေးလေးက ချစ်စရာလေး. . . သူကလာနေချင်လို့ ပြောတော့ ကျွန်မကလည်း မဆိုင်းမတွပဲ ခွင့်ပြုလိုက်တာပေါ့. . ."

မရီသည် သူမမက်ခဲ့သည့် အိပ်မက်နှင့် ပတ်သက်ပြီး ပြောပြလိုက်လေသည်။

"မောင်တိုးဝေ ဟုတ်လား ဒါဆိုရင် စနေသားပေါ့ မင်းမီးဖွားတဲ့နေ့ကလည်း စနေနေ့ပဲ မဟုတ်လား. ."

"ဟုတ်တယ် ဟုတ်တယ်. . စနေနေ့ပဲ ဒါပေမယ့် ကိုရှင်

www.burmeseclassic.com

www.burmeseclassic.com



ရယ် သည်ကလေးရဲ့. . ဘ၀အခြေအနေကမကောင်းပါဘူး၊ လူ့ဘ၀ထဲကို သည်လိုမျိုးကြီးရောက်လာခဲ့ရတာ. . ."

"မရီ သိပ်ပြီးတော့ အစွဲအလန်းမထားပါနဲ့ ဒါမှာ သာမန်သားလျော သားပျက်တဲ့ ကိစ္စမျိုးပါ။ ဒေါ်ဘုမဟာ သူ့ဘာသာသူ အဆင်မပြေတာနဲ့ပဲ ဒါကြောင့်ဆိုပြီး လက်ညှိုး ထိုးခဲ့တာ အင်မတန်ဉာဏ်တိမ်တာပဲ. . ."

ကိုဌေးအပြောကြောင့် မရီမှာအံ့အားသင့်သွားခဲ့ရလေ သည်။

"သြော်. . ရှင်က မယုံနိုင်စရာဖြစ်နေတာကိုး. ကျွန်မ လည်း ထင်သွားပါပဲလေ. . ကဲပါလေ ဘာပဲဖြစ်ဖြစ် ကျွန်မက တော့ ကိုယ့်သွေးကဖြစ်လာတဲ့အရာမျိုး အိမ်မှာမွေးထားရမှာပဲ ရှင်သာ ကျွန်မ မသိပဲ မဖျောက်ဖျက်ပစ်လိုက်ပါနဲ့. . ".

"သြော်. . မရီရယ်. . ငါက အဲသည်လောက်တောင် ရက်စက်ပါ့မလား၊ မင်းက ဒါလောက်အထိ စွဲလန်းနေတာ လုပ်ရက်ပါ့မလားကွယ်. . "

တစ်ကယ်တော့ ကိုဌေးသည်လည်း စိတ်ရင်းအမှန် အတိုင်းပင် ပြောလိုက်ခြင်းသာပါ။

"ရှင်. . မုသားစကားမပြောတတ်ဖူးဆိုတာ ကျွန်မ သိပြီးသားပါ။ ကဲပါလေ. . ဒါတွေကို အသာထားလိုက်ပါတော့၊ ကျွန်မတို့ စောစောကပြောထားကြတဲ့အတိုင်း သည်ကိစ္စကို ဘယ်သူမှ မသိကြတာ အကောင်းဆုံးပဲ"



"ငါသဘောပေါက်ပါတယ်. . မရီရယ်"

မရီသည် စက္ကူသေတ္တာလေးကို. . တယုတယနှင့် ရင်မှာ ပိုက်ထားလိုက်လေသည်။

၀ ၇ ၀

အချိန်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးလာခဲ့ပြီဖြစ်သည်။ တစ်ရက်တွင် နံနက်ခင်းတွင် မရီတစ်ယောက်တည်း အိမ်မှာ ရှိနေခိုက်၊ အသက်သုံးဆယ်အရွယ်ရှိ မျက်နှာပေါ်မှာ ကျောက် ပေါက်ရာတွေရှိသောလူတစ်ယောက်၊ လက်ပြင်အနည်းငယ် ကုန်းသည်။ အရပ်က ပုကွကွနှင့် တောင်းတစ်တောင်းကို ပခုံး ထက်မှာ ထမ်းလာခဲ့လေသည်။

"ဟောသည်က ငါးဗျို့. . ငါးဝယ်ကြဦးမလား"

ထိုသူသည် ငါးရောင်းရာတွင် ဒေါင်းဖိုရွာတစ်ပတ် ပတ်မိခဲ့သော်လည်း မည်သူကမှ မဝယ်ကြပေ။ ဤသို့ဖြင့်. . ကိုဌေး၊ မရီတို့တို့၏ အိမ်ရှေ့ကို ရောက်လာခဲ့သည်။

"ငါး. . ငါးဝယ်ကြဦးမလား၊ ဝယ်ကြပါဗျာ. . ဝယ် ကြပါ. . "

ငါးသည်၏ အသံကို ဒေါ်ရီသည် အိမ်ထဲကနေ ကြားနေရသည်။

"ယောက်ျားကြီးတန်မဲ့နဲ့ ငါးလိုက်ရောင်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို တစ်ချိန်လုံးကြားနေရတယ်၊ အင်း. . ငါလည်း သည်ကနေ့မနက်မှာ ချက်စရာမရှိဘူး၊ ခေါ်ကြည့်လိုက်ဦးမှ”

မရီ၏ အိမ်ရှေ့ကိုရောက်လာသောအခါ ငါးသည်ကို ခြံအပြင်မှာ လှမ်းမြင်လိုက်ရလေပြီ။

“လာပါဦးရှင့်. . ”

ငါးရောင်းသူသည် ဒေါ်ရီ၏ ခေါ်သံကြောင့် အိမ်ဘက်ကိုဆတ်ကနဲဆို လှည့်ကြည့်လိုက်လေသည်။ မျက်နှာကြီးကလည်း ဝင်းပသွားခဲ့လေသည်။

“ခေါ်ပါသလား. . ခင်ဗျာ”

“ဩော်. . ခေါ်ပါတယ်ဆိုနေမှ. . ”

ထိုသူသည် ဝမ်းသာအားရနှင့် လျှောက်လာသည်။ မရီက ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။ ထို့နောက်. . အိမ်ရှေ့ကပြင်တွင် ငါးတောင်းကို ချစေလိုက်သည်။

“ဘာငါးတွေများလည်း. . ပြစမ်းပါဦး”

“တစ်ရွာလုံးလည်း နှံ့နေပြီ၊ ဝယ်မယ့်လူလည်း မရှိဘူး၊ ကဲ. . ကဲ. . ကြည့်ပါဗျာ”

တောင်းထဲမှာ ငါးပတ်ကြီးတစ်ကောင်ကိုသာ တွေ့လိုက်ရသည်။

“ဟင်. . ငါးက တစ်ကောင်တည်းပါလား၊ ဒါလောက်ကြီးတဲ့ငါးပတ်ကြီးကို ဘယ်သူက ဝယ်မှာတဲ့လဲ”

“ဘာပဲဖြစ်ဖြစ်ဗျာ၊ အစ်မကြီးဝယ်မယ်ဆိုရင်တော့



ကောင်းတာပေါ့၊ ကျွန်တော်လည်း နောက်ဆပ် ရွာလည်ပြီး လိုက်ရောင်းစရာ မလိုတော့ဘူး၊ တစ်ရွာကနေ တစ်ရွာဆက်ပြီး လိုက်ရောင်းနေရရင်လည်း သည်ငါးက ကြာကြာခံမှာ မဟုတ်ဘူး၊ ပင်ပန်းလှပြီဗျာ. . သည်ငါးတစ်ကောင်တည်းနဲ့ ရွာလည်နေတယ်. . ”

ချုံသံပါအောင် ညည်းနေသောကြောင့် မရီမှာ ထိုသူ့ကို သနားသွားခဲ့လေသည်။

“ကျွန်မလည်း အားပေးချင်ပါတယ်၊ ဒါပေမယ့်. . ငါးက တော်တော်အချိန်စီးနေတယ်၊ ပိုက်ဆံက လောက်မှာ မဟုတ်ဘူး. . ”

“ဟာ. . အစ်မကြီးကလည်း ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူး၊ ပေးနိုင်သလောက်ပဲပေးပါ. . ”

“အားနာပါတယ်. . ဖြစ်မှာမဟုတ်ပါဘူး. . ”

“ကျွန်တော်ကျေနပ်ရင် ပြီးတာပါပဲဗျာ၊ ဘယ်လောက်ပဲ ပေးပေး. . ”

ထိုသူက ဇွတ်ပင်ပြောနေသဖြင့် မရီမှာ နားမလည်နိုင်အောင်ပင်ဖြစ်သွားခဲ့ရလေသည်။

“အဟုတ်ပြောတာပါဗျာ၊ ကျွန်တော် ဟောသည့်ငါးကြီးကိုလည်း ပြန်ယူမသွားချင်တော့ပါဘူး. . ”

ထပ်ကာတလည်းလည်းဖြင့် ပြောနေသဖြင့်. .

“လောလောဆယ်. . ကျွန်မမှာ တစ်ကျပ်ပဲရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒါ...[illegible]ငွဲ့မို့ပြောတာပါ. . ”

ရပါတယ်. . တစ်ကျပ်လည်း မနည်းပါဘူး၊ ကျေနပ်ပါတယ်. . ”

“ရှင်. . ”

ထိုသူစကားက ဆန်းလှသောကြောင့်. . မရိပင်လျှင် ကြောင်သွားမိလေသည်။

“ရှင်. . ရှင် တကယ်ပြောနေတာလား”

“ဩော်. . နောက်ပြောင်စရာအကြောင်းမှ မရှိပဲဗျာ”

မရိမှာ အကြွေလေးများကို ရေတွက်လိုက်သည်။

“တစ်ကျပ်နဲ့ နှစ်ပြား”

“နှစ်ပြားတောင် ပိုလိုက်သေးတယ်၊ ကဲ. . ကဲ ပေးပေး”

ထိုသူ၏ လက်ထဲကို ငွေအကြွေများ ထည့်ပေးလိုက်လေသည်။

“အားတော့ နာပါတယ်ရှင်၊ ဒါလောက်ကလေးနဲ့. . ”

“ကိစ္စမရှိပါဘူး၊ ကျေညီတယ်လို့ပဲ သဘောထားတယ်၊ သွားတော့မယ်. . ”

“အို. . တောင်းယူသွားဦးလေ”

“တောင်းပါထားခဲ့တော့မယ်ဗျာ၊ သည်ငါးကို ရလိုက်တာ အစ်မကြီးကံကောင်းတယ်မှတ်၊ ခွင့်ပြုပါဦး. . ”

ဤသို့ဖြင့်. .

မျက်နှာပေါက်ဆိုးဆိုး၊ လက်ပြင်ကုန်းကုန်းနှင့် ပုကွကွ



လူသည် မရိကို နှုတ်ဆက်ကာ ခြံထဲမှ ထွက်သွားခဲ့လေသည်၊ မရိကတော့ အံ့အားသင့်မဆုံးဖြစ်ပြီးတော့ ကျန်ရစ်ခဲ့လေသည်။

ထိုသူထွက်သွားပြီး မကြာမီမှာပင်. . ကိုငွေး ပြန်ရောက်လာခဲ့သည်။ အလုပ်ကိစ္စတစ်ခုနှင့် ရွာထဲသို့ ထွက်သွားခဲ့ခြင်းပင်၊ မရိသည်လည်း ငါးတောင်းကို မီးဖိုချောင်ဆီသို့ ယူမသွားခဲ့သေးပေ။

“ဟင်. . ဒါ ဘာတောင်းကြီးလဲ. . မရိ”

တောင်းကို တွေ့လိုက်ရာ အံ့အားတသင့်နှင့် မေးလိုက်လေသည်။

“ငါးတောင်းလေ. . ကိုရင်”

“ဟင်. . ငါးတောင်း ဟုတ်လား၊ ဘယ်သူ့ငါးတောင်းလဲ”

“ကဲပါ. . ကျွန်မပြောပြပါ့မယ်၊ ရှင်ကလည်း ပြူးတူးဖျာတာနဲ့. . သည်လိုရှင့်၊ လူတစ်ယောက်က ရွာထဲမှာ ငါးလည်ပြီးတော့ ရောင်းနေတယ်၊ တစ်ရွာလုံးသာ ပတ်ပြီးတော့ ရောင်းနေတယ်၊ ဘယ်သူမှ မဝယ်ကြဘူး၊ နောက်တော့ အဲ့သည်ငါးသည်က သည်ဘက်ကို ရောက်လာခဲ့ပါလေရော. . ”

မရိသည် ငါးရောင်းသူထံမှ ဤငါးကြီးကို ဝယ်လိုက်ရသည့်အကြောင်းကို ရှင်းပြလိုက်လေသည်။

“အဲ့သည့်ငါးရောင်းတဲ့သူကို မင်းသိလား၊ ဘယ်မှာတဲ့လဲ. . ”

“ဟင့်အင်း. . သူ့ကို တစ်ခါမှ မမြင်ဖူးဘူး၊ သူ့ဘယ်ရွာ

www.burmeseclassic.com

www.burmeseclassic.com



ဟ[illegible]ကိုလည်း မေးဖို့အချိန်မရလိုက်ပါဘူး၊ သူ့ခင်ဗျာ စိတ[illegible]နဲ့ သည်ငါးကြီးကို ရရာဈေးနဲ့ ရောင်းပစ်ခဲ့ပြီး ချက်ချင်းလိုလိုပြန်သွားခဲ့တာပဲလေ"

"သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကကော. ."

"ရှင်က ဘယ်လိုကြောင့် ဒါလောက်တောင် စပ်စပ် ပေါက်ပေါက်နဲ့လိုက်ပြီးတော့ မေးနေရတာလဲ"

"ဩော်. . ဒါလောက်ကြီးပြီး အချိန်စီးတဲ့ ငါးကြီးကို ရရာဈေးနဲ့ရောင်းခဲ့တဲ့သူမို့ စိတ်ဝင်စားမိပြီး မေးမိတာပါကွာ"

"အင်း. . သည်လူက မျက်နှာမှာ ကျောက်ပေါက်မာ သက်သက်နဲ့၊ လက်ပြင်က ကုန်းကုန်း၊ ဂင်တိုတိုပုကွကွ၊ ဆံပင် ကတော့ ရှည်တယ်၊ ကုပ်ကိုထောက်နေတယ်၊ သွားနည်းနည်း ပေါ်တယ်၊ ခေါ်တာမျိုးတော့ မဟုတ်ဘူး"

"အင်း. . သည်လို မျက်နှာပေါက်မျိုး ပုံပန်းသဏ္ဌာန်မျိုး အနီးအနားရွာတွေမှာလည်း မရှိတတ်ပါဘူး၊ ငါးကို ဘယ်သူမှ ခေါ်မဝယ်တာထား၊ မေးမယ့်လူတောင် မရှိဘူးဆိုတော့ စဉ်းစားစရာပဲ. ."

"ကဲပါ. . အချိုအချောင်ရလိုက်တဲ့ ငါးပေမယ့်. . သူ့ ကိုတော့ သနားမိတယ်၊ သည်ကနေ့မှာမှ ကျွန်မကလည်း ပိုက်ဆံက ပြတ်သလားမပြောနဲ့၊ တန်ရာတန်ကြေးပေးလိုက်ချင်တာ. ."

"မင်းကလည်းကွာ၊ ဘုရားစင်ပေါ်မှာ ငါထားထားခဲ့



တယ်လေ၊ ခါတိုင်းလိုပဲပေါ့. . ဘယ်လိုဖြစ်တာလဲ. ."

"ဟုင်. . ဟုတ်ပါရဲ့၊ ကျွန်မလည်း ဘာဖြစ်လို့ ဒါလောက်တောင် မေ့နေရပါလိမ့်၊ မဖြစ်သင့်တာ. ."

မရီသည် မိမိမေ့လျော့နေခြင်းကို မကျေမနပ်ဖြစ်သွား မိခဲ့ရလေသည်။

○ ○ ○

ကိုဒွေးက ငါးတောင်းကိုမ,ပြီး အိမ်ပေါ်ကို တင်လိုက် သည်။ အိမ်နောက်ဖေးဘက်အထိ ယူသွားပေးသည်။ ထို့နောက် အိမ်ရှေ့ကိုပြန်ပြီးတော့ ထွက်လာခဲ့လေသည်။

မရီသည် ငါးနာပြီး ပုပ်သွားမည်ကိုစိုး၍ ချက်ချင်းပင် အကောင်ကိုဖျက်ပြီးချက်ရန် စီစဉ်လေသည်။ ရင်ကိုခွဲ၍ ကလီစာများကို အပြင်သို့ ထုတလိုက်ရာ. .

"ဟင်. . ဒါ. . ဘာလေးပါလိမ့်"

ပိတ်ဖြူစဖြင့် ထုတ်ထားသော အထုတ်လေးတစ်ထုတ် ကိုတွေ့လိုက်ရလေ၏။ အချိန်က စီးသည်။

"ကိုဒွေး. . ကိုဒွေး၊ သည်ကို လာစမ်းပါဦး"

အလောတကြီးနှင့် ခေါ်လိုက်သော မရီ၏ အသံကြောင့် ကိုဒွေးက အပြေးတစ်ပိုင်းပင် ရောက်လာခဲ့လေသည်။

"ဘာ. . ဘာလဲ. . မရီ၊ ဘာဖြစ်လို့လဲ. ."

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ဟောသည်မှာ ငါးဘိုက်ထဲက ထွက်လာတာရှင့်. . "

"ဟင်. . အထုတ်လေးတစ်ထုတ်ပါလား"

ကိုငွေးသည် အရိအရွဲများနှင့် ပေကျံနေသော အထုတ်လေးကို မရီ၏ လက်ထဲက လှမ်းယူလိုက်လေသည်။

"နေဦး. . ရေဆေးပေးမယ်"

မရီက ရေလောင်းချပေးသည်။ ကိုငွေးက လက်နှင့်ပွတ်သပ်ပြီးတော့ ဆေးလိုက်သည်။ အထုတ်လေး၏ အဝထောင့်စွန်းလေးခုကို စုပြီးတော့ ချည်နှောင်ထားသည်။ အချိန်စီးသည်ကိုသိသည်။ တုန်ရီသော လက်နှင့်ဖြည်လိုက်ရာ နောက်ထပ်. . ပိတ်စ,ပါးပါးလေးနှင့် ထပ်ပြီးတော့ ထုတ်ထားသည်။ ထပ်မံပြီးတော့ ဖြည်လိုက်လေရာ. .

"ဟင်"

"ဟာ"

နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ရလေသည်။ မျက်လုံးတွေလည်း ပြူးကျယ်သွားခဲ့ရသည်။ သူတို့တွေ့လိုက်ကြရသည်ကား. . ရွှေဒင်္ဂါးပြားလေးများပင်တည်း၊ တစ်ပြားချင်းထပ်၍စီထားကာ အတောင့်လေးတွေပြုလုပ်ထားသည်။ အားလုံးပေါင်း လေးထောင့်တိတိပင်။

"ရွှေ. . ရွှေဒင်္ဂါးပြားတွေပါလား. . ကိုငွေး"

"ဟုတ်တယ်. . ရွှေဒင်္ဂါးတွေ"





နှစ်ဦးစလုံး၏ အသံတွေက တုန်ရီနေကြလျက်. . နောက်ထပ်စကားမပြောနိုင်ကြတော့ပဲ. . အတန်ကြာသည် အထိတွေဝေသွားခဲ့ကြလေသည်။

"သည်ရွှေဒင်္ဂါးပြားတွေက ငါးကြီးရဲ့ ဗိုက်ထဲကို ဘယ်လိုရောက်နေတာလဲ၊ အထုတ်ရေထဲကို ကျသွားခဲ့လို့ ငါးကြီးကအစာမှတ်ပြီးတော့. . ဝင်ဟပ်သွားခဲ့တာလား၊ မုန်တိုင်းမိပြီး သင်္ဘောပျက်လို့ သူဌေး. . သူကြွယ်၊ ကုန်သည်ပွဲစားတစ်ယောက်ယောက်ရဲ့ လက်ထဲက ရေထဲကို ကျသွားခဲ့လို့ ငါးကြီးက အစာမှတ်ပြီး မျိုချခဲ့တာများလား"

"သူတို့ရဲ့လက်ထဲက ပစ္စည်းကို သင်္ဘောမုန်တိုင်းမိနေချိန်မှာ ဘယ်လိုသတိရနိုင်တော့မှာလည်း ကိုရင်၊ အဲ့သည်အချိန်မှာ အသက်ဘေးက အရေးကြီးနေတော့ ကိုယ့်အသက်ရှင်ဖို့အတွက် ပျာယာခတ်နေကြမှာပဲ၊ အားလုံးအသက်ဘေးအန္တရာယ်ကင်းနိုင်ကြပါစေ. . "

"မရီ၊ ငါတို့က သင်္ဘောပျက်၊ လှေပျက်လို့ သည်ပစ္စည်းကိုရလာတာပဲလို့၊ အကျိုးအကြောင်းဆက်စပ်ပြီးတော့ တစ်မျိုးပြီး. . တစ်မျိုးတွေးနေကြတာ၊ ငါတို့မသိတဲ့ အကြောင်းတစ်ခုခုကြောင့်. . ငါးကြီးရဲ့ ဗိုက်ထဲကို ရောက်နေတာလည်း ဖြစ်နိုင်တာပဲ. . "

"အင်း. . ဒါလည်း ဟုတ်တာပဲ၊ တစ်ယောက်ယောက်က. . ငါးကြီးရဲ့ ဗိုက်ထဲကို ရောက်အောင် ထည့်လိုက်တာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တန်ကောင်းပါဘူးနော်. . ”

နှစ်ယောက်စလုံးမှာ ဝမ်းသာနေလျက်ရှိနေကြသည်။ ဝင်းဝင်းလက်လက်ရွှေဒင်္ဂါးပြားများက အားလုံးအပြားတစ်ရာတိတိရှိနေလေသည်။ သူတို့တစ်သက်မှာ ဤမျှလောက်များပြားသော ရွှေဒင်္ဂါးပြားများကို မကိုင်တွယ်မိဖူးခဲ့ကြပေ။ တစ်ပြားတစ်လေကိုပင် မကိုင်တွယ်မိခဲ့ကြ။

“ကိုရင်. . ကျွန်မတို့ အိပ်မက်,မက်နေတာတော့ မဟုတ်ပါဘူးနော်. . ”

“အိပ်မက် မဟုတ်ပါဘူး မရီရယ်၊ တကယ်ပါ၊ အင်း. . တစ်ကယ်လို့များ ပိုင်ရှင်ပေါ်လာရင်လည်း ပြန်ပေးလိုက်ကြတာပေါ့ကွာ၊ သူခင်ဗျာ. . သည်ဟာတွေကြောင့် နှမြောနေမိမှာပဲ၊ သူတစ်ပါးရဲ့ အပူရေစာကို မယူချင်ပါဘူး. . ”

“ဟုတ်တယ်၊ ပြန်ပေးလိုက်ကြတာပေါ့၊ ပိုင်ရှင်ကတော်တော့်ကို ဝမ်းသာသွားမှာပဲ. . ကျေးဇူးတင်ပြီး နည်းနည်းပါးပါးတော့ ပြန်ပြီး ချီးမြှင့်မှာပေါ့”

“မပေးပဲနဲ့တော့. . . မနေပါဘူးဟာ၊ ဟာကွာ. . ငါတို့က သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို လိုချင်တပ်မက်နေမိကြတာပါလား. . ဒါလည်း မကောင်းဘူး”

“ဘာလို့မကောင်းရမှာလည်း ကိုဒွေးရဲ့၊ ဒါမတရားပြောတာမှမဟုတ်ပဲ၊ ဒါလောက်ကတော့ စိတ်ကူးယဉ်မိတာပေါ့၊ ကျွန်မသွားသိမ်းထားလိုက်မယ်နော်”





“အေး. . အေး. . သေသေချာချာလည်း သိမ်းထားဦး၊ သူခိုးသူဝှက်တွေ သိသွားကြလို့. . အကုန်လာမ,သွားဦးမယ်”

မရီသည် ရွှေဒင်္ဂါးများကို တုန်ယင်သော လက်နှင့် ယူဆောင်သွားခဲ့သည်။ အခန်းထဲမှာ သိမ်းဆည်းထားလိုက်လေသည်။

သို့သော်. . ယင်းပစ္စည်းများ၏ ပိုင်ရှင်သည် မည်သည့်အခါမှ ပေါ်မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## မောင်ကိုးဝေ၏ဆန္ဒ

"အမေ. . အမေ"

မရီသည် ခေါ်သံကြောင့်. . နောက်ကို လှည့်ကြည့်မိလိုက်လေသည်။ ကလေးတစ်ယောက်က. . သူမဆီကို ပြေးလာသည်။

"ဟင်. . သား"

သျှောင်ပေစူးနှင့် ကလေးငယ်လေးတစ်ယောက်၊ မရီကပွေ့ချီလိုက်လေသည်။ ထို့နောက်. . ပါးပြင်ကို တရှုံ့ရှုံ့နှင့်နမ်းနေမိလိုက်လေသည်။ ပါးမှာ သနပ်ခါးအဖွေးသားနှင့်ပါးကွက်လေးများပင် တင်ထားလိုက်သေးသည်။ နှာခေါင်းမှာလည်း သနပ်ခါးအစင်းကြောင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက တော်တော့်ကို ချစ်စရာကောင်းတာပဲ၊ သည်သနပ်ခါးတွေကို ဘယ်သူလိမ်းပေးတာလဲ"

"မေမေပဲ. . လိမ်းပေးပြီးတော့"

"ဩော်. . ဟုတ်သားပဲ၊ မေမေ, မေ့နေလို့ပါကွယ်"

"အမေနဲ့ အဖေ့ကို သားပေးလိုက်တဲ့ ရွှေပြားတွေဟာ ပိုင်ရှင်မရှိပါဘူး၊ သားရှာပေးလိုက်တာပါ၊ စိတ်ချလက်ချသာ သုံးစွဲကြပါ"

"ဩော်. . ဟုတ်လား၊ မေမေတို့က မသိပါဘူးကွာ၊ တစ်ခြားသူတစ်ယောက်ယောက်ရဲ့ ပစ္စည်းတွေမှတ်လို့. . သားကလည်း ပစ္စည်းတွေကို ဘယ်ကရလာတာလဲ. ."

"သည်လိုပေါ့. . မေမေရယ်၊ သားလည်း ရှာဖွေထားရတာပေါ့၊ ဩော်. . မေမေ. . သားကို ကြက်ကြော်နဲ့ ထမင်းကျွေးပါ၊ စားချင်တယ်. ."

"သားက, စားချင်လို့လား၊ ကျွေးမှာပေါ့ကွယ်၊ သား. . ဆန္ဒရှိရင် ပြောသာပြော၊ သိလား. . မေမေ စီစဉ်ပေးမှာပေါ့"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

"သားက အပြောအဆို သိပ်ပြီးတော့ လိမ္မာတာပဲ၊ သားနာမည်ဘာယ်လို ခေါ်သလဲ၊ သိလား. ."

"သိတာပေါ့. . မောင်တိုးဝေလေ"

"သည်နာမည်ကို ဘယ်သူက ပေးထားတာလဲကွယ်"

"မေမေနဲ့ ဖေဖေပဲ ပေးထားတာလေ"



"သားက မှတ်မိသားပဲ"

"ကောင်းကောင်း မှတ်မိတာပေါ့. . မေမေရဲ့"

မရီသည် မောင်တိုးဝေလေးကို တရှုံ့ရှုံ့နှင့် နမ်းရှုံ့လိုက်လေသည်။

○ ○ ○

"ကိုရင်. . ကိုရင် ထ. . စမ်းပါဦး"

အနားမှာ အိပ်ပျော်နေသော ကိုဒွေးကို မရီက လက်နှင့်ပုတ်ပြီးတော့ နှိုးလိုက်သည်။ ကိုဒွေး. . လန့်နိုးသွားခဲ့ရလေသည်။

"ဘာဖြစ်လို့လဲ. . မရီ၊ ဘာဖြစ်လို့လဲ. ."

ကိုဒွေးမှာ ပျာပျာသလဲနှင့် လူးလဲပြီးစောာ့ ထလိုက်လေသည်။

"ဩော်. . ဒါလောကီတောင်လည်း အထိတ်တလန့်ဖြစ်စရာမလိုပါဘူး၊ ကျွန်မ. . အခုကလေးတင် အိပ်မက်,မက်တယ်ရှင့်၊ သားကို မက်တာ. . အဲ့ဒါကို ပြောမလို့"

"ဟာကွာ၊ မင်းကလည်း မနက်ကျမှ ပြောလည်းရတာပဲ၊ ငါအိပ်ချင်သေးတယ်ကွာ"

"ဩော်. . ရှင်ကလည်း သားနဲ့ပတ်သက်လာရင် ဘာမှစိတ်မဝင်စားဘူး၊ ဒါဆိုရင်လည်းနေ၊ မပြောတော့ဘူး. ."

မှောင်ထဲမှာ စကားအခြေအတင်ပြောနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ . . ပြော . . ပြော"

"မပြောတော့ဘူး၊ အောင့်သက်သက်နဲ့ နားထောင်ရတာမျိုးကို မလိုချင်ဘူး"

"အောင့်သက်သက်နဲ့ မဟုတ်ပါဘူးကွာ၊ လင်မယားချင်းပဲ ဘယ်အချိန်မဆို ပြောလို့ရတယ် မဟုတ်လား၊ ပြီးတော့ ငါလည်း အလုပ်က ပင်ပန်းထားလို့ပါကွာ၊ လွှတ်ကနဲ ထွက်သွားမိတဲ့ စကားပါ၊ ငွေမယူပါနဲ့ . ."

ကိုဌေးက မီးတိုင်ခွက်ကို ထွန်းညှိရင်း မရီနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်လေသည်။

"ပြောလေ . ."

"သည်လိုရှင့်၊ သားကပြောတယ် . . ရွှေဒင်္ဂါးတွေကို သူက . . ကျွန်မတို့အတွက် ပေးလိုက်တာပါတဲ့၊ ဘယ်သူ့ပစ္စည်းမှ မဟုတ်ပါဘူးတဲ့၊ သူရှာထားတဲ့ပစ္စည်းတွေလို့ ပြောတာပဲ၊ သဘောကတော့ . . စိတ်သန့်သန့်နဲ့ သုံးပါလို့ပြောတာနဲ့ အတူတူပဲ မဟုတ်လား . ."

"ဟုတ်လား သားက အဲ့သည့်အတိုင်းပဲ ပြောသလား"

"ဟုတ်တယ်လေ . . အဲသည့်အတိုင်းပဲ ပြောလို့ပေါ့ ဘာလဲ ရှင်က ကျွန်မပြောတာကို မယုံဘူးလား . . ."

"ယုံ . . ယုံပါတယ်ကွာ ငါကကော ဘာပြောသေးလို့လဲ"

"ရှင့်လေသံက စိတ်မပါသလိုပဲ . . ."

"ဩော် . . ငါက ဘာမဆို ချင့်ချိန်တတ်တဲ့ သူပဲ



မင်းလည်း ငါ့အကြောင်းကို သိသားနဲ့မရီရာ . . ."

"အဟင်းဟင်းဟင်း နဂိုကတည်းက ရှင့်အမူအယာက မတုန်မလှုပ်နဲ့ ဟုတ်သားပဲ . . ."

ကိုဌေးသည် အိုင်ချင်စိတ်ကို မနည်းပင် ထိန်းနေရလေသည်။ မရီ၏ရှေ့မှာ ဟန်မပျက်နေရသည်။

"ဩော် . . သားကကြက်ကြော်နဲ့ ထမင်းစားချင်လို့တဲ့"

"ဟုတ်လား . . ကျွေးလိုက်ပေါ့ကွယ် . . သားသမီးဆိုတာ မိဘကကျွေးမှ စားရတာမဟုတ်လား . . ."

အလိုက်သင့်ပင်ပြန်ပြီးတော့ ပြောလိုက်ရလေသည်။

မရီပြန်ပြီးတော့ အိပ်ပျော်သွားသည်။ ကိုဌေးမှာ မအိပ်နိုင်သေး။ ရုတ်တရက်မျက်စိကြောင်သွားခဲ့ရလေသည်။

"ရွှေဒင်္ဂါးပြားတွေကို ရလိုက်ပြီး မကြာမီမှာပဲ အိပ်မက်ကမက်တယ် မရီဟာ တော်တော့်ကိုအစွဲအလန်းကြီးတာပဲ ဒါကြောင့် အိပ်မက်မက်တာများလား၊ အင်းလေ . . ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ်ငါတို့ရဲ့ ကုသိုလ်ကံတရားကတော့ တက်လာပြီလို့ ဆိုရမှာပဲ . . ."

လက်တွေ့ကျမှ လက်ခံတတ်သော ကိုဌေး၏စိတ်ဆန္ဒသဘောလား_အမှန်ကိုသာ မရီတစ်ယောက်သိခဲ့လျှင် မည်မျှစိတ်ဆိုးလိုက်ပါမည်လည်း မသိနိုင်ပါ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



မရီသည် ကြက်သားကိုအတုံးသေးသေးလေးတုံးကာ ကြော်ထားသော ကြက်ကြော်ကို ပန်းကန်နှင့်ထမင်းဖြူတစ်ပွဲကို ယူကာ အခန်းထဲကိုဝင်လာခဲ့သည်။ ထို့နောက်ဘီဒိုထဲရှိ တစ်ယောက်တည်းသာ မှန်သေတ္တာလေးကို ထုတ်ယူလိုက်သည်။ အထဲတွင် ရှည်မျောမျောသေတ္တာလေးတစ်လုံးကရှိနေသည်။ သေတ္တာလေးက အဖုံးမပါ။ ထို့ကြောင့်အထဲမှာ လဲလျောင်းနေသောအရာလေးကို ပကတိအတိုင်း မြင်တွေ့ရလေသည်။

ရှပ်အင်္ကျီလေးတစ်ထည်နှင့် ဘောင်းဘီတိုလေး တစ်ထည်ကို ကိုယ်ပေါ်မှာတင်ထားသည်။ မရီသည်ထိုအရာလေးကို ကြည့်ရင်း ရင်ထဲမှာ တလှပ်လှပ်နှင့်ခံစားလာခဲ့ရလေသည်။ တစ်ဖန်သနားစိတ်များ ဝင်လာခဲ့ရပြန်သည်။ မျက်ရည်ကြည်တွေကလည်း သီသီပင်ဝေ့လာခဲ့ရသည်။

"သား. . သားလေး ဟောသည်မှာ သားစားချင်တဲ့ ကြက်ကြော်နဲ့ ထမင်းဖြူဆီဆမ်းလေး အမေ့လက်နဲ့ နယ်ထားတယ်။ စားလိုက်ဦးနော်သား. . ."

မှန်သေတ္တာအဖုံးပေါ်မှာ ဝင်ထားပေးလိုက်သည်။ မှန်သေတ္တာအဖုံးကို ပိတ်ထားခြင်းမှာ ကြွက်၊ အိမ်မြှောင်အစရှိသည့် ပရောဂကောင်များ၏ရန်ကို ကာကွယ်ထားခြင်းပင်။

မရီသည် နှုတ်ကတတွတ်တွတ်နှင့် ပြောပြီး အခန်းထဲက ပြန်ထွက်လာခဲ့သည်။ အိမ်ရှေ့ခန်းမှာ ထိုင်နေသော ကိုဌေးကတော့ မရီ၏လုပ်ပုံကိုင်ပုံကို မသိမသာပင် အကဲခတ်လျက် ရှိနေလေသည်။ ထို့နောက်. . . သူမ၏ အပြုအမူများကို မမြင်သလိုပင် နေနေလိုက်သည်။

တစ်ရက်အကြာတွင်. . .

"ကိုရင်. . ကိုရင်. . ကျွန်မလေ နေ့ခင်းဘက်မှာ အိပ်ပျော်သွားတာ၊ သားကို အိပ်မက်မက်တယ်. ."

"အင်း. . ဆိုစမ်းပါဦး၊ ဘယ်လိုမက်တာလဲ. ."

"ကျွန်မကြွေးတဲ့ ကြက်ကြော်နဲ့ ထမင်းစားရတာ ကောင်းလိုက်တာတဲ့၊ သူ့ခမျာ ဝမ်းသာနေလိုက်တာရှင်. ."

"ဟုတ်လား. . ကျွေးရကျိုးနပ်သွားတာပေါ့ကွယ်၊ ဒါနဲ့ သားက မင်းကိုပဲ အိပ်မက်ပေးတယ်၊ ငါ့ကျတော့. . ဘာဖြစ်လို့ အိပ်မက်မပေးတာလည်းမရီ. . ."

"အို. . . ဒါကတော့. . သံယောဇဉ်မရှိတဲ့သူက မအေးကို၊ ရှင်က. . ခုထက်ထိ အယုံအကြည်မှမရှိတာ၊ ရှင့်ကို အိပ်မက်ပေးစရာ အကြောင်းမရှိဘူးလေ. ."

ကိုဌေးသည် မရီ၏စကားကြောင့်. . ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



မရိုသည် မိမိတို့မှာ သားတစ်ယောက်ရှိနေသည်ဟု ... ယုံကြည်လျက်ရှိနေလေသည်။ ကိုဒွေးကတော့ ဇနီး... ပြစ်သူသည် နေမြင့်လေ အရူးရင့်လေများဖြစ်နေပြီလားဟု မည်သည့်ကံတရားကြောင့်လည်းမသိ၊ သားသမီးရခွင့်လည်း ထပ်ပြီး မကြုံခဲ့ပေ။ တစ်ညတွင်. .

မရိတစ်ယောက် နှစ်ခြိုက်စွာပင်. . အိပ်ပျော်နေစဉ် မောင်တိုးဝေလေးက သူမဆီကို မောကြီးပန်းကြီးနှင့် ပြေးလာခဲ့ပြီး. .

"အမေ. . အမေ. . သားကို ကြက်ပေါင်စေးဘော်လုံး တစ်လုံး ဝယ်ပေးပါ၊ သားဆော့ချင်လို့. . ."

"ဘောလုံး. . ဟုတ်လား၊ အမေ ဝယ်ပေးမှာပေါ့ သား ရယ်၊ ဘာမှ မပူနဲ့၊ စိတ်သာချနေ. . ."

"ဒါမှ. . ငါ့အမေကွ. ."

မောင်တိုးဝေလေးက မရိ၏ပါးပြင်ကို တရှုံ့ရှုံ့နှင့် နမ်းလိုက်လေသည်။

"အဟင်း. . ဟင်း. . ဟင်း"

မရိသည် ဝမ်းသာကြည်နူးသွားခဲ့ရလေသည်။





"မရိ. . မရိ. . ."

"ဟင်. ."

အနားမှာ အိပ်နေသော ကိုဒွေးက နှိုးလိုက်သော ကြောင့် လန့်နိုးသွားခဲ့ရလေသည်။

"မင်း. . ယောင်ပြီးတော့ ရယ်နေသလားလို့၊ ဒါမှ မဟုတ် ဘီလူးစီးနေသလားလို့၊ တဟင်းဟင်းနဲ့. . ဒါကြောင့်မို့ ငါ. . နှိုးလိုက်ရတာ. ."

"အို. . ရှင်ကလည်း ကျွန်မဘာမှမဖြစ်ဘူးရှင့်၊ အိပ်မက် ထဲမှာ သားနဲ့တွေ့နေတာ၊ သူက ဘောလုံးဝယ်ခိုင်းလို့. . ကျွန်မ က. . ဝယ်ပေးမယ်လို့ ပြောလိုက်တော့ ဝမ်းသာသွားရှာတယ် လေ. . ကျွန်မကို တရှုံ့ရှုံ့နဲ့ နမ်းနေလိုက်တာ၊ အဲ့ဒါကို သဘော ကျသွားတာရှင့်. ."

"ဩော်. . သားက သူကစားဖို့ ဘောလုံးပူဆာတာ လား၊ အေးလေ. . ဝယ်ပေးရမှာပေါ့ကွာ. ."

ကိုဒွေးသည် စကားနာအမြဲထိုးနေသော ဇနီးမရိကြောင့် ဘောလုံးတစ်လုံးကို သူကိုယ်တိုင်သွားဝယ်ပေးလာခဲ့လေသည်။

"ဟောသည်မှာဟေ့. . ကြက်ပေါင်စေးဘောလုံး"

မရိသည် အမှတ်ရရနှင့် ဝယ်လာခဲ့သော ကိုဒွေးကို ကျေနပ်သွားခဲ့ရလေသည်။

"ကျွန်မက ခုပဲသွားဝယ်တော့မလို့၊ ရှင်က. . ဝယ် လာခဲ့တာကိုး. ."



www.burmeseclassic.com

www.burmeseclassic.com



ယင်သည့်အတိုင်းပင်၊ မရီမှာ ကျေနပ်သွားခဲ့ရလေသည်။ မရီသည် ဘောလုံးကလေးကို အခန်းထဲသို့ ယူသွားသည်။

"သားရေ. . ဟောသည်မှာ သားကစားချင်တယ်ဆိုတဲ့ ဘောလုံး၊ သားအဖေဝယ်လာခဲ့တယ်. . "

ဟုပြောပြီး ဝင်သွားခဲ့သော မရီ၏အသံကြောင့် ကိုဌေးမှာ မသိမသာပြုံးမိလိုက်လေသည်။

○ ○ ○

ကိုဌေးအိပ်ပျော်နေစဉ်. .

အသံများကို နားထဲမှာ ကြားနေရသလိုပင်။၏

"ဘုတ်. . ဘုတ်. . ဘုတ်. . ဘုတ်"

"ဘာသံလဲ၊ ဘယ်က ထွက်လာတဲ့အသံလဲ. . "

လမ်းပေါ်ကလား၊ အိမ်ထဲကလား၊ မသဲကွဲ၍ သေသေချာချာပင်. . နားစွင့်နေမိလိုက်လေသည်။

"ဘုတ်. . ဘုတ်. . ဘုတ်. . ဘုတ်"

တဘုတ်ဘုတ်နှင့်အသံများက ခပ်သဲ့သဲ့ပင် ထွက်ပေါ်လာနေဆဲ၊ အသက်ကိုလည်း အောင့်ထားမိလိုက်သည်။

"ဟင်. . ဒါ. . အခန်းထဲက ထွက်လာတဲ့အသံပဲ"

**ကိုဌေးသည်** အခန်းထဲက ထွက်လာသောအသံဟု





ထင်မိလိုက်လေသည်။ ဘောလုံးကိုလက်နှင့် ပုတ်၍ ကြမ်းပြင်နှင့်ထိတွေ့နေသောအသံ၊ မရီကိုလှမ်း၍ ကြည့်လိုက်တော့လည်း မိမိနှင့်သုံးပေအကွာလောက်မှာ အိပ်ပျော်နေသည်။ တရှူးရှူးနှင့်ပင် အိပ်မောကျနေလိုက်သေးသည်။

ထိုစဉ်. .

မရီ၏နှုတ်မှ အမှတ်မထင်ထွက်ပေါ်လာသည့် အသံသည်ကား။

"ဟင်း. . ဟင်း ဖြည်းဖြည်းကစားလေ သားရဲ့၊ လျှောက်ပြေးမနေနဲ့လေ၊ လဲကျသွားလိမ့်မယ်. . "

"သားက တစ်ယောက်တည်း ကစားနေရတာကိုး၊ အဖော်လေးဘာလေးရှာပေါ့. . သားရဲ့"

ထို့နောက်. .

မရီထံမှ မည်သည့်စကားသံမှ ထွက်ပေါ်မလာတော့ပေ။ အခန်းထဲက ဘောလုံးပုတ်သံသည်လည်း ထွက်ပေါ်မလာတော့ပေ။

မရီကတော့ မနိုး၊ ကိုဌေးလည်း ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသော်. .

ကိုဌေးသည် မရီကို ညက မိမိကြားသိခဲ့ရသည့် အကြောင်းများကို မမေးတော့ပေ၊ မိမိကိုယ်တိုင်လည်း မရေရာ၊ မသေချာတော့ပေ၊ စိတ်အထင်လား၊ တကယ်လား. . ဟုပင် မခွဲခြားတတ်တော့၊ သည်အတိုင်းပင် နေလိုက်တော့သည်။

မိမိတို့၏ လက်ဝယ်မှာရှိထားသော ရွှေဒင်္ဂါးများ အပေါ်မှာ လောဘစိတ်မရှိသည်က အမှန်ပင်၊ ကိုယ့်ချွေးနည်း စာမဟုတ်သောကြောင့်ပင်၊ သို့သော်. . ပစ္စည်းရှင်ကလည်း ပေါ်မလာ၊ ပေါ်လာနိုင်စရာအကြောင်းမရှိ၍ မိမိတို့အတွက် တမင်ဖြည့်ဆည်းပေးခဲ့သည်ဟူသော မရီ၏စကားကို ယုံကြည် ရတော့မလိုဖြစ်လာခဲ့ရလေသည်။

မရီသည်လည်း လောဘသက္ကာရကင်းမဲ့သည်ဟု မဆိုသာသော်လည်း မိမိအိမ်အတွက် လိုအပ်တာလေးတွေကို တော့. . နည်းနည်းချင်း ဖဲ့၍. . ရောင်း၍ သုံးစွဲရန် အကြံဖြစ် ပေါ်လာသည်။

ထို့ကြောင့်. .

ကိုဌေးသည် ရွှေဒင်္ဂါးတစ်ပြား၊ နှစ်ပြားကို ယူကာ မြို့ကိုတက်ပြီး ရောင်းချခဲ့လေသည်။

○ ○ ○



## အခန်း (၈)

## မုန်တိုင်းထဲပါသွားသော

ကိုဌေးနှင့် မရီတို့သည်. .

မိမိတို့၏ ယိုင်နဲ့နေသော အိမ်ကလေးကို ပြန်ပြင်ပြီး တော့ဆောက်ရန် ကြိုးပမ်းနေလျက်ရှိသည်။ သစ်များ၊ သွပ်များ ကိုလည်း အဆင်သင့်ဝယ်ပြီးလျက်ရှိနေလေပြီ။

အိမ်အမိုးက စပြီးတော့ ဖျက်သည်။ ထရံများကိုလည်း ခွာချထားပြီးခဲ့လေပြီ။

မရီသည် ဒလဟာဖြစ်သွားသော အိမ်ကြောင့် အရင်ဦး ဆုံးစိုးရိမ်မိသည်က. . မောင်တိုးဝေကိုပင်။

"အမေတို့ရောက်လာရင်. . မတော်တဆတွေ့သွား မှာကို စိုးရိမ်ရတယ်၊ စပ်စုတတ်ကြတဲ့ လူတွေကလည်း မြင်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ သေသေချာချာဝှက်ထားမှ. . "

"မင်းကွာ၊ ဟောသည်ဘီရိုထဲမှာ. . ထည့်ထားတာပဲ မဟုတ်လား၊ အပြင်ကနေသော့ခတ်ထားလိုက်ရင် ပြီးတာပါပဲ၊ ဒါဆိုရင် ဘယ်သူမှလည်း မမြင်နိုင်တော့ဘူးပေါ့. . "

ကိုဒွေးက အကြံဉာဏ်ပေးသည်။

"ဩော်. . ဟုတ်သားပဲ၊ သည်အထဲကိုတော့ စပ်စပ်စုစု ဖွင့်ခိုင်းကြမှာ မဟုတ်ပါဘူး. . "

ဤသို့ဖြင့်. .

ညပိုင်းကို ရောက်လာခဲ့လေသည်။ အမိုးအကာမဲ့သော အိမ်ပေါ်မှာ ဤအတိုင်းပင်. . အိပ်ကြရလေသည်။

မနက်ကျမှ အိမ်တစ်အိမ်လုံးကို ဖြိုဖျက်ပစ်ရမည်ဖြစ်သည်။ ခြေတံရှည်နှစ်ထပ်ဆောက်ဖို့ ရည်ရွယ်ထားလေသည်။

နှစ်ယောက်စလုံး အိပ်ပျော်သွားခဲ့ကြသည်။ တဖြည်းဖြည်းနှင့် နှစ်ခြိုက်စွာပင် အိပ်မောကျသွားခဲ့ကြလေသည်။

"ဝီ. . ဝီ. ဝီ. . ဝီ. . "

ထူးခြားသော အသံကြီးတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေသည်။ ဒေါင်းဖိုရွာတစ်ရွာလုံး သိမ့်သိမ့် တုန်သွားခဲ့ရသည်။ ဖျတ်ဖျတ်ခါလူးသွားခဲ့ရလေသည်။

"ဖရော. . ဖရော. . ဖရော"

သစ်ကိုင်းတွေ၊ သစ်ရွက်တွေက လေထဲမှာလွင့်ပြီး တော့. . ပါလာခဲ့ကြသည်။ တစ်ရွာလုံးလည်း ပွက်ပွက်ညံအောင်





ဖြစ်သွားခဲ့ရလေသည်။

"လေတိုက်တယ်ဟေ့. . လေနီကြမ်းကျပဟ. . "

တစ်ယောက်တစ်ပေါက်နှင့် အော်ဟစ်ပြောဆိုနေကြပြီး လူတွေအားလုံး ပြေးသွားနေကြကုန်သည်။

ကိုဒွေးနှင့် မရီတို့သည်လည်း အသံဗလံမျိုးစုံတို့ကြောင့် လန့်နိုးလာခဲ့ကြလေသည်။

"ကိုဒွေး. . ဘာသံတွေလဲ"

"အေး. . ငါလည်း အဲ့ဒါကိုပဲ နားစွင့်နေတာ"

ထိုစဉ်. .

"ဝုန်း"

လေလုံးတစ်လုံးက ဝင့်ပြီးတော့ ဆောင့်လိုက်သည်။ အိမ်ကအမိုးအကာမရှိတော့သောကြောင့် နှစ်ယောက်စလုံး အိမ်ပေါ်က ကျသွားခဲ့ကြလေသည်။

"အား"

"အင့်"

အောက်ခံမြေပြင်ပေါ်ကို ဘုတ်ကနဲ၊ ဘုတ်ကနဲဆို တစ်ယောက်ပြီးတစ်ယောက် ပစ်ကျသွားခဲ့ကြလေရကား၊ လေတိုက်သောအရှိန်ကြောင့် တစ်ပတ်ပြီးတစ်ပတ်လိမ့်ကာ လွင့်ပါသွားခဲ့ကြလေသည်။ ခြံစည်းရိုးကခံနေ၍ ခြံပြင်တို့ ရောက်မသွားခဲ့ကြခြင်းသာ။

"ဟာ. . လေနီကြမ်းတိုက်တယ်ဟေ့၊ လေနီကြမ်း. .



www.burmeseclassic.com

www.burmeseclassic.com



မရီ. . မရီ မင်းဘာဖြစ်သွားသေးသလဲ”

အမှောင်ထဲမှာ ဖုံကလည်း တသောသောနှင့် ထောင်းလမောင်းထ,နေလေတော့ရာ. . အနားမှာပင်. . ဖုံတလုံးလုံးနှင့် ရှိနေလေတော့သည်။ ညကလည်း ညမို့. . တစ်ယောက်ကို တစ်ယောက်ရုတ်တရက် မမြင်နိုင်ကြ။

“ကျွန်မ. . ဘာမှမဖြစ်ဘူး. . ကိုဒွေး၊ ရှင်ကော. . ”

“ငါလည်း ဘာမှမဖြစ်ဘူး. . မင်း ဘယ်မှာလဲ”

“ကျွန်မ. . မန်ကျည်းပင်ကြီးအောက်မှာ”

“အပင်အောက်မှာ မနေနဲ့လေ၊ သည်ဘက်ကို လာခဲ့”

မရီသည် အသံလာရာဆီကို မှန်းပြီးတော့ ကိုယ်ကို လှိမ့်လာခဲ့ရလေသည်။ ကိုဒွေး၏ အနားကိုရောက်လာခဲ့သည်။ မတ်တပ်ထရပ်၍ မဖြစ်ကြပေ။ လေနောက်ကို ပါသွားနိုင်သည်။ မိမိ၏အိမ်ကို အမိုးအကာများဖျက်ထား၍ တော်ပေသေးသည်။

အချို့အိမ်များကား လေနီကြမ်းဒဏ်ကြောင့် မြေပြင်အောက်မှာ ပြားပြားဝပ်သွားခဲ့ကြရလေပြီ။ အမိုးအကာများသည်လည်း လေထဲကို လွင့်ပါသွားခဲ့ကြသည်။ ခိုင်မာစွာ ဆောက်ထားသော အိမ်ကြီးများပင်လျှင် အမိုးများကျွတ်ထွက်ကာ လွင့်ပါသွားခဲ့ကြသည်။

တစ်ရွာလုံးလည်း အော်သံ၊ ဟစ်သံ. . ဆူညံသံများ၊ တဝီးဝီး၊ တဝူးဝူးနှင့် အသံမျိုးစုံပေးကာ, အော်မြည်တိုက်ခတ်နေကြသော လေသံများကြောင့်. . ကမ္ဘာငယ်လေးပျက်စီးနေ





သလိုဖြစ်နေကြလေသည်။

ထိုစဉ်. .

“ဝီး. . ဝီး. . ဝီး. . ဝီး”

အသံတစ်ခုက ထပ်တိုးပြီးတော့ ကြားလာခဲ့ရပြန်လေသည်။ ကိုဒွေးသည် ကိုအသံကို နားစွင့်ပြီး မှန်းဆနေမိရာက တစ်စုံတစ်ရာကို သတိရသွားမိသလို ရှိသွားခိုက်မှာ. .

“မရီ. . လာ. . လာ မြန်မြန်”

ကိုဒွေးသည် မရီကို လက်ဆွဲကာ အိမ်နောက်ဖက်ကို ထွက်ပြေးကြသည်။ ကွင်းစပ်အထိ ပြေးကြလေသည်။ လေဆင်နှာမောင်းကြီးတစ်ခုသည် ရွာလယ်မှဖြတ်ကာ တဝီးဝီးနှင့် အော်မြည်ပြီးတော့ တိုက်ခတ်လာလေသည်။ ဝဲကန်တော့ကြီးသည် ထိပ်ဝတွင်ကျယ်ကာ အောက်ကို တဖြည်းဖြည်းနှင့် ရှုံ့သွားခဲ့လေသည်။ တဝီးဝီးနှင့် မွှတ်နေအောင် လည်ရင်း ရွေ့လျားလာခဲ့လေရာ. . လမ်းမှာထိတွေ့သမျှ သစ်ပင်၊ အိမ်များအပေါ်မှ ဖြတ်သန်းသွားခဲ့လေသည်။

အိမ်အချို့သည် ထုထောင်းချေမွဖျက်ဆီးခံလိုက်ရသလို ဖြစ်သွားခဲ့ရသည်။ လေဆင်နှာမောင်းကြီးထဲကို လုစ်ကနဲ. . စွေ့ကနဲဆိုပါသွားခဲ့ကြလေသည်။ ကိုဒွေးနှင့် မရီတို့၏ အမိုးအကာမဲ့သော အိမ်သည်လည်း တစ်ခြမ်းပါသွားခဲ့လေသည်။ လေနီကြမ်းဒဏ်၊ လေဆင်နှာမောင်းဒဏ်ကို တပြိုင်တည်းလိုပင် ခံစားလိုက်ကြရလေသည်။ ဒုက္ခက မသေးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လေဒဏ်က ပြီးဆုံးသွားခဲ့သော်လည်း မကြာမီမှာပင် မိုးက တဝေါဝေါနှင့် ရွာချလာပါလေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ. . ဝေါ"

မိုးနှင့်အတူ လေပါ,ပါလာခဲ့ပြန်လေသည်။ ဒေါင်းဖို့ရွာသူရွာသားများသည် လေနီကြမ်းဒဏ်၊ လေဆင်နှာမောင်းဒဏ်များကို သာမက. . နောက်ထပ်လေဒဏ်မိုးဒဏ်များကိုပါ ထပ်ဆင့်ပြီးတော့ ခံစားလိုက်ကြရသည်။ တစ်ညလုံးပင် ဒုက္ခခံနေကြရလေသည်။

[နောက်မှသိရသည်မှာ. . ဒေါင်းဖို့ရွာတစ်ရွာတည်းသာမဟုတ်၊ ရွာစဉ်ဆက်အခြားသုံးလေးရွာလောက်သည်လည်း ပြင်းထန်စွာပင် ခံစားခဲ့ကြရလေသည်။]

မနက်မိုးလင်းလုကာမှ မိုးရော၊ လေပါငြိမ်သက်သွားခဲ့လေသည်။ ရွာထဲမှာ လူကြီးသူမများနှင့် အခြားသောရွာသားများက အကူအညီပေးရန် လိုက်လံစစ်ဆေးကြည့်ကြရသည်။ အပျက်အစီးက တော်တော်လေးကို များပြားခဲ့သည်။ အချို့အိမ်ငယ်လေးများသည် တစ်အိမ်လုံးပင် ပျောက်ကွယ်ကာ လေဆင်နှာမောင်းနောက်ကို ပါသွားခဲ့ကြရလေသည်။

[အခြားသောရွာများမှာလည်း လူအချို့ပျောက်ဆုံးကြသလို၊ သစ်ကိုင်းပိ၊ သစ်ပင်ပိ၍ သေဆုံးကြသူ၊ ဒဏ်ရာရသူများပင် ရှိကြသည်။]

[လေဆင်နှာမောင်းက သယ်ယူသွား၍ မြစ်ထဲ၊ချောင်း





ထဲသို့ ကျကာ ရေနစ်၍ သေဆုံးသွားကြသူများလည်း ရှိကြသည်။ နောက်ပိုင်းတွင် သိကြရသည်မှာ ပင်လယ်ထဲအထိမျောပါသွားခဲ့ကြပြီး ကယ်သူလှေ၊ သမ္ဗာန်ကြီးများနှင့်တွေ့၍ မသေမပျောက်ပြန်ရောက်လာကြသူများလည်း ရှိကြလေသည်]

○ ○ ○

ဒုက္ခရောက်ခဲ့ကြသူများ၊ အိမ်ဆုံးရှုံးကာ နေစရာမရှိကြသူများကို ဝိုင်းဝန်းပြီးတော့ ကူညီကြသည်။ အထောက်အပံ့များပေးကြလေသည်။ ဤသို့သော အခြေအနေမျိုးကို အရင်တမကြုံဖူးခဲ့ကြ။ ယခုတစ်ကြိမ်တည်းနှင့် ပြင်းပြင်းထန်ထန်တိုကြုံဆုံလိုက်ရခြင်းပင်ဖြစ်ကြသည်။

ကိုဌေးနှင့် မရီတို့သည် မနက်လင်းလင်းချင်း မိမိတို့၏ အိမ်ဘက်ဆီကို ပြန်ပြေးလာခဲ့ကြသည်။ အိမ်တိုင်အချို့မှာ မရှိကြတော့၊ အဝတ်အစားသေတ္တာတစ်လုံး၊ ပန်းကန်ခွက်ယောက်များနှင့်အခြားသော ပစ္စည်းအသုံးအဆောက်များကအစ မရှိကြတော့။

အထူးသဖြင့်. .

မိမိတို့အမွေရရှိခဲ့သည့် တစ်လုံးတည်းသော အိုးရှိဟောင်းကြီးပင်၊ တစ်ဝက်သာကျန်ရှိတော့သည်။ ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို လဲကျလျက်ရှိနေကာ. . တံခါးရွက်များသည်လည်း မရှိကြတော့။ ကျောဘက်ကာ ပျဉ်များသည်လည်း မရှိကြတော့။

မရီသည် တစ်စုံတစ်ရာကို ရုတ်တရက် အမှတ်ရသွားပြီး. .

"ဟင်. . ကိုဋ္ဌေး. . ကိုဋ္ဌေးရေ၊ လုပ်. . လုပ်ပါဦး. . . မ. . မရှိတော့ဘူး"

ဟု အလန့်တကြားနှင့် အော်မိလိုက်လေတော့သည်။

"ဘာ. . . ဘာလဲ၊ ဘာမှမရှိတော့တာလဲ မရီ"

ကိုဋ္ဌေးသည် ပစ္စည်းတစ်ခုခုပျောက်သွားသည်ဟု ထင်ကာ ပြန်ပြီးတော့ မေးလိုက်မိလေသည်။

"သား. . သားလေးမရှိတော့ဘူး၊ ကိုဋ္ဌေးရဲ့. . ဟီး"

မရီသည် ရှုံ့ရှုံ့ချပြီးတော့ ငိုမိလိုက်လေသည်။ ထိုအခါကျမှ ကိုဋ္ဌေးသည် မရီ ရည်ညွှန်းသည့်သူကို သတိရသွားခဲ့လေသည်။ မှန်သေတ္တာလေးလည်းမရှိတော့ အထဲက သေတ္တာလေးလည်းမရှိတော့ပေ။

"ဟင်. . ."

ကိုဋ္ဌေးမှာလည်း ရင်ထဲတွင် ထိတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။ သည်တစ်ခါတော့ တော်တော်လေးကို ခံစားသွားခဲ့ရသည်။ ဤသို့သော ခံစားမှုမျိုးတစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးပေ။ နှစ်ဦးစလုံး ပူလောင်သော ဝေဒနာကို ခံစားသွားခဲ့ကြရသည်။



"ဒလဆင်နှာမောင်းနောက်ကို ပါသွားတာပဲဖြစ်ရမယ် သွားပြီ. . . သွားပြီ၊ ငါဘယ်လိုလိုက်ရှာရပါမလဲ. . ."

"ကိုဋ္ဌေး၊ ကိုဋ္ဌေး. . လုပ်ပါဦး၊ သားလေးတော့ ဒုက္ခရောက်ပြီနဲ့တူတယ်၊ အဟင်း. . ဟင်း"

မရီက သောကဖြ[illegible] ငိုကြွေးသည်။ ကိုဋ္ဌေးသည်လည်း ပျာယာခတ်လျက်ရှိနေခဲ့လေပြီ။

○ ○ ○

မရီသည်လည်း တစ်နေ့လုံးမဖြေသာခဲ့ပေ၊ ရင်ထဲမှာ တနုံ့နုံ့နှင့်ခံစားနေရသည်။ ကွယ်ရာတွင်လည်း တရှုံ့ရှုံ့နှင့် ငိုကြွေးနေမိသည်။ လူတွေကတော့ မုန်တိုင်းဒဏ်ကို ခံလိုက်ရ၍ ကြောက်လန့်စိတ်မပြေသေးသောကြောင့်ဟု ထင်ကြပေလိမ့်မည်။

ကိုဋ္ဌေး၏မိဘများဖြစ်ကြသော ဒေါ်ပုနှင့် ဦးကြာမောင်တို့ကတော့ ကံကောင်းထောက်မစွာနှင့်ပင် လေနီကြမ်းဒဏ်ကို ကိုရောက်စွာပင် မခံစားလိုက်ကြရ။ သူတို့လည်း စိတ်ပူပြီး သားနှင့်ချွေးမဆီကို အပြေးရောက်လာခဲ့ကြလေသည်။

"တော်သေးတာပေါ့၊ နင်တို့ရဲ့ အိမ်ကဖျက်ဆီးသို့ ဒါတောင်မနည်းနည်းပါသွားသေးတယ်၊ ဟဲ့. . သမီး. . မရီ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ၊ မျက်နှာလည်း မကောင်းပါလား၊ ကေန္တ. . ငါ့သမီးလည်း အကြောက်မပြေသေးဘူးနဲ့တူတယ်. . ”

ဒေါ်ပုက မရီကို အကဲခတ်ပြီးတော့ မေးလိုက်သည်။ မရီကတော့ ကိုယ့်သောကကို မြိုသိပ်ကာ မပွင့်တပွင့်နှင့် ပြုံးပြလိုက်လေသည်။

○ ○ ○



## အခန်း (၉)

## မောင်တိုးဝေကို ရှာကြရပြီ

“ဝေါ. . ဝေါ. . ဝေါ. . ဝေါ”

လေနီကြမ်းက တရကြမ်းပင် တိုက်စစ်ဆင်ကာ တိုက်ခတ်နေလျက်ရှိနေလေသည်။ မိုးကလည်း လေနှင့်အတူ ပါလာခဲ့သည်။ လေသံမိုးသံတဝေါဝေါကြားမှာ ရွာသူရွာသား များ၏ အော်သံဟစ်သံတွေကလည်း ထွက်ပေါ်လျက်ရှိနေကြ သည်။

“ဝီး. . ဝီး. . ဝီး. . ဝီး”

ထိုစဉ်. .

ထူးဆန်းသော အသံကြီးတစ်သံက ထွက်ပေါ်လာခဲ့ လေသည်။ ရွာလယ်ကိုဖြတ်၍ တိုက်ခတ်လာသော လေဆင်



www.burmeseclassic.com

www.burmeseclassic.com



နှာမောင်းကြီးတစ်ခု၊ ဝဲကန်တော့သဏ္ဌာန်ဆင်နှာမောင်းကြီးက တဝီးဝီးနှင့် မွှတ်နေအောင် လည်ပတ်ကာ ရွေ့လျားလာပြီး ရှိသမျှ နီးစပ်ရာအိမ်များကို ဝှေ့ယမ်းဆွဲယူစုတ်မြှုသွားခဲ့လေသည်။

လေဆင်နှာမောင်းကြီး၏ အောက်ခြေအဖျားဘေးက ကိုဋ္ဌေးနှင့် မရီတို့၏ အိမ်တစ်ခြမ်းကို ပွတ်တိုက်ကာ ဆွဲယူသွားခဲ့လေသည်။ အိမ်ပေါ်မှ ဘီရိုဟောင်းကြီးသည် ကြမ်းပြင်ပေါ်ကို လဲကျသွားသည်။ တံခါးရွက်များသည်လည်း ပွင့်ထွက်သွားခဲ့ကြလေသည်။

ကောင်းကင်ထက်မှာ လည်ပတ်ရွေ့လျားသွားနေသော လေဆင်နှာမောင်းကြီးသည် မကြာမီမှာပင် တဖြည်းဖြည်းနှင့် အားပျော့လာခဲ့သည်။ သူစုပ်ယူထားသော အရာဝတ္ထုပစ္စည်းများကို ပြန်ပြီးတော့ အံချလိုက်လေသည်။ အချို့သည် ကုန်းပေါ်ကိုကျသွားခဲ့သည်။ အချို့ကတော့ ရေထဲကို ကျသွားခဲ့ကြလေသည်။ ထိုအထဲတွင် အရုပ်ကလေးတစ်ရုပ်သည်လည်း ရေစီးအတိုင်းမျောပါသွားခဲ့သည်။ လူရုပ်လေးတစ်ရုပ်ပင်ဖြစ်လေသည်။

သို့သော်. .

ထိုအရုပ်လေးသည် တဖြည်းဖြည်းနှင့် ပြောင်းလဲသွားသည်။ ကလေးငယ်တစ်ယောက်အသွင်ဖြစ်သွားခဲ့လေသည်။ ရေစီးအတိုင်း မျောပါသွားသော အရာဝတ္ထုများနှင့် ရောနှောပြီးတော့ ပါသွားခဲ့လေသည်။ ထိုကလေးသည် ကမ်းစပ်တစ်ခုကို





ကံအားလျော်စွာပင် ရောက်သွားသည်။ ကမ်းစပ်မှာ သစ်ပင်ကြီးတစ်ပင်ကရှိနေသည်။ အချို့အမြစ်များက ရေထဲကိုထိုးပြီးတော့ ကျနေကြလေသည်။

ကလေးသည်ထိုအမြစ်များထဲမှ တစ်ခုကိုအားပါးတရပင် ဖက်တွယ်ထားမိလေသည်။ ရေစီးထဲသို့တစ်ဖန်မျောပြီးတော့ ပါမသွားစေရန်လက်တစ်ဖက်ဖြင့်ဖက်တွယ်ထားသည်။တံတောင်ဆစ်ကွေးဖြင့် ချိတ်ထားမိလိုက်လေသည်။ " အမေ ၊ အမေရေ၊ ကျွန်တော်ကိုလာကယ်ပါဦး၊ ကျွန်တော် ရေထဲကို ပြန်ပြီးတော့ မျောပါသွားလိမ့်မယ်ဗျာ၊ မြန်မြန်လာကယ်ပါ အမေ . . . "

ကလေးငယ်သည် မိခင်ကိုတမ်းတကာ တကြော်ကြော်နှင့် အော်နေမိလေတော့သည်။

မရီးသည်အိပ်ပျော်နေရာက ဖျတ်ကနဲဆိုလန့်တော့နိုးလာခဲ့လေသည်။

"ဟင်. . . သား. . သား. . မောင်တိုးဝေ၊ မောင်တိုးဝေ"

နေရာက ဝေါက်ကနဲ ထပြီးတော့ ထိုင်လိုက်သည်။ ထို့နောက်. . ပတ်ဝန်းကျင်ကိုလည်း နဝေတိမ်တောင်နှင့်လိုက်ပြီးတော့ ကြည့်နေမိလေသည်။

" ဟဲ့. . မရီ၊ မရီ. . ဘာဖြစ်တာလဲ "

ကိုဋ္ဌေးက မရီရှိရာ သစ်ပင်ကြီးအောက်ဆီကို ပြေးလာခဲ့လေသည်။ မရီမှာ သစ်ပင်အောက်မှာ အိပ်ပျော်သွားခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ . . မရီ၊ မင်း . . ဘာဖြစ်တာလဲလို့"

"ဟို . . ဟိုလေ၊ သား . ၊ သားလေးကို ကျွန်မအိပ်မက် မက်တယ်ရှင့်၊ သား . . သား"

"ဖြည်းဖြည်းပြောပါ၊ မရီရယ်၊ ကဲ . . ကဲ၊ ရေသောက်လိုက်ဦး၊ မင်းကိုကြည့်ရတာ သိပ်ပြီးတော့ ပင်ပန်းနေတယ်"

မရီသည်ရေကို အလောတကြီးနှင့် သောက်ချလိုက်ပြီး-

"လောရမယ်ကိုဌေး၊ မလောလို့မဖြစ်ဘူး၊ သား . . သားလေး မောင်တိုးဝေ၊ ဒုက္ခရောက်နေပြီ၊ သူ. သူ. ရေထဲကို မျောပါသွားတယ်၊ လမုပင်ကြီးတစ်ပင်ရဲ့ခြေရင်းကို ရောက်နေတယ်၊ အမြစ်တွေကို ဖက်တွယ်ထားတယ် . .

အမြန်သွားပြီးမကယ်နိုင်ရင်တော့၊ ရေစီးထဲကိုပြန်ပြီး တော့မျောပါသွားနိုင်တယ်၊ သားလေးသေသွားနိုင်တယ် ကိုဌေး . "

မရီ၏ စကားကြောင့်ကိုဌေးမှာ အံ့အားသင့်သွားခဲ့ရလေသည်၊

"မရီရယ် မင်းကစွဲလန်းပြီးတော့မက်တဲ့အိပ်မက်ပါ၊ ဘယ်လိုကြောင့် တစ်ကယ်ဖြစ်နိုင်မှာလဲ. "

"မဟုတ်ဘူးကိုဌေး၊ အိပ်မက်ဆိုပေမယ့် အပြစ်မှာတစ်ကယ်ဖြစ်နေလို့ . နိမိတ်ကပြတာ ၊ ကျွန်မတို့အခုချက်ချင်း အမြန်သွားကယ်ကြမှဖြစ်တော့မယ် . . "





မရီသည် . . တစ်ကယ်ပင်ခံစားနေရလေသည်။ ယုတ္တိမတန်သောအိပ်မက်ဟု . . ကိုဌေး၏ နှုတ်ဖျားမှထွက်မိတော့မတတ်ဖြစ်သွားခဲ့ရလေသည်။ သို့သော် မရီ၏မျက်နှာကိုကြည့်ပြီးတော့ ပြောမထွက်တော့ သနားသွားခဲ့ရလေသည်။

"ကျွန်မ၊ အဲသည့်နေရာကိုသိတယ် ကိုဌေး၊ ကျွန်မတို့အရင်က သပြေသီးခူးရင်း ရောက်ဖူးခဲ့ကြတယ်လေ၊ လမုပင်ကြီးက အကြီးကြီးပဲ၊ ရေစပ်မှာပေါက်နေတာ"

"မရီ. . ခေါင်းအေးအေးထားပြီး မင်းရဲ့အိပ်မက်ကို အစ အဆုံးတဖြည်းဖြည်းနဲ့ပြောပြပါ၊ ငါ. . မင်းရဲ့စကားကို မဆန့်ကျင်ပါဘူး. "

ကိုဌေးမှာသည်စကားနှင့်ပဲ တတ်နိုင်တော့သည်။ မရီကိုလည်းသနားလှလေပြီ။ ညကလည်း. . လေနီကြမ်းဒဏ်ကို ကိုယ်တိုင်ကိုယ်ကျခံစားခဲ့ရသည်။ စိတ်ရောလူပါပင်ပန်းခဲ့ရသည်။ ထို့ကြောင့် သစ်ပင်အောက်မှာ အိပ်ခိုင်းထားခဲ့ခြင်းပင်ဖြစ်သည်။

"ကျွန်မက အိပ်မက်အကြောင်းကိုပြောပြရင် ရှင်က. သားလေးကို တစ်ကယ်သွားရှာပေးမှာလား. . "

"စိတ်ချပါကွယ်၊ သွားရှာပေးပါမယ်. "

"ဒါဆို၊ကျွန်မပြောပြမယ်. . "

မရီသည် သူမမက်ခဲ့သည့် အိပ်မက်အကြောင်းကိုပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ရှင်သိပြီမဟုတ်လား. . . သားလေးကို သွားရှာကြမယ်၊ ကျွန်မပါလိုက်မယ်. ."

ကိုဌေးက သက်ပြင်းငွေ့ငွေ့ချလိုက်ပြီး. .

" မင်းမလိုက်ပါနဲ့၊ ငါကိုယ်တိုင်သွားပြီးရှာပါ့မယ်. "

"အို၊ ရှင်ကသေသေချာချာ ရှာမှာမဟုတ်ပါဘူး၊ ကျွန်မလည်းလိုက်မယ်. ."

မရီကို တားဆီးလည်းရမည်မဟုတ်ပေ။ ထို့ကြောင့် ကိုဌေးမှာ လိုက်လျောလိုက်ရပြန်လေသည်။

○ ○ ○

လှေငယ်တစ်စင်းသည် ချောင်းရိုးတစ်လျှောက် လှော်ခတ်လာနေလျက်ရှိသည်၊ လှေပေါ်မှာပါလာကြသူတွေကတော့ ကိုဌေးနှင့်မရီ နှစ်ယောက်တည်း၊ မရီကရှေ့မှာထိုင်ပြီး ကိုဌေးကတော့ နောက်မှနေ၍ တက်တစ်ချောင်းနှင့် လှော်ခတ်လာခဲ့လေသည်။

အချိန်ကလည်း. နေ့လည်ခင်းအချိန်၊ မွန်းတည့်နေကလည်း ခေါင်းထက်ကိုရောက်လျက်ရှိနေလေပြီ။

"ကိုဌေး. . ကမ်းနဲ့သိပ်ပြီးတော့ မခွာနဲ့လေ. "

"အေးပါ၊ ငါသိပါတယ်၊ ငါတို့အရိပ်ရတဲ့သစ်ပင်ကြီးတွေဘက်ကို ဝင်ခိုပြီး သွားရမယ်. "





စိတ်လောပြီးနေသော မရီကို ပြောလိုက်သည်။

မရီကအလုပ်လုပ်ရာတွင် မြန်ဆန်သည်။ စိတ်ဆုံးဖြတ်ချက်နှင့် လက်တွေ့က တစ်ထပ်တည်း။ ကိုဌေးကတော့ ချင့်ချိန်စဉ်းစားတတ်သည်။ နားဝင်အောင်ပြောတတ်သည်၊ စိတ်ရှည်သည်၊ ယခုလည်းမသေချာသောကိစ္စကို အလေးထားပြီးတော့ လိုက်ရှာနေရခြင်းပင်ဖြစ်သည်၊ မရီလည်းစိတ်ကျေနပ်သွားအောင်ပင်။

လှေကလေးသည် ချောင်းဘက်ဆီကို ကိုင်းပြီးတော့ ကျနေသောသစ်ကိုင်းကြီးတွေအောက်က လှော်ခတ်လာခဲ့သည်။ လုံလောက်သည့် အရိပ်အာဝါသကြောင့်အပူရှိန်ကို မခံစားကြရတော့ပါ. ရွာနှင့်လည်းအနည်းငယ် လှမ်းလာခဲ့ပြီဖြစ်ပါသည်။

အပင်ကြီးတွေ ရှုပ်ယှက်ခတ်နေသော နေရာကိုရောက်လာခဲ့ကြပြီဖြစ်သည်၊ ရေစပ်မှာဒိုက်သရောမတ်တွေက မင်းမူနေကြလေသည်၊ နှစ်ယောက်စလုံးမရီပြောသော သစ်ပင်ကြီးသည် လမုပင်ကြီးပင်ဖြစ်သည်၊ ယင်းအပင်ကြီးကို နှစ်ယောက်စလုံး မေ့လျော့နေခဲ့ကြလေပြီ၊ နှစ်တွေများစွာကြာလာခဲ့ပြီမို့ပင်။

ကလေးဘဝက၊ လူပျိုအပျိုဘဝကရောက်ခဲ့ဘူးကြသော နေရာများပင်ဖြစ်ကြသည်။ သပြေပင်ကြီးများကိုတော့တွေ့လာခဲ့ကြရသည်။ ငယ်စဉ်က သပြေသီးများကို ဆွတ်ခူးစားသောက်ခဲ့ကြသည့် နေရာဟု ပြန်လည်ပြီးသတိရလာမိခဲ့ကြလေသည်။

မရီသည်. ပိုပြီးတော့အားတက်လာသော အမူအယာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုပြလာသည်၊ မျက်နှာက. ဟိုလှည့်၊ ဒီလှည့် နှင့်ဖြစ်လာခဲ့သည်။

"သပြေပင်ကြီးတွေရဲ့ ဟိုဘက်မှာပဲကိုဌေး၊ အဲသည့်မှာ လမုပင်ကြီးရှိသည်"

မရီက ကျိန်းသေသလောက်ပင် ပြောလိုက်လေသည်။

ကိုဌေးသည်လည်းအရင်ကရောက်ဖူးခဲ့သော နေရာမို့ တဖြည်းဖြည်းနှင့်မှတ်မိလာခဲ့လေသည်၊

"ဟုတ်တယ်၊ မင်းပြောတဲ့၊ လမုပင်ကြီးဟာ၊ နှစ်ချို့ပင်ကြီး၊ ရှေ့နားလောက်မှာပဲ ရှိနိုင်တယ်. . ."

လှေကိုတဖြည်းဖြည်းပင်လှော်လာမိသည်၊ ကွေ့လေးတစ်ကွေ့ကို ကျော်လိုက်မိသည်နှင့် ညာဘက်ကမ်းစပ်မှာ သစ်ပင်ကြီးတစ်ပင်ကို လှမ်းပြီးတော့ မြင်လိုက်ရလေသည်။

"ဟော၊ ဟို ဟိုမှာ၊ အဲသည့်အပင်ကြီးပဲ. . ."

မရီသည် လက်ညိုးထိုးကာအားပါးတရပင် အော်မိလိုက်လေသည်၊ ကိုယ်ကိုလည်းလှုပ်ယမ်းမိလိုက်ရာ လှေသည် လှုးသွားခဲ့ရလေ၏။

"မရီ၊ အလောတကြီးနဲ့၊ မလုပ်နဲ့လေ၊ လှေမှောက်သွားလိမ့်မယ်. . . ."

ကိုဌေးကခါးကိုညွတ်ကာ မရီ၏လက်မောင်းကို ကိုင်လှုပ်ပြီးသတိပေးလိုက်လေ၏။ မရီကိုစိတ်မချသောကြောင့် လှေကိုသွက်လက်စွာပင် လှော်သွားခဲ့သည်။

မကြာမီ. . .



လမုပင်ကြီး၏အနားသို့ရောက်သွားခဲ့လေ၏၊ ယင်းနေရာတွင် ဒိုက်သရောဖက်များက ရှိမနေပေ။ ရွက်ကြွေများက လမုပင်ကြီး၏ အမြစ်ဖျားပေါ်မှာ ကပ်နေကြသည်။

ရေစီးကရှိနေလည်း အမှိုက်သရိုက်တွေက တစ်နေရာတည်းမှာမနေနိုင်ကြ၊ မျောပါသွားခဲ့ကြလေသည်။ ထို့ကြောင့် မည်သည့်အရာမှ ဤနေရာမှာ ရှိမနေနိုင်ပါ။ ကိုဌေးသည် အပင်ကြီး၏အောက်ခြေကို သေချာစွာပင်ကြည့်ကာ ရှာဖွေနေမိရာ

"အနားကိုကပ်ပြီးတော့ ကြည့်ပါလား ကိုဌေးရယ်. . ."

မရီကသတိပေးသည် ထို့ကြောင့်. လှေကို အပင်ကြီး၏အနီးကိုကပ်စေခဲ့သည်။ နှစ်ယောက်စလုံး. ရင်တထိတ်ထိတ်နှင့် မျက်တောင်များပင် မခတ်စတမ်းကြည့်နေမိကြသည်။

မရီ၏ မျက်လုံးတွေထဲမှာ ရေထဲကျနေသော သစ်မြစ်ကြီးတစ်ခုကို ဖတ်တွယ်ထားသည့် အသွင် ပြန်ပြီးတော့ မြင်ယောင် လာမိလေသည်။ လမုပင်ကြီး၏ ရှုပ်ထွေးနေသော အမြစ်များကို စေ့စပ်စွာလိုက်ပြီးတော့ ကြည့်နေရသည်မှာ. မျက်စေ့များပင် ညောင်းလာခဲ့ရသည်။

ထိုစဉ်. . .

မရီ၏မျက်လုံးတွေသည်. တစ်နေရာကိုရောက်သွားခဲ့သည်။

"ကိုဌေး ဟိုဟာလေးကဘာလေးလဲ. . ."

"ဘယ်မှာလဲ၊ မရီ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ဟိုမှာလေ. . ."

မရီက လက်ညှိုးထိုးပြလိုက်သည်။ ထို့ကြောင့် ကိုဌေးသည် လှေကို အနီးကပ်လှော်သွားပြီး ငုံ့ကြည့်လိုက်ရာ၊ သေးကွေးသော ထိုသဏ္ဌာန်လေးသည်. . . ရေထဲကျနေသည့် လက်မောင်းဖြင့်ချိတ်ထားသည်။ ခန္ဓာကိုယ်အောက်ပိုင်းသည် ကားရေထဲသို့ရောက်နေလေသည်။

"အမလေး၊ သားရယ်. ."

မရီသည် မချိတင်ကဲနှင့် အော်လိုက်ပြီး လှေထဲမှနေ၍ လက်နှင့်ဆွဲယူလိုက်လေတော့သည်။

○ ○ ○



## အခန်း (၁၀)

## ''ကြောက်စရာအကြံ''

လေနီကြမ်းဒဏ်၊ လေဆင်နှာမောင်းဒဏ်ကိုခံစားရခဲ့သောဒေါင်းမိုးရွာကလေးသည် ပျက်စီးသွားသော အိမ်များအတွက် နံဘေးမှဝိုင်းပြီးတော့တတ်နိုင်သလောက် ကူညီကြသည်။ တစ်ယောက်တစ်လက်နှင့် စုပေါင်းအင်အား၊ စေတနာများကြောင့် အိမ်ကောင်းများဖြစ်လာကြကာ သင့်တင့်စွာသော အခြေအနေများနှင့် ရပ်တည်နိုင်လာခဲ့ရလေပြီ။

ကိုဌေးနှင့်မရီတို့ ဝယ်ယူစုဆောင်းထားသော သစ်သွပ်၊ အစရှိသည့် အိမ်ထောင်ပစ္စည်းများသည်။ ကံအားလျော်စွာ ပျောက်ဆုံးမသွားခဲ့ကြ။ လေနီကြမ်းဒဏ်ကို ခံလိုက်ရ၍ ပျက်စီး သွားသောမိဘနှစ်ပါး၏ အိမ်ကိုလည်း နဂိုအိမ်ထက်ပိုပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော အိမ်တစ်လုံးအဖြစ် ပြင်ပြီးတော့ ဆောက်လုပ်ပေးလိုက်လေသည်။

ရွာထဲတွင်မရှိနှမ်းပါးသောခြေမဲ့၊ လက်မဲ့များကိုလည်း ကိုဒွေးနှင့် မရီတို့က များစွာသောအကူအညီကို ပေးခဲ့ကြသည်။

အိမ်ပြင်ကြီး၏ အမြစ်တစ်နေရာတွင် သီးသန့် အဆောင်ကလေးပြုလုပ်ထားလေသည်။ ယင်းအဆောင် ကလေးထဲမှာ လျှို့ဝှက်ပြီးထားသော အရာလေးကတော့ မောင်တိုးဝေပင်တည်း။

မရီတစ်ဦးတည်းသာလျှင် မောင်တိုးဝေကို အိပ်မက်မက်သည်၊ အဝတ်အစားလိုလျှင် အဝတ်အစား၊ အစားအသောက်လိုလျှင် အစားအသောက် ပူဆာသမျှကို မရီကသာလျှင် ဖြည့်ဆည်းပေးခဲ့လေသည်။

"မရီ မင်းရဲ့သားကသူလိုအပ်တာရှိရင် တောင်းစရာရှိရင် မင်းကိုပဲအိပ်မက်ပေးပြီးတော့ ပြောတတ်တယ်၊ ငါ့ကျတော့ တစ်ခါမှမပြောပြပါလားကွာ.. တစ်ကြိမ်လောက်တောင် အိပ်မက်စော်မနံ့ခဲ့ဘူး..."

"ဩော်.. ဒါကတော့ မအေနဲ့ဖအေ၊ တူပါ့မလား တော်..."

"ဘယ်လိုခြားနားချက်များ ရှိလို့လဲကွာ.."

"ရှင်က ကိုယ့်သားအရင်းကိုတောင်အခုထက်ထိ အသိအမှတ်မပြုသေးတာ ယုံမှမယုံပဲ ဒါကြောင့်ကလေးကလည်း ရှင့်ကို သံယောဇဉ်ဘယ်ရှိပါ့မလဲ.."

"ဟာကွာ.. ငါကမင်းကို အဲသလိုပြောဖူးခဲ့လို့လားကွာ.. အေး တစ်ခုတော့ရှိတယ်၊ လက်တော့ခံတယ်၊ ဒါပေမဲ့ လက်တွေ့ပြမှ ယုံမယ်လေ.."

"သွားစမ်းပါ ဘာကိုလက်တွေ့ပြရမှာလဲ အဲသည့်ကတည်းကမဟုတ်တော့ဘူး၊ အယုံအကြည်မရှိဘူးလို့ ပြောလိုက်တာနဲ့အတူတူပဲ.. ကိုဒွေး တော်တော့.."

မရီက စိတ်ဆိုးသွားခဲ့လေသည်။

* * *

ဒေါ်ဘုမသည် ကိုဒွေးနှင့်မရီတို့ဆောက်ထားသော အိမ်ကြီးကိုကြည့်ပြီးတော့ အံ့အားတသင့် ဖြစ်နေမိလေသည်။

"သင်းတို့က. သင်းတို့ကဒါလောက်ကောင်းတဲ့အိမ်ကြီးကို ဆောက်နိုင်ခဲ့တာ အကြောင်းတစ်ခုခုကတော့ရှိရမယ်။ ဒါ.. ဟိုဟာလေးကြောင့်ပဲဖြစ်မှာပဲ..။

အင်း ..ကောင်းစားနေလိုက်ကြတာ၊ အဲသည့်ဟာလေးငါ့လက်ထဲကိုရောက်နေစဉ်မှာ.. ဒုက္ခအမျိုးမျိုးပေးတယ် လူတွေလည်း သေကောင်ပေါင်းလဲ ခံလိုက်ကြရတယ်၊ သူတို့ကို စီးပွားပေးလို့ ကြီးပွားလာခဲ့ကြတာထင်ပါရဲ့..."

ဝမ်းဆွဲဒေါ်ဘုမသည် မရွှေရိယစိတ်များပွားသထက်







www.burmeseclassic.com

www.burmeseclassic.com



ပွားလာခဲ့ရသည်။

"ကြီးတော်ဘုမ ဘယ်ကပြန်လာသလဲ . . ."

မရီက အိမ်ရှေ့ကဖြတ်သွားသော ဒေါ်ဘုမကိုလှမ်းပြီးတော့ နှုတ်ဆက်လိုက်လေ၏။ ဒေါ်ဘုမကား လှည့်ပင်မကြည့်၊ မကြားချင်ယောင်ဆောင်သွားခဲ့လေသည်။

"အဲတော့. . . ပြန်တောင်မဖြေဘူး၊ မကြားချင်ယောင်ဆောင်သွားတာများလား၊ မကြားနိုင်စရာအကြောင်းလည်းမရှိပါဘူးလေ. . ."

မရီမှာ အံ့အားသင့်သွားခဲ့ရလေသည်။ ကိုဌေးကလည်း အိမ်အပေါ်က လှမ်းကြည့်နေခိုက်နှင့် မြင်တွေ့သွားခဲ့လေ၏။

လင်မယားနှစ်ယောက်ဆုံမိကြစဉ်၌ စကားစပ်မိ၍ထို အကြောင်းကိုပြောကြရာ. . ."

"အေး၊ ကြီးတော်ဘုမက. . ငါနဲ့လမ်းမှာတွေ့လည်း . . မျက်နှာလွှဲသွားတတ်တယ်၊ ဘာကြောင့်လည်းမသိဘူး။ အင်း. . ဟိုကိစ္စကအရှိန်တက်နေတုန်းပဲထင်တယ်. ."

"အဲသည့်ကိစ္စပဲဖြစ်မှာပါ. . ကိုဌေးရယ်၊ ဒါပေမဲ့. . အဲဒါကလည်းသူ့အပြစ်ပဲဟာ၊ ကျွန်မတို့မှာ. . အဲဖြစ်မှန်ကို ဘာမှမသိလိုက်ရဘူး၊ သူက. . ဖုံးကွယ်ထားတာကိုး၊ အလကားပါ၊ အဲသည့်ကိစ္စအတွက်နဲ့ ရှိန်ပြီးတော့ရှက်ရမ်းရမ်းနေတာပါ. ."

တစ်ကယ်တော့. . .



ဒေါ်ဘုမသည်. . ကိုဌေးနှင့်မရီတို့၏ တိုးတက်လာသော အခြေအနေကိုကြည့်ပြီးတော့. . မနာလိုဖြစ်နေမှန်း မရိပ်စားမိကြချေ၊ မိမိတို့အပေါ်မှာ မလိုတမာရှိနေသော. . လူတစ်ယောက်၏အကြံအစည်ကိုလည်း မရိပ်မိကြချေ၊ မိမိတို့အပေါ်မှာ မလိုတမာရှိနေသော. . လူတစ်ယောက်၏အကြံအစည်ကိုလည်းမရိပ်မိကြပေ. . .

တစ်ရက်တွင်. . .

○ ○ ○

ရွာထဲတွင်. . .

မရီကကိစ္စရှိ၍ အိမ်တစ်အိမ်ကို အသွားမှာ မျက်နှာချင်းဆိုင်မှ လာနေသော ဒေါ်ဘုမကို မမျှော်လင့်ပဲ. . တွေ့လိုက်ရလေသည်။

"ခက်တာပဲ. . . ကိုယ့်အပေါ်မှာ. . . မကောင်းမြင်နေတဲ့သူနဲ့မှ တွေ့နေရပြန်ပါပြီ. . ."

တွေ့ဝိုက်ပြီးတော့ သွားရန်လည်းအခက်၊ နောက်ကြောင်းပြန်လှည့်ရန်လည်းမကောင်း၊ အခက်အခဲဖြစ်နေ သည့် ဒေါ်ဘုမက မရီနှင့် တဖြည်းဖြည်းနီးလာသည်၊ မရီလည်း မျက်နှာကိုလွှဲထားလိုက်လေသည်၊

"ဟဲ့. . မရီ. . နင်. . ဘယ်ကိုသွားမလို့လဲ. ."

"ရှင်. ."

www.burmeseclassic.com

www.burmeseclassic.com



မရီသည် ဒေါ်ဘုမက မမျှော်လင့်ပဲ နှုတ်ဆက်လိုက်သောကြောင့် အံ့အားသင့်သွားခဲ့ရလေသည်၊

"ဩော်. . . တောင်ပိုင်းကို ကိစ္စရှိလို့သွားမလို့ပါ. ."

မရီကလည်း အလိုက်သင့်ပင်ပြန်ပြီးတော့ ဖြေလိုက်လေသည်။

"ကြီးတော်ကကော ဘယ်ကိုသွားမလို့လဲ. . ."

"ငါလည်း တောင်ပိုင်းက ပြန်လာခဲ့တာ၊ မွေးလူနာတစ်ယောက်ကို မွေးပေးခဲ့တာလေ. . ."

"ဘယ်သူများပါလိမ့် . . ."

"မအုန်းမြလေ. ."

"ဟယ်. . . မွေးပြန်ပြီလား၊ ဒါပါနဲ့ဆိုရင်ရှစ်ယောက်ရှိပြီနော်၊ သူများတွေများ မွေးလိုက်ကြတာ တစ်ယောက်ပြီးတစ်ယောက်ပဲ. . ."

မရီသည်စကားကျွံသွားမှန်းသိလိုက်ရလို့. . ဆက်မပြောတော့ပေ။

သို့သော်. . .

"နင်တို့မှာလည်း သားလေးတစ်ယောက်ရှိနေပြီပဲ၊ အကျိုးပေးနေတယ်မဟုတ်လား၊ ဘာအားငယ်စရာရှိသလဲ. . ."

"ဟင်. . . ကြီးတော်ဘုမ ဒီစကားကို ဘာဖြစ်လို့လမ်းမှာပြောရတာလဲ၊ ဘာကိုအကျိုးပေးရမှာလဲ. ."

မရီသည်ပတ်ဝန်းကျင်ကို ထိတ်ထိတ်ပျာပျာနှင့်





ကြည့်မိလိုက်လေသည်၊ လျှို့ဝှက်ထားသော ကိစ္စကိုသူမတစ်ယောက်တည်းသာလျှင် သိထားသည်မဟုတ်ပါလား. . .

"ဩော်. . . ငါက နင်တို့အတွက် ဝမ်းသာလို့ပြောတာပါဟယ်. . ကဲ . . ကဲ ငါသွားဦးမယ်. . ."

ဒေါ်ဘုမသည် မရီ၏လည်ပင်းမှ နှစ်ကျပ်သားဆွဲကြိုးဝင်းမှည့်မှည့်အိုအိုကြီးကို ကြည့်ပြီးတော့ ထွက်သွားခဲ့ လေသည်။

"သည်မိန်းမကြီးဟာ စိတ်မမှန်ဘူး၊ ငါ့ကိုလာပြီးတော့ရောနေပြန်ပြီ . . ."

သို့သော် . . .

နောက်ပိုင်းတွင် . . . ဒေါ်ဘုမသည်. . ကိုဌေးနှင့်မရီတို့ကို ရောရောဝင်ဝင်လုပ်လာခဲ့သည်။

"သည်မိန်းမကြီးဟာခပ်ကြောင်ကြောင်ပါ မင်းပြောသလို စိတ်လည်းမှန်ပုံမရပါဘူး၊ တို့ကလူငယ်ပဲကွာ၊ နားလည်ပေးလိုက်ပါ. . ."

ဤသို့ဖြင့်. . .

ဒေါ်ဘုမသည်. . ကိုဌေးနှင့် မရီတို့ကို. . ပုံမှန်ပင်ဆက်ဆံလာခဲ့သည်၊ အိမ်အဝင်အထွက်ပင် ရှိလာခဲ့ရလေသည်၊ ခေတ္တခဏ ဆက်ဆံရေးတန့်သွားကြရာက ပုံမှန်ဆက်ဆံရေးပြန်ပြီးတော့ရှိလာခဲ့ကြသည်။ ကိုဌေးနှင့် မရီတို့ကလည်း ယခင်ကိစ္စများကို မေ့ထားနိုင်ခဲ့ကြလေသည်။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင်. . .

ဒေါ်ဘုမသည် မရီနှင့်ကိုဌေးတို့၏ အိမ်ကိုအလည် ရောက်လာခဲ့လေသည်။

"နင်တို့အိမ်ကြီးကလည်း ကောင်းလိုက်တာဟယ်၊ ငါနဲ့အောင်လိုက်မကြည့်ဖူးသေးဘူး၊ ကြည့်ချင်လိုက်တာ. ."

"ကြီးတော်ဘုမကလည်း ဘာများထူးထူးခြားခြား ဆောက်ထားတာမှတ်လို့ ကြည့်ချင်ရင်လည်းကြည့်ပေါ့၊ ကျွန်မ အလုပ်လေးရှိနေသေးလို့. . ."

"အေးအေး၊ နင့်. . လုပ်စရာရှိတာကိုသာလုပ်ပါ. . . မရီ. . ."

ဒေါ်ဘုမသည်. .

မရီ. . အနားမှာမရှိတော့သည်နှင့် အိမ်ထဲမှာ. . ဟိုကြည့်သည်ကြည့်နှင့် လိုက်ပြီးတော့ကြည့်နေမိလေသည်၊ ထို့နောက်. . အိမ်အောက်ထပ်မှ တစ်ဆင့် လှေကားအတိုင်း အိမ်ပေါ်သို့တက်သွားခဲ့လေသည်။

အပေါ်ထပ်မှာ. . အပြင်အဆင်. . . အခင်းအကျင်း တွေကသာမန်မျှသာဖြစ်သည်။ ဗီရိုတစ်လုံးပေါ်မှာ ကလေး ကစားစရာအရုပ်များကိုလည်း တွေ့လိုက်ရလေသည်။ ဒေါ်ဘုမ ပြုံးလိုက်မိသည်။ သူမ၏အပြုံးကအဓိပ္ပါယ်ရှိသည်။

ကလေးကစားစရာအရုပ်များကို. . မှန်ဘီရိုတစ်လုံး ထဲမှာထည့်ထားသည်ဆိုကတည်းက. . ကလေးမရှိသော်လည်း



ကလေးရှူးရှူးနေကြလို့ပဲလား၊ ဤသို့ပဲထင်ကြပေလိမ့်မယ်၊ ဒေါ်ဘုမရယ်လိုက်သည်က သူ့အဓိပ္ပါယ်နှင့်သူ။

အထပ်ခိုးလေးတစ်ခုကို၊ မမျှော်လင့်ပဲတွေ့လိုက်ရ လေသည်။ စိတ်ဝင်စားသွားခဲ့ရလေသည်။ သူမ၏အမူအရာကား ခိုးကြောင်ခိုးဝှက်ရှိလေသည်။ အထပ်ခိုးဆီသို့တက်ရာ လှေကား အတိုင်း လျင်မြန်သွက်လက်စွာပင် တက်သွားခဲ့လေသည်။ လှုပ်ရှားမှုမှာ အရွယ်နှင့်မလိုက်ပေ။

အထပ်ခိုးမှာတံခါးရှိသော်လည်း သော့ခတ်မထားပေ။ လက်နှင့်အသာလေးတွန်းလိုက်သော်အခါ ပွင့်သွားခဲ့လေသည်။

ဒေါ်ဘုမသည်အခန်းထဲသို့ လှစ်ခနဲဆိုဝင်လိုက်သည်။ အခန်းက ဆယ်ပေပတ်လည်လောက်ပဲရှိသည်။ ဗီရိုသေးသေး လေးတစ်လုံးထဲမှာ ကလေးအဝတ်အစားများကို အထပ်လိုက် တွေ့ရသည်။ နံရံမှာပြတင်းပေါက်သေးသေးလေးတစ်ခုကို မှန်ချပ်တစ်ချပ်နှင့်အသေကပ်ထားသည်။ အလင်းရောင်က မှန်ချပ်ကို ထိုးဖောက်ပြီးတော့ဝင်လာကြသည်။

အလင်းရောင်ကြောင့်. . စားပွဲထက်ရှိကုတင်သေးသေး လေးတစ်လုံးပေါ်မှာ လေးထောင့်မှန်သေတ္တာလေးဖြင့် အုပ်ထား သော ရှည်မျောမျောသစ်သားသေတ္တာလေးတစ် လုံးကိုတွေ့ရ လေသည်။ မှန်သေတ္တာပေါ်က ငုံ့ကြည့်လိုက်သောအခါ သေတ္တာလေးထဲမှာ လူတစ်ယောက်အိပ်ပျော်နေသည့် အသွင် လူသေးသေးလေးကိုတွေ့လိုက်ရသည်။ လက်ရာမြောက်စွာ

www.burmeseclassic.com



ထုလုပ်ထားသော ရုပ်ထုလေးတစ်ရုပ်နှင့် တူနေလေသည်။

ဒေါ်ဘုမသည် ထိုအရာလေးကိုမြင်တွေ့လိုက်ရသော အခါ. . ရင်ထဲမှာလှုပ်ရှားသွားခဲ့ရလေသည်။ ချက်ချင်းမှာပင် မိမိရည်ရွယ်ချက်တို့ကို ပြန်ပြီးတော့သတိရသွားခဲ့လေသည်။ ထို့ကြောင့်. . . တစ်ပတ်လျှိုထုံးထားသော ဆံပင်တွေကြား ထဲက ပစ္စည်းလေးတစ်ခုကိုထုတ်ယူလိုက်လေ၏။ တစ်မိုက်မရှိ တရှိသံချောင်းလေးတစ်ချောင်းပင် ယင်းသံချောင်းလေးကို ပါးစပ်မှာကိုက်ထားလိုက်ပြီး မှန်ပုံးလေးကို လက်နှင့်မ,ယူမည် အပြုမှာ. . .

"ခွီး"

ထုတ်တန်းပေါ်မှကြွက်ကြီးတစ်ကောင်က ရုတ်တရက် ပြုတ်ကျလာခဲ့လေသည်။

"အား"

ဒေါ်ဘုမမှာ အလန့်တကြားပင်. . အော်မိလိုက်လေ ၏။ ကြွက်ကြီးမှာ. . ဒေါ်ဘုမ၏လည်ကုပ်ကို. . မလွှတ်ဘဲ ကိုက်ခဲထားလိုက်လေ၏။ ဒေါ်ဘုမသည်. . လက်နှင့်ပုတ်ချ သော်လည်းကိုယ်ပေါ်မှ မကျပေ။

○ ○ ○



အောက်ထပ်မှာရှိနေသော. . မရီသည်အဆက်မပြတ် အော်နေသောဒေါ်ဘုမ၏ အသံကြောင့် အခန်းအပြင်ကို ပြေးထွက်လာခဲ့သည်။ ဒေါ်ဘုမကို စောစောက နေရာမှာ မတွေ့ရတော့ပေ။

"ဘယ်ကနေ. . အော်နေတာလဲ. . ."

နောက်တော့မှ အထပ်ခိုးပေါ်ကနေ အော်နေမှန်း သိလိုက်ရလေသည်။

ထိုအချိန်တွင်. . .

ကိုဧွေးသည်လည်း အိမ်ထဲကို ရောက်နေပြီး အော်သံ ကိုကြားရ၍ အိမ်အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။ လမ်းမှာ မရီနှင့် ဆုံမိရာ. .

"မရီ. . ဘာဖြစ်တာလဲ"

"ကြီး. . ကြီးတော်ဘုမ၊ အ. . အပေါ်မှာ"

"ဟင်"

နှစ်ယောက်စလုံး အထပ်ခိုးပေါ်ကို လှေကားအတိုင်း ပြေးတက်လာခဲ့ကြသည်။ ဒေါ်ဘုမကို အခန်းထဲမှာ တွေ့လိုက် ရလေသည်။ ကုပ်ပေါ်မှာ မလွှတ်တမ်း ကိုက်ခဲနေသော ကြွက် တစ်ကောင်ကြောင့် ဒေါ်ဘုမမှာ သွေးရူးသွေးတမ်းနှင့် အော် ဟစ်နေလေသည်။ မရီနှင့် ကိုကျော်ဧွေးတို့ ရောက်လာမှ ကြွက်က ကိုယ့်ပေါ်က ပြေးဆင်းသွားခဲ့လေသည်။

"ကြီးတော်ဘုမ၊ ကြီးတော်ဘုမ၊ ဘယ်လိုကြောင့်. .

www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာကို ရောက်နေတာလဲ”

ကိုဌေးက မေးလိုက်ရာ ဒေါ်ဘုမမှာ ပြန်ပြီးတော့ မဖြေနိုင်. .

“အမလေး. . အမလေး၊ ခုထက်ထိ ငါ့ကို နှိပ်စက်နေတုန်းပါလားတော့. . ”

ဟု စူးအက်သော အသံကြီးနှင့်အော်ပြီး အောက်ကို ပြေးဆင်းသွားခဲ့လေသည်။ လည်ကုပ်ပေါ်မှာလည်း သွေးသံရဲရဲနှင့် ဖြစ်နေသည်။ မရီသည် ကြမ်းပြင်ပေါ်မှာ ကျနေသော သံချွန်လေးကို အမှတ်တမဲ့ပင် တွေ့သွားခဲ့ရသည်။ ကောက်ယူလိုက်ရာ လက်ကိုင်နေရာကို ကြိမ်မျှင်မျှင်လေးဖြင့် ကွပ်ထားလေသည်။ ကိုဌေးသည် မျက်လုံးပြူးသွားခဲ့ရလေ၏။

“အဲ့ဒါ ဒေါ်ဘုမဆီက ကျခဲ့တာပဲဖြစ်မှာပဲ. . ကိုဌေး”

“ဘုရား. . ဘုရား တော်တော်အကြံကြီးပါလား၊ တောက်. . ငါကွာ”

ကိုဌေးသည် တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

○ ○ ○



## အခန်း (၁၁)

## မေမောနီကမေပတာ

မရီသည် စိုးရိမ်စိတ်နှင့် မှန်သေတ္တာလေးကို ကြည့်မိလိုက်သည်။ မိမိထားရာအတိုင်း လက်ရာ၊ ခြေရာမပျက်ရှိနေလေသည်။ ထိုအခါကျမှ . . နှစ်ယောက်စလုံးပင်သက်ပြင်းချမိကြရလေတော့သည်။

“နေစမ်းပါဦး၊ သည်မိန်မကြီးက အထပ်ခိုးပေါ်ကို ဘယ်ကဘယ်လို ရေနေတာလဲ . . ”

“အိမ်ကြီးဆောက်ထားတာကို သဘောကျတယ်ဆိုပြီး လိုက်ကြည့်ချင်တယ်ဆိုလို့ ကျွန်မကခွင့်ပြုလိုက်တာ၊ သည်အပေါ်ထပ်တင်မဟုတ်ပဲ၊ အထပ်ခိုးအထိတက်ပြီး ကြည့်မယ် မှန်း ကျွန်မလည်း ဘယ်သိပါ့မလဲ၊ ခုတော့. . သူကနိုးခြောင်



www.burmeseclassic.com

www.burmeseclassic.com



ခိုးဝှက်နဲ့”

“သည်မှာ ကြည့်စမ်း၊ ဟောဒါဘာလဲ . . ဒါ . . မင်းသားအသက်ကိုခြွေမယ့် လက်နက်ကွ၊ သူက အကြံနဲ့လာတာ၊ ကံကောင်းလို့ပေါ့ကွာ . . ”

ကိုဌေးသည် . . လက်ကိုင်ပါသော သံချွန်လေးကို မရီအား ထောင်ပြီးတော့ ပြလိုက်လေ၏။

“သည်မိန်းမကြီးဟာ . . ကျွန်မတို့ကို ပြန်ရောနေတာ အကြံအစည်ရှိနေလို့ကိုး၊ ကြောက်စရာကောင်းလိုက်တာ”

“အေး၊ လူတိုင်းကိုမယုံနဲ့၊ ငါတို့ကို တမင်အချိုသပ်ပြီး လာပေါင်းနေတာ၊ ငါတို့ကလည်း အယုံလွယ်မိတယ်၊ အငိုက်မိခံလိုက်ရတယ်၊ ကံကောင်းလို့ပေါ့၊ ဖျက်လို့ဖျက်ဆီးနဲ့ကွာ . . ”

○ ○ ○

ရပ်ရွာထဲတွင် ကိုဌေးနှင့်မရီတို့သည် အတော်ကလေးကို ဝင်ဆံ့လာခဲ့ကြလေသည်။ လူမှုရေးကိစ္စများ၊ အလှူအတန်းများ၊ သာရေး၊ နာရေးကိစ္စများတွင် စိတ်ရော ကိုယ်ပါနှစ်ပြီး ငွေကြေးကအစ အကူအညီပေးတတ်သောကြောင့်ပင် လူချက်လူခင်ကလည်း ပိုပြီးတော့ များလာသည်။

တစ်ရက်တွင် . . .

ဥပုသ်စောင့်ရန် ရွာဦးကျောင်းဆီကို ကိုဌေးရော မရီပါ



သွားကြသည်။ ကိုဌေးတို့ဇနီးမောင်နှံက ဇရပ်တစ်ဆောင်ကို လှူထားလေသည်။ ဇရပ်ထဲတွင် . . .

**ကိုဌေး + မရီ**

**နှင့်**

**မိသားစုကောင်းမှု**

ဟု ရေးထိုးထားသည်။ အမှန်မှာ မိသားစုဟုထည့်ရေးထိုးလာရခြင်းမှာ မောင်တိုးဝေကို ရည်စူးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် . . လူတွေက အမှုမဲ့ အမှတ်မဲ့မျိုးမို့ ထိုကမ္ပည်းစာကို သတိမထားလိုက်ကြခြင်းပင်၊ မျက်စိလည်သွားကြလေသည်။ မောင်တိုးဝေ၏ အလှူဒါနလည်း ပါရလေအောင် ဖြစ်လေ၏။

လှူတန်းနိုင်၊ ပေးကမ်းနိုင်ကြသောအခါ လူဝင်ဆံ့လာသည်။ ခေါ်ခေါ်ပြောပြောရှိလာကြသည်။ အရေးတယူအလုပ်ခံကြရလေသည်။ ဤကား . . ဓမ္မတာပင်။

“လင်မယားနှစ်ယောက်စလုံး စကားဝိုင်းထဲကို ဝင်မိကြသည်။ အားလုံးတစ်ရွာတည်းသားများပင်၊ သူတို့ဝိုင်းထဲကိုဝင်မိစဉ်မှာ ကြားမိလိုက်ရသည်။ စကားများက . . .

“ကျုပ် ဖတ်ဖူး၊ မှတ်ဖူးတာတွေရယ်၊ ကိုယ့်ထက် ဗဟုသုတ ပိုပြီးတော့ ကြွယ်ဝတဲ့သူတွေဆီက တစ်ဆင့်ကြားသိထားခဲ့တာကတော့ . . လူချောက်ဆိုတာ . . ဘုံတစ်ခုခုက သတ္တဝါမဟုတ်ဖူးတဲ့၊ သူတို့လည်း ခန္ဓာငါးပါးရှိတာပဲ၊ ထုံး အတိုင်း မိခင်ရဲ့ ဝမ်းထဲမှာ ပဋိသန္ဓေနေကြတဲ့ သူတွေပဲ . . ”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီဗျာ . . အဲသလို ပဋိသန္ဓေနေတယ်လည်း ဆိုသေးတယ် မွေးလာတော့ ဘယ်လိုကြောင့် ပုံပန်းမကျနဲ့ သေးသေးကွေးကွေးရုပ်တုလေးလို ဖြစ်နေရတာလဲ . . ."

"အင်း . . ဒါက သည်လိုဗျ၊ ဗုဒ္ဓစာပေအရကတော့ ပထမံကလလံဟောတိ၊ ကလလာဟောတိ အဗ္ဗုဒံ အစရှိတဲ့ သံယုတ်ပါဠိတော်လာအတိုင်း အမိဝမ်းတွင်းကလလ ရေကြည် တစ်သတ္တာဟ (ခုနစ်ရက်တစ်ပတ်)၊ အမြှုပ်,တစ်သတ္တာဟ၊ သားတစ်, တစ်သတ္တာဟ၊ အခဲတစ်၊ တစ်သတ္တာဟ၊ အဲသည်နောက် ဦးခေါင်း၊ ခြေ၊ လက်၊ ခက်မငါးဖြာ တစ်သတ္တာဟဖြစ်တယ်၊ အဲသလို မိန့်ဆိုချက်ဖွင့်ထားတယ်. . ."

"စိတ်ဝင်စားဖို့ကောင်းလိုက်တာဗျာ . . ဆက်စမ်းပါဦး"

"အဲသည့်နောက် သတ္တာဟ (ခုနစ်ရက်ငါးလီ) အလွန် သတ္တာဟ အနည်းငယ်လောက် ရင့်မာခဲ့တယ်၊ နောက်တော့ အမိဝမ်းထဲမှာပဲ ကွယ်လွန်ခဲ့တယ် . . ."

"ဟင်၊ အမိဝမ်းတွင်းမှာ ကွယ်လွန်ခဲ့တယ်ဆိုတော့"

"သည်လိုဗျ . . အဲသလိုသေဆုံးခဲ့ပေမယ့် သူရဲ့ အသက်ဝိညာဉ်ဟာ ပဋိသန္ဓေအစက ကလလရေကြည်တည်စဉ်ကတည်းက ဖြစ်ပေါ်ခဲ့တယ်၊ ဖော်ပြခဲ့တဲ့အတိုင်း ငါးသတ္တောဟ အလွန်(၁၀. ၁၂) သတ္တောဟအတွင်းမှာ သေဆုံးခဲ့တယ်၊ သန္ဓေနှစ်လကျော်၊ သုံးလနီးပါးအရွယ် လူသားလောင်းလျာ ရုပ်ကြွင်းဟာ အမိဝမ်းထဲမှာ ကျန်ရစ်ခဲ့တယ်လေ"





"ဟုတ်ပါပြီဗျာ၊ အဲသလို ကျန်ရစ်ခဲ့တော့ . . ."

"ဟုတ်တယ်၊ အဲ့သည့်ခလေးဟာ သူ့ရဲ့ကံတရားကြောင့် ပေတဘာဝ (ဂန္ဓပ္ပ၊ ဝေမာနိကပြိတ္တာ) မျိုးမှာ ဖြစ်ခဲ့ရတယ်"

အသက်ဝိညာဉ်ကင်းမဲ့နေတဲ့သန္ဓေသားဟာ ပျက်ကျသွားရမှာ ဖြစ်ပေမယ့်၊ အကြောင်းတစ်ခုခုကြောင့် . . (ဥပစာ တေဇောဓါတ်လွန်ကဲမှုကြောင့်) ပျက်ကျမသွားဘဲ၊ တဖြည်းဖြည်းနဲ့ ခြောက်သွေ့သွားခဲ့ရတယ်၊ နှစ်လ၊ သုံးလအရွယ်လောက် ကြီးထွားနေတဲ့ အမိဝမ်းဟာလည်း ပြန်ပြီးတော့ ပိန်ကြုံ့သွားခဲ့ရတယ်၊ ဒါပေမယ့် . . ရက်လစေ့သည့်အခါ ထုံးစံအတိုင်း နေခဲ့ရပြီး ရက်စေ့၊ လစေ့ (၄၂ သတ္တာဟလောက်)မှာ မွေးဖွားခဲ့တယ်။

"ဩော် . . အဲ၊ တချို့ကလည်း သာမာန်ကလေး တစ်ယောက်ရဲ့ကိုယ်ဝန်ဆောင်နေရတဲ့အတိုင်း ဗိုက်ကြီးတာပူနေပြီး . . ကိုးလလွယ်၊ ဆယ်လမှာမွေးတယ်၊ ဒါပေမယ့် . . မွေးလာတဲ့ကလေးကလည်း ခင်ဗျားပြောတဲ့အရွယ်အတိုင်း ဖြစ်နေတယ်တဲ့ . . ."

"အေးပေါ့လေ၊ ဒါကတော့ အမျိုးမျိုးရှိကြမှာပေါ့. . ."

"ကဲ ကဲ. . . ဆက်စမ်းပါဦးဗျာ၊ ခင်ဗျားက တော်တော်ကို ဗဟုသုတကြွယ်ဝပါပေတယ်"

"ဟုတ်တယ်. . . အဲဒါကတော့ မရင့်မာမီ အမိဝမ်းတွင်းထဲမှာပဲ သေဆုံးခြောက်ကပ်သွားခဲ့ရတော့ မ[illegible]ပြင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

တော့ပဲ ခက်မငါးဖြာ၊ မျက်စိ၊ နား၊ နှာ၊ အရပါရုံမျှသာရှိတဲ့ လေးလက်မအရွယ်သာသာ လူသားအလောင်းအခြောက်ကလေး လောက်ပဲ၊ မွေးဖွားလာခဲ့ရတာပေါ့"

အဲ့သည်တော့ လူသားလောင်းကလေးက ဘဝပြောင်း ပြီးဖြစ်နေတဲ့ ဂန္ဓဗ္ဗ သို့မဟုတ် ဝေမာနိကပြိတ္တာဘဝကို ရောက် နေရတာပေါ့။ လေချွန်နတ်လိုပဲ အသင့်အတင့် တန်ခိုးရှိတဲ့ အတွက် သူရဲ့ရုပ်ကြွင်းလူခြောက်ကလေးကိုပဲ တွယ်တာနေပြီး စွဲဝင်နေတော့တာပေါ့။

ဒါကြောင့်မို့လို့ လူခြောက်ဆိုတာ အသက်ရှင်ခြင်း အဟာရမီဝဲခြင်း၊ ကျင်လည်လှုပ်ရှားခြင်းမရှိဘူး၊ သူ့ကိုမှီတွယ် စွဲဝင်နေတဲ့ ဝေမာနိကပေတ၊ ဂန္ဓဗ္ဗရဲ့ သဘောသကာယအတိုင်း ပဲ ဖြစ်တယ်တဲ့. . . . "

**[မို့မြမ်းစာ ဆရာမောင်သီလ]**

ဤသို့ဆွေးနွေးတိုင်ပင်ကြရင်းနှင့် စကားသည် တရားဓမ္မလမ်းကြောင်းဘက်ကို ရောက်သွားခဲ့ကြပြန်လေ၏။

ကိုငွေးနှင့်မရီတို့ကိုတော့ ထိုသူများဆွေးနွေးခဲ့ကြသည်။ စကားများသည် နားထဲကို စိမ့်ဝင်သွားခဲ့ကြလေပြီ။ ညနေဘက် အိမ်ကိုပြန်ရောက်လာခဲ့ကြသည့်တိုင်၊ ဘာကြောင့်ရယ် မသိ၊ မောင်တိုးဝေလေးကို သနားနေမိသည်။ ရင်ထဲမှာ ဆွတ်ကျင်စွာ နှင့်ပင် ခံစားနေမိရလေသည်။

"သူ့ကို မှီတွယ်စွဲဝင်နေတဲ့ ဝေမာနိကပေတ၊ ဂန္ဓဗ္ဗရဲ့



သဘောသကာရအတိုင်းပဲ ဖြစ်တယ်တဲ့. . "

ယင်းစကားများသည်သာ လင်မယားနှစ်ယောက်စလုံး ၏ရင်ထဲမှာ ပဲ့တင်ရိုက်ခတ်လျက်ရှိနေကြလေသည်။ ထိုညမှာ လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြပေ။ အတွေးကိုယ်စီနှင့်သာ ငြိမ်သက်နေကြပြီး စိတ်မောလူမောနှင့် အိပ်ပျော်သွားခဲ့ကြလေသည်။

○ ○ ○

တစ်ရက်တွင်. .

ကိုငွေးသည် ကိစ္စတစ်ခုကြောင့်. . တစ်ရွာခြားရှိ မုန်လင်းရွာဆီကို ထွက်သွားခဲ့လေသည်။ အသွားတုန်းကတော့ အဖော်ကောင်း၍ လှည်းကြုံနှင့်ဖြစ်လေသည်။ မိတ်ဆွေတစ် ယောက်၏ ဘုရားတည်၊ ကျောင်းဆောက်သည့် အလှူပင်ဖြစ် သည်။ ဌာပနာပိတ်ပွဲ၊ ရေစက်ချတရားနာပွဲမှာ နေ့လည်အထိ တိုင်ခဲ့လေတော့သည်။

အပြန်တွင် အခြားသော လှည်းကြုံနှင့်ပင် လိုက်ပါ လာခဲ့လေသည်။ ထိုလှည်းကြုံသည် မုန်လင်းရွာမှ ထွက်လာပြီး ဒေါင်းဖိုရွာသို့ မရောက်မီ အလယ်ရွာဖြစ်သော ကိုးတိုင်းရွာသို့ သာသွားမည့်လှည်းဖြစ်သည်။ အခြားလှည်းကြုံကလည်း မရှိ၍ ကိုးတိုင်းရွာသို့ လိုက်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးတိုင်းရွာကိုအရောက်တွင် လှည်းပေါ်က ဆင်းကျန်ရစ်ခဲ့သည်။ နေကားစောင်းခဲ့လေပြီ။ ဒေါင်းဖိုရွာကို ယောကျ်ားတစ်ယောက်၏ခြေလှမ်းနှင့်ပင် တစ်နာရီကျော်ကျော်ခန့် လျှောက်ရလိမ့်မည်။

ကိုဒွေးသည် တစ်ယောက်တည်း စိတ်အေးချမ်းသာစွာနှင့်ပင် တာလမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။ ကျနေခြည်က အပူရှိန်လွန်ကဲနေသေးသည်။ တာလမ်းမကြီးပေါ်မှာ နေပူရှိန်ကရှိနေသေး၍ အောက်ဖက်ကို ဆင်းပြီးတော့ . . လျှော့လာခဲ့သည်။ အတော်ကလေးလျှောက်လာပြီးသောအခါ ညာဘက်တွင် ကျသောင်းဝါးပင်ကြီးများပေါက်နေသော နေရာကို ရောက်ခဲ့လေသည်။

အရိပ်အာဝါသက ပိုပြီးတော့ကောင်းနေ၍ အတွင်းဘက်ကို လှမ်းဝင်ပြီးတော့ လျှောက်လာခဲ့လေသည်။

ထိုစဉ် . .

"အူဝဲ . . အူဝဲ . . အူဝဲ"

မွေးကင်စကလေးငယ်တစ်ဦး၏ ငိုသံကို မမျှော်လင့်ပဲ ကြားလာခဲ့ရသည်။ စောစောကလည်း ထိုအသံကို ကြားနေမိသလိုပင် ရှိနေခဲ့လေသည်။

"ကလေးငိုသံဝါလား၊ စောစောကတည်းက ငါကြားနေမိသလာလို့၊ စိတ်အထင်လို့ပဲ မှတ်နေမိခဲ့တာ"

နေရာမှာရပ်ပြီး သေချာစွာ နားထောင်ကြည့်မိ





သောအခါ . . .

"အူဝဲ . . အူဝဲ . . အူဝဲ"

"ကျိန်းသေတယ်၊ ဒါ . . ကလေးငိုသံပဲ၊ ဒါလောက်တောင်ငိုလှတာ သူ့အမေက ဘယ်ရောက်နေလို့လဲ၊ ဒါမှမဟုတ် လမ်းခရီးမှာ သွားရင်း၊ လာရင်းနဲ့ ကလေးက လေနာရောဂါများဖြစ်နေလို့များလား . . "

သိလိုစိတ်နှင့် အသံထွက်ပေါ်လာရာဆီကို မှန်းဆပြီးတော့ထွက်လာခဲ့လေသည်။ တဖြည်းဖြည်းနှင့် ဝါးရုံကြီးတွေကို ကျော်လွန်လာခဲ့သည်။ အသံကိုတော့ မကြားရတော့၊

"ဟင်၊ ဘာမှလည်း မတွေ့ရပါလား . . "

အံ့အားသင့်သွားခဲ့ရလေသည်။ စောစောက သေသေချာချာပင်ကြားခဲ့လိုက်ပါလျက်နှင့် ယခုဘာကိုမှမတွေ့ရသည်က နားမလည်နိုင်တော့ပေ၊ ကိုဒွေး၏မျက်လုံးတွေက တစ်နေရာကို ရောက်သွားခဲ့လေသည်။ အမြင်ကလည်း စူးရှလှသည် သူတွေ့လိုက်ရသည်က . . လက်ညှိုးသာသာခန့်ရှိ သစ်သားလုံးချောလေးတစ်ခုပင်၊ မြေပြင်ပေါ်မှာကျနေသည်။ အသာထိုင်ပြီး ကြည့်လိုက်သောအခါ လူရုပ်လေးတစ်ရုပ် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ မွေးကင်းစကလေးငယ်လေး တစ်ဦးသဏ္ဍာန်ထုလုပ်ထားသည်။ ပက်လက်အနေအထားဟု သိမြင်နေရသည်။ အဝတ်အစား၊ နီးအဝတ် စသည်တို့မပါပေ။

"ဘယ်လိုဟာလေးပါလိမ့်၊ သစ်ကိုင်းကပဲ မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာလား၊ ဒါပေမယ့် မတော်တဆတော့ မဖြစ်နိုင်ဘူး၊ တမင်တကာထုလုပ်ထားတာပဲ၊ ဘယ်လိုစိတ်ကူးကြောင့်များ သည်လူရုပ်သေးသေးလေးကို ထုလုပ်ထားတာပါလိမ့် . . "

ကိုဌေးသည် လက်နှင့်လည်းမကိုင်ကြည့်ရဲပေ၊ သူ့စိတ်ထဲမှာ သဘာဝအလျောက်ဖြစ်နေသည်ပဲလား၊ သို့မဟုတ် လူလုပ်လက်ရာလားဆိုသည်ကို မဝေခွဲနိုင်ပေ။

ထိုစဉ်မှာပင် . . .

ကိုဌေး၏အသိအာရုံထဲမှာ မိုက်ကနဲဖြစ်သွားခဲ့လေသည်။ နေပူရှိန်ဒဏ်ကြောင့် ဤကဲ့သို့ ခံစားလိုက်ရသည်ပဲလား မပြောတတ်၊ တစ်ခါမှတော့ ဤသို့မဖြစ်ဖူးပေ၊ ဝန်းကျင်ပတ်ကုန်းသည်လည်း အရောင်ကအစ ပြောင်းလဲသွားခဲ့သည်ဟု သတိထားမိလိုက်လေသည်။ ညစ်မှိုင်းမှိုင်းအရောင်သို့ပြောင်းလဲသွားခဲ့သည်။

"ဟင် . . ငါဘယ်လိုဖြစ်တာပါလိမ့် . . "

ကိုယ့်ကိုယ်ကိုလည်း စဉ်းစား၍မရတော့ပေ၊ ကျန်းမာရေးကြောင့်လား၊ အားနည်းသွားခဲ့တာလား၊ နေရာက ရုတ်တရက်ထရပ်လိုက်သည်။ ခေါင်းထဲမှာ ဗောဗောကလောက် အခြေအနေမဆိုးတော့ပေ။ မိမိလာရာလမ်းအတိုင်း ပြန်လှည့်ပြီးတော့ ပြန်မည်ပြုလိုက်ရာ။

"ဟင် . . ငါလမ်းမမှတ်မိတော့သလိုပါလား"

လမ်းကို မမှတ်မိတော့သလိုဖြစ်သွားခဲ့ရလေသည်။





"ဒီနားနဲ့ဒီနား ငါလျှောက်လာခဲ့တာပဲ၊ ဘယ်လိုကြောင့် ငါလမ်းကို မမှတ်မိရတော့တာလဲ"

ကိုဌေးသည် မိမိ၏အခြေအနေကို ယူဆန်းနေမိသည်။ အံ့အားလည်းသင့်နေမိလေသည်။

ထိုစဉ် . . .

"ဟိတ် . . မင်းဘယ်သူလဲကွ"

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေသည်။ ရုတ်တရက်မို့ ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရသည်။ အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် လူသုံးယောက်ကို တွေ့လိုက်ရသည်။ သုံးယောက်စလုံး ဒယ်အိုးဖင်တမျှ နက်မှောင်သောအသားအရောင်များ ရှိနေကြသည်။

ထိုသုံးယောက်သည် လုံချည်ကို ခါးတောင်းပြောင်အောင်ကျိုက်ထားကြလေသည်။ ခါးအထက်ပိုင်းက အင်္ကျီများဝတ်စားမထားကြပေ၊ ကျောပြောင်ကြီးနှင့်ရှိနေကြသည်။ လက်ထဲမှာတော့ ဓါးရှည်ကိုယ်စီနှင့်၊

"ဒါလောက် မည်းမှောင်တဲ့လူတွေကို ငါ တစ်ခါမှ မတွေ့ဖူးပါလား၊ သူတို့ကိုလည်း သည်အနားတစ်ဝိုက်မှာ တစ်ခါမှ မမြင်ဖူးပါဘူး၊ ပြီးတော့ ရုပ်တွေကလည်း ဘယ်လိုကြီးတွေပါလိမ့်"

"ငါမေးနေတယ်လေ၊ မင်း ဘယ်ကလဲလို့ . . "

ထိုသူက စိတ်မရှည်စွာနှင့် ထပ်ပြီးတော့ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ လက်ထဲက ဓါးကြီးတဝင့်ဝင့်နှင့် ကိုဌေးဆီကို ပြေးဝင်လာတော့မလိုနှယ်ရှိနေသည်။

"နေစမ်းပါဦးလေ၊ သူကဖြေမှာပါ ကဲ. . ဟေ့ သူငယ် မင်းဖြေလိုက်လေကွယ်၊ သည်ကောင်က သိပ်ပြီးဒေါသကြီးတာကွယ့်၊ သူမေးတာကိုမဖြေရင် အဲ့သည့်ကောင်ကတော့ မသက်သာဘူးမှတ်၊ ကဲ . . ကဲ ဖြေလိုက်၊ ဖြေလိုက်"

တစ်ယောက်ကသဘောကောင်းသလိုလိုနှင့် ဝင်ပြောသည်။ ကျန်တစ်ယောက်ကတော့ ကိုဌေးကို မျက်ထောက်နီကြီးနှင့် လှမ်းပြီးတော့ ကြည့်နေလေသည်။

"ကျုပ် ခင်ဗျားတို့ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါဘူး၊ သည်တောထဲမှာ . . ဘာလုပ်နေကြတာလဲ"

"ဟိတ်၊ မင်းက ငါတို့ကို ပြန်ပြီးတော့ မေးစရာမလိုဘူး၊ နားသွားချင်သလား၊ ကဲ . . ဖြေစမ်း မင်းဘယ်သူလဲလို့"

ထိုသူက ဒေါသပိုပြီးတော့ကြီးသည်။ ခေါင်းဆောင်လည်း ဖြစ်ပုံရသည်။ ကိုဌေးသည် သူ့ခြေထောက် နှစ်ခုကြားမှာ ရောက်နေသည်။ ကလေးအရုပ်သစ်သားပိုင်းလေးကို မသိမသာ နင်းချလိုက်မိလေသည်။ ဘာရယ်လို့တော့ မဟုတ်ပါ၊ လုပ်မိလုပ်ရာ လုပ်မိလိုက်ခြင်းပင်၊

ထိုစဉ် . . .

တိုက်ဆိုင်မှုလားပဲမသိ၊ သူတို့နှင့်မလှမ်းမကမ်းရှိ ခြုံနှစ်ခြုံကြားမှာ လေတစ်ချက်ဝေ့သွားခဲ့လေသည်။ တစ်နေရာတည်းမှာ လေပွေလေးတစ်ခုက လည်ပတ်သွားသည်။ ထို့နောက် သူတို့ဆီကို တဟီးဟီးနှင့်လှည့်ကာ ရောက်လာခဲ့လေသည်။ ဝန်းကျင်မှာလည်း ဖုံတစ်လုံးလုံးနှင့် ဖြစ်သွားခဲ့ရလေ၏။

လေပွေက ရပ်သွားသောအခါ . . ဘာမှမတွေ့ရသော်လည်း ဝါးရုံပင်ကြီးတစ်ပင်၏ အကွယ်မှ သဏ္ဌာန်တစ်ခုက ခုန်ထွက်လာခဲ့လေသည်။

○ ○ ○





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

## တောထဲက ကယ်တင်ရှင်

ယင်းခုန်ထွက်လာသော သဏ္ဌာန်ကား .. အသက်ဆယ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်ပင်တည်း ကလေးပေမယ့် ခေါင်းထိပ်တည့်တည့်မှာ ထိပ်စုပြီး ဆံပင်ကို ထုံးနှောင်ထားသည်။

အနက်နှင့် အစိမ်းရောင် ရောယှက်ကာဖောက်ထားသော ပိုးချည်ကိုဝတ်ဆင်ထားသည်။ သို့သော် .. အံမှောင်ရိပ်အနည်းငယ်ကျနေ၍ အင်္ကျီအရောင်သည် အစိမ်းပုတ်ရောင်သန်းနေလေသည်။

အင်္ကျီကတော့ သူငယ်တော်တစ်ဦး ဝတ်ဆင်ထားသကဲ့သို့ အနားစမှာ အကွပ်ပါသည်။ ကော်လာကတော့မပါ

www.burmeseclassic.com

www.burmeseclassic.com



ဒူးဆစ်ကျော်သော ပိုးဘောင်းဘီအစိမ်းပုတ်ရောင်ကို ဝတ်ဆင်ထားပြီး အပြာရောင်လုံချည်ကို အောက်ပိုးကျိုက်ထားလေသည်။

ကောင်လေး၏မျက်နှာသည် အရွယ်နှင့်မလိုက်အောင်ပင် တင်းမာခက်ထန်လျက်ရှိနေလေသည်။ ကျောထက်မှာ ခါးအိမ်နှင့်ထည့်ထားသော ဓါးရှည်တစ်ချောင်းကို ထည့်ထားသည်။

"ခင်ဗျားက ဘာဖြစ်လို့ ဟိုအရုပ်ကလေးကို တက်နင်းထားရတာလဲ"

လက်ညှိုးထိုးပြီးတော့ ပြောသည်။ ကလေးလေသံပေမယ့် လူကြီးတစ်ယောက်၏ မျက်နှာထားအတိုင်းပင် တင်းမာခက်ထန်လျက်ရှိလေသည်။ ထိုကလေးရောက်လာသောအခါ စောစောကလူသုံးယောက်က နောက်ကို မသိမသာဆုတ်ပေးလိုက်ကြလေသည်။

"ဟော . . နောက်တစ်ယောက်ရောက်လာပြန်ပြီ၊ ဘယ်က လူငယ်လေးပါလိမ့်"

ကိုဋ္ဌေးမှာ အံ့အားသင့်၍မဆုံးဖြစ်နေသည်။ သည်လူတွေသည် မည်သည့်နေရာက ရောက်လာကြမှန်းလည်းမသိ ဇာတ်တစ်ခုခုထဲကလား၊ ရုပ်ဖျက်ပြီး မိမိကို ခြိမ်းခြောက်နေတာလား၊ အတည်နှင့်နောက်ပြောင်နေတာလား၊ မပြောတတ်။ ကိုဋ္ဌေးသည် ဘာစကားမှ ပြန်မပြောတော့ပဲ စိတ်ပျက်လက်ပျက်နှင့် လှည့်ထွက်လာခဲ့လေသည်။

"ဟိတ် . . . မေးနေတာကို မဖြေပဲ ဘာဖြစ်လို့လှည့်





ပြန်သွားခဲ့ရတာလဲ"

ဟိတ် . . . ဆိုသောအသံနှင့်အတူ ကိုဋ္ဌေး၏ ရှေ့မှောက်ကို သဏ္ဍာန်တစ်ခုက ဖျတ်ခနဲဆို ကျလာခဲ့လေသည်။ စောစောက ကလေးပင်။ ကိုဋ္ဌေးနှင့် ငါးပေအကွာလောက်မှာ ရပ်နေသည်။ အရွယ်နှင့်မလိုက်အောင် စကားက ရင့်သီးလှသည်။ ကိုဋ္ဌေး ရုတ်တရက်တော့ စိတ်အလိုမကျဖြစ်သွားခဲ့ရလေသည်။

"သည်မှာကလေး . . မင်းဟာ ငါ့မွေးရင် ငါ့သားလောက် ရှိသေးတယ်၊ ကိုယ့်မိဘအရွယ် လူကြီးသူမတစ်ယောက်ကို ဒီလိုမလေးမစား မဆက်ဆံသင့်ဘူး . . ."

"ဟား . . ဟား . . . ဟား . . ဟား ကျုပ်က သည်လိုမျိုးဆက်ဆံရမှ ကျေနပ်တာဗျာ၊ ကျုပ်ကို ဆရာမလုပ်နဲ့ . ."

"မင်းရဲ့မိဘတွေက ဘယ်သူလဲ ဘယ်ဒိုးပတ်အဖွဲ့ကလည်း၊ ဟိုလူတွေကကော ကိုယ့်ကိုယ်ကို ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ငါ့ကို လမ်းခရီးမှာ ပိတ်ပင်တားဆီးနေကြတာ၊ တမင်သက်သက် အနှောင့်အယှက်ပေးနေကြတာပဲ၊ ခင်ဗျားတို့ကလည်း သည်ကလေးကို အားပေးအားမြှောက်လုပ်ကြတယ်၊ ဒါ . . ကလေးရဲ့ စိတ်ဓာတ်ကို ဖျက်ဆီးပစ်တာပဲဗျ . . ."

ကိုဋ္ဌေး၏ စကားကြောင့် မျက်နှာမည်းကြီးသုံးယောက်သည် ယောင်ချာချာဖြစ်သွားခဲ့ကြလေသည်။

"ဘာစကားပြောတာလဲဗျ . . ကျုပ်ခိုင်းတာကို လုပ်ကြရတဲ့ သူတွေဗျ၊ ဘာတွေလာပြောနေတာလဲ။ တော်တော်စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောရှည်တဲ့လူပဲ. . ကိုင်းကွာ"

ထိုသူငယ်လေးသည် အရွယ်နှင့်မလိုက်အောင်ပင် ဖျတ်ခနဲဆို တစ်ချက်ခုန်လိုက်သည်။ ညာလက်ကလည်း ကျောထက်ရှိ အိမ်ထဲက ဓားကို လက်နောက်ပြန်ဆွဲထုတ်လိုက်လေ၏။ မြောက်တက်သွားသော ခန္ဓာကိုယ်က အောက်ကို ပြန်အကျမှာ ကိုမြှေးကို တစ်ချက်တည်းပင် ပိုင်းချလိုက်လေ၏။

ကိုမြှေး၏ မျက်လုံးထဲမှာ ဝင်းခနဲဆို မီးပွင့်ထွက်သွားခဲ့ရလေသည်။ သည်တစ်ခါတော့ သွားပြီဟု မျက်လုံးများပင် ပျာဝေသွားခဲ့ရလေသည်။

သို့သော်. .

"ထန်"

သံသံချင်း ထိခတ်သွားသံကို မမျှော်လင့်ပဲ ကြားလိုက်ရလေသည်။ မျက်လုံးထဲမှာ ရိပ်ခနဲဆို မြင်လိုက်ရသည်ကား သူတို့ နှစ်ယောက်ကြားကို ခုန်ဝင်လာသော သဏ္ဍာန်တစ်ခု လက်ထဲမှာလည်း ဓားရှည်တစ်ချောင်းက ပါလာခဲ့လေသည်။ ကိုမြှေးအပေါ်မှာ ကျလာသည့် ဓားချက်ကို သူ၏ ဓားဖြင့် ဆီးကာခံလိုက်ခြင်းပင်။

○ ○ ○





ဓားနှင့် ပြေးဝင်လာသော ကောင်လေးသည်လည်း ကိုမြှေးကို ရန်ရှာသည့် ကောင်လေးနှင့် ရွယ်တူလောက်ပဲရှိလိမ့်မည်။ သျှောင်ပေစူးနှင့်ဖြစ်သည်။ ကော်လာပါသော အဝါရောင်ရှပ်အကျီလက်တိုလေးနှင့် ရှမ်းဘောင်းဘီပိုးသာ အသားရောင်ကို ဝတ်ထားသည်။ အသားကတော့ ဝင်းဝါပါလိမ့်မည်ဟုထင်သည်။ မျက်နှာကို တစ်ဝက်ပဲမြင်လိုက်ရလေသည်။

ထိုကောင်လေးသည် စောစောက ကောင်လေး၏ ဓားချက်ကို ဆီးကာခံလိုက်ခြင်းဖြစ်ပင်။ ကိုမြှေးအသက်ချမ်းသာရာရသွားခဲ့လေသည်။

"မင်းက. . လူကြီးတစ်ယောက်ကို စော်စော်ကားကား ကိုယ့်အဖေအရွယ်လောက်ရှိတယ်ကွ"

ထိုကောင်လေးက သွက်လက်သော ဓားချက်များကို ပစ်သွင်းသည်။ ဒေါသနှင့် ပြောလည်းပြော၊ တရစပ်လည်း မပြတ် ထိုးခုတ်တိုက်ခိုက်သည်။

"ထန်. . ထန်"

မျက်နှာထားတင်းတင်းနှင့် ကောင်လေးကလည်း မမျှော်လင့်ပဲ ဝင်ရောက်တားဆီးတိုက်ခိုက်သော သူကို အံ့အားတသင့်နှင့် ပြန်ပြီးတော့ တိုက်ခိုက်လေသည်။

သို့သော် . . .

မျက်နှာထားတင်းတင်းနှင့်ကောင်လေးသည် တစ်ချက် ကောင်လေး၏ ဓါးချက်ကိုမခံနိုင် နောက်ကိုသာ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆုတ်နေရသည်။ ရပ်ကြည့်နေကြသော မျက်နှာမည်းနှင့် လူကြီးသုံးယောက်သည် မိမိတို့ဘက်မှအခြေအနေဟန်ပုံမပေါ်သောကြောင့် ထိုကောင်လေးကို ဝင်ပြီးတိုက်ခိုက်ကြလေတော့သည်။

လေးယောက်နှင့်တစ်ယောက် တိုက်ခိုက်ကြသည့်တိုက်ပွဲ အဝါရောင်အင်္ကျီဝတ်ထားသော ကောင်လေးကလည်း အရှုံနှင့်မလိုက်အောင် ဓါးရေးကမကောင်းလှသည်။ လှုပ်ရှားပုံကလည်းသွက်လက်သည်။ သို့သော် .. ကိုထွေးကတော့ ထိုကလေးအတွက် စိုးရိမ်နေမိလေသည်။ မညီမျှသောရင်ဆိုင်မှု တိုက်ခိုက်မှုတို့ကြောင့်ပဲဖြစ်သည်။

"သူခင်မျာ၊ ငါ့ရဲ့အသက်ကိုကယ်တင်ရှာတာ၊ မတော်တဆများ ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင် ငါစိတ်ကောင်းနိုင်မှာမဟုတ်ဘူး .."

တိုက်ပွဲကိုကြည့်ပြီး ရင်တထိတ်ထိတ်နှင့် ရှိနေရလေသည်။ သို့သော် .. အင်္ကျီအဝါလေးဝတ်ထားသော ကောင်လေး၏ ဓါးချက်ကို ထိုသူလေးယောက်မှာ အနိုင်နိုင်ပင် တိုက်ထုတ်နေရလေသည်။ တစ်ဦးပြီးတစ်ဦး လန်ထွက်သွားခဲ့ကြသည်။ မျက်နှာမည်းကြီးသုံးယောက်သည်လည်း လက်မှာ ကိုယ်မှာ၊ လက်မောင်းမှာ ဓါးချက်တွေက ထိပြီးခဲ့ကြလေပြီ။

နောက်ဆုံးဓါးချက်က ကိုထွေးကို ဝင်ရောက်တိုက်ခိုက်သော ပထမကောင်လေး၏ လက်မောင်းထဲသို့ စိုက်ဝင်သွားခဲ့လေသည်။



"အား.."

ကောင်လေး၏မျက်နှာက ရှုံ့မဲ့သွားခဲ့ရသည်။ ဓါးတတော့ လက်ထဲကလွတ်ကျမသွား မြဲမြဲစွာဆုပ်ကိုင်ထားသည်။ သို့သော် . . . နောက်မှဝင်လာသော ကောင်လေးကို ဆက်ပြီးမတိုက်ရဲတော့။ နောက်ကိုတစ်လှမ်းပြီးတစ်လှမ်း ဆုပ်သွားခဲ့လေသည်။

"မင်းက ငါ့အလုပ်ကို ဝင်ပြီးတော့ နှောင့်ယှက်တယ်၊ နေနှင့်ဦးပေါ့ကွာ၊ ငါ့အကြောင်းသိမယ် . ."

အဝေးကနေပဟိန်းဟောက် ကြိမ်းခြောက်လိုက်လေသည်။ ထိုအခါ အဝါရောင်အင်္ကျီနှင့်ကောင်လေးသည် မြေပြင်မှာကျနေသည့် ကလေးသဏ္ဍာန်ရုပ်တုလေးလိုလိုအရာကို ဓါးဦးနှင့် ထိုးစိုက်ကာ ယူလိုက်သည်။ သစ်ပင်ပင်စည် တစ်ခုမှာတင်ပြီး ဓားဦးကို ထိုးနှစ်ကာ ခွဲခြမ်းပစ်လိုက်လေ၏။

"အား. . ."

ခက်ထန်သော မျက်နှာနှင့် ကောင်လေးဆီက အားခနဲ ဆိုထွက်ပေါ်လာပြီး ထိုနေရာက တစ်ချိုးတည်း ပြေးထွက်သွားခဲ့လေသည်။ သူထွက်ပြေးသွားခဲ့သည်နှင့် မျက်နှာမည်းကြီးသုံးယောက်တို့သည်လည်း နောက်ကလိုက်သွားကြလေသည်။

သူငယ်တစ်ဦးတည်းသာ နေရာမှာရပ်ပြီးတော့ ကျန်ရစ်ခဲ့လေသည်။ ကိုထွေးက ထိုသူငယ်ကို ကျေးဇူးတင်စကားပြော

www.burmeseclassic.com

www.burmeseclassic.com



မည်အပြုမှာ သူငယ်က ကိုမြွေးကို တစ်ချက်ပြုံးကြည့်လိုက်ပြီး နေရာမှ အပြေးတစ်ပိုင်းထွက်သွားခဲ့လေသည်။

"သူငယ်. . ဟေ့ သူငယ်"

နောက်မှနေလှမ်းပြီးတော့ ခေါ်သော်လည်း သူငယ်ကား တောထဲကို ဝင်ကာပျောက်ကွယ်သွားခဲ့လေပြီတည်း။

○ ○ ○

ကိုမြွေးသည် အိမ်သို့မမှောင်မီမှာပင် ပြန်ရောက်လာခဲ့လေသည်။ လမ်းမှာလည်း မိမိကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို မည်သူ့ကိုမှ ပြောမပြခဲ့ပေ။ ဇနီးဖြစ်သူ မရီကိုတော့ ညအိပ်ယာဝင်ချိန်ကျမှ အေးအေးဆေးစွာ ပြောပြလိုက်လေသည်။

"ဟင် ဟုတ်လား. . သူတို့က တောပုန်းခါးပြတွေလားမှမသိတာ၊ ရှင့်ကို ရုပ်ဖျက်ပြီးတော့ တိုက်ခိုက်လုယက်ကြမလို့ထင်တယ်"

"တောပုန်းခါးပြဆိုရအောင်လည်း အသက်ဆယ်နှစ်လောက်ကလေးနှစ်ယောက်ကလည်း ပါနေတယ်၊ တစ်ယောက်က ငါ့ကိုဝင်ပြီးတော့ကယ်တယ်၊ ငါလည်း ဘယ်လိုမှ တွေးမရတော့ဘူး မရီ. . ."

"ဒါမှမဟုတ် အနောက်သန်ကြတဲ့သူတွေက ရှင့်ကို နောက်ပြောင်ကြတာလားမှ မသိတာ"



"နောက်ပြောင်တာလည်း မဖြစ်နိုင်ဘူးကွ၊ ဟိုကောင်လေးရဲ့ဓားချက်တွေ တစ်ကယ်ထိသွားခဲ့ကြတယ်၊ ငါတွေ့နေရတယ်"

"ဟင်. . ဟုတ်လား၊ သည်လိုဆို အဲ့သည်ကောင်လေးနှစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကိုပြောပြပါဦး၊ ဟိုမျက်နှာမည်းကြီးသုံးဦးကတော့ ရုပ်ဖျက်ထားကြရင်ဆိုရင်လည်း မှတ်မိစရာအကြောင်းမရှိဘူး"

ကိုမြွေးသည် စိတ်မပါတပါနှင့် သူငယ်လေးနှစ်ဦး၏ ပုံပန်းသဏ္ဌာန်များကို ပြောပြလိုက်လေသည်။

"ဟင်. ."

မရီသည် ကိုမြွေး၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး

"လာ ကိုမြွေး"

အထပ်ခိုးရှိရာကိုခေါ်သွားခဲ့လေသည်။ အခန်းလေးထဲကိုရောက်သောအခါ အဝတ်အစားများထဲ့ထားသော ဘီရိုသေးသေးလေးထဲမှ အဝတ်တစ်စုံကို ထုတ်ယူကာ ပြလိုက်လေသည်။

"သည်. . သည်အဝတ်အစားမျိုးလား. . ကိုမြွေး"

ကိုမြွေးသည် ထိုအဝတ်အစားတစ်စုံကို ကိုင်ကြည့်လိုက်ရာ မျက်လုံးတွေက တဖြည်းဖြည်းနှင့် ဝိုင်းစက်လာခဲ့ရလေသည်။

"ဟင်. ."

ကိုမြွေးကိုင်ထားသည့် အဝတ်အစားများသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ကော်လာပါသော အဝါရောင် ရှပ်အကျီလက်တိုလေးနှင့် ရှမ်းဘောင်းဘီပိုးသားအသားရောင်လေးပင်တည်း။

○ ○ ○

တစ်ရက်တွင်. . .

ရွာလည်ဇရပ်ကြီးတစ်ခု၌ ရပ်ရေးရွာရေးကိစ္စများကို ဆွေးနွေးတိုင်ပင်ကြသည်။ လူကြီးများနှင့်အတူ ကိုဒွေးလည်း ပါရှိလေသည်။ ကိစ္စဝိစ္စများ ဆွေးနွေးပြီးကြသောအခါ ရွာမှ ဗဟုသုတကြွယ်ဝသူ ရှေ့မီနောက်မီပုဂ္ဂိုလ် သက်ကြီးရွယ်အိုတစ်ဦးဖြစ်သူ ဦးဖိုးလုံးဆိုသူအား. . .

"အဘ လူခြောက်နဲ့ပတ်သတ်ပြီး သိတာများ ဘာရှိပါသလဲ၊ ဗဟုသုတအဖြစ်နဲ့ မှတ်သားထားနိုင်အောင် ပြောပြပါလားခင်ဗျာ. . ."

ကိုဒွေးကပင် မအောင့်အည်းနိုင်တော့ပဲ မေးလိုက်လေသည်။ ထိုသူများထဲတွင် ဘုန်းတော်ကြီးကျောင်းဇရပ်၌ တိုင်ပင်ဆွေးနွေးခဲ့ကြသူများလည်း ပါရှိနေကြသည်ဖြစ်ရာ. . .

"ဟုတ်တယ် အဘ. . ကျွန်တော်တို့လည်း သည်ကိစ္စကိုမကြာခင်ကမှ ဆွေးနွေးတိုင်ပင်ဖူးခဲ့ကြပါတယ်၊ အဘက သည့်ထက်များပိုပြီးတော့သိရင် ရှင်းပြပေးပါလားခင်ဗျာ. . ."

"မင်းတို့က ဘယ်လိုသိထားခဲ့ကြပြီး ဆွေးနွေးခဲ့ကြတယ်





ဆိုတာကို ငါ့ကိုအရင်ပြောပြပါဦး. . ."

ထိုသူများက မိမိတို့သိထားသော အကြောင်းကို ပြောပြနေကြသည်။ စကားဆုံးသွားသောအခါ ဦးဖိုးလုံးက

"အင်း. . မင်းတို့ ကြားသိထားကြတာတွေကတော့ ငါသိထားတဲ့အတိုင်းပါပဲလေ။ ဗုဒ္ဓဘာသာအရဆိုရင်တော့ အဲ့သည်လို လူရုပ်လို့ခေါ်ရတဲ့ သတ္တဝါလေးဟာလည်း အမိဝမ်းထဲမှာ သန္ဓေတည်ခဲ့ကာပါပဲ. . . ဒါပေမယ့် သူကမွေးဖွားချိန်အထိမရောက်ပဲ ခရီးတစ်ဝက်တစ်ပြက်လောက်မှာပဲ သေဆုံးသွားခဲ့ရတယ်မဟုတ်လား. . ."

"အဲ့သည်တော့ လူသားလောင်းလျာရုပ်ကြွင်းလေးဟာ ကံအားလျော်စွာ ပေတဘဝ (ဂန္ဓဗ္ဗ၊ ဝေမာနကပြိတ္တာ)မျိုးမှာ လာဖြစ်ရတယ်၊ ဖြစ်နိုင်ခဲ့တဲ့ ကိစ္စပေါ့လေ၊ လူတွေက လူခြောက်ဟာ စီးပွားပေးတယ်၊ လာဘ်လာဘကိတဖြစ်စေတယ်လို့ ပြောနေဆိုနေကြတာပဲ. . ."

"နို့ မဟုတ်ဖူးလား. . အဘ"

"ငါကတော့ မယုံဘူးလည်းမဟုတ်ဘူး၊ ယုံတယ်လည်း မဟုတ်ဘူး. . စီးပွားတက်တယ် မတက်ဘူးဆိုတာကတော့ ကိုယ့်ရဲ့ကံတရား၊ လုံးလ၊ ဝိရိယ၊ ဉာဏ်စွမ်းအပေါ်မှာ မူတည်တာပဲ. . . ဒါပေမယ့် တိုက်ဆိုင်မှုရယ်လို့ဖြစ်လာပြန်တော့လည်း ဒါကြောင့်ရယ်လို့ ထင်ကြတာပေါ့လေ"

ဦးဖိုးလုံးက မယုတ်မလွန်သော စကားကိုပြောလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်ကဲ့. . . ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဗဟုသုတအဖြစ်သိရတာပေါ့. . ."

"အေး. . . ဒါဆိုရင်လည်း ငါသိရသလောက်ပြောပြရတာပေါ့။ တစ်ချို့လူခြောက်တွေဟာ အကျိုးမပေးကြဘူးတဲ့ မိဘစည်းစိမ်ဥစ္စာတွေကို ပျက်စီးပြုန်းတီးစေတတ်တယ်တဲ့ သဘောကတော့ လူခြောက်ကတော့ ဖျက်ဆီးပစ်တာမဟုတ်ဖူး ပေါ့ကွာ. . သူ့အကုသိုလ်တရားနဲ့သူ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးလျော့သွားတာမျိုး၊ ဆုံးရှုံးသွားတာမျိုးကို သဘောပေါက်နားမလည်ပဲရမယ်ရှာပြီးတော့ ပြောတာဖြစ်မှာပေါ့. ."

"ကိုယ့်မိဘကို ပြန်ပြီးတော့ ဒုက္ခပေးတယ် မပေးဘူးဆိုတာထက် တခြားသူတွေကိုတော့ ဒုက္ခပေးတတ်သေးလား အဘ. . ."

သည်တစ်ခါ မေးလိုက်သူက ကိုဒွေးပင်. . .

"အဲ့သည်လိုတော့ မကြားမိပါဘူးကွယ်. . . တစ်ခုတော့ ရှိတယ်၊ လူကြီးတွေရဲ့ သက်ကြီးစကားသက်ငယ်ကြားဆိုတဲ့ စကားအရဆိုရရင်တော့ ငါကြားဖူးထားတာတွေရှိတယ်။ လူခြောက်အစီအရင်နဲ့ ခိုးဝှက်တာ၊ ဓါးပြတိုက်တာ၊ လူရိုက်ခိုင်းတာတွေမျိုးရှိတယ်လို့ဆိုပဲ။ ယုတ္တိမတန်လှပါဘူးလေ"

ကိုဒွေးသည် ဟိုတစ်လောက မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို သတိရမိသွားခဲ့လေသည်။ တိုက်ဆိုင်မှုပဲဖြစ်နေ





မည်လား၊ မပြောတတ်။

"နောက်ထပ်တစ်ခုကတော့ အရင်ဘဝဟောင်းတုန်းက မိဘကို အကြိမ်ကြိမ်စော်ကားခဲ့ဖူးတဲ့သူဟာ သေလွန်သွားတဲ့ အခါ ကံမကောင်းအကြောင်းမလှရင် သည်လိုဘဝမျိုးကို ရောက်တတ်တယ်တဲ့။ လူခြောက်ဘဝဆိုတာ မိဘနဲ့လည်း အတူမနေရ၊ လိုချင်စားချင် ဝတ်ချင်ရင် မိခင်ကိုသာ အိပ်မက်ပေးပြီးတော့ တောင်းတတ်သတဲ့. . . .

တစ်ချို့လည်း ပစ္စည်းဥစ္စာပေးတတ်ကြတယ်ဆိုတာပဲ ဘာပဲဖြစ်ဖြစ် ချင့်ချင့်ယုံကြပေါ့ကွယ်"

အဘလုံသည်လည်း အာခြောက်သွားဟန်နှင့် အကြမ်းရေတစ်ခွက်ကို သောက်လိုက်သည်။ စကားကိုလည်း လက်စသတ်လိုက်လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)
# လသာသာ သစ်ပင်အောက်က ကလေးတစ်ယောက်

တစ်ရက်တွင် . . .

မရိ၏မောင်အငယ်ဆုံးဖြစ်သူ ထွေးမောင်ဆိုသူသည် ဒေါင်းဖိုရွာကို ရောက်လာခဲ့လေ၏။ သူသည် လူပျိုကြီးတစ်ဦးဖြစ်သည်။ ဒေါင်းဖိုရွာတွင် ပန်းပဲလုပ်ငန်းကို လုပ်ကိုင်ရင်း ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။

ဒေါင်းဖိုရွာသားများသည် မိမိတို့လိုအပ်သော ဓါး၊ လှံသွား၊ ပေါက်တူး၊ ပေါက်ပြား၊ လယ်ယာသုံးပစ္စည်းများလိုအပ်ခဲ့လျှင် မြို့ကိုပြေးကြရသည်။ ရွာမှာပန်းပဲဖိုမရှိပေ။ ထွေးမောင်က ပန်းပဲလုပ်ငန်းကို ကျွမ်းကျင်သူဖြစ်သည်။

ဤရွာမှာ ပန်းပဲအလုပ်ကိုလုပ်လျှင် စီးပွားဖြစ်နိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုဒွေးကယူဆသည်။ ထို့ကြောင့် ထွေးမောင်ကို လူကြုံနှင့် မှာကြားလိုက်ခြင်းပင်။ ကိုဒွေးတို့၏ခြံက နောက်ဖက်ကိုရှည်လျားသည်။ ကျယ်ဝန်းသည်၊ ပန်းပဲဖိုကြီးတစ်ခုကို တည်ဆောက်စေသည်။ ကိုဒွေးကပင် အရင်းအနှီးစိုက်ထုတ်ပေးလေသည်။

ခြံသည် လမ်းသွယ်တစ်ခုနှင့် ကပ်လျက်ရှိနေသောကြောင့် ဘေးပေါက်တစ်ခုကို ဖောက်ထားပေးသည်။ ထို့ကြောင့် ပန်းပဲဖိုရှိရာကို အိမ်ရှေ့ခြံတံခါးမှတစ်ဆင့် လာရန်မလိုတော့ပေ။

ထွေးမောင်သည် အိမ်မကြီးပေါ်မှာမနေပဲ ခြံထဲမှာသာ ပန်းပဲဖိုနှင့်တွဲလျက် တဲကြီးတစ်လုံးထိုးပြီးတော့ နေလေသည်။ တစ်ပတ်အတွင်းမှာပင် အလုပ်အပ်မည့်သူများရှိလာသည်။ လက်မလည်အောင် လုပ်ကိုင်ရသည်ဖြစ်၍ လူတစ်ယောက်ကိုပင် ငှားထားရလေသည်။ ရွာထဲက လူတစ်ယောက်ဖြစ်ပြီး အလုပ်ပြီးက အိမ်သို့ပြန်လေ၏။

တစ်ညတွင် . . .

ထွေးမောင်သည် အလုပ်ကလည်းပင်ပန်းထားသည်နှင့် အိပ်ယာဝင်လိုက်သည်နှင့် မကြာမီမှာပင် . . အိပ်မောကျသွားခဲ့လေသည်။ မည်မျှကြာသွားခဲ့သလည်းမသိ နားထဲမှာ တစ်စုံတစ်ရာကိုကြားလိုက်ရသည်။ ခြေသံလိုလိုကြားမိသည်။

"ဖျက် . . ဖျက် . . ဖျက် . . ဖျက်"

ခြံထဲမှာ ပြေးလွှားနေသောအသံများဟု ထင်ရသည်။

"ခေါက်တုန့်ခေါက်ပြန် ပြေးလွှားနေတဲ့အသံပါလား။





ခြံထဲကို ဘယ်သူများရောက်နေပါလိမ့် ဒါ . . ကလေးတစ်ယောက်ရဲ့ ခြေသံပဲ။

ဤအိမ်တွင် လူပိုမရှိမှန်း ကလေးမရှိမှန်းသိသည်။ ခြံစည်းရိုးကလည်းလုံပါတယ်၊ ဘယ်သူမှဝင်မလာနိုင်ပါဘူး၊ တံခါးပိတ်ထားတာပဲ၊ မသေချာလို့လားမသိပါဘူး"

ထွေးမောင်သည် တဲပေါ်ကဆင်းလိုက်သည်၊ အပြင်မှာ ထိန်ထိန်သာနေသောလရောင်ကြောင့် အလင်းရောင်ကကောင်းစွာပင်ရရှိနေလေသည်။ ထို့ကြောင့် . . . မီးအုပ်ဆောင်းမလိုပဲ ထွက်လာခဲ့သည်။

ခြံကျယ်ကြီးထဲမှာ သစ်ပင်ကြီးငယ်တို့ကရှိနေကြသော်လည်း အချို့နေရာများတွင် တလင်းပြင်ပမာပြန့်ပျူးညီညာလျက်ရှိနေလေသည်။ လရောင်သည် တိုက်ရိုက်ပင် ကျရောက်နေလျက်ရှိသည်။

"ဖျတ် . . ဖျတ် . . ဖျတ် . . ဖျတ်"

ခြေသံကထွက်ပေါ်လာခဲ့ပြန်လေသည်။ မနီးမဝေးဆီမှဖြစ်သည်။ နေရာအတိအကျခန့်မှန်း၍မရနိုင်ပေ။ တစ်နေရာတည်းမှာမဟုတ်ပဲ လျှောက်ပြေးနေသည်ကတော့ သေချာသည်။

ထွေးမောင်သည် ပိုပြီးသေချာသည်ဟုထင်ရသောနေရာကို လျှောက်သွားသည်။

"ရှဲ . . ရှဲ . . ရှဲ"

လေတစ်ချက်ဝေ့ကာတိုက်ခတ်သွားသည်။ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



များဆီက တရှဲရှဲနှင့် အသံများကထွက်ပေါ်လာခဲ့ကြလေသည်။ ထွေးမောင်၏စိတ်ထဲမှာ တစ်မျိုးကစ်မည်ဖြစ်သွားခဲ့ရလေသည်။ သူ၏မျက်လုံးအစုံသည် သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားခဲ့လေသည်။

လူရိပ်သဏ္ဍာန်တစ်ခု . .

ကလေးငယ်တစ်ယောက်ပင်၊ အသက်ဆယ်နှစ်ခန့်ရှိပေလိမ့်မည်၊ သစ်ပင်ကြီးတစ်ပင်ကို ပက်ပြေးနေလျက်ရှိသည်။ တစ်ယောက်တည်း ဆော့ကစားနေသလိုမျိုးပင်၊ တခစ်ခစ်တဟားဟားနှင့်လည်း ရယ်မောနေသည်။

ထိုကလေးသည် ယောင်ပေစူးလေးနှင့်ဖြစ်သည်။ ရှပ်အကျႌ (ကော်လာမပါ) နှင့် လုံချည်ကို ဝတ်ဆင်ထားသည်။ အသားကတော့ဖြူပုံရသည်။ အဝေးကကြည့်လျှင်ပင် မျက်နှာပေးက ချစ်စရာကောင်းနေသည်။

"ကလေးတစ်ယောက်ပါလား၊ အဖော်မပါ တစ်ယောက်တည်းဆော့နေတယ်၊ ခြံထဲကို ဘယ်ကနေဘယ်လိုဝင်လာခဲ့တာလဲ၊ အိမ်ကိုလာတဲ့ဧည့်သည်ရဲ့ကလေးများလား၊ ဧည့်သည်ရောက်လာတယ်လို့လည်း ငါမကြားမိပါဘူး၊ ဧည့်သည်ကလေးဆိုရင်လည်း ညကြီးသန်းကောင်မှာ ထွက်ဆော့နေပါ့မလား"

ထွေးမောင်သည် သိချင်စိတ်ပြင်းပျလာခဲ့သည်နှင့် လက်ခုပ်တီးကာ ခေါ်လိုက်လေသည်။

"ဟေ့ . . ဟေ့၊ ကလေး၊ မင်းဘယ်သူလဲ၊ ဘယ်ကလဲ"



ထွေးမောင်၏လက်ခုပ်တီးသံနှင့် မေးလိုက်သံကြောင့် ထိုကလေးသည် ပြေးလွှားနေရာက ရပ်တန့်သွားခဲ့ရလေသည်။

ထို့နောက် . . .

သစ်ပင်ကြီး၏ အကွယ်ဆီကို ထွက်ပြေးသွားလေတော့သည်။

"ဟေ့ . . ဟေ့ မပြေးနဲ့လေ၊ ငါ . . မင်းကိုဘာမှ မလုပ်ပါဘူးကွ"

ထွေးမောင်က အပြေးလိုက်သွားသည်။ သစ်ပင်ကြီးဆီကို ရောက်သောအခါ မည်သူ့ကိုမှမတွေ့ရတော့ပေ။ ထွေးမောင်သည် မကျေနပ်နိုင်သေးပေ၊ သစ်ပင်တစ်ပင်လုံးကို ပတ်ကာကြည့်သည်။ အနီးတစ်ဝိုက် စိတ်ကြိုက်ပင် လိုက်လံရှာဖွေသည်။ ထိုကလေးကိုမတွေ့ရတော့ပေ။ ခြံစည်းရိုးကို စစ်ဆေးကြည့်သောအခါ လွန်စွာမှ လုံခြုံပြီး မြင့်မားသည်။ ခွေးတစ်ကောင်မပြောနှင့် ကြောင်တစ်ကောင်ပင် တိုးဝင်၊ တိုးထွက်မလွယ်ကူပါပေ။

ထွေးမောင်သည် မည်သို့မှ စဉ်းစား၍မရတော့၊ မိမိ၏တဲဆီကိုသာ ပြန်လာခဲ့လေသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသောအခါ . . .

ထွေးမောင်သည် ခြံပတ်ပတ်လည်ကိုမသိမသာ လိုက်ပြီးတော့ စစ်ဆေးကြည့်လေသည်။ တစ်ကယ်ပင် လုံခြုံလှသည်။ ကြခတ်ဝါးကိုင်းများနှင့် အထပ်ထပ်ကာရံထားလေသည်။ ပိတ်သိပ်အောင်ကာရံထားသည်။ ကြောင်၊ ခွေးမပြောနှင့် ကြက်တစ်ကောင်ပင်လျှင် တိုး၍မဝင်နိုင်ပေ။

အကယ်၍ လူကြီး၊ ကလေးတစ်ယောက်တို့၍ ဝင်မိလျှင်လည်း ဝါးကိုင်းအချွန်အတက်တွေက ကိုယ်ကိုစူးဝင်နိုင်သည်သာ၊ မြင့်မားသော စည်းရိုးကိုကျော်ရန်ကြိုးစားကလည်း သာ၍ မလွယ်။

"ဟဲ့ . . ထွေးမောင်၊ နင်ဘာကြည့်နေတာလည်းဟဲ့ "

မရီက အိမ်မြင့်ကြီးပေါ်ကနေ လှမ်းကြည့်ပြီး ထွေးမောင်ကို မေးလိုက်လေသည်။

"ဩော် . . ဘာမှမဟုတ်ပါဘူး မမရီ၊ ခြံစည်းရိုးကို စစ်ဆေးကြည့်နေတာပါ။"

"ခြံကလုံပြီးသားပါပဲ၊ ကြွက်တောင်မတိုးနိုင်ဘူး၊ ဘာများထူးခြားခဲ့လို့လဲ"

"ထူးခြားချက်ရှိလို့မဟုတ်ပါဘူး မမရီ သည်လိုပါပဲ၊ တမင်လိုက်ကြည့်တာပါ"

အခြေအမြစ်မရှိသောအကြောင်းကိစ္စတစ်ခုကြောင့် သံသယမဝင်စေလိုပေ၊ ထို့ကြောင့် . . ဤသို့ပြောလိုက်ခြင်းပင်၊





မရီသည် ထွေးမောင်၏အဖြေစကားကို အမှုမဲ့အမှတ်မဲ့ပင်နေလိုက်လေသည်။

တစ်ရက်တွင် . . .

ထွေးမောင်သည် ဓါးရှည်တစ်ချောင်းကို မိမိ၏တပည့် ဖိုးထောင်နှင့်အတူ အပြီးသတ်လုပ်ကိုင်နေစဉ် မိန်းကလေး တစ်ယောက်က ခြံထဲကို ဝင်လာခဲ့လေသည်။

"အဘက လွှတ်လိုက်လို့ပါ . . သူမှာထားတဲ့ ဓါးရှည် ပြီးပြီလားတဲ့"

ထွေးမောင်သည် မိန်းကလေးကို အမှတ်မထင်မြင်လိုက်ရသောအခါ မှင်တက်မိသွားခဲ့ရသည်။ ရုပ်ရည်လေးက ယဉ်စစနှင့် ဆွဲဆောင်မှုအားကောင်းလှသည်ဟု ထင်မိသည်။ အထူးသဖြင့် မျက်ဝန်းနက်တစ်စုံက ဆွဲငင်အားကောင်းလှသည်။

"သည်မှာ . . ဓါးရှည်ပြီးပြီလားလို့ မေးနေတာရှင့်"

"ဩော် . . ဟုတ်၊ ဟုတ်ကဲ့၊ ဘယ်သူမှာအပ်ထားတာပါသလည်းခင်ဗျာ"

ထွေးမောင်သည် မိန်းကလေး၏ ရူပါရုံမြားချက်မိသွားသဖြင့် တွေဝေသွားခဲ့သည်ကို ပြန်ပြီးသတိရသွားခဲ့သည်။

ထို့ကြောင့် . . .

အလျှင်စလိုပင် ပြန်ပြီးတော့ မေးမိလိုက်လေသည်။

"ဦးကြာညိုပါ. . "

"ဩော် . . ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ မနေ့က က[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေတာပါ၊ ဖိုးထောင်ရေ ငါ့ညီ . . ဓါးကိုသွားယူပေးလိုက်ပါကွာ"

"ဟုတ်ကဲ့၊ အစ်ကို"

ဖိုးထောင်က ပန်းပဲဖိုယဲကကစ်သင့် တဲဆီကို ပြေးသွားခဲ့လေသည်။ မိန်းကလေးက ထွေးမောင်ကို မသိမသာပင် အကဲခတ်နေလျက်ရှိသည်။ ထွေးမောင်၏ရင်ထဲမှာ အလိုလိုနေရင်း မောသလိုလို၊ နွမ်းလျနေသလိုလို ခံစားနေရလေသည်။

"ဩော် . . . ထိုင်၊ ထိုင်စောင့်ပါလား"

ထွေးမောင်သည် ခွေးခြေကစ်လုံးကို ထိုးပေးလိုက်ရာ . .

"ရ. . ရပါတယ်"

"ထိုင်ပါခင်ဗျာ. . ညောင်းနေမှာပေါ့"

မိန်းကလေးက ညင်သာစွာပင် ထိုင်လိုက်လေသည်။ ထွေးမောင်လည်း ဘာဆက်ပြောရမှန်းမသိ။

တစ်ခဏအကြာတွင် . . .

ဖိုးထောင်က ဓါးကိုကိုင်ကာ ပြန်ရောက်လာခဲ့လေသည်။ ဓါးကို သစ်သားအိမ်မှာထဲမှာ တည့်ထားသည်။

"ဟောသည်မှာ ညီမဂါး. ."

မိန်းကလေးသည် ဓါးကိုညာလက်နှင့် လှမ်းယူလိုက်သည်။ ဓါးကို ယူလိုက်ပုံက တစ်မျိုးထူးနေသည်။ ဓါးသည် သူမ၏ လက်ထဲမှာ ပေါ့ပါးစွာပင် ပါသွားခဲ့လေသည်။

"ပြန်ပါဦးမယ်"



မိန်းကလေးက နှုတ်ဆက်သည်။ လှည့်ထွက်သွားသည်။ ရှည်လျား၍ ဖြန့်ချထားသော ဆံပင်များက ကျောပြင်မှာ ဝဲလျာလို့သွားခဲ့ကြလေသည်။ မိန်းကလေး ခြံထဲကထွက်သွားမှ ထွေးမောင်က အကြည့်ကို ရွှေ့လိုက်လေသည်။

"မင်းကလည်းကွာ၊ ဓါးသွားယူတာ ကြာလိုက်တာ"

"ကြာတော့ အစ်ကိုလည်း တွက်ခြေကိုက်သွားတယ် မဟုတ်လား"

"ဘာလဲကွ၊ မင်းစကားက. ."

"ဝတ်မှုံနဲ့စကားပြောဖြစ်လိုက်တယ် မဟုတ်လားလို့"

"ဩော်. . . လက်စသတ်တော့ မင်းကအကြံနဲ့ကိုး သူ့နာမည်က ဝတ်မှုံတဲ့လား. ."

"ဟုတ်တယ်အစ်ကို၊ သူ့အဖေ ဦးကြာညိုက သိုင်းဆရာကြီးပေါ့၊ ဝတ်မှုံလည်း သိုင်းကောင်းကောင်းတတ်တယ်၊ သူ့တို့ဘယ်ကာလသားမှလည်း စကားလိုက်မပြောရဲကြဘူး. ."

"ဘာဖြစ်လို့လဲ. ."

"အစ်ကို၊ ဝတ်မှုံက လက်သိုင်း၊ ခြေသိုင်းပါတတ်တယ်"

"သူကြိုက်တဲ့ ယောက်ျားလေးတစ်ယောက်တော့ ရှိမှာပေါ့ကွာ . . ."

"ခုထက်ထိတော့ မရှိသေးဘူးလေ၊ အစ်ကိုကော ဝတ်မှုံကို စိတ်မဝင်စားဘူးလား"

"တော်ပါကွာ၊ သိုင်းကျွမ်းတဲ့ မိန်းကလေးတွေ ညည်စား

www.burmeseclassic.com

www.burmeseclassic.com



စကားလိုက်ပြောတဲ့ ယောကျ်ားလေးတွေကို ဘယ်လိုဆက်ဆံလိမ့်မလည်းဆိုတာ ငါ . . မှန်းဆပြီးသား . . ”

“သိုင်းဘယ်လောက်တတ်တတ်ပါ၊ အစ်ကို့လို ဗလကြီးကိုတော့ သူနိုင်မှာ မဟုတ်ပါဘူး”

“မင်းက ငါ့ကို မြှောက်ပေးနေပြန်ပါပြီ၊ ဖိုးထောင်ရာ ငါ အေးအေးပဲနေပါရစေ”

အစ်ကို့ မျက်လုံးအကြည့်တွေကို ကျွန်တော်သိပါတယ်ဗျာ . . ညာလို့မရပါဘူး”

“ဟေ့ကောင် . . အလုပ်ရှိတယ်၊ တော်ပြီ”

ထွေးမောင်က ဖိုးထောင်၏ ခေါင်းကို ပုတ်လိုက်သည်။ ဖိုးထောင်သည် တဟဲဟဲနှင့်ရယ်ကာ နေရာက ပြေးထွက်သွားခဲ့လေသည်။

○ ○ ○

တစ်နေ့တွင် . . .

ထွေးမောင်သည် အိမ်မကြီးပေါ်မှာ ကိုဌေးနှင့် စကားစမြည်းပြောနေလျက်ရှိသည်။

“မင်းတစ်ယောက်တည်း အောက်မှာ နေနေတာ မပျင်းဘူးလားကွာ၊ သည်မှာလာအိပ်ပါလား”

“ကျွန်တော့်အလုပ်နဲ့ ကျွန်တော် နီးနီးကပ်ကပ်နေတာပိုကောင်းပါတယ်ဗျာ၊ ပြီးတော့ . . ကျွန်တော်က တစ်ယောက်



တည်းနေရတာကို ပိုပြီးတော့ သဘောကျတယ်အစ်ကိုရ . .

“အေးလေ . . မင်းအဆင်ပြေရင်ပြီးတာပဲ၊ အရင်းအနှီးလိုအပ်ရင်လည်း မင်းအစ်မကိုပြော၊ ဟုတ်လား”

“ဟုတ်ကဲ့ ကျေးဇူးပဲ အစ်ကို”

ထွေးမောင်သည် အတော်ကလေးညဉ့်နက်မှ အိမ်ကြီးပေါ်ကဆင်းလာခဲ့လေသည်။ သုံးရက်လလေးသည် ကောင်းကင်ထက်မှာ ကွေးကွေးကလေးသာနေလျက်ရှိနေလေသည်။ ကြယ်လေးတွေ၏ အလင်းရောင်ကလည်း လောကမြေပြင်ကို ပက်ဆမ်းထားလေသည်။ ခြံကျယ်ကြီးထဲမှာ . . အလင်းတစ်ဝက်၊ အရိပ်တစ်ချို့နှင့် ရောထွေးနေလျက်ရှိသည်။

ထွေးမောင်သည် အိမ်မကြီး၏ ခေါင်းရင်းဘက်မှ ကပ်ကာလျှောက်လာသည်။ အိမ်မကြီးကိုလွန်သော် အတန်ငယ်လျှောက်သွားလျှင် မိမိ၏နေရာကို ရောက်လေသည်။

“ဖျတ် . . ဖျတ် . . ဖျတ် . . ဖျတ်”

နားထဲမှာ တဖျတ်ဖျတ်နှင့်ပေါ်လာသော အသံကို အမှတ်မထင်ပင် ကြားလိုက်ရလေသည်။ ထိုအသံကို ထွေးမောင်ကောင်းစွာပင် မှတ်မိလိုက်သည်။

“ခြေသံပါလား . . သည်ခြေသံဟာ . . ”

“ဖျတ် . . ဖျတ် . . ဖျတ် . . ဖျတ်”

တွေး၍မှ မဆုံးမီခြေသံက ထပ်မံ၍ ပေါ်လာခဲ့ပြန်လေသည်။ ထွေးမောင်သည် ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးဆီကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ ကြည့်မိလိုက်သည်။ မျက်လုံးတွေက တန်းကနဲဆို ရောက်သွားခဲ့လေသည်။

သဏ္ဌာန်ဟစ်ခုက ပြေးလွှားလှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။ သစ်ပင်ကြီးကိုပတ်ကာ သော့ခတ်နေသော ကလေးငယ်တစ်ဦး ထွေးမောင်ရင်ထဲမှာ ထိတ်ကနဲဆိုဖြစ်သွားခဲ့ရလေသည်။

"ဟိုတစ်လောက ငါတွေ့လိုက်ရတဲ့ကလေးပါလား ကြည်စမ်း ခြံထဲကိုဘယ်လိုရောက်လာသလည်းမသိဘူး စည်းရိုးကို မရရအောင် ကျော်တက်လာတာပဲဖြစ်ရမယ်၊ ပြီးတော့ အထဲမှာ တစ်ယောက်တည်းလာဆော့နေတယ်. . . "

ထိုကလေးသည် ပြေးလွှားနေရင်းက အပင်ကြီး၏ အကိုင်းတစ်ခုကို ခုန်ကာဆွဲလိုက်လေသည်။ ထို့နောက် မျောက်လွှဲကျော်ဟစ်ကောင်ပမာ ပင်ကိုင်းပေါ်ကိုတက်သွားခဲ့လေသည်။

"ဟာ. . သစ်ပင်ပေါ်က သိမ့်ကျတော့မှာပဲ တော်တော် အဆော့သန်တဲ့ကလေးပဲ. . . "

ထွေးမောင်စိတ်ပူသွားခဲ့လေသည်။

"ဟေ့. . ကလေး. . ကလေး လိမ့်ကျတော့မှာပဲ သတိထား. . . "

လှမ်းပြီးတော့ သတိပေးလိုက်သည်။ ကိုယ်တိုင်ကလည်း ပြေးသွားခဲ့လေသည်။ သစ်ပင်ကြီးအောက်ကို ရောက်သွားခဲ့လေ





သည်။ အပေါ်ကိုမော့ကြည့်လိုက်သည်။ မရှိတော့။

"ဘယ်ရောက်သွားသလဲ ငါသိသွားလို့ သစ်ပင်ပေါ်က နေခုန်ဆင်းပြီးတော့ ထွက်ပြေးသွားပြီထင်တယ်၊ သည်ကလေး စည်းရိုးကို ကျော်တက်ရင် ဖော်တဆ ဝါးခက်တွေ စူးကုန်မှဖြင့်. . . . "

ကလေးအတွက် စိုးရိမ်သွားခဲ့လေသည်။

ထိုစဉ်မှာပင်. . .

"ဖျတ်. . ဖျတ်. . . ဖျတ်. . ဖျတ်"

ခြေသံကထပ်မံပြီးတော့ ထွက်ပေါ်လာခဲ့ပြန်သည်။ ထွေးမောင်သည် အသံထွက်ပေါ်လာရာဆီသို့ ဆတ်ကနဲဆို လှည့်ကြည့်လိုက်မိပြန်လေသည်။

ခပ်လှမ်းလှမ်းတွင် ပြေးသွားသောကလေးတစ်ယောက် အိမ်ကြီးဘက်ဆီသို့ ဖြစ်သည်။ ထွေးမောင် ထင်ထင်ရှားရှားပင် မြင်လိုက်ရလေသည်။ ဖြူဝင်းသောအသားအရည်ရှိသည့် ဆယ်နှစ်ကျော်ကျော်အရွယ်ကလေးငယ်တစ်ယောက် . .

"အိမ်ဘက်ဆီကို ပြေးသွားတယ်၊ ဘယ်လိုပါလိမ့်"

ထွေးမောင်သည် ပြေး၍လိုက်သွားသည်။ အိမ်နားကို ရောက်သောအခါ မတွေ့ရတော့ပါ။

"သည်အနားမှာတင် ပျောက်သွားတယ်၊ ဘယ်ရောက်သွားပါလိမ့်"

ထွေးမောင်သည် လိုက်ရှာသေးသည် အိမ်အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုများ တက်သွားသလားဟု အိမ်ရှေ့အထိလိုက်ပြီးတော့ ကြည့်သေးသည်။ အိမ်တံခါးမကြီးကိုလည်း ပိတ်ထားလေသည်။

ထိုကလေးကား . . ပျောက်ခြင်းမလှပျောက်သွားခဲ့လေပြီ၊ ထွေးမောင်သည် တွေးမရနိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ သည့်နောက်မှာတော့ လက်လျှော့လိုက်ကာ မိမိနေရာကို ပြန်လာခဲ့လေသည်။

○ ○ ○



## အခန်း (၁၅)

## ကစားဖော်ဖြစ်သွားရသောသူ

ထွေးမောင်သည် ခြံထဲမှာ ညဘက်တွင် တစ်ခါ တစ်ရံ တွေ့ရတတ်သော ကလေးတစ်ယောက်ကို မည်သို့မှ စဉ်းစား၍ မရတော့၊ မည်သူ့ကိုမှ အနှောင့်အယှက်မပေးပဲ တစ်ဦးတည်း ကစားနေတတ်သော ကလေးကို အလိုလိုနေရင်း ဂရုဏာသက်လာခဲ့မိရလေသည်။

"ကစားဖော်မရှိဘူးထင်ပါရဲ့၊ တစ်ယောက်တည်းပဲ လာလာပြီး ကစားနေရရှာတယ်၊ နေ့ဘက်မှာ လွတ်လွတ်လပ်လပ် မကစားရဘူးထင်ပါရဲ့၊ သူ့အိမ်က သိပ်ပြီးတော့ ချုပ်ချယ်လားလို့ ညဘက်တွေမှ တိတ်တိတ်လေး ခိုးထွက်လာတာများလား"

"သည့်ခြံကြီးက ကျယ်ဝန်းတော့ ကစားရတာ လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပုန်းနေလို့လည်းကောင်းတယ်၊ ဒါပေမယ့် . . . သူဘယ်လို ကနေဘယ်လို ဝင်လာသည်ဆိုတာသာ မသိရတာကခက်တယ်"

သနားစရာမျက်နှာပေးလေးနှင့် ကလေးငယ်ကို သနား လာမိလေသည်။ မိမိ၏ အစ်မနှင့် ယောက်ဖတော်ကိုလည်း ဖွင့် မပြောတော့ပါ၊ ပြောလိုက်လျှင် ထိုကလေး အဟန့်အတားခံရမှာ စိုးသောကြောင့်ပင်။

တစ်ညတွင် . . .

ထွေမောင်သည် နှစ်ခြိုက်စွာပင်အိပ်ပျော်သွားခဲ့လေ သည်။

○ ○ ○

မည်မျှကြာအောင် အိပ်ပျော်သွားသလည်းမသိပါ၊ မိမိ၏ တဲထဲကို တစ်ယောက်ယောက်ဝင်လာခဲ့သည်ဟု ထင်နေ မိသည်။

"ဦးဦး . . . ဦးဦး"

နားထဲကို ကလေးတစ်ယောက်၏အသံက ဝင်လာခဲ့ လေသည်။ ထို့ကြောင့် လန့်နိုးသွားခဲ့ရလေ၏။ မိမိ၏ညာဘက် ဘေးကို အမှတ်မထင်လှည့်ကြည့်မိလိုက်သည်။

"ဟင်"

ကလေးတစ်ယောက်က သူ့ကိုပြုံးပြီးတော့ ကြည့်နေ



လေသည်။ ထိုကလေး၏ မျက်နှာလေးက ပြည့်ဖြိုးဝိုင်းစက် နေကာ ပါးနှစ်ဖက်ကလည်း မို့မို့ဖောင်းဖောင်းလေးတွေ၊ အသား ကလည်းဖြူသည်။ သွေးချောင်ပေးစူးလေးနှင့်မို့ ချစ်စရာကောင်းလှ လေသည်။

"ဟင် . . မင်း . . မင်းက ခြံထဲမှာ ဆော့ဆော့နေတဲ့ ကလေးမဟုတ်လား"

"ဟုတ်တယ်လေ . . . ဦးဦးကလည်း သိသားနဲ့"

"မင်းက ဘယ်လိုကြောင့် ခြံထဲကို ရောက်မရောက်နေ တာလဲ"

"လာကစားတာလေ"

"လာကစားတယ်ဆိုတာကိုတော့ သိပါတယ် . . . ခြံထဲ ကို အပြင်ကနေ ဘယ်လိုဝင်လာခဲ့သလည်းလို့ မေးတာပါ . ."

"အပြင်ကနေ ဝင်လာတာမဟုတ်ပါဘူး၊ ကျွန်တော်က သည်မှာပဲ နေတာလေ"

"ဟင် ဟုတ်လား၊ ဟာကွာ . . မဖြစ်နိုင်တာ၊ သည်အိမ် ကြီးမှာနေတာကို ပြောတာလား"

ထွေးမောင်က မသေချာ၍ ထပ်ပြီးမေးလိုက်သည်။

"ဟုတ်တယ် . . . ဟောဟိုအိမ်ကြီးမှာပဲနေတာပေါ့"

"မင်းက . . သည်အိမ်ကြီးကဆိုရင် သူတို့နဲ့ဘာတော် တော်သလဲ"

"ကျွန်တော့်မိဘတွေပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ မင်းရဲ့မိဘတွေဟုတ်လား"

"ဟာ ဦးဦးကလည်း ကျွန်တော်က မဟုတ်တာလျှောက်ပြောပါ့မလားဗျ"

"အေးပါကွာ. . အေးပါ တားပါတော့ ခု မင်းက ငါ့အိပ်ပျော်နေတာကို ဘာဖြစ်လို့ လာနှိုးရတာလဲ"

"ကျွန်တော်နဲ့ ကစားဖို့ပေါ့။ ကျွန်တော်တစ်ယောက်တည်း ကစားနေရတာပျင်းလှပြီ"

"ဟေ. . . မင်းနဲ့ကစားရအောင် ငါက ကလေးမှမဟုတ်တာ"

"ကလေးမဟုတ်လည်း. . ကလေးလိုသဘောထားလိုက်ပေါ့ ဦးဦးရာ. . . လာပါ ကစားကြရအောင်"

ထိုသူငယ်လေးက ထွေးမောင်ကို လက်ဆွဲကာခေါ်သွားခဲ့လေသည်။ သစ်ပင်ကြီးအောက်မှာဖြစ်သည်။

"ကျွန်တော်နဲ့ဦးဦး သစ်ပင်ကြီးကိုပတ်ပြီး တစ်လှည့်စီပြေးကြမယ်. . မိတဲ့သူက ပြန်လိုက်"

"ဟာကွာ. . မင်းကလည်း ငါမလုပ်ချင်ပါဘူးကွာ"

"ကစားပါဦးရာ. . . ကျွန်တော်က ကစားဖော်မရှိလို့ပါ. . "

ကလေး၏မျက်နှာက ညှိုးလျှသွားခဲ့လေသည်။ ထွေးမောင်က သနားသွားခဲ့လေသည်။

"ကဲပါကွာ. . ငါကမင်းကို တမင်စတာပါ။ ကဲကဲ



ဘယ်သူအရင်ပြေးမလဲ"

သူငယ်က ဝမ်းသာသွားခဲ့ကာ. . .

"ကျွန်တော်အရင်ပြေးမယ်. . ဦးဦးကမိအောင်ဖမ်း"

"ကောင်းပြီ၊ မင်းငါ့ကို လွတ်အောင်ပြေးနော်"

"စိတ်ချ. . . ဦးဦးသာကျွန်တော့်ကို မိအောင်ဖမ်း"

ထွေးမောင်သည် ခါးတောင်းကျိုက်လိုက်သည်။ ကောင်လေးကပြေးသည် နောက်ကလိုက်ဖမ်းသည်။ သစ်ပင်ကြီးကိုပတ်ပြီးတော့ပြေးသည်။ ပြေးသူနှင့် လိုက်သူ၊ ကောင်လေးကို ထွေးမောင်မိအောင် မလိုက်နိုင်။ တစ်ပတ်ပြီးတစ်ပတ်ပြေးရင်း ထွေးမောင်မောလာသည်။ သစ်ပင်ကြီးကို ဘယ်နှစ်ပတ်ပတ်မိမှန်းမသိတော့။ ကြာတော့ ဆက်မလိုက်နိုင်တော့၊ ထွေးမောင် ပစ်လဲကျသွားသည်။ သစ်ပင်ကြီးကို မှီ၍ ထိုင်ကာ ဟောဟဲ လိုက်နေသည်။

"ဦးဦး ကျွန်တော့်ကိုတောင် မိအောင်မလိုက်နိုင်ဘူး"

"ဟာ. . မင်းက တော်တော်အပြေးသန်တာကိုးကွ၊ ငါဘယ်လိုမိအောင်လိုက်နိုင်မှာလဲ"

"ကျွန်တော့်ကို အရှုံးပေးပြီလား"

"ပေး . . ပေးပါပြီကွာ၊ ဟောဟဲ . . ဟောဟဲ"

"ကဲ၊ သည်တစ်ခါ ဦးဦးပြေး၊ ကျွန်တော်လိုက်မယ်"

"ခဏနေပါဦးကွာ၊ ငါ အမောဖြေပါရစေဦး"

တခဏအကြာတွင် . . .

www.burmeseclassic.com

www.burmeseclassic.com



"တဲ၊ ငါပြေးအလှည့်၊ မင်းလိုက်နော်၊ မင်းလက်က လွတ်အောင်ပြေးရမှာပေါ့ကွာ"

"စိမ်လိုက်လေ"

ထွေးမောင်ကပြေးသည်၊ ဝေးဝေးမပြေး၊ သစ်ပင်ကြီးကိုပဲ ပတ်ကာပြေးသည်။ ကောင်လေးက နောက်ကနေပြေးသည်။ ထွေးမောင်ကလည်း အပြေးသန်သည်၊ သို့သော် . . ကောင်လေးက ထွေးမောင်ကို တမဟုတ်ချင်းပင် မီလာပြီး ဖမ်းမိသွားခဲ့လေသည်။

"မိပြီ၊ ဘာတတ်နိုင်သေးသလဲ"

ထွေးမောင် ဘာမှမတတ်နိုင်တော့၊ အရှုံးပေးလိုက်ရသည်။ ကောင်လေးသည် သူ့ထက်ဆယ်ဆလောက် အပြေးသန်သည်။ အံ့အားသင့်မိရလေသည်။

"ငါ ချည်းပဲရှုံးတယ်ကွာ"

"ဟဲ ဟဲ၊ ဦးဦးက ကျွန်တော့်လောက်မှ မတော်ပဲကိုးဗျ"

"အေးဟုတ်တယ်၊ ငါ မင်းလောက်မတော်ဘူး၊ အဲဒါတော့မှန်တယ်"

နှစ်ယောက်အတူ သစ်ပင်ကြီးအောက်မှာထိုင်ကြသည်။

"မင်းနာမည် ဘယ်လိုခေါ်သလည်းကွယ့်"

"မောင်တိုးဝေ"

"မောင်တိုးဝေ၊ ဟုတ်လား၊ နာမည်လေးက ဆန်းသားပဲကွ၊ ဒါပေမယ့်၊ မင်း ဒီအိမ်မှာနေတယ်ဆိုတာကိုတော့ ငါ



မယုံဘူး"

"ဟာ ဦးဦးကလည်း ကျွန်တော်က လိမ်ပြောပါ့မလား မုသာဝါသာကံကို ကျွန်တော်မကျူးလွန်ဘူး"

ထွေးမောင် စဉ်းစားရကျပ်သွားခဲ့လေသည်။ ကောင်လေး၏မျက်နှာက ဖြူစင်သလောက် တည်တည်ကြည်ကြည်လည်းရှိသည်။ လိမ်ပြောမှာတော့ မဟုတ်ဟု ထင်မိသည်။

တခဏအကြာတွင် . . .

"ကျွန်တော် ပြန်တော့မယ် ဦးဦး"

"ဟေ့ . . မင်းပြန်တော့မလို့လားကွ"

"ဟုတ်ကဲ့၊ အိပ်ချင်ပြီဗျာ၊ ကျွန်တော်အားရင် ဦးဦးဆီကို လာခဲ့မယ်နော်"

"အေးပါကွာ၊ ငါကလည်း မင်းကို မျှော်နေပါ့မယ်"

ကောင်လေးသည် ထွေးမောင်ကို နှုတ်ဆက်ပြီး အိမ်ကြီးဘက်ဆီကို ပြေးထွက်သွားခဲ့လေသည်။ ကောင်လေးပြေးသွားသည်ကို ထွေးမောင်က ငေးကာကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ထွေးမောင် . . .

ဖျတ်ကနဲဆိုလန့်နိုးသွားခဲ့ရလေသည်။ လင်းကြက်ပင် တွန်နေလျက်ရှိနေလေပြီ၊ မိမိ၏ ဘေးဘီကို အလျင်စလိုပင် လှည့်ပတ်ပြီးတော့ ကြည့်မိလိုက်လေသည်။

"ဘယ်ရောက်သွားသလည်း မသိဘူး"

လင်းရောင်သည်လည်း ရှုတ်သိမ်းစပြုလေပြီ၊ ခေါင်းထဲတွင် မကြည်မလင်ဖြစ်နေရာက ပြန်ပြီးတော့ ကြည်လင်လာခဲ့လေသည်။ သည်တော့မှ တရေးရေးနှင့် ပြန်ပြီးတော့ ပေါ်လာခဲ့သည်။

"ငါ အိပ်မက်မက်နေတာပါလား၊ အိပ်မက်ကလည်း စင်းလွန်းလှတယ်၊ ဟင်း . . ဒါ ဒါဟာ အစွဲအလန်းကြောင့် ဖြစ်တာပဲ၊ ငါ နည်းနည်းလေး စိတ်ဝင်စားသွားတာနဲ့ အိပ်မက်ထဲကို ရောက်လာတော့တာပဲ"

သို့သော် . . .

အိပ်မက်ဟုဆိုသည့်တိုင်း တစ်ကယ်ဟုပဲ မှတ်ထင်ခံစားရရလေသည်။ ကောင်လေး၏ မျက်နှာနှင့်ပုံပန်းသဏ္ဌာန်က မျက်လုံးထဲကမထွက်။

မျက်နှာသစ်ပြီးသော်အခါ . .

အိမ်ကြီးပေါ်ကမရီက ထွေးမောင်နှင့်ဖိုးထောင်အတွက် ထမင်းကြော်နှင့် ရေနွေးကြမ်းကို လာပြီးပို့လေသည်။

"မင်းလည်း အခုမှ အိပ်ယာက နိုးသလား ထွေးမောင်"





"ဟုတ်တယ် . ညကကျွန်တော်အိပ်မက် . အဲဒါယ်လိုကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသလဲမသိဘူး . . မိုးအလင်း တစ်ရေးပဲ"

"မင်းအလုပ်က ကောင်းနေတယ်နော် . . ဂရုစိုက် မပေါ့ဆနဲ့"

"ဟုတ်ကဲ့ ကျွန်တော် ဂရုစိုက်ပါ့မယ် . . . မမရီ"

အိပ်မက်အကြောင်းကို ပြောမိတော့မလိုဖြစ်ပြီးမှ မပြောဖြစ်တော့၊ ဘာကြောင့်ရယ်မသိ။

"မမကလည်း . . . မနက်စာကို ကိုယ့်ဘာသာကိုယ် ချက်စားပါ့မယ်၊ လာမပို့ပါနဲ့ . . . "

"မင်းက . . ဖြစ်သလို စားနေတာ ငါကသည်အတိုင်း ကြည့်နေရမလား မင်းတစ်ယောက်စာအတွက် ငါတို့မှ ဘာမှ အပန်းမကြီးပါဘူးထွေးမောင် . . . "

"ကျွန်တော် ဖြစ်သလိုမစားပါဘူး မမရီရယ် . . တစ်ခါ တစ်လေ အချိန်မရတဲ့အခါမျိုးကျမှသာ ဖိုးထောင်ကလည်း ချက်ပြုတ်ပေးပါတယ် . . "

"ကဲ . . ကဲ စားမှာသာ စားပါ ကိုဒွေးကလည်း မင်းတစ်ယောက်တည်း အဲ့သလိုစားသောက်နေတာကို စိတ်မကောင်းဘူး သဘောမကျဘူး နေ့တိုင်းငါလာလာပို့မယ်၊ ညနေစာကိုတော့ အိမ်မှာလာစား . . "

ထွေးမောင်မှာ မငြင်းသာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

ခြံထဲကို ဝတ်မှုံကဝင်လာခဲ့လေသည်။

"ဟော. . ဝတ်မှုံအလုပ်လာအပ်တာလား. . "

"ဟုတ်ကဲ့ မမရီ အဘက တံစဉ်ဝါစ်ချောင်းအပ်ခိုင်းလို့"

"သြော်. . သြော် ဒေးအေး ငါ့မောင့်ကိုအားပေးကြပါကွယ် ခုလိုအားပေးတာကလည်း ကျေးဇူးတင်ပါတယ်. . . "

"အားပေးပါတယ်၊ မမရီရဲ့. . ကိုထွေးမောင်ရဲ့လက်ရာကလည်းကောင်းလို့ တစ်ရွာလုံးကလည်း အားပေးနေကြတာပဲ မဟုတ်လား အဘကလည်း သူလိုတဲ့ပစ္စည်းတွေကို မကြာခဏ အပ်နေတာပဲ ခါတိုင်းလို ရပ်ဝေးမှာသွားပြီး အလုပ်ကိုမအပ်ရတော့ အားလုံးလည်း အဆင်ပြေနေကြတာပဲလေ. . "

"ကောင်းပါတယ်ကွယ်. . ငါကလည်းသူ့ကို အလုပ်လေးစားဖို့မကြာခဏသတိပေးနေရတယ်. . . "

"ကိုထွေးမောင်က အလုပ်လေးစားပါတယ်မမရီရဲ့. . ရက်ချိန်းလည်းမှန်ပါတယ်. . . "

"အေး. . အေး စကားပြောနေ့ကြဦး အလုပ်လေးရှိလို့ သွားလိုက်ဦးမယ်. . . "

"ဟုတ်ကဲ့ မမရီ"

မရီက အိမ်ကြီးဘက်ဆီကို ပြန်သွားခဲ့လေသည်။

သြော်. . ဝတ်မှုံ ပစ္စည်းအပ်မလို့မဟုတ်လား၊ ပြောလေ"

"တံစဉ်မပါလို့ပါ၊ ဒါပေမယ့်. . သံကတော့ ပါမလာခဲ့ဘူး"





"ရပါတယ်၊ ကျွန်တော့်မှာ အကြွမ်းထည်ရှိပါတယ်၊ ကောင်းကောင်းလုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

"ကျွန်တော်က ပြန်ပြီးတော့ ကျေးဇူးတင်ရမှာပါဗျာ"

"ဟင်၊ ဘာကြောင့်လည်းရှင့်"

"ကျွန်တော့်ရဲ့ လုပ်ငန်းကို အားပေးလို့ပေါ့ဗျာ"

"သြော်၊ ဒါကြောင့်လား၊ ကိုထွေးမောင်ရဲ့ လက်ရာကကောင်းတော့လည်း အားပေးကြတာပေါ့ရှင်၊ ခုဆိုရင် သည်တစ်ရွာထဲတင်မဟုတ်ဘူး၊ အနီးအနားကရွာတွေကပါ အလုပ်လာအပ်ကြပြီမဟုတ်လား"

တခဏအကြာတွင် . . .

ဝတ်မှုံသည် ထွေးမောင်ကို နှုတ်ဆက်ပြီးတော့ ပြန်သွားခဲ့လေသည်။ ဝတ်မှုံပြန်သွားတိုင်း၊ ဒဓိပ္ပါယ်တစ်ခု သို့ဝှက်သောလျှို့ဝှက်အပြုံးလေးတစ်ခုက ချန်ထားရစ်ခဲ့တတ်လေသည်။ ယင်းအပြုံးကြောင့် ထွေးမောင်သည်လည်း ရင်ထဲမှာ တလှပ်လှပ်နှင့်ဖြစ်ကာ ကျန်ရစ်ခဲ့စမြဲပင်၊

"အင်း. . ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့တဲ့ငါ ဝတ်မှုံနဲ့ကျမှ ငါ့နှလုံးသားက ဘယ်လိုများ ဖြစ်သွားခဲ့ရပါလိမ့်၊ ငါ့ကို မိန်းကလေးတွေက အသည်းမာတယ်လို့ ပြောကြတယ်၊ ဝတ်မှုံနဲ့တွေ့မှပဲ ငါ့အသည်းနှလုံးတွေက ခံစားချက်ပြောင်းသွားခဲ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ထွေးမောင်သည် မိမိကိုယ်မိမိ နားမလည်နိုင်တော့ပေ။

"ဝတ်မှုံက ဘယ်ကာလသားကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး အစ်ကိုရ၊ အစ်ကို့ကိုကျတော့ လိုက်လျောချင်သလိုလို ပဲ၊ အစ်ကိုကသာ တစ်ချက်လှုပ်လိုက်ရင် သူက ခေါင်းညိတ်မှာ အမှန်ပဲ"

"ဟာ . . ဖိုးထောင်ရာ၊ ငါ့ကို ရိုးရိုးခင်မင်တာပဲဖြစ်မှာပါ။ သူများရဲ့ ခင်မင်မှုကို အလွဲသုံးစားမလုပ်ရဘူးကွ"

"အစ်ကိုကလည်းဗျာ၊ ရိုးရိုးခင်တာလား၊ ဆန်းဆန်းဖြစ် ချင်တာလားဆိုတာ မျက်လုံးတွေကိုကြည့်ရင် သိသာကြီးပါ။ ဒါ ဆိုရင် အစ်ကိုကကော"

"စိတ်နဲ့တောင် မပစ်မှားဘူး"

"ဟာ . . ဒါတော့ အစ်ကိုကညာပြီ . ."

ဖိုးထောင်သည် ထွေးမောင်ကို အားမလိုအားမရ ဖြစ်နေမိလေသည်။

○ ○ ○





ညဘက်ဘုရားရှိခိုးပြီးသည်နှင့် အိပ်ချင်စိတ်က ပြင်းထန် လာခဲ့လေသည်။

"သွေးလေးနေတယ်၊ ငါ စောစောစီးစီး အိပ်ချင်နေ ပါလား"

ရေကလည်းငတ်နေသည်။ သောက်ရေတစ်ခွက် သောက်ပြီးသည်နှင့် မျက်ခွံတွေကလေးလံလာခဲ့သည်။ ဖွင့်မရ အောင် ဖြစ်လာခဲ့ရလေသည်။ မျက်တောင်တွေကလည်း စင်းကျ လာခဲ့ကာ နောက်ဆုံးမှာတော့ အိပ်ယာပေါ်မှာ လှဲချမိလိုက် ရသည်။ အိပ်ငွေ့အချခံလိုက်ရသလိုပင် ချက်ချင်းလိုလို အိပ် ချင်သွားခဲ့ရလေသည်။

ထွေးမောင်၏ စိတ်အစဉ်သည် လွင့်မျောနေလျက် ရှိသည်။ ခြံအပြင်ကို လွင့်ပါး၍ တစ်နေရာကို ရောက်သွားခဲ့လေ သည်။ မြစ်ကမ်းနဖူးတစ်ခုပေါ်မှာ သူရောက်နေသည်။ မိမိ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော၊ မရောက်ဖူးသော နေရာတစ်ခုပင်

"ဦးဦး . . ကျွန်တော်သည်မှာ"

မိမိကြားဖူးသည်ဟုထင်မိသော အသံတစ်သံပင်၊ တို့ကြောင့် လှည့်ကြည့်မိလိုက်ရာ . . .

"ဟင် . . မောင်တိုးဝေ"

မောင်တိုးဝေသည် ကမ်းနဖူးတစ်နေရာမှာ ထိုင်နေ လျက်ရှိလေသည်။ ထွေးမောင်က အံ့အားသင့်စွာပင် ရပ်ကြည့် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ရှာ . . အစ်ကို ဘာကြည့်နေတာလဲ"

"မင်းအာသည်ကို ရောက်နေတာကိုး"

"ကျွန်တော်က သည်လိုပဲလေ၊ ကိုယ်စိတ်ကူးရရင်ရတဲ့ နေရာမှာပဲ ရှိတတ်တယ်"

"ဘာ . . သွယ်လို့"

"ကဲပါလေ၊ ကျွန်တော့်ကို ပြန်ပြီးတော့ မေးခွန်းတွေ ဘာတွေထုတ်မနေပါနဲ့တော့၊ အစ်ကို့ကို ဘယ်နေရာကိုခေါ် သွားမလို့ စောင့်နေတာ"

"ဘယ်ကိုခေါ် သွားမလို့လည်းကွ"

"လိုက်ခဲ့ပါလေ ဟိုကိုရောက်တော့ သိရမှာပေါ့"

မောင်ဖိုးဝေက ထွေးမွေးစက်ကို လက်ဆွဲပြီးတော့ ခေါ် သွားခဲ့လေသည်။ ကမ်းနဖူးမှ အောက်ဖက်ဆင်ခြေလျှော လမ်းကလေးအတိုင်း ဆင်းသွားခဲ့လေသည်။

၀ ၀ ၀

## အခန်း (၁၅)

## ထူးဆန်းသောအိပ်မက်

ရေစပ်မှာ လောင်းလှေကလေးတစ်စင်းကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ မိမိတစ်ခါမှ မမြင်ဖူးသေးသော လောင်းလှေလေးတစ်စင်းပင်ဖြစ်သည်။ လှေနံနှစ်ဘက်မှာ ပန်းကွက်များ ဖော်ထားသည်။ လှေဦးနှင့်ပဲ့ပိုင်းမှာလည်း ကနုတ်များ၊ မှန်ကာ ကွက်များတွင်းကာ ဖော်ထားသည်။ လုံးချောလှေကလေးဖြစ်ပြီး လှသည်။ ခပ်ကြော့ကြော့လေးပင် ဖြစ်သည်။

လှေပေါ်မှာ မိန်းကလေးတစ်ယောက်က မည်သူမှန်း မသိနိုင်၊ မိန်းကလေးသည် ခြေသံကြား၍ နောက်ကို လှည့်ကြည့် မိလိုက်သည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသလို နှုတ်ခမ်းအစွာက လည်း ခပ်ဟဟလေး ဖြစ်သွားခဲ့ရလေသည်။

"ဝတ်မှုံ"

ထွေးမောင်၏ နှုတ်ကလည်း တအံ့တသြနှင့် ထွက်သွား ခဲ့ရလေသည်။

"ဝတ်မှုံက ဘယ်ကို သွားမလို့လဲ"

"ဘယ်သွားရမှန်းမသိဘူး၊ သူခေါ်လာလို့ လိုက်လာခဲ့ တာလေ"

ဝတ်မှုံက မောင်တိုးဝေကို မေးလေးဆတ်ပြလိုက် လေသည်။

ထို့နောက် . . .

မည်သူကမှ ထပ်မံပြီးမတိုက်တွန်းပဲနှင့် လှေပေါ်ကို တက်လိုက်သူက ထွေးမောင်၊ မောင်တိုးဝေက နောက်မှာ ထိုင်ကာ တက်တစ်ချောင်းနှင့် လှေကိုလှော်ခတ်လာခဲ့လေသည်။ ချောင်းရိုးအတိုင်းလှော်လာပြီးသောအခါ တစ်နေရာတွင် လှေကလေးကိုထိုး၍ ဆိုက်ကပ်လိုက်လေ၏။

နှစ်ယောက်အတူ လှေပေါ်က ဆင်းကြပြီး နောက်ကို လှည့်ကြည့်လိုက်သောအခါ မောင်တိုးဝေကို မတွေ့ရတော့ပေ။ လှေပေါ်မှာလည်း မတွေ့ရတော့။

"ဟင်၊ ကောင်လေး ဘယ်ရောက်သွားပါလိမ့် . ."

"ဟုတ်ပါရဲ့ ကိုထွေးမောင်၊ ဝတ်မှုံကိုလာခေါ်တဲ့





ကောင်လေးကို မတွေ့ရတော့ပါလား"

"ကိစ္စရှိလို့ တစ်နေရာကိုထွက်သွားတာထင်ပါရဲ့"

ဆိုင်းသံ၊ ဗုံသံများကို သဲ့သဲ့မျှ ကြားလိုက်ရလေသည်။ သူတို့ဆီကို ပျံ့လွင့်လာခဲ့လေသည်။

"ပွဲရှိတယ် ထင်တယ်၊ လာ . . သွားကြည့်ကြရအောင်"

"ဖြစ်ပါ့မလား၊ အိမ်ကို မပြောခဲ့ရဘူး ကိုထွေးမောင်"

"သိပ်အကြာကြီးနေမှာမှ မဟုတ်တာ၊ ပွဲခင်းထဲမှာ လျှောက်ကြည့်ရုံပဲလေ ဝတ်မှုံရဲ့ ရောက်တုန်းမှာ မထူးပါဘူး၊ ပွဲခင်းထဲမှာ ခဏလောက်တော့ လျှောက်ကြတာပေါ့"

"အင်း၊ ခဏဆိုရင်တော့ ရပါတယ်၊ သွားလေ၊ သွားပေါ့"

ဆိုင်းသံ၊ ဗုံသံများကို နားစွင့်ပြီး မှန်းဆကာ လျှောက် လာခဲ့ကြလေသည်။

မကြာမီ . .

မီးရောင်များဖြင့် ထိန်ထိန်ညီးနေသော ပွဲခင်းတစ်ခု ဆီကို ရောက်လာခဲ့ကြလေသည်။ ပွဲက မစသေး၊ လူခေါ်ဆိုင်းက တီးနေသည်၊ ပွဲသွားပွဲလာတွေကလည်း၊ ဝတ်ကောင်းစားလှများ ကိုဝတ်ဆင်ပြီး သွားသွားလာလာနှင့် ရှိနေကြလေသည်၊ ဈေး သည်တွေကလည်း . . ပွဲဈေးတန်းတစ်လျှောက်မှာ အစီအရီ မုန့်ပဲသွားရေစာ . . အစားအသောက်မျိုးစုံ . . ။

အဝတ်အထည်၊ အလှကုန်၊ ကလေးကစားစရာက မှအစ . . စုံလင်လှသည်၊ ပူဖောင်းသည်တစ်ဦးက ဖြတ်သွား၏



www.burmeseclassic.com

www.burmeseclassic.com



တလေးတစ်ယောက်က ငိုယိုကာ ပူဆာနေသည်။ သားသည်
မိခင်က ကလေးအငိုတိတ်စေရန်. . တစ်ပြားတန်ပူဖောင်း
တစ်လုံးကို ဝယ်ပေးရလေသည်။

ဝတ်မှုံသည် ပွဲဈေးတန်းမှာ လျှောက်နေရသည့်အတွက်
လွန်စွာမှပင် ပျော်ရွှင်လျက်ရှိနေလေသည်။

ထိုစဉ်. .

ခြေသံတဖုတ်ဖုတ်နှင့် နောက်ကနေပြေးလာသူ တစ်ဦး
လှည့်ကြည့်လိုက်ရာ. . မောင်တိုးဝေဖြစ်နေသည်။

"ပွဲဈေးတန်းမှာသုံးဖို့ မပေးမိလိုက်ဘူး. ."

မောင်တိုးဝေက ကျပ်ပြားငါးပြားကို. . ထွေးမောင်၏
လက်ထဲကိုထည့်ပေးလိုက်လေသည်။ ထွေးမောင်ကလည်း
မငြင်းမိ၊ အိတ်ထဲသို့ထည့်ထားလိုက်သည်။

"လှေပေါ်ကအဆင်းမှာ မင်းကိုမတွေ့ရတော့ဘူး၊
ဘယ်ပျောက်သွားတာလဲ မောင်တိုးဝေ. ."

" ကိစ္စကလေးတစ်ခုရှိလို့ပါ၊ ကဲ. . ကဲ၊ လွတ်လွတ်
လပ်လပ်သာ သွားကြပေတော့. ."

"ဟင်၊ မင်းကော. . ငါတို့နဲ့အတူမလိုက်ဖူးလား. ."

"ဟိုမှာ သူငယ်ချင်းတွေလာကြဦးမှာ သူတို့ကို လှေဆိပ်
မှာသွားပြီးစောင့်ရဦးမယ်. ."

ကောင်လေးက ထွေးမောင်၏အဖြေကိုမစောင့်တော့
ပဲ. . နေရာကပြေးထွက်သွားခဲ့လေသည်။



"သူ့သူငယ်ချင်းတွေကို သွားစောင့်တာပဲဖြစ်မှာပါ. .
လာပါ၊ သွားကြရအောင်. ."

နှစ်ယောက်အတူလျှောက်ကြသည်။ မုန့်ပဲသွားရေစာ
များဝယ်စားကြသည်၊ တစ်ယောက်လက်တစ်ယောက်က,တွဲကာ
ပွင့်လင်းလာခဲ့ကြလေသည်၊ ရင်းနှီးလာခဲ့ကြလေသည်။

စားသောက်ဆိုင်များသို့ဝင်ကာ မုန့်များဝယ်စား
ကြသည်။ နှစ်ယောက်အတူသွားလာနေကြစဉ်မှာ ပျော်မဆုံး၊
မော်မဆုံးရှိနေကြသည်၊

" ပွဲခဏလောက်ကြည့်ကြရအောင်. ."

"ကိုထွေးမောင် သဘောလေ၊ သိပ်အကြာကြီးတော့
မရဘူးနော်. ."

"သိပါတယ်၊ ကျွန်တော်လည်းအကြာကြီးမကြည့်နိုင်
ပါဘူး. ."

ပွဲခင်းထဲသို့ဝင်သွားခဲ့ကြသည်။ ပူးပူးကပ်ကပ်ပင်
ထိုင်လိုက်ကြသည်။ အတူတူပင်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကြည့်
ကြလေသည်၊ လူပြတ်များ၏ပြက်လုံးများကြောင့် သဘောကျ
ကာ ရယ်မောကြရာတွင် ဝတ်မှုံ၏အသံက. . လွင်လွင်ကလေး
ဝင်. . ထွက်ပေါ်လာခဲ့လေသည်။

သူမခန္ဓာကိုယ်လေးသည်၊ ထွေးမောင်၏ရင်ခွင်ထဲကို
မသိမသာပင် တိုးပြီးတော့ဝင်လာခဲ့သည်။ ထွေးမောင်က ပခုံး
လေးကိုဖက်ထားမိသော်လည်း. . ဝတ်မှုံသည် ငြင်းပယ်ခြင်းမရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှုတွေက ကိုယ်စီနှလုံးသာထဲတွင် ရှိက်ခတ်နေလျက်ရှိသည်။

ထိုစဉ်မှာပင်လျှင် . . .

○ ○ ○

ဝတ်မှုံသည် အိပ်ပျော်နေရာကဖျတ်ကနဲ့လန့်နိုးသွားခဲ့ရလေသည်။

" ဟင် "

သူမကိုယ်သူမ ပွဲခင်းထဲမှာပဲဟုထင်နေမိသည်။ ဘေးဘီကိုယောင်ယမ်းပြီးတော့ပင် ကြည့်မိလိုက်သေးသည်။

" ငါ့ . . . အနားမှာ . . "

တစ်ယောက်သောသူကို သတိရသွားခဲ့လေသည်။ ထွေးမောင်ကိုပင်ဖြစ်သည်။

" သူ . . သူ၊ ငါနဲ့အတူတစ်ချိန်လုံးပဲရှိနေတယ် . . ။ ငါ . . ပွဲကြည့်နေတာ . . ကိုထွေးမောင်နဲ့ပါလား . . "

စဉ်းစားမိလိုက်သည်နှင့် ရင်ထဲမှာလှိုက်ဖိုမောသွားခဲ့သည်။ မိမိသည် ထွေးမောင်၏ရင်ခွင်ထဲကို ရောက်လုနီးပါး၊ အို . . အိပ်မက်ကလည်း တစ်ကယ်လိုလိုနှင့် အထင်ကရကြီး၊





ပြန်တွေးလိုက်တိုင်းမှာ ရင်ထဲတွင် . . ကြက်သီးနွေးတို့ထသွားမိရစမြဲ၊ အိပ်မက်တစ်ရေးနိုးကြောင့် . . ဝန်းကျင်သည် . . မှောင်နှင့်မည်းမည်း၊ ဝတ်မှုံသည် . . ခွခေါင်းအုံးကို ဖက်ကာပြန်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။

○ ○ ○

ထွေးမောင်အိပ်ပျော်နေရာက ဖျတ်ကနဲဆိုနိုးသွားခဲ့ရသည် နိုးလာသည့်တိုင် မှောင်နှင့်မည်းမည်းပင်ရှိနေသေးသည်။ မိမိ၏အနားမှာ . . ယမ်းမီးခြစ်ရှိနေသည်တိုင် မထွန်းမိ၊ နားထဲမှာပင် . . ဆိုင်းသံ၊ ဗုံသံများကို ကြားမိနေသေးသည်၊ မိမိ၏အနားတွင်တစ်ယောက်သောသူ ရှိနေသည်ဟု ထင်နေမိသည်၊

" ဝတ်မှုံ . . ၊ ဝတ်မှုံ . . "

နှုတ်က ဝတ်မှုံကို တိုးတိုးပင်တမ်းတမိလိုက်သည်။ အိပ်မက်ထဲမှာ . . သူမနှင့်အတူပွဲကြည့်ခဲ့သည်မဟုတ်ပါလော၊ ပွဲခင်းရှိသောနေရာသည် မည်သည့်နေရာမှန်းမသိ၊ ဝေးတော့ဝေးသည်၊လာခေါ်သူက မောင်တိုးဝေ၊ ကိုယ်တိုင်လာခေါ်သည်တော့မဟုတ်။ မိမိကို စိတ်နှင့် စေစားခံလိုက်ရသည်မတုထင်မိသည်။

မောင်တိုးဝေဆီကို ရောက်သွားသည်၊ ထို့နောက်[illegible] ပေါ်မှာဝတ်မှုံကိုလည်း တွေ့လိုက်ရလေသည်၊ သူမသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြို့ပြီးတော့ စောင့်နှင့် နေသူပါတကား။

ထို့နောက်. .

ပွဲခင်းဆီကို လှေနှင့် ရောက်သွားခဲ့လေသည်၊ ဝတ်မှုံနှင့်အတူ တစ်ညလုံးပင် ပွဲအတူကြည့်ကြသည်။ အိပ်မက်ထဲမှာ သမီးရည်းစားများပင် ဖြစ်နေကြလေပြီ၊ နှစ်ဦးစလုံး ပျော်ရွှင်ချမ်းမြေ့နေကြသည်၊ အိပ်ပျော်နေရာက လန့်နိုးလာခဲ့လေသည်ကိုပင် မကျေမနပ်ဖြစ်နေမိလေသည်။

ယခုတော့. . .

သူသည် ဝတ်မှုံကို ဆွတ်ကျင်စွာပင် တမ်းတနေရလေပြီ ဖြစ်နိုင်လျှင်. . သူမဆီကို ယခုပင် အရောက်ပြေးသွားလိုက်ချင်သည်။

ထွေးမောင်သည် အလုပ်ကို တစ်နေ့လုံးလုပ်နေရသည့်တိုင်စိတ်ကမဖြောင့်ပေ၊ ဝတ်မှုံဆီကိုသာ တဝဲလည်လည်နှင့် ရောက်နေလေသည်။

ညနေဘက်မှာ. . လက်စသိမ်းရမည့်အလုပ်ကို တပည့် ဖိုးထောင်နှင့် ထားခဲ့ပြီး ရွာထဲကို ထွက်လာခဲ့လေသည်။

O O O





ဝတ်မှုံသည် အိပ်မက်ကို မေ့ဖျောက်၍မရပေ၊ အိမ်အလုပ်များကို လုပ်ရာတွင်လည်း စိတ်ထဲက မပါသလိုခံစားနေရသည်၊ စိတ်ကပွဲခင်းထဲကိုပင် ရောက်နေလေသည်၊ ညနေဘက်သို့ရောက်သောအခါ . သူငယ်ချင်းတစ်ယောက်ထံသို့ထွက် လာခဲ့လေသည်၊ လမ်းမှာ. . ထွေးမောင်နှင့်မမျှော်လင့်ပဲဆုံမိရာ. .

"ဟော. .၊ဝတ်မှုံ. .၊ ဘယ်သွားမလို့လဲ. ."

မမျှော်လင့်ပဲ. . ဝတ်မှုံကိုတွေ့လိုက်ရသောကြောင့် ထွေးမောင်၏အသံက တုန်ယင်သွားခဲ့ရသည်၊ မှုမမှန်သော နှုတ်ဆက်စကားပင်၊ ဝတ်မှုံသည်လည်း ထိုနည်းတူစွာပင်. .!

" ဟို. . ဟို နားခဏ. ."

မျက်နှာက ရှက်သွေးရောင်ဖျန်းသွားပြီး. . ယောင်ယောင်နနနှင့် ဖြစ်သွားခဲ့ရလေသည်။

"ဝတ်မှုံ၊ ဘာဖြစ်နေတာလဲ၊ ကျွန်တော့်ကိုတွေ့လို့ စိတ်အနှောက်ယှက်ဖြစ်သွားတာလား. ."

"မ. မဟုတ်ပါဘူး၊ အိပ်. . အိပ်မက်. . အို. . မဟုတ်ပါဘူး. ."

"အိပ်မက် ဟုတ်လား၊အိပ်မက်က . . လာဖြစ်လို့လဲ."

စကားအစွန်းရသွားသည် ဖြစ်၍. . စိတ်ဝင်စားပြီ ထပ်မံ၍ မေးမိလိုက်လေသည်၊ ဝတ်မှုံသည်. . သူမကိုယ် သူ တည်ငြိမ်မှုရအောင် ကြိုးစားလိုက်သည်။

"ဘာရယ်လို့မဟုတ်ပါဘူး ကိုထွေးမောင်ရယ်၊ ညက



www.burmeseclassic.com

www.burmeseclassic.com



ထူဆန်းတဲ့ အိပ်မက်တစ်ခုကို မက်လို့ပါ. . ”

“ဘာရယ်၊ ထူးဆန်းတဲ့အိပ်မက်၊ ဟုတ်လား. . ”

ဝတ်မှုံက မပွင့်တပွင့်နှင့်ပြုံးပြီး ခေါင်းညိတ်လိုက်လေသည်။

“ ဒါဆိုရင်. . ကျွန်တော်လည်း အိပ်မက်မက်တယ်၊ ထူးဆန်းတဲ့အိပ်မက်၊ ကျွန်တော့်အိပ်မက်အကြောင်းကိုအရင်ပြောမယ်. . ”

“ရှင်၊ ကိုထွေးမောင်ရဲ့အိပ်မက်က ဘာမို့လို့လဲ. . ”

“ ပြောမယ်လေ၊ အိပ်မက်ထဲမှာ ကျွန်တော်နဲ့ဝတ်မှုံနဲ့ ပွဲခင်းတစ်ခုဆီကို ရောက်သွားခဲ့ကြတယ်၊ ပွဲအတူကြည့်ကြတယ် . . တဲ့”

“ရှင်၊ ပွဲအတူကြည့်ကြတယ် ဟုတ်လား. . ”

ဝတ်မှုံ၏ မျက်ဝန်းလေးတွေက ဂိုင်းစက်သွားခဲ့ရသည့် အံ့အားသင့်သွားဟန်. .

“ဘာဖြစ်လို့လဲ ဝတ်မှုံ၊ အိပ်မက်ဆိုတာ ကိုယ်မက်ချင်ရာကို မက်တတ်ကြတာပဲ မဟုတ်လား. . ”

“မဟုတ်ဘူး၊ အိပ်မက်,မက်လို့မဟုတ်ဘူး၊ အိပ်မက်နဲ့ ပတ်သက်တဲ့အကြောင်းကို ပြောချင်တာ. . ”

“ပွဲကြည့်တာကို ပြောတာလား ဝတ်မှုံ. . ”

“ ဟုတ်တယ်၊ ဝတ်မှုံလည်း အဲသလိုပဲမက်တယ်၊ ပွဲကြည့် ကြတယ်. . ”





“ပွဲကြည့် ကြတယ်. . ၊ဝတ်မှုံလည်းပွဲကြည့် တယ် ဟုတ်လား၊ ကျွန်တော်လား ဝတ်မှုံနဲ့ အတူတူကြည့်တာ. . ”

“ ရှင်၊ ဟုတ်လား၊ ဝတ်မှုံလည်း ကို. . ကိုထွေးမောင်နဲ့ အတူတူကြည့်တာ. . ၊”

“ဟင်၊ ဒါဆိုရင်. . ကျွန်တော်တို့ရဲ့အိပ်မက်က တူနေပါလား၊ အံ့အားသင့်စရာပဲ ဝတ်မှုံ. . ”

“ဝတ်မှုံကို ခလေးတစ်ယောက်က အိပ်မက်ထဲမှာလာပြီး တော့ ခေါ်သွားတာ၊ ဝတ်မှုံလည်းလိုက်သွားတာပေါ့၊ကမ်းခြေတစ်နေရာကိုရောက်သွားတယ်၊ ဟိုကိုရောက်တော့ ဝတ်မှုံကို လှေပေါ်မှာထိုင်ခိုင်းတယ်၊ အဖော်တစ်ယောက်ရောက်လာလိမ့်မယ် ခဏစောင့်ပါတယ်. . ၊နောက်တော့. . ကိုထွေးမောင် ရောက်လာတယ်. . ”

ထွေးမောင်သည် ဝတ်မှုံပြောပြသည့် ဇာတ်လမ်းကို ပိုပြီး တော့ စိတ်ဝင်စားလာခဲ့ရလေသည်။

“တိုက်ဆိုင်လွန်းလှပါလား ဝတ်မှုံ၊ ကျွန်တော်လည်း အဲ့သလိုအိပ်မက်မျိုးကို မက်တယ်၊ အိပ်မက်က. . ”

ထွေးမောင်သည် သူမက်ခဲ့သည့် အိပ်မက်နှင့် ပတ်သက်ပြီးစီကာပတ်ကုံးပင် ပြောပြလိုက်လေသည်၊ ပွဲခင်းထဲမှာ ပွဲအတူတူကြည့်ခဲ့သည်ကအစ၊ မုန့်ပဲသွားရေစာ စားကြသည်မှအစ အားလုံး. .

“ထူးဆန်းလိုက်တာ၊ ဝတ်မှုံလည်း ကိုထွေးမောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အတိုင်း. . မလွဲဘူး၊ အတူတူပဲ. . "

ဝတ်မှုံသည် ထူးဆန်းသော အိပ်မက်အကြောင်းကို အံ့အားသင့်စွာပင် ပြောလာခဲ့သည်။ ထို့နောက် ထွေးမောင်၏ မျက်နှာကို မရဲတရဲနှင့် ကြည့်လိုက်ရလေသည်။ ထွေးမောင်ကလည်း ဝတ်မှုံကို အကြည့်နှင့် အကြည့်ချင်းဆုံသွားခဲ့ရလေသည်။ ဝတ်မှုံသည် ခေါင်းလေးကို ငုံ့မိလိုက်လေ၏။

○ ○ ○

## အခန်း ( ၁၆ )

## မသင်္ကာစရာကုလား အဘိုးကြီး

တစ်ရက်တွင်. .

ကိုဌေးနှင့် မရီတို့သည် ခေါင်းဖိုးရွာတစ်ဖက်ကမ်းတို လှေနှင့်ကူးသွားခဲ့ကြသည်၊ မရီ၏. . မိဘများကိုသွား ကန်တော့ကြခြင်းပင်ဖြစ်ကြသည်၊ အပြန်တွင် မြစ်ထဲမှာ. . မိုးလေမိကာ လှေလှောက်သည်၊ မရီကို. . လူငယ်လေးတစ်ဦးက လှေနှင့်အတူ ရေထဲမှာ. . ကယ်တင်သွားခဲ့လေသည်၊ ကိုဌေးကား. . မရီကို ရေထဲမှာရှာဖွေရင်း မတွေ့သည့်အဆုံးမှာ ကမ်းပေါ်သို့ ရောက်သွားခဲ့သည်။

မရီသည် သူမကို ကယ်တင်ခဲ့သော သူငယ်လေးတို့ သေချာစွာပင်. . မှတ်မိလိုက်ပေ၊ သူငယ်လေးက မရီတို့

www.burmeseclassic.com

www.burmeseclassic.com



တမ်းပေါ်သို့ တင်ပေးလိုက်ပြီး. . . လှေနှင့်ပြန်ထွက်အသွား မှာကျောဘက်မှသာ မြင်လိုက်ရလေသည်၊

( **အခန်း ၁ မှာ ဖော်ပြခဲ့ပြီးဖြစ်သည်။** )

ပြောမယုံကြုံဖူးမှသိဆိုသည့် စကားလိုပင်. . ကိုဌေးနှင့် မရိတို့သည်. . မောင်တိုးဝေနှင့် ပတ်သက်ပြီး သိရှိခံစားရမှုများတ အံ့ဩမကုန်အောင်ပင်ရှိနေကြသည်။

တိုက်ဆိုင်မှုများပဲလား၊ မိမိတို့လဲ အစွဲအလန်းဖြစ်နေကြသလား။ ဝေခွဲ၍. . မရနိုင်ကြတော့ပါ။ ဤအဖြစ်အပျက်များတို. . မည်သူကိုမှလည်း မပြောပြခဲ့ဖူးပါ၊, ဝမ်းဆွဲဒေါ်အုမ တစ်ယောက်တည်းသာလျှင်သိခဲ့လေသည်။ ဒေါ်အုမသည်. . မိမိကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကြောင့်. . ကိုဌေး၊ မရိတို့ဘက်ကို မင်းခြေဦးမလှည့်တော့ပေ။ တစ်ညနေ. .

နေဝင်မိုးဖျကာလ. . ၊

မရိ. . အိမ်နောက်ဖက်မှာ အလုပ်လုပ်နေချိန်၊ ကိုဌေးတအိမ်ရှေ့မှာ ထွေးမောင်နှင့် စကားပြောနေလျက်ရှိသည်။

" ဒုံး. . ဒုံး. . ဒုံး. . . ဒုံး . . "

အိမ်ဘေးအိမ်မကြီး၏လှေကားဆီက တဒုံး. . ဒုံးနှင့် အသံထွက်လာခဲ့ကြလေသည်၊ ထိုတဒုံးဒုံးသည် လှေကားမှာတင် ရပ်တုံ့မသွားပဲ. . အိမ်ပေါ်အထိရောက်လာပြီးအထပ်ခိုးပေါ် တက်သည့်လှေကား အထိရောက်သွားခဲ့လေသည်၊

"ထွေးမောင်၊ ဘာဖြစ်တာလည်းကွ. . "



"မသိဘူးလေအစ်ကို၊ ကျွန်တော်ကို နှစ်ယောက်အတူတူရှိနေတာပဲ. . ကြားတော့ကြားလိုက်ရတယ်. . "

"အေး၊ သည်လိုတစ်ခါမှတော့မဖြစ်ဖူးဘူး။ လျှင်တော်လဲသံကြောင့်. . . သည်လိုဖြစ်သွားတာလား. . "

နှစ်ယောက်စလုံး စဉ်းစား၍မရကြတော့ပေ၊ မရိသည်ပင်အိမ်နောက်ဖက်မှ အပြင်ကိုပြေးထွက်လာခဲ့သည်၊

"ဘာဖြစ်တာလဲ၊ အိမ်ပေါ်ကို ဘယ်သူပြေးတက်လာလဲ၊ ခြေသံကလည်း ပြင်းလိုက်တာ. . "

" ဘာမှမဟုတ်ပါဘူး မရိ၊ ခြံထဲကို တစ်ခုခုပြုတ်ကျသွားလို့. . နေမှာပါ၊ အုန်းသီးကြွေကျတာလားမှမသိတာ. . "

"အုန်းသီးကြွေကျတာ၊တစ်အိမ်လုံးခါသွားရသလား. "

"ငါတို့တွေးမိတာကို ပြောတာပါ ၊ဘာရယ်လို့လည်း သေသေချာချာ မသိသေးဘူး. . "

ထွေးမောင်သည် နေရာမှထကာ အိမ်ပြတင်းဝမှာ ရပ်၍ အပြင်ကို ကြည့်လိုက်သည်၊ မည်သည့်အိမ်ကမှ ပွက်လောရိုက်သွားခြင်း၊ ဆူညံသွားခြင်းမရှိကြပေ၊ ထို့ကြောင့် လျှင်တော်လဲသံ. . မဖြစ်နိုင်ဟု နားလည်လိုက်မိသည်။

"အခြေအနေက ဘာမှမထူးခြားဘူးကွ၊ ထူးခြားသွားတာက ငါတို့တစ်အိမ်တည်းပဲ. . ငါတို့နှစ်ယောက်အတူရှိနေလို့သာပဲ. . ၊ငါတစ်ယောက်တည်းဆိုရင် မဟုတ်နိုင်ဘူးလို့ ထင်ယောင်မှား. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့၊ ရှင်က အုန်းသီးကြွေကျတာဆို. ."

"စိတ်ထဲမှာ ထင်မိတာပေါ့ကွာ. ."

သုံးယောက်သားအဖြေမရရှိသေးပဲ ရှိနေစဉ်မှာ

"အိမ်ရှင်တို့၊ အိမ်ရှင်တို့. ."

အိမ်ရှေ့မှ ခေါ်သံကြောင့် . ကိုဒွေးကပြတင်းပေါက်တိုကျော်ပေးပြီး မီနေရာက. . ခနောက်ကို လှည့်ကြည့်မိလိုက်လေ၏။ ကိုဒွေးတွေ့လိုက်ရသည်ကား. .

ကုလားအဖိုးကြီးတစ်ယောက်ပင်. . ၊

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူတို့ထူလပျစ်နှင့်၊ အင်္ကျီဖြူဖြူရှည်ကြီးကို ဝတ်ဆင်ထားသည်၊

"ဘာကိစ္စရှိလို့ပါလဲ. ."

ကိုဒွေးက အိမ်ပေါ်ကမနေလှမ်းပြီးတော့ မေးလိုက်လေသည်။

"သည် အိမ်ပေါ်ကို ဆိုက်တန်း(တစ္ဆေ) ကမ်ကောင်တက်ပြေးသွားတယ်. . ကန်ကလေး၊ ငါဖမ်းမယ်၊ တံမါးဖွင့်ပေးပါ. ."

"ဘာ၊တစ္ဆေ၊ ဟုတ်လား၊သည်အိမ်မှာဘာတစ္ဆေမှ မရှိဘူး၊ ဘာတွေလာပြောနေတာလဲ. ."

"ငါမြင်လိုက်တယ်၊ ကန်ကလေး ၊ နင်မသိဘူးမဟုတ်လား၊ ငါ့ကိုတံခါးဖွင့်ပေးပါ။ ငါ. . ဝင်ဖမ်းမယ်. ."

"တယ်လေ၊ သည်အဖိုးကြီးဘာတွေလျှောက်ပြောနေတာလဲ၊ ခုချက်ချင်းထွက်သွားစမ်း၊ စကားကိုနားမထောင်ဘူးဆိုရင်တော့. . . ငါ လုပ်မိတော့မယ်. ."



ကိုဒွေးကတုတ်ဆွဲ၊ ခါးဆွဲဟန်ပြုလိုက်လေရာ ကုလားအဖိုးကြီးမှာ. . ဗျစ်တောက်စကားများ ပြောကာ ဒယိမ်းဒယိုင်နှင့် ထွက်သွားခဲ့လေသည်။

မရီနှင့် ထွေးမောင်တို့. . ကိုဒွေး၏အနားသို့ ရောက်လာကြသောအခါ ကုလားအဖိုးကြီးမှာ အဝေးသို့ ရောက်သွားခဲ့လေပြီ။

"ဟို. . ဟို. . ကုလားကြီးက ဘာပြောသွားတာလည်းဟင်. ."

"အလကားပါကွာ အိမ်ပေါ်ကိုကြည့်ပြီး ဒေါသနဲ့ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး၊ အရက်မူးနေတာလား၊ စိတ်မနှံ့တာလားမပြောတတ်ဘူး. ."

"စိတ်မနှံ့တဲ့သူကိုများ ဒါလောက်တောင် ဒေါသကြီးရသလား ကိုဒွေးရယ်၊ ဟိုမှာ. . ပါးစပ်ကလည်း ဘာတွေများပြောသွားသလည်း ပြောသွားသလည်းမသိဘူး. မကျေနပ်နဲ့. ."

ကိုဒွေးက မရီ၏ စကားကို စောဒက မတက်တော့ပေ။ ရင်ထဲမှာ တစ်ခုခုအတွက်၊ ကြောင့်ကျနေမိလေသည်။ ထွေးမောင်ကလည်း ကိုဒွေးကို မသိမသာပင်. . အကဲခတ်နေလျက်ရှိသည်။

"ထွေးမောင်"

"ဗျာ. . အစ်ကို. ."

"ခြံထဲကို လူစိမ်းကပ်လာလျှင်. . လက်မခံနဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



စောစောက လူကြီးမျိုးကို သာပြီးတော့ ဂုရှစိုက်၊ ဒုက္ခကောင်းကောင်းပေးနိုင်တယ်ကွ. ."

"ဟုတ်ကဲ့. ."

ကိုဌေးက ထွေးမောင်ကို သတိအတန်တန်ပင် ပေးပြန်သည်။ ထွေးမောင်သည် ကိုဌေးနှင့် မရီနှစ်ဦးစလုံး အစိုးရိမ်ကြီးနေကြသည်ကို နားမလည်နိုင်ပေ။

○ ○ ○

နောက်တစ်နေ့. . နံနက်တွင် ထွေးမောင်သည် မိမိအတွက် ဖောက်ထားပေးသည့် တံခါးမှ အပြင်ကို အမှတ်မထင်ကြည့်မိလိုက်လေရာ. .

"ဟင်. ."

ခြံထဲကို စည်းရိုးပေါက်များမှနေ၍ ချောင်းမြောင်းနေသော. . မနေ့က ကုလားအဖိုးကြီးကို တွေ့လိုက်ရလေသည်။

"အစ်ကိုတွေ့လိုက်ရတဲ့ ကုလားအဖိုးကြီးဟာ သူပဲဖြစ်မှာပဲ. ."

ထိုစဉ် ထွေးမောင်သည် ကုလားအဖိုးကြီး,နေရာမှ ထွက်သွားမှ ထပြီးကြည့်မိလိုက်၍ ကျောဘက်ကိုသာ မြင်လိုက်ရလေသည်။

"သည်မှာ ခင်ဗျား ဘာချောင်းနေတာလဲ"



ထွေးမောင်က အသံပေးလိုက်ရာ ကုလားအဖိုးကြီးသည်. . တစ်ချက်ဆတ်ကနဲဆို ဖြစ်သွားသည်။ ထို့နောက်. . နေရာက ချာကနဲဆို လှည့်ထွက်သွားခဲ့လေသည်။

"ဘယ်လို လူကြီးမှန်းလည်း မသိဘူး၊ ခိုးကြောင်ခိုးဝှက်နဲ့ အကြောင်းတစ်ခုခုကတော့ ရှိနေပြီ. ."

ထွေးမောင်သည် ထိုနေ့တစ်နေ့လုံး အလစ်မပေးတော့။ အလုပ်လုပ်ရင်း စောင့်ကြည့်နေလျက်ရှိသည်။ သူ့တပည့်ဖြစ်သူ ဖိုးထောင်ကိုပါ သတိပေးထားလေသည်။

○ ○ ○

"ဦးဦးရေ၊ ဦးဦးရေ. . ကယ်ပါဦးဗျ၊ ကျွန်တော့် တစ်ကိုယ်လုံး ပူလောင်နေပြီ၊ ကြာရင် သေရတော့မယ်ဗျ"

ထွေးမောင်သည် မမျှော်လင့်ပဲ ကြားလိုက်ရသော အသံကြောင့် အိပ်ပျော်နေရာက လန့်ပြီးတော့ နိုးသွားခဲ့ရလေသည်။ သို့သော် မျက်ခွံတွေကို ဖွင့်၍ မရပေ။ ခဲဆွဲထားသလိုပင် လေးလံလျက်ရှိနေလေသည်။

"ဦးဦးရေ၊ ဦးဦးရေ. . မြန်မြန်လာပါဗျ၊ ကျွန်တော့်ကို ဒုက္ခပေးနေပြီ၊ တစ်ကိုယ်လုံး ကျွမ်းတော့မယ်ဗျ. ."

အော်သံက အဆက်မပြတ်ပင် ကြားလာခဲ့ရလေသည်။ ထွေးမောင်မှာ နေရာကလည်း ထ၍ မရပဲဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အကြောအချင်တွေ ဆိုင်းနေသလိုပင်။

"မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား၊ ဘပည့်တော်ကို စောင့်ရှောက်တော်မူပါ"

စိတ်ထဲက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အားကိုးတကြီးနှင့် တမ်းတလိုက်သည်။ ဘုရားတန်ခိုးတော်ကြောင့်လား မသိ၊ ချက်ချင်းပင် မျက်လုံးတွေကို ဖွင့်လာနိုင်ခဲ့သည်။ တစ်ကိုယ်လုံးတုတ်နှောင်ထားခြင်းခံရသလို ခံစားနေရသည်များက ပြောပျောက်လွတ်မြောက်သွားခဲ့ရလေသည်။

တဲပေါ်ကနေ အောက်ကို လှမ်းကြည့်လိုက်ရာ ဝန်းကျင်သည်မည်းမှောင်နေလျက်ပင် ရှိနေသေးသည်။ သို့သော်. .

ထွေးမောင်သည် ဓါးကိုဆွဲကာ တဲအောက်ကို ခုန်ဆင်းလိုက်လေသည်။ အိပ်မက်ထဲက သစ်ပင်ကြီးအောက်ကို ပြေးသွားသည်။ ဘာကိုမှ မတွေ့ရပေ။ စိတ်ထဲမှာ သကော်မကောင်း ဖြစ်လာခဲ့သည်နှင့် တဲခါးဆီကို ပြေးသွားသည်။ အသံမထွက် အောင်သော့ကိုကြိတ်၍ ဖွင့်ကာ အပြင်ကို ထွက်လာခဲ့လေသည်။

မှောင်နှင့်မည်းမည်းဖြစ်သော်လည်း ကျင့်သားရနေသောမျက်လုံးတွေက မြင်နိုင်လေသည်။ ခပ်လှမ်းလှမ်းတွင် မီးခိုးငွေ့များကို တွေ့လိုက်ရသည်။ ကုလားများသုံးလေ့ရှိသည့် လော်ဘန်ခဲအမွှေးနံ့ကိုလည်း ရလိုက်သည်။

ထွေးမောင် သူ့ဘောပေါက်သွားခဲ့ရလေသည်။

ထိုအခိုးအငွေ့များ တန်းပြီးတော့ ထွက်နေသည့်



နေရာကို ခြေသံလုံလုံနှင့် လျှောက်သွားခဲ့လေသည်။ ယင်းအငွေ့များသည် စည်းရိုးအပေါ်မှကျော်၍ ခြံထဲကိုသာ တန်းပြီးတော့ ဝင်သွားခဲ့ကြလေသည်။

လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ဝိတ်ဖြူအင်္ကျီရှည်ကြီးကို ဝတ်ထားသူ၊ ခေါင်းမှာလည်း အဝတ်ဦးထုတ်ဖြူလေးကို ဆောင်းထားလေသည်။ ထိုလူကြီးသည် ခြံထဲကို မျက်နှာမူ၍ နှုတ်ကလည်း တတွတ်တွတ်နှင့် ရွတ်ဖတ်နေပုံရသည်။ ဇောကစ်နေ၍ ထွေးမောင်အနားကပ်လာသည်ကို မသိပေ။

ထိုကုလားအဖိုးကြီး၏ လက်ထဲမှာ ကိုင်းပါသော မြေခွက်လေးတစ်ခုကို ကိုင်ထားသည်။ မြေခွက်ထဲမှာ မီးသွေးရဲရဲများထည့်ထားသည်။ လောဘန်ခဲကိုလည်း ထည့်ထား၍ မီးခိုးများက အူထွက်နေလျက်ရှိသည်။ ခြေမီးခွက်ကို ခေါင်းထက်မှာ မြှောက်ထားသောကြောင့် လော်ဘန်အငွေ့များက ခြံစည်းရိုးကိုကျော်၍ ခြံထဲသို့ ဝင်သွားနေကြခြင်းပင်ဖြစ်သည်။ ထွေးမောင်အနားသို့ကပ်လာသည်ကိုပင် မသိအောင် လောဘဇောတက်နေပုံရသည်။ မည်သည့်အကြောင်းကြောင့် ဤမျှအထိ တစ်ကိုယ်ကောင်းဆန်နေရသလည်း. . မပြောတတ်။

"ဟိတ်. ."

ထွေးမောင်က ထိုလူကြီး၏ အနားမှာ ကပ်ပြီးတော့ အော်လိုက်လေရာ အသံက ကျယ်လောင်သွားခဲ့ရလေသည်။

ပြီးခဲ့သောပေ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည်လည်း ရုတ်တရက်မို့. .

"အဘား. ."

ဟု လန့်ပြီးတော့ အော်လိုက်လေ၏။ ထွေးမောင်သည် လူကြီး၏လက်ထဲက အမွှေးတိုင်ခွက်ကို ဆွဲယူလိုက်ကာ မြေပြင်ပေါ်ကို ပေါက်ချလိုက်လေ၏။ အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။ မီးခဲအချို့နှင့် လော်ဘန်အခဲများ ပြန့်ကြဲကုန်ကြလေသည်။ ကုလားအဖိုးကြီးကို ဓါးနှင့်ရွယ်လိုက်ပြီးမှ စိတ်ပြောင်းသွားသည်။ လက်နှင့် တွန်းလွှတ်ပစ်လိုက်လေသည်။ မြေပြင်ပေါ်ကို လဲကျသွားခဲ့သည်။

"တောက်. . နင့်အကြံကို ငါသိတယ်၊ တက်လေ. . ဓါးနဲ့ပိုင်းလိုက်ရ. ."

ထွေးမောင် တော်တော်လေးကို စိတ်ထွက်နေသည်။ အဖိုးကြီးမှာ လူမိသွား၍ ဘာမှမတတ်နိုင်တော့ပေ။

မိမိ၏အစီအရင်များလည်း ပျက်သွားပြီဖြစ်သည်။ နေရာမှထကာ ထွက်ပြေးမည်ပြုပြီးမှ၊ ကိုယ်ထဲမှာဝှက်ပြီးတော့ ယူလာသော ဓါးကောက်ကြီးကို ဆွဲထုတ်လိုက်လေ၏။ မှောင်ရီသည်းနေပေမဲ့ ထွေးမောင်က လင်းလက်သွားသော ဓါးရောင်ကို မြင်တွေ့သွားခဲ့လေ၏။

ကုလားအဖိုးကြီးသည် ထွေးမောင်ဆီကိုပြေးဝင်လာပြီး ရင်ဝကို ဓါးနဲ့စိုက်ချလိုက်သည်၊ ထွေးမောင်ကသတိကြီးစွာထား နေသူမို့ သွက်လက်စွာနှင့် ခုန်ရှောင်လိုက်သည်၊ မိမိက ဓါးနှင့်



တစ်ချက်တည်း ပိုင်းချလိုက်လျှင်ရသော်လည်း မလုပ်ပါ။ ညှာတာလိုက်သည်။ သို့သော်. .

ကုလားအဖိုးကြီးက မထင်မှတ်လောက်အောင်ပင် သန်မာဖျတ်လတ်လှသည်၊ တရှူးရှူးတရှဲရှဲနှင့် ဒေါသထွက်နေကာ ဓါးနှင့် ဟရစပ်ပင် ထိုးခုတ်လေတော့သည်။ ထွေးမောင်မှာ ရှောင်ရင်း၊ ရှောင်ရင်းနှင့် ဒေါသထွက်ခဲ့လေ၏။

"ဟာ၊ အဖိုး အဖိုးကြီး. ."

"ထန်း . ."

ဓါးနှင့် ဘအားလွဲပြီးတော့ ခုတ်လိုက်သည်၊ ဓါးက ကုလား အဖိုးကြီး၏ ဓါးကိုထိသွားသည်၊ လက်မှလွတ်ကျသွားခဲ့လေသည်။ ထိုအခါ လူသိသွားပြီဖြစ်၍ ဓါးကိုပင် မကောက်နိုင်တော့ပဲ. . နေရာမှ ထွက်ပြေးလေတော့သည်။ ထိုစဉ်. .

ကိုဌေးနှင့် မရီတို့သည်လည်း. . ထွေးမောင်ဆီကို ရောက်လာခဲ့ကြလေသည်။

"ထွေး၊ထွေးမောင်၊ ဟိုမှာ ထွက်ပြေးသွားတာ ဘယ်သူလည်းကွ. ."

"ဘယ်သူရမှာလဲ၊ မနေ့ညနေကတွေ့လိုက်တဲ့ ကုလား အဖိုးကြီးပေါ့. ."

"ဟင်၊ ဟုတ်လား. ."

"ဒါနဲ့၊ အစ်ကိုနဲ့ အစ်မနဲ့ရောက်လာခဲ့ကြတဲ့အကြောင်းက. ."

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ နောက်တော့မှ အေးအေးဆေးဆေးပြော ပြမယ်. ."

သို့ရှိစိုက်. .

လေတစ်ချက်ပြင်းပြင်းတိုက်ခတ်သွားသည်၊ သူတို့ သုံးယောက်ကို ဝင်တိုးသွားခဲ့သောလေက ကြမ်းတမ်းလှသည်၊ တစ်နေရာတည်းမှာ ကွက်ပြီးတော့ တိုက်ခတ်သွားသလိုဖြစ် သွားသောကြောင့် အံ့အားသင့်သွားခဲ့ရလေသည်၊ လေတိုက်ခတ် သွားရာလမ်းကြောင်းတစ်လျှောက်၊ သစ်ပင်ကြီးငယ်များ ၊ ခြုံများက . .

"ဖရဲ. . ရှဲ. . ရှဲ. . ရှဲ. . ဖရဲ. ."

ဟု အသံမြည်သွားခဲ့ကြလေသည်။ သိပ်မကြာလိုက်ပါ။

" ဖုန်း. . ဖုန်း. . ဖုန်း. ."

" အဘား၊ အဘား၊ အဘား . ."

အဝေးမှ တဖုန်းဖုန်းနှင့် အသံများကို ကြားလာခဲ့ကြရ လေသည်။

ထို့အပြင်. .

ငယ်သံပါအောင် အော်လိုက်သောအသံများကိုလည်း ကြားလိုက်ကြရသည်။ အော်သံက အနည်းငယ်ကြာသည်။ ထို့နောက် ပြန်လည်တိတ်ဆိတ်သွားခဲ့လေသည်။

ဝ ဝ ဝ



## အခန်း ( ၁၇ )

## သေဆုံးနေသော ကုလားအဖိုးကြီး

နောက်တစ်နေ့နံနက်တွင်. .

ရှုပြင် ကွင်းစပ်၌ သေဆုံးနေသော. . ကုလားအဖိုးကြီး တစ်ယောက်ကို ရွာသူရွာသားအချို့က မြင်တွေ့လိုက်ကြရလေ သည်။

ထိုကုလားအဖိုးကြီးမည်သည့် အကြောင်းကြောင့်ယခု လိုသေဆုံးသွားရသည်ကို. . ၊မည်သူကမှ နားမလည်ကြပေ၊ တစ်ယောက်တစ်ပေါက်နှင့်သာ ဝေဖန်နေကြလေသည်၊ ထိုစဉ် .

"ဟာ၊ သည်ကုလားအဖိုးကြီးဟာ. . ပယောဂဆရာကြီး ကွ၊ ဆေးလည်းကုတယ်၊ မကောင်းဆိုးဝါးတွေနဲ့လည်း ပတ်သက် နေသလိုလိုကြားရတယ်. . ၊ သူက တစ္ဆေသူရဲမွေးပြီး ခိုင်းတ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့လည်းပြောကြတယ်၊ ဟုတ်မဟုတ်တော့ မသိဘူး၊ သည်လိုပဲ ရွာစဉ်လှည့်ပြီး သွားနေတာပဲ. . သချိုင်းတွေမှာလည်း တွေ့ချင်တွေ့ရတတ်တယ်. . ”

“ ဒါဆိုရင်. . အောက်လမ်းဆရာပေါ့၊ တစ္ဆေသူရဲကို နိုင်ကြတယ်ဆိုတဲ့ သည်ဆရာတွေက ဘယ်လိုကြောင့် အခုလို ပိုးစိုးပက်စက်နဲ့ သေဆုံးနေရတာလဲ. . ”

“ဂုဏ်းဖောက်လို့ဖြစ်မှာပေါ့ကွာ၊ သည်အလုပ်တွေက ကောင်းကြတာမှမဟုတ်တာ၊အမှားအယွင်း တစ်ခုခုဖြစ်တာနဲ့ တန်ပြန်ထိတာပဲ၊ ကိစ္စချောကြတာပဲ. . ”

“မြန်မာသချိုင်းက သရဲကကောင်းကောင်းတွယ် လွှတ်လိုက်တယ်ထင်တယ်. . ”

ထိုအခါ. . လူကြီးတစ်ယောက်ကဝင်ပြီး. .

“ မင်းတို့အရမ်းမပြောကြနဲ့ကွယ့်၊ သူ. . ဘယ်လိုအကြောင်းကြောင့်သေသလည်းဆိုတာသေချာမသိကြဘဲနဲ့၊အသားကအညိုအမည်းစွဲပြီး ပြာနှမ်းနေတာ၊ ဘာကြောင့်ဖြစ်နိုင်သလဲ၊ စဉ်းစားကြည့်ကြစမ်း. . ”

“ပိုးထိတာလည်းဖြစ်နိုင်တာပဲ. . ဘကြီး. . ”

“ဟာ ပိုးထိထားရင် အသားကတဖြည်းဖြည်းနဲ့ညိုပုပ်လာတယ်၊ ခုဟာက အရိုက်ခံထားရတဲ့ဒဏ်ရာမျိုး၊ မကျေနပ်တဲ့သူတစ်ယောက်ယောက်ကများ. . ”

“ကဲ၊ ကဲ၊ တော်၊ တော်ကြတော့၊ သူကြီးကိုခေါ်. .၊



သက်ဆိုင်ရာကိုအကြောင်းကြားပို့စီစဉ်၊ ဆေးရုံကြမှ အဖြေထွက်လိမ့်မယ်၊ တစ်ယောက်တစ်မျိုးနဲ့ ထင်ကြေးပေးနေတာတာ မသေချာဘူး. . ”

ထိုလူကြီးကပင်. . ပွဲသိမ်းလိုက်လေသည်၊ ထိုအခါတွင်မှ ကျေးရွာလူကြီးကို အကြောင်းကြားရန်ထွက်သွားလေသည်။

○ ○ ○

ကိုဋ္ဌေးနှင့်မရီတို့သည် ကုလားအဖိုးကြီးနှင့်ပတ်သက်သောအဖြစ်အပျက်ကို ပြန်ပြီးပြောပြလိမ့်မယ်ဟု. . တွေးမောင်ထင်မိလေသည်။ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးလာခဲ့သည့်တိုင် ပြောမပြခဲ့ပါ၊ မေ့ပဲမေ့လျော့သွားခဲ့ကြတာပဲလား၊ တမင်ပဲမပြောကြသည်ပဲလား၊ အကြောင်းထူးတစ်ခုခုကတော့ရှိနိုင်သည်ဟု ထင်မိသည်။ ထို့အပြင် ကုလားအဖိုးကြီးသေဆုံးသွားခဲ့ပုံကလည်း ထူးဆန်းလှသည်၊ အကျီကျွတ်ကာ မျက်နှာကအစတစ်ကိုယ်လုံး အညိုအမည်းစွဲပြီးတော့သေဆုံးရသည်မျိုး။

ထို့ပြင်. .

ထိုကုလားအဖိုးကြီးသည်. . မိမိတို့၏ရှေ့မှောက်မှ ထွက်ပြေးသွားရင်း မကြာမီမှာပင်. . ပိုးစိုးပက်စက်ဖြစ်ကာ သေဆုံးသွားခဲ့ရခြင်းပဲမဟုတ်ပါလား။ ထိုအကြောင်းကိုမည်သူ့ကိုမှအသိမပေးခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် သဟင်းတွက်လာခဲ့သည်က ဤရွာမှ ရွာသားတစ်စုက မကျေနပ်ချက်တစ်ခုခုရှိနေ၍ ကုလားအဖိုးကြီးကိုချောင်းမြောင်းကာလုပ်ကြံလိုက်သည်ဟုလည်းကောင်း။

အခြားတစ်ရွာက ကုလားအဖိုးကြီး၏နောက်ကို ခြေရာခံ၍လိုက်လာကာ သတ်ဖြတ်ပစ်လိုက်သည်ဟုလည်း ကောင်းဖြစ်လေသည်။

အချို့ပြောကြသည်က. .

သည်အဖိုးကြီးဟာ. . အစိမ်းသေသေဆုံးသွားကြသူ တွေရဲ့ဝိညာဉ်ကို ခေါ်ပြီးခိုင်းစားတတ်တယ်၊ မိန်းမပျိုလေးတွေ၊ လူငယ်လေးတွေရဲ့ ဝိညာဉ်လိပ်ပြာတို့ ချုပ်နှောင်ထားပြီး. . သူတစ်ပါးကို အနှောက်အယှက်ပေးခိုင်းတယ်၊ ကလေးတွေကို ခြောက်လှန့်ခိုင်းတယ်၊ သေဆုံးသည်အထိ ပြုမူခိုင်းကြတယ်။

အဲဒါကို ကာယကံရှင်တွေက၊ ငါ့သမီး၊ ငါ့သား၊ ငါ့မယား ကိုသည်လိုခိုင်းစားရပါမလားဆိုပြီး အငြိုးထားကြတာပေါ့၊ ငါကတော့ အဲသည့်မကျေနပ်ချက်တွေကြောင်းလုပ်ကြံ သတ်ဖြတ်လိုက်တာပဲလို့ထင်မိတာပဲ. . ”

အယူသီးကြသောလူကြီးတွေကလည်း မိမိတို့ထင်ရာကို ပြောကြလေသည်၊ ဤသို့နှင့် ကုလားအဖိုးကြီး၏ဇာတ်လမ်း သည်တဖြည်းဖြည်းနှင့် မှိန်လာခဲ့လေသည်။

○ ○ ○



တွေးမောင်သည် မိမိကြာခဏမြင်မက်မိခဲ့သော အိပ်မက်ထဲက မောင်တိုးဝေတို့ နေ့စဉ်ပင် စိတ်ထဲမှာခံစားနေမိလေသည်။

(မောင်တိုးဝေအပေါ် ခံစားနေရသည့် အကြောင်းအရာကိုသိသာထင်ရှားစွာပြောမပြနိုင်ပါ. . )

“ဒါပေမဲ့မောင်တိုးဝေဟာ. . အပြင်မှာလည်းရှိနိုင်တာပဲ၊ ညညမှာခြံထဲလာကစားတဲ့မောင်တိုးဝေကို စိတ်စွဲပြီးအိပ်မက်မက်နေတာ၊ ငါသည်ကလေးအပေါ်မှာ သံယောဇဉ်ဖြစ်ပြီးတော့ စွဲလန်းနေတာများလား. . ”

အခင်းဖြစ်ပွားပြီးနောက်ပိုင်းတွင် ထိုကလေးနှင့်ပတ်သက်ပြီး အိပ်မက်မမက်တော့လေပြီ၊ အတန်ကြာခဲ့လေပြီ၊ အစ်မနဲ့ အစ်ကိုက အကြောင်းတစ်ခုခုကြောင့်. . မောင်တိုးဝေဆိုတဲ့ နာမည်ကို အမှတ်မထင်ပြောဖူးခဲ့သလား။ ဒါမှမဟုတ်ငါ့နားထဲမှာ ကြားဖူးထားတာမျိုးရှိခဲ့ဖူးလို့လား. .

အဲဒါကြောင့် နာမည်ကိုစွဲပြီးတော့ သည်ကလေးကို ငါဟာသာငါ “မောင်တိုးဝေ” လို့နာမည်တပ်မိလိုက်တာလား. . ၊

ကိုယ်ဟာသာကိုယ်စဉ်းစားရင်း အဖြေက မပေါ်နိုင်၊ နောက်ဆုံးမှာတော့၊ မတွေ့ရသည်မှာကြာပြီဖြစ်သော မောင်တိုးဝေကလေးကို တွေ့ချင်စိတ်က ဖြစ်ပေါ်နေမိသည်။ မျက်နှာဝိုင်းဝိုင်းဖြူဖြူလေးနှင့် ချစ်စရာကောင်းသော ထိုကလေးကိုသာ. . စွဲလန်းချစ်ခင်စိတ်က ဖြစ်နေဆဲ. . ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလာသောအခါတွင်. . အလုပ်လည်းသိမ်းကာ. ဖိုးထောင်ကိုလည်း အိမ်ပြန်လွှတ်လိုက်လေသည်၊ ရေမိုးချိုးပြီးသောအခါ အိမ်ကြီးဆီကိုထွက်လာခဲ့သည်၊ ယောက်ဖနှင့် အစ်မက မနက်စာ၊ ညစာကို အိမ်မှာမစားလျှင်မကြိုက်ပေ၊ ထမင်းစားသောက်ကြပြီးသောအခါ. . သုံးယောက်အတူဝိုင်းဖွဲ့ပြီးတော့ စကားကောင်းနေကြလေသည်။

ထိုစဉ်. .

" ဘုတ်. . ဘုတ်. . ဘုတ်. . ဘုတ်"

တဘုတ်ဘုတ်နှင့် အသံကို မမျှော်လင့်ပဲ ကြားလိုက်ကြရသည်၊ အိမ်ထဲကထွက်လာသောအသံပင်ဖြစ်သည်၊ သူတို့သုံးယောက်သည်၊ အိမ်အပေါ်ထပ်မှာရှိနေကြလေသည်။

ဘောလုံးတစ်လုံးသည် အထပ်ခိုးပေါ်ကို တက်သည့်လှေကားအတိုင်း. . လိမ့်ကာလိမ့်ကာ ဆင်းလာခဲ့လေသည်။ ကြမ်းပြင်ပေါ်သို့ရောက်သောအခါ သူတို့ဆီကို လိမ့်လာသည်၊ ထွေးမောင်ကိုလာ၍ ထိလေသည်၊ ထွေးမောင်က ကောက်ယူလိုက်သည်။

ကလေးမရှိသောအိမ်မှာ ကလေးကစားစရာဘောလုံးတစ်လုံးရှိနေသည့်အတွက် အံ့အားသင့်နေမိရလေသည်။

သို့သော်. . ထွေးမောင်က ဘာကိုမှမမေးဘဲ၊ ဘေးမှာထားလိုက် လေသည်၊ ကိုဌေးနှင့်မရီတို့ကလည်း မသိချင်ယောင်ဆောင်နေ လိုက်လေသည်။



ညဉ့်ဦးပိုင်းကုန်ဆုံးကာနီးမှပင် ထွေးမောင်ပြန်လာခဲ့လေသည်၊ခေါင်းထဲမှာလည်း ဘောလုံးကိစ္စကို ဖျောက်ဖျက်ပစ်လိုက်မိသည်၊

"ဟောဟိုအိမ်ကြီးမှာပဲနေတာပေါ့. . "

"ကျွန်တော့်မိဘတွေပဲပေါ့. . "

အိပ်မက်လိုလို၊ တစ်ကယ်လိုလိုနှင့်တွေ့ဆုံခဲ့ရသည့်မောင်တိုးဝေ၏စကားများသည်. . မရေမရာများပင်လား၊ အတွေးနယ်ချဲ့ကာ. . မိမိ၏စိတ်ကိုလှည့်စားသောပြောင်းလဲမှုလား၊ မောင်တိုးဝေနှင့် ပတ်သက်သော ခံစားချက်သည်တစ်ကယ်လိုလိုထင်လာမိခဲ့သည့်အခါ. .

○ ○ ○

လရောင်အောက်တွင်. .

အရာဝတ္ထုမှန်သမျှသည်. . ငြိမ်သက်လျက်ရှိနေကြသည်၊ မြေကွက်လပ်ငယ်ကလေးပေါ်မှာတော့ လှုပ်ရှားနေသောသူတစ်ယောက်. .

" ဝှစ်. . ဝှစ်. . ဝှစ်. . ဝှစ်. . "

ခါးတဝင်းဝင်းနှင့် သိုင်းကစားနေသူ၊ လူငယ်လေးတစ်ယောက်ပင်၊ သူခါးသိုင်းကစားနေပုံက လှသည်၊ ကြည့်ကောင်းလှသည်၊ ဆံပင်တွေကိုစုစည်းမထားပဲဖြန့်ချထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခါးအဝင်၊ ကိုယ်အလျှဉ်းမှာ လေထဲမှာပြန့်ဝဲပြီးတော့. . ဝေ့ယမ်းသွားကြသည်၊ ခါးတောင်ကိုပြောင်အောင်ကျိုက်ထားသည်၊ အပေါ်ပိုင်းမှာ အင်္ကျီမရှိ၊ ကျောပြောင်နှင့်ဖြစ်သည်။ တစ်ကိုယ်တည်းဓါးသိုင်းလေ့ကျင့်နေသော သူဆီကို ရောက်လာသူတစ်ယောက်၊ သူကတော့ထွေးမောင်. .

"ဟိတ်၊ မောင်တိုးဝေ. ."

လှမ်းပြီးအသံပြုလိုက်ရာ၊ မလင်မှတ်သောအပြုအမူတစ်ခုနှင့် တုန့်ပြန်ခံလိုက်ရလေသည်။ ဘူငယ်လေးသည် သစ်ပင်အောက်မှာ ရပ်နေသော ထွေးမောင်ဆီကို ချက်ချင်းပင်ပြေးလာခဲ့လေသည်။

"ဘယ်ဘယ်သူလဲ၊ သေ. . သေ. . သေသွားမယ်နော်. ."

လက်ထဲကဓါးနှင့် ဝေ့ယမ်းပြီးတော့ ဝင်လာခဲ့သည်၊

"ဝှစ်. . ဝုစ်. . ဝှစ်. . ဝှစ်. ."

"ဟေ့. . ဓော့ကောင်၊ ငါ. . ငါကွ. . ၊ မင်းမှားမယ်နော်. ."

ထွေးမောင်က သတိပေးသည်၊ နောက်ဆုတ်၊ နောက်ဆုတ်နှင့် ဘိမ်းရှောင်သည်၊ ဓါးဖျားမိသွား၍ သစ်ကိုင်းတွေ၊ သစ်ရွက်တွေက. . အောက်ကိုပြုတ်ကျလာခဲ့ကြလေသည်။

"မင်း. . မင်း. . ငါဆိုတာမသိဘူးလား. ."

ထွေးမောင်က သုံးလေးခွန်းဆက်ကာ ပြောလိုက်မှ. . ဓါးကိုင်ကာမြှောက်ထားသောလက်သည်. . လေထဲမှာ တုံ့သွားခဲ့ရပြီး. ."



"ဟင်း. . ဦး. . ဦးဦး. ."

သည့်နောက်. .

ဓါးကိုင်ထားသောလက်ကို. . အောက်သို့တဖြည်းဖြည်းနှင့် ပြန်ပြီးချလိုက်လေသည်။

"မင်း. . ဘာဖြစ်နေတာလဲ၊ ငါ့ကိုတောင်ချန်ရှာတော့မလို့ပါလားကွာ. ."

"မဟုတ်ဘူး၊ ဦးဦးကိုရန်ရှာမလို့ မဟုတ်ပါဘူး၊ ကျွန်. . ကျွန်တော်. ."

မောင်တိုးဝေသည် ဆက်မပြောတော့ပဲ ခေါင်းကိုငုံ့ထားလိုက်လေသည်။ မကွေမနေတုန်ဟန်တာသည်။

"ကျွန်တော်မှာ အန္တရာယ်တွေဝိုင်းနေတယ်၊ ကျွန်တော်ကို လိုချင်တဲ့သူတွေ၊ ဖျက်ဆီးချင်တဲ့သူတွေရဲ့ရန်ကို ကာကွယ်ဖို့အတွက် အမြဲမပြတ် သတိထားနေရထားနေရတာပါ၊ ဦးဦးလည်းသိတယ်မဟုတ်လား"

မောင်တိုးဝေ၏လေသံမှာ ခက်ထန်မာကျောလှနေလေသည်၊ စကားပြောနေရင်းက မကြာခဏပင်ပဟ်ပန်းကျင်ဘိုဖျက်ကနဲ၊ ဖျက်ကနဲဆို လှည့်ပြီးတော့ကြည့်တတ်သည်၊

ထွေးမောင်ကလည်း ဘာကိုဆိုလို၍ပြောလိုက်သည်ကိုသဘောပေါက်သွားခဲ့ရပြီး. .

"မင်း. . ဟိုကုလားကြီးကို ဘာလုပ်လိုက်တာလဲ. ."

"သူက. . ကျွန်တော်ကို ချုပ်နှောင်ပြီးခေါ်ဖို့ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com

တယ် ကျွန်တော်တစ်ကိုယ်လုံး ပူလောင်နေတယ်၊ ဘာမှမတတ်နိုင်ဘူး၊ ဦးဦးသာ ဝင်ပြီး မကူညီရင် ကျွန်တော်တော့ ဒုက္ခရောက်ပြီ. . "

"ဟုတ်ပါပြီ. . ထားရတော့၊ ငါမေးတာက. . မင်း. . သူကို ဘာလုပ်လိုက်သလည်းဆိုတာပါ. . "

"ဟာ ကျွန်တော် ဘာလုပ်ရမှာလဲ၊ ဘာမှမလုပ်ပါဘူး၊ ဘာဖြစ်လို့မေးတာလဲ"

"သူသေသွားတယ်၊ အလိုလိုနေရင်းနဲ့တော့ဖြစ်မှာတော့ မဟုတ်ပါဘူး၊ ခုတော့ သူသေသွားတယ် တစ်ယောက်ယောက်ရဲ့လက်ချက်လို့ထင်တာပဲ. . "

"ဦးဦးက ဘာဖြစ်လို့ အဲသလိုထင်ရတာလဲ. . "

"ကိုပေါ်မှာ ညိုအမည်းတွေစွဲနေတယ်၊ ရိုက်နှက်ခံထားရတယ်လို့ထင်တာပဲ. . "

"ဟာ သူ့ဘာသာသူဖြစ်တဲ့ကိစ္စ၊ ကျွန်တော်နဲ့ဘာဆိုင်သလဲ၊ ဦးဦးက ကျွန်တော်ပရောဂ မကင်းဘူးလို့ထင်တာလား၊ မဟုတ်ဘူး ကျွန်တော်နဲ့မဆိုင်ဘူး၊ ဒါ့သူ့ပရောဂကနဲ့သူဖြစ်တာ၊ မြွေကိုက်သေတာလည်းဖြစ်နိုင်တာဘဲ"

"မင်းလွယ်လွယ်နဲ့ မပြောနဲ့ကွာ၊ သူတစ်ပါးရဲ့အသက်ကို ရန်မရှာသင့်ဘူး၊ ခုတော့ အသက်သေသည်အထိဘဲ"

"ဦးဦး၊ တော်တော့ဗျာ ကျွန်တော်ဘာမှမသိတဲ့ကိစ္စကို လာပြီးစွပ်စွဲတာမျိုး မလုပ်ပါနဲ့. . "





မောင်တိုးဝေ၏လေသံမှာ မာကျောလျှက်ရှိနေသေးသည် တစ်ကယ်တော့ သူ. . 'ဒေါသထွက်နေခြင်းပင်ဖြစ်သည်။

"ကဲပါကွာ မင်းမဟုတ်ရင်ပြီးတာပါပဲ၊ ငါက သည်တိုင်းမှာ လက်သည်တရားခံဟာ မင်းဖြစ်နေရင် ငါ ခါက်တောင်းနိုင်မှာ မဟုတ်တော့ဘူး၊ မင်းဒဏ်သင်းမှာစိုးလို့ပါ. . "

ထွေးမောင်သည် မိမိဘက်က အလျှော့ပေးသင့်ပြီဟု ထင်မိလိုက်. .

"ဒါနဲ့ မင်းကိုငါ မေးရဦးမယ်၊ ငါနဲ့ ဝတ်မှုံ ပွဲကြည့်ပို့မင်းတယ်စီစဉ်ပေးတာမဟုတ်လား"

ထိုအခါ မောင်တိုးဝေက ဟက်ကနဲဆိုရယ်လိုက်လေသည်။

"ဦးဦးကလည်းဗျာ သိလျက်သားနဲ့မေးနေပြန်ပြီ"

"ငါ ထင်သားပဲ မင်းလက်ချက်ပဲဆိုတာ ခုတော့. . "

"ခုတော့ ဘာဖြစ်သလဲ ဦးဦး"

"ငါတို့နှစ်ယောက် သမီးရည်းစားဖြစ်သွားကြပြီဟေ့ကွ"

ပြောပြီး ထွေးမောင်က အားပါးတရပင်ရယ်မိလိုက်လေ၏။

"ဦးဦးက ရဲမှမရဲပဲ၊ လက်နှေးနေတာကိုးဗျ၊ ကြာရင် အဲသည်မိန်းကလေးကို တစ်ယောက်ယောက်က လာတောင်းရမ်းပြီးယူတော့မှာဗျ. . "

"ဟေ. . ဟုတ်လား"

"ဟုတ်တယ်၊ ဒါကြောင့်ကျွန်တော်က ကြားကနေပြီး


www.burmeseclassic.com

www.burmeseclassic.com



ဖူးစာရေးလုပ်ပေးလိုက်ရတာ"

"မင်းကတော့ကွာ တော်တော်တတ်နိုင်တာပဲ. ."

"ဘာလည်း၊ ဦးဦးက သဘောမကျဘူးလား"

"ဟာ ဘယ်ပြောကောင်းမလဲ၊ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကါးပေါ့ကွာ"

"အဲ. . ဟဲ၊ ရည်းစားဘဝနဲ့ အကြာကြီးမနေနဲ့နော်၊ အချိန်တွေများသွားရင် လွဲသွားတတ်တယ် မြန်မြန်ယူ"

"ဟာ မိန်းမယူတယ်ဆိုတာ လွယ်တာမှတ်လို့၊ စုရ ဆောင်းရဦးမယ်ကွ၊ ငါ့မှာ အဆင်သင့်မရှိသေးဘူး"

"ဟာဗျာ ပြည့်စုံမှသာယူမယ်ဆိုရင် ဘယ်တော့မှယူဖြစ် မှာမဟုတ်ဘူး၊ ဖြည့်ဆည်းသွားကြတာပဲမဟုတ်လား"

"အံမာ. . မင်းက အိမ်ထောင်ကျဖူးတာကျနေတာပဲ ပြောနေလိုက်တာ. ."

နှစ်ဦးသား ရယ်မောမိလိုက်ကြသည်။ လမ်းသွားလမ်း လာတစ်စု၏ ရယ်သံကြောင့်အိပ်ပျော်နေရာက လန့်ပြီးမက်နေ မှန်း. . သိလိုက်ရလေတော့သည်။

"ဟာ. . ဟိုကောင်ကတော့ကွာ. . ငါ့ကို အိပ်မက်ထဲ မှာလည်း ကလူကျီစယ်နေပြန်ပြီ"

ထို့နောက်. .

တစ်ယောက်တည်းရယ်နေမိလိုက်လေသည်။

○ ○ ○



## အခန်း (၁၈)
## ''သစ်ပင်ပေါ်ကလူလား၊ မျောက်လား''

အချိန်ကား

ညနေစောင်းကာလ လူတစ်စုသည် ရွာအပြင် သစ်ပင် ကြီးတစ်ပင်အောက်မှာ ထိုင်နေကြသည်။ စုစုပေါင်းသုံးယောက် လူငယ်များပင်ဖြစ်ကြသည်။ သူတို့သည် လူတစ်ယောက်ကိုစောင့် ဆိုင်းနေကြခြင်းပင်။

"ကျိန်းသေပါကယ်ကွာ၊ သည်တစ်လမ်းရှိတာပဲ. . မင်းကလည်း စိတ်ရှည်စမ်းပါကွာ. ."

ကျော်ထူးက ပြောလိုက်သော်လည်း မြဝင်းသည့်စိတ် မရှည်နိုင်သလိုပင်။

"သည်ကောင်နဲ့မြန်မြန်တွေ့မှဖြစ်မယ် စာရင်းမြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရမယ်”

“စိတ်ထိန်းစမ်းပါကွာ ငါ မင်းကိုမှာထားမယ်၊ သည်ကိစ္စကို အေးအေးဆေးဆေးဆွေးနွေး၊ စိတ်မလောနဲ့ လက်မပါစေနဲ့ ကြားလား. . ”

“ငါက သည်ကောင်ကိုမှတ်လောက်သားလောက်အောင် သင်ခန်းစာပေးလိုက်ချင်တာကွ၊ ငါ့လက်ကလည်း ယားနေတယ် အေးသော်. . ”

“မင်းကတော့ ပြောရင်းဆိုရင်းဖောက်လာပြီ၊ အေးရာအေးကြောင်းပြောလို့ရတယ်. . သဘောပေါက်လား. . မြဝင်း”

ကျော်ထူးနှင့်အေးသော်တို့က နှစ်ယောက်ညှပ်ပြီးတော့ မြဝင်းကို ထိန်းနေရလေသည်။ ထိုစဉ်. . မြဝင်း၏အကြည့်သည် တောတွင်းလမ်းလေးဆီကို ရောက်သွားသည်။ မျက်လုံးတွေက အရောင်ပြောင်းသွားခဲ့သည်။

“ဟိတ် ဟိုမှာ. . . လာနေပြီကွ”

ကျန်နှစ်ယောက်၏အကြည့်တွေကလည်း ရွေ့သွားခဲ့ကြသည်။ သူတို့မြင်လိုက်ရသည်ကား လွယ်အိတ်လွယ်ကာ လမ်းလျှောက်လာနေသူ။

သူကတော့. . .

ထွေးမောင်။

ထွေးမောင်သည် ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာနေသည်။ ရှေ့မှာ လူသုံးယောက်က သူ့ကို စောင့်နေကြသည်။



ဒါကိုမသိ။

ထွေးမောင်သည် သစ်ပင်ကြီးနားကို ရောက်လာသည်အထိ၊ ထိုသူတို့ကိုမမြင်။

“ဟေ့ကောင်၊ ခဏနေဦး”

မြဝင်းက လေသံဟာများနှင့် လှမ်းပြီးတော့ခေါ်လိုက်လေသရဲ၊

“ဟာ သည်ကောင်၊ သည်ကိုမခေါ်ပါနဲ့ လို့ပြောထားတာအေးအေးဆေးဆေးပြောပါလို့ဆိုနေ. . ”

ကျော်ထူးသည် မြဝင်းကို စိတ်ပျက်သွားခဲ့လေသည်။ ထွေးမောင်သည် ထိုအခါကျမှ သစ်ပင်အောက်က လူတွေကို သတိပြုမိသွားခဲ့ရလေသည်။ သို့သော်. . . သူ့ကိုရည်ရွယ်သည်ဟု မထင်မိလျှင် ဆက်လျှောက်သွားခဲ့လေသည်။

“ဟေ့ကောင် မင်းကိုခေါ်နေတာကွ၊ ဘာအူကြောင်ကြောင်လုပ်ပြနေတာလဲ”

“ဟာကွာ မြဝင်းမင်းအတွက်နဲ့တော့ခက်နေပြီကွာ၊ သည်မှာ ညီလေး. . ခဏနေပါဦးကွာ၊ ဆွေးနွေးစရာလေးရှိနေလို့ပါ”

ထိုအခါကျမှ ထွေးမောင်သည် သူ့ကိုခေါ်လိုက်မှန်းသိသွားခဲ့ရလေတော့သည်။ သူတို့သုံးယောက်ဆီကိုလျှောက်သွားခဲ့လေသည်။

“ဟုတ်ကဲ့. . ပြောပါ. . ဘာကိစ္စများပါလိမ့်”

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထူးက မပြောမီ မြဝင်းသည် အလောတကြီးနှင့်-

"မင်းက. . မနေ့တစ်နေ့ကမှ. . သည်ကိုရောက်လာတယ်၊ ဇော်တော့်ကို ခြေလှမ်းက သွက်နေပါလားကွ. . ဟင်"

"ဗျာ. . ကျွန်တော်က ဘာအမှားတွေများ ကျူးလွန်နေမိလို့လည်းဗျာ နားမရှင်းပါလား. . "

ထွေးမောင်သည် ရွာထဲတွင် သူတို့သုံးယောက်ကို မျက်မှန်းတန်းမိသော်လည်း တစ်ကြိမ်တစ်ခါမှ စကားမပြောဖြစ်ခဲ့ပေ၊ ယခုကိစ္စသည် အကောင်းတွေ့ဆုံခြင်းမဟုတ်နိုင်ကြောင်း၊ မိမိကို တမင်တကာ လာရောက်စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း ရိပ်မိသွားခဲ့ရလေသည်။

"မင်းက. . . မသိချင်ယောင်ဆောင်မနေပါနဲ့ ငါက တည့်တည့်ပြောမှသိမှာလား၊ အေး ဒါဆိုရင်လည်း ငါပြောမယ်"

"ဟေ့ကောင် မြဝင်း၊ မင်းစကားကို ထိန်းပြီးတော့ ပြောနော်၊ အေးအေးဆေးဆေးပြောလို့ရတယ်. . "

အေးသော်က ဘေးကနေသိပေးပြန်သည်။ သို့သော် သုံးယောက်စလုံးက ယမကာများမှီဝဲထားကြသည်။ အနံ့တွေက ထွက်နေကြသည်။

"မင်းတို့က ငါ့ကိုဆရာမလုပ်ကြစမ်းပါနဲ့၊ သည်ကောင်က အပျော့စားလေသံနဲ့ပြောလို့မရဘူးကွ"

"မြဝင်းနော် မင်းပြဿနာမရှာနဲ့ မင်းကို ဒါလောက်အထိ သတိပေးဖို့မလိုဘူး"



ကျော်ထူးသည် မြဝင်းကိုဒေါသထွက်နေလေသည်။

"မင်း. . . ဝတ်မှုံကို အပိုင်ထိန်းလိုက်နိုင်တာကဘော့ ကျွန်တော့်ကို ကျမ်းတာပဲကွာ၊ မနေ့တစ်နေ့ကမှရောက်လာပြီး ဒီကြောသွားတယ်"

ထိုအခါကျမှ. .

ထွေးမောင်သည် မိမိကိုရန်စလိုသည့် အကြောင်းကိုသိသွားခဲ့ရလေသည်။

"ကျွန်တော်နဲ့ ဝတ်မှုံနဲ့က ရိုးရိုးခင်ကြတာပါဗျာ ခင်ဗျားထင်သလိုမဟုတ်ပါဘူး"

"မင်း အပိုတွေပြောမနေနဲ့ မင်းတို့နှစ်ယောက်အကြောင်းကို ငါသိပြီးသား၊ ဒီမှာပိုးလို့ဝတ်မှုံကို ဘယ်သူမှ ပိုးလို့မရဘူးကွ၊ မင်းပဲရအောင်ပိုးနိုင်တာ အေး ဒါပေမယ့် ငါတို့က မိန်းကလေးကို မင်းလက်ထဲအရောက်မခံနိုင်ဘူးကွ"

"ကျွန်တော်က သည်ဒေါင်းဖိုကို အခုမှရောက်လာတယ် ဆိုပေမယ့်. . ဘာတိချက်မြှုပ်က သည်ကာပါ၊ ခင်ဗျား. . သည်လိုရန်စကားမျိုးမပြောပါနဲ့"

"ဟေ့ကောင် မလိုချင်ဘူး၊ မင်းကြောက်တန်ကန်ပြီးတော့လျှောက်ပြောမနေနဲ့၊ အေး ငါစကားကုန်ကုန်ပြောမယ် မင်း. . ဝတ်မှုံကို ဆက်ပြီးမကြိုးစားနဲ့တော့ နောက်ဆုတ်ပေးပြီးတော့ သည်ကထွက်သွား ဒါပဲ. . "

"ဟာ မဖြစ်နိုင်တာများ ဒါ. . ကျွန်တော့်ရွာပဲ ဘယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရမှာလဲ၊ အလုပ်လည်းအသားကျနေပြီ ခင်ဗျားက သည်လို အမိန့်ပေးနိုင်ခွင့်ရှိလို့လား. . ”

ထွေးမောင်သည်လည်း ဒေါသထွက်လာခဲ့လေပြီ။

“သည်မှာ ငါ့ညီ မြဝင်းက ဝတ်မှုံကို ကြိုးစားနေတာကြာပြီပေါ့လေ၊ ဒါပေမယ့် ဝတ်မှုံကမြဝင်းကိုလက်မခံဘူး၊ မင်းက ဝတ်မှုံရဲ့အချစ်ကိုရအောင်ယူလိုက်တော့ သူ့အတွက် အူနုကျွဲ ခတ်ခံရကိန်းဆိုက်သွားတာပေါ့ကွာ”

“အဲသည်တော့ မင်းနဲ့ဝတ်မှုံနဲ့ ကင်းရှင်းသွားမှဖြစ်မယ် ဝတ်မှုံက မင်းရဲ့မျက်နှာကို မမြင်တာကြာရင်မေ့သွားမှာပဲ၊ မြဝင်း ပြောတဲ့အတိုင်းပေါ့ကွာ၊ မင်. . ဒီရွာကနေအမြန်ဆုံးထွက်သွားပေါ့၊ မင်း. . ရင်းနှီးစားသောက်ဖို့ ငါတို့ ငွေအလုံအလောက်ပေးလိုက်ပါ့မယ်”

ကျော်ထူးသည် ထွေးမောင်ကို တိုက်တွန်းသလိုလို နှင်နှင်ထုတ်နေသည်။

“တကယ်လို့ ကျွန်တော်က မသွားဘူးဆိုရင်တော့”

“မင်းအတွက် ကျန်းမာရေးမကောင်းဘူးဖြစ်သွားနိုင်တယ် စဉ်းစားပါဦးကွာ သည်ရွာမှာ ကျော်ထူးနဲ့အေးသော်တို့ရဲ့အကြောင်းကိုလည်း စုံစမ်းကြည့်ပါဦး”

ဖေးဖေးမမပြောသလိုလိုနှင့် ခြိမ်းခြောက်လာခဲ့လေပြီး ထွေးမောင်ကလည်း လူငယ်ပီပီစိတ်နှင့်ပဲ သူတို့သုံးယောက်မှာ မါးမြှောင်တွေကိုယ်စီ ပါလာသည်ကို သတိထားမိလိုက်သည်။





ထွေးမောင်၏အကြည့်က မြဝင်းဆီကို စူးစူးရဲရဲဖင် ရောက်သွားခဲ့ပြီး. .

“မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို မင်းရအောင်မယူနိုင်တာ. . မင်းလိုပေါ့ကွာ အဲဒါနဲ့များအရှက်မရှိပဲ၊ တစ်ဖက်သားကိုလာပြီးတော့ ရန်ရှာနေသေးတယ်၊ ဒါ ငါ့ရဲ့ဇာတိချက်မြှုပ်ရွာ ငါနေလို့ရတယ် မနေလည်းရတယ်၊ မင်းတို့က ငါ့ကို နှင်ပိုင်ခွင့်မရှိဘူး ငါမသွားနိုင်ဘူး. . . ”

“ဟင်. . . ”

“ဟာ. . . ”

ထွေးမောင်က ပြတ်သားစွာပဲ ပြောလိုက်သောကြောင့် အားလုံး အံ့အားသင့်သွားခဲ့ရလေသည်။ လူပုံက ပျော့နွဲ့နွဲ့နှင့် သည်လိုလေသံမာမာစကားမျိုး ပြောလိမ့်မည်ဟုမထင်ကြ။

ထို့နောက်. .

ထွေးမောင်သည် ချာကနဲလှည့်ကာ ထွက်သွားခဲ့လေသည်။

“တယ်. . ဒီကောင်နာချင်ပြီထင်တယ်. . ”

မြဝင်းသည် ခါးကြားထဲမှဓါးမြှောင်ကို ဆွဲထုတ်လိုက်ကာ. . ထွေးမောင်ဆီကို ပြေးကာထိုးထည့်လိုက်သည်။

“ဟေ့. . ဟေ့ကောင် မြဝင်း၊ မင်း. . မင်းလွန်မယ်. . ”

ကျော်ထူးက မြဝင်းကို လှမ်းဆွဲလိုက်သော်လည်းမမီ တော့ပေ၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. .

ထွေးမောင်သည် သတိထားနေသူမို့ ခါးကြားထဲသို့ဝင်လာသောဓါးမြှောင်ကိုင်လက်ကို လက်နှင့်ပုတ်ထုတ်ပစ်လိုက်သည်။ ဓါးမြှောင်သည် ရည်မှန်းချက်ကိုမရောက်ပဲ. . ချော်ထွက်သွားခဲ့လေသည်။ မြဝင်း၏လက်ကောက်ဝတ်ကို ထွေးမောင်က ဆုပ်ကိုင်မိသွားသည်။ လက်ဖျံရိုးကို လက်ညှိုးလက်မနှင့်ညှစ်လိုက်ဟာ. .

"အား. . ."

အကြောမျှားကျင်ကနဲဆိုဖြစ်သွားပြီး တစ်ကိုယ်လုံးဆတ်ဆတ်ခါသွားခဲ့ရလေသည်။ ဓါးမြှောင်သည်လည်းလွတ်ကျသွားခဲ့ရသည်။ ကျသွားသောဓါးမြှောင်ကိုကောက်ယူရန်ကြိုးစားသော်လည်း လက်ချောင်းလေးတွေက ဘာဖြစ်သွားသလည်းမသိ၊ ဆုပ်ကိုင်၍မရတော့ပေ၊ လူကိုယ်တိုင်လည်း မတ်မတ်ပင်၍မရတော့ပဲ နောက်ဆုတ်နောင်ဆုတ်နှင့် ဖြစ်သွားခဲ့ရလေသည်။

"ဟာ မြဝင်း၊ ဘာဖြစ်သွားသလဲမသိဘူး. . ဟော့ကောင်. . မင်း သူ့ကိုဘာလုပ်လိုက်တာလဲ"

အေးသော်က မြဝင်းအတွက် စိုးရိမ်သွားသည်။

"မြင်တဲ့အတိုင်းပဲလေ ကျွန်တော် ဘာလုပ်လို့လဲ၊ သူက စလုပ်တာ"

ထွေးမောင်သည် ခပ်အေးအေးပင်ပြန်ပြောလိုက်လေ





သည်။ ထွေးမောင် သိုင်းတက်သည်ကို သူတို့ရိပ်မိသွားခဲ့ရသည်။ အကြောကိုင်ပညာလည်း တတ်စွမ်းသည် ကိုသဘောပေါက်သွားခဲ့ရလေသည်။

ကျော်ထူးသည် အစပိုင်းက မှုတသောစိတ်ထားရှိသော်လည်း မြဝင်းမချိမဆန့်ဖြစ်သွားသည်ကိုမြင်လိုက်ရတော့. .

"မင်း တော်တော် လူပါးဝတာပဲကွ၊ ငါတို့က အေးရာအေးကြောင်း ပြောနေတာ၊ ဂရုမစိုက်ပဲကိုး. . "

"ဟင်. . ကျွန်တော်ကလည်း အေးရာ. . အေးကြောင်းပြောတာပဲ၊ ခင်ဗျား လူက လူတစ်ယောက်ကို သေသည်အထိ ကြံစည်တာကျတော့ ထည့်မပြောကြဘူးလား. . "

"မလိုချင်ဘူး၊ မင်း. . ဘာဖြစ်ဖြစ်၊ ငါ့လူကို ထိရင်တော့ မခံဘူးကွ၊ မင်းကို မှတ်လောက်သားလောက်အောင်တော့ ဆုံးမရမယ်ကွ. . "

"တော်တော်တရားတာပဲ. . "

ထွေးမောင်. . စကားမဆုံးမီမှာပင်. . ကျော်ထူးနှင့်အေးသော်တို့ကလည်း ဓါးနှင့် ဝင်လာခဲ့ကြသည်။ ထွေးမောင်က လက်ချည်းသက်သက်. . နှစ်ဖက်ညှပ်ပြီးတော့ ဝင်လာသောဓါးချက်ကို ထွေးမောင်က သိုင်းကွက်နင်းကာ ရှောင်ထွက်သွားသည်။ ထို့ကြောင့် လေကိုသာ ထိုးမိသွားခဲ့ကြသည်။

ရှောင်အထွက်မှာ ဘယ်ညာခြေတစ်စုံလုံးကို သုံးသွားသည်။ ခြေဖမိုးနှင့် ပတ်ရိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း. . "

"ဖြောင်း"

"အား. . "

"အား"

ပါးပြင်ကို ရိုက်သွားခဲ့သည်ဖြစ်၍ မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားခဲ့ကြလေသည်။ တစ်ယောက်က ဘေးကို ပစ်ပြီးတော့ ကျသွားသည်။ တစ်ယောက်က ဒူးထောက်ပြီးတော့ ကျသွားခဲ့ရလေသည်။

ယင်းအချိန်ကလေးအတွင်းမှာပင်. .

သစ်ပင်ကြီးပေါ်မှ. . ထူးခြားသော အသံတစ်သံက ထွက်ပေါ်လာခဲ့လေသည်။

"ဖရော. . ဖရော. . ဖရော"

သစ်ရွက်များ. . သစ်ကိုင်းများကို လှုပ်ခါရမ်းလိုက်သည့် အသံမျိုးပင်ဖြစ်သည်။ လေမတိုက်ပဲနှင့် ထွက်ပေါ်လာသည့် အသံမျိုး။

သူတို့၏ အပေါ်တည့်တည့်မှာဖြစ်နေ၍ ထွေးမောင်က လွဲပြီး အထိတ်တလန့်နှင့် မော့ကြည့်မိလိုက်ကြလေသည်။

[ထွေးမောင်သည် ထိုအသံကို မကြားမိ၍လား. . ဂရုမပြုမိ၍လား မပြောတတ်၊ သူ. . မသိလိုက်ချေ]

"ဟာ. . ဟာ သစ်ပင်ပေါ်မှာ ဘာလဲ. . ဘာကောင်လေးလဲ. . လူလိုလို. . မျောက်လိုလိုနဲ့. . "



သူတို့၏ အမြင်မှာကား. . လူလိုလို. . မျောက်လိုလို သတ္တဝါတစ်ကောင်သည်. . လက်ထဲမှာ "မြွေတွေကိုကိုင်ကာ ဆော့ကစားနေသည့် မြင်ကွင်းပင်တည်း၊ မြွေများကို လည်ပင်းမှာလည်း ရစ်ပတ်ထားသည်။ ကိုယ်ပေါ်မှာလည်း ပတ်ထားကြသည်။

ထို့နောက်. . .

ယင်းမြွေများကို တစ်ကောင်ပြီးတစ်ကောင်ယူကာ သူတို့သုံးယောက်၏ ကိုယ်ပေါ်သို့ ပစ်ချနေလေသည်။

"ဘတ်"

"ဘတ်"

မြွေများသည် သူတို့ကိုယ်များပေါ်ကို တစ်ဘက်ဘတ်နှင့် ပစ်ကျလာကြသည်။

"အား"

"အား"

အလန့်တကြားနှင့် အော်လိုက်ကြလေသည်။ ရှည်လျားသောမြွေကိုယ်ထည်များသည် လည်ပင်းမှာ ရစ်ပတ်ထားကြတာ မလွှတ်တော့ပေ။ လက်နှင့် ဆွဲပြီးတော့ ဖြည်သော်လည်း မရ တင်းသထက်တင်းအောင် ရစ်ပတ်ထားကြလေရာ. . မျက်လုံးမျက်ဆံပြူးကာ အော်ဟစ်၍ သွေးရူးသွေးတမ်းနှင့် ထွက်ပြေးကြလေတော့သည်။

"အား. . ကယ်ကြပါအုံးဗျ. . . "

www.burmeseclassic.com

www.burmeseclassic.com



“မြွေ. . မြွေ လည်ပင်းမှာ ပတ်ထားတယ်၊ ဆွဲခွာလို့ မရတော့ဘူးဗျာ. . ”

“အမလေး. . ကြောက်လှချည်ရဲ့ဗျာ. . ”

သူတို့၏ ဖြစ်ပုံကိုကြည့်ပြီး ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်သွားခဲ့ရသူကတော့ ထွေးမောင်။

“ဟာ. . ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘယ်က မြွေလည်း. . သူတို့ကိုယ်ပေါ်မှာ ဘာမြွေမှလည်း မရှိပါလား. . ”

ထွက်ပြေးသွားကြသောသူများသည် တစ်ချက်ပင် မနားကြ၊ နှစ်ဖာလုံခန့်ဝေးသော ရွာအထိရောက်သွားခဲ့ကြလေသည်။ လမ်းတစ်လျှောက်လုံးမှာလည်း လူတွေက သူတို့ကို အံ့အားတသင့်နှင့် ဖြစ်နေကြလေသည်။

သို့နှင့်. .

ဒေါင်းဖိုရွာထဲကို ရောက်လာခဲ့ကြလေသည်။

“ကယ်ကြပါဦးဗျ၊ ကယ်ကြပါဦး. . ”

“လည်ပင်းက မြွေတွေကို ဖြုတ်ပေးပါ. . ဖြုတ်ပေးပါ”

တွေ့သည့် လူများကို အကူအညီတောင်းလေတော့ရာ. .

“ဟေ့ကောင်တွေ မင်းတို့ ဘာဖြစ်လာကြတာလည်းကွ”

“ဦးရီး. . ဦးရီး. . ကျွန်တော်တို့ကို မြွေတွေပတ်ထားတယ်. . ဖြုတ်ပေးပါ၊ ဖြုတ်ပေးပါ. . ဟီး. . ”

“ဟာ. . သည်ကောင်တွေ၊ ဘာတွေလျှောက်ပြောနေ





ကြတာလဲ၊ မင်းတို့ကိုယ်ပေါ်မှာ ဘာမှ မရှိပါဘူးကွ၊ မူးမူးရူးရူးနဲ့ ကွာ. . မရှက်ကြဘူးလား”

“မဟုတ်ဘူး. . မဟုတ်ဘူး၊ ဟောသည်မှာ ဟောသည်မှာ. . မတွေ့ဘူးလား. . လည်ပင်းမှာ ပတ်ထားတာ၊ ဖြုတ်လို့တောင်မရဘူး. . ခွာပေးပါ. . ခွာပေးပါ”

မြဝင်းက သူ့လည်ပင်းကို ကိုင်ပြီးတော့ ပြောပြလေရာ ဝိုင်းအုံလာသော လူတွေက အံ့အားတသင့်နှင့် ဘာပြန်ပြောကြရမှန်းမသိကြ။

“သည်ကောင်တွေ. . တောထဲမှာ ဘာများမှားလာကြသလည်းမသိဘူး၊ ကဲ. . ကဲ သူတို့ကိုယ်ပေါ်က မြွေတွေကိုဖြုတ်ပေးလိုက်ကြပါဟေ့. . ”

လူကြီးတစ်ယောက်က အလိုက်သိစွာပြောလိုက်သည်။ ထိုအခါသဘောပေါက်သွားကြသောလူတစ်စုက သူတို့လည်ပင်းမှ မြွေတွေကိုဖြုတ်ပေးလိုက်သလို ပြုလုပ်ပေးလိုက်ကြသည်။ သူတို့သုံးယောက်သည်စိတ်သက်သာရာရသွား ခဲ့ကြသော်လည်း တစ်လကျော်ကျော်လောက်အထိ ကြောင်စီစီဖြစ်နေကြလေသည်။ နဂိုနေမှုလစိတ်ဓာတ်များ ဖြစ်ပေါ်မလာ ကြတော့ပေ၊

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၉)

## ‘ ‘ အချိန်မရွေးတော့ပြန်လာခဲ့ဖို့’ ’

“ထွေးမောင် နင့်ကို ဟိုမြဝင်းတို့ ရန်စကြတယ်ဆို ဓါး တွေနဲ့အသက်ကိုလည်းရန်ရှာကြတယ်ဆို. . . ”

မရီက ထွေးမောင်ဆီကိုရောက်လာပြီး မေးလိုက်ရာ. .

“ဟုတ်တယ် မမရီ ကျွန်တော်ကို ဝတ်မှုံကိစ္စနဲ့ပတ်သက် ပြီးတော့ရန်ရှာကြတာပါ”

ထွေးမောင်ကလည်း ထိုနေ့ကဖြစ်ပျက်ပုံအလုံးစုံကို ပြောပြလိုက်လေသည်။

“နင်နဲ့ ဝတ်မှုံအကြောင်းကို ရွာထဲမှာလည်းပြောနေကြ တယ် နင်တို့ကိစ္စကကော တစ်ကယ်ဟုတ်ကြလို့လား”

“ဟုတ် ဟုတ်ပါတယ်မမရီ ကျွန်တော်နဲ့ ဝတ်မှုံတို့မေတ္တာမျှ



www.burmeseclassic.com

www.burmeseclassic.com



နေကြပါပြီ. . ”

“အေး. . မြဝင်းက နင့်ကိုအငြိုးထားမှာပေါ့ သူက ဝတ်မှုံကိုပိုးနေတာကိုး ဝတ်မှုံကတော့သူ့ကို စိတ်ကူးထဲတောင်မှထည့်ပါဘူး အဲဒါကို မြဝင်းကလည်းသိထားလို့ မိဘတွေနဲ့ တောင်းရမ်းယူဖို့ စီစဉ်ထားတယ်လေ အဲဒါကိုမင်းမသိဘူးလား”

“ဟင့်အင်း. . . ကျွန်တော်မသိဘူး မမရီ. . ”

“အေးလေ. . သိလည်းအကြောင်းမဟုတ်ပါဘူး မသိလည်းအရေးမကြီးပါဘူး မိန်းကလေးက သူ့စလိုက်တာ မကြိုက်လို့ပြန်မကြိုက်တာ ငါလည်းသဘောမကျဘူး အလကားမိဘလုပ်စာထိုင်စား၊ ထိုင်ဖြုန်းနေတဲ့. . အရက်သမား၊ လောင်းကစားသမားသည်လို လူစားမိုက်မိုက်ကန်းကန်းစိတ်မျိုးရှိတာဆန့်သလား. . ”

ကိုဌေးကလည်း မတရားမှုကို ခေါင်းငုံမခံတတ်သူပီပီ.

“ဒီလိုတရားမဲ့တဲ့ ကိစ္စမျိုးကို ငါလည်းသဘောမကျဘူး နောက်ထပ်ပြီးတော့မဖြစ်ရအောင် အချိန်မီတားဆီးမှဖြစ်မယ်”

ကိုဌေးက စိတ်မြန်သည် အဝတ်အစားလဲကာ အိမ်ပေါ်က ချက်ချင်းပင်ဆင်းသွားခဲ့သည်။ ကိုဌေးသည် ရပ်ထဲရွာထဲမှာ ဝင်ဆံ့လာပြီးဖြစ်သည်။ ဩဇာတိက္ကမလည်းအသင့်အတင့်ရှိလာခဲ့လေပြီ။ ချက်ချင်းပင် သူကြီးကိုအကြောင်းကြားသည်။ မြဝင်း ကျော်ထူးနှင့်အေးသော်တို့ကို ဆင့်ခေါ်လိုက်လေသည်။ မည်သူတစ်ယောက်မှ ရောက်မလာကြပါ။ စိတ်ဂယောက်ဂယက်နှင့် လျှောက်သွားနေခဲ့ကြလေပြီ၊





“ထို့ကြောင့်. . ”

သူတို့၏ မိဘများကိုခေါ်ယူပြီး သတိပေးစကားပြောလိုက်ရလေတော့သည်။ သူကြီးဘတူက. .

“ဟော့ကောင် သက်အောင် မင်းရဲ့သားမြဝင်းက၊မရီရဲ့မောင်ထွေးမောင်ကို ဓါးနဲ့ထိုးသတ်တဲ့ ကြံရာပါတွေကတော့ ကျော်ထူးနဲ့အေးသော်တို့ပဲ အေး မင်းတို့ရဲ့သားနှစ်ယောက်ကိုလည်း ဆုံးမထားကြ ထိန်းသိမ်းကြ”

“တရားဥပဒေကို ချိုးဖောက်လို့ကတော့ ငါ့သွေးသားဖြစ်လည်း မညှာဘူး၊ ဒါနောက်ဆုံးသတိပေးလိုက်ခြင်းပဲ”

သူကြီးဦးဘတူကပြတ်သည် မမှန်တာလည်းမလုပ်၊ ထို့ကြောင့်. . ရွာသူရွာသားတွေကလည်း ချစ်ကြောက်ရှိသေကြသည်။ ထို့အဖြစ်. . မဟုတ်လျှင် မခံတတ်သော ကိုဌေးကိုလည်း ရှိန်နေကြလေသည်။

○ ○ ○

မြဝင်းတို့က ထွေးမောင်ကိုရန်ရှာကြသော ကိစ္စကြောင့် သူတို့နှစ်ယောက်၏အချစ်ရေးကိစ္စကို ဝတ်မှုံ၏မိဘနှစ်ပါးက သိသွားခဲ့ကြလေသည်။ ဖခင်ဦးကြာညိုက ဇနီးကို. .

“မဝေ. . ငါလည်းနေရတာကြာပါပြီ၊ ငါ. . မသိချင်ယောင်ဆောင်နေတာပါ. . သည်ကောင်လေးက အသော်



www.burmeseclassic.com

www.burmeseclassic.com



အစားလည်းမရှိဘူး၊ အလုပ်လည်းကောင်းတယ်၊ နောက်ဆို ရင်. . သည်ရွာမှာ. . ပန်းပဲဖိုကြီးတစ်ခုဖြစ်လာတော့မှာ ရိုးသားကဲ့သူ သမီးအပေါ်မှာ ကြင်နာမယ့်သူဆိုရင်. . ဆင်းရဲ သားပဲဖြစ်ဖြစ် ငါလက်ခံရမှာပဲ လူကောင်းတစ်ယောက် ဖြစ်ဖို့က အရေးကြီးတယ် မဟုတ်လား၊ မင်းသဘောကတော့"

"ကျွန်မလည်း သည်လိုပဲလက်ခံထားပါတယ်။ အခုလို သမီးရဲ့ကိစ္စနဲ့ပတ်သက်ပြီး. . ဟိုကောင်လေးကိုရန်ရှာကြတဲ့ အထိဖြစ်လာတော့. . မကောင်းဘူးပေါ့လေ၊ နောက်ထပ်မလို လားအပ်တဲ့ ကိစ္စမျိုးတွေဖြစ်မလာရအောင် နှစ်ဖက်ညှိပြီးစီစဉ်ရ တော့မှာပေါ့. . ."

○ ○ ○

ထွေးမောင်နှင့် ဝတ်မှုံကိုမင်္ဂလာဆောင်ကြတော့မည့် သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားခဲ့ကြလေ၏။ ထွေးမောင်၏ ဘက်မှ. . ကိုဌေးနှင့်မရီတို့အပါအဝင် မိဘနှစ် ပါးက ဝတ်မှုံကို ရွှေတစ်ဆယ်သားတင်ကာတောင်းယူကြသည်။ ကိုဌေးနှင့်မရီ တို့၏ပံ့ပိုးမှုပင်ဖြစ်သည်။

"မြဝင်းတို့က ရွှေသုံးကျပ်သားတင်ပြီး တောင်းယူ ကြမယ်လို့မှန်းထားကြတာ၊ အခုတော့. . ထွေးမောင်တို့ဘက် ကသာသွားကြပြီပေါ့"



ရွာထဲတွင် ကိုသတင်းကလည်းပြော၍မဆုံးနိုင်ကြ လူတိုင်း၏ပါးစပ်ဖျားမှာ ရှိနေကြသည်။

"အစ်ကိုနဲ့ မမရီတို့ရဲ့ကျေးဇူးကြောင့်. . ကိုယ်နဲ့ ဝတ်မှုံ နီးစပ်ချင်ရတာပါ၊ ပြီးတော့ ဝတ်မှုံကလည်း ကိုယ့်ကိုတကယ်ချစ် လို့မဟုတ်လား. . "

"ဟုတ်လာပေါ့ကိုထွေးမောင်ရယ်၊ မမရီတို့ကိုတကယ် ကျေးဇူးတင်ရမှာပါ၊ပြီးတော့ ကိုထွေးမောင်ကိုလည်းဝတ်မှုံ ကျေးဇူးတင်တယ်"

"ဘာကြောင့်လည်း. . ဝတ်မှုံ"

"ဩော် ဝတ်မှုံကို တင်တောင်တင်တယ်ဖြစ်အောင် တောင်ယူလို့ပေါ့. . "

"ဝတ်မှုံရယ် ဒါကတော့ ကိုယ်ကဝတ်မှုံကို ချစ်တာကိုး၊ မမရီနဲ့ယောက်ဖကလည်း ကိုယ့်ကိုသိပ်ချစ်ကြတာ၊ ဒါ့ကြောင့်မို့ အကြီးအကျယ် မင်္ဂလာဆောင်ပေးကြမှာတဲ့. . "

နှစ်ယောက်အတူ ကျေကျေနပ်နပ်နှင့်ရယ်မောနေကြ လေသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

"ငါကတော့ ဒီကိစ္စကို လုံးဝလက်မခံနိုင်ဘူးကွာ. ."

မြဝင်းက သောက်လက်စခွက်ကို ကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်သည်၊ ဖန်ခွက်ထဲက အရက်များက ဖိတ်စင်သွားခဲ့ကြလေသည်။

"မင်းလက်မခံနိုင်လို့မရတော့ဘူး မြဝင်း၊ ဟိုမှာ. . မင်္ဂလာရက်တွေဘာတွေလည်း အားလုံးစီစဉ်ပြီးပြီ မင်း. . ဘာတတ်နိုင်ဦးမှာလဲ. ."

"အေးလေကွာ မင်းက. . ဘာလုပ်နိုင်ဦးမှာမို့လဲ၊ အခုအချိန်ကျမှ ဘာမှလုပ်လို့မရတော့ဘူး၊ စိတ်သာလျှော့လိုက်တော့"

ကျော်ထူးနှင့်အေးသော်လို့ကလည်း. . မြဝင်းကိုဝိုင်းပြီးတော့ ဖြောင့်ဖျကြလေသည်။

"စိတ်လျှော့လိုက်တော့. . ဟုတ်လား၊ ဘာမှမတတ်နိုင်တော့ဘူး. . ဟုတ်လား၊ မင်းတို့ကိစ္စမှ မဟုတ်ပဲကွ၊ သည်လိုစကားမျိုးပဲ ပြောတော့မှာပေါ့၊ ကိုယ်ချင်းမှ မစာနာတတ်ကြတာ. ."

"ဟ. . မဟုတ်သေးဘူး. . မြဝင်း၊ သူတို့က အားလုံးစီစဉ်ထားပြီးသား ကိစ္စမို့ မင်းက ဘာတတ်နိုင်ဦးမှာလည်းလို့ ပြောတာ၊ ငါတို့ သည်လိုပြောတာ လွန်သလား၊ ပြီးတော့. . ဝတ်မှုကလည်း မင်းကို ကြိုက်တာမှ မဟုတ်တာ. ."

"အေး. . ကြိုက်၊ ကြိုက်. . မကြိုက်ကြိုက်၊ ငါ. . သူ့ကို





ရအောင်ယူမယ်၊ ငါ့လက်ထဲကို သူရောက်လာခဲ့ရင်တော့ ကြိုက်သွားမှာပါကွာ. . ဟဲ. . ဟဲ"

မြဝင်း၏ စကားကြောင့် ကျော်ထူးနှင့် အေးသော်တို့မှာ မျက်လုံးပြူးသွားခဲ့ကြရလေသည်။

"ဟေ့. . ဟေ့ကောင်. . မြဝင်း၊ မင်း. . မကြံကောင်း မစည်ရာတွေကို မလုပ်နဲ့နော်၊ ငါတို့ လက်မခံဘူး၊ အဓိပ္ပါယ်မရှိတာကွာ. ."

"မင်းတို့ လက်မခံလည်း ငါက ဂရုမစိုက်ဘူး၊ ငါ့ကို မတားမြစ်ကြနဲ့. . ငါ့သဘောနဲ့ ငါ. ."

"ဟေ့ကောင်. . မြဝင်း၊ မင်းကို ငါတို့ထပ်ပြီးတော့ သတိပေးမယ်၊ မင်းရဲ့ အကြံကို လက်လျှော့လိုက်ပါ၊ ဟိုတစ်ခေါက်တုန်းကလည်း မင်းကြောင့် တောထဲမှာ ငါတို့ ဘာဖြစ်လို့ဖြစ်မှန်းမသိခဲ့ရဘူး. . ရွာထဲမှာ အရှက်လည်း ကွဲခဲ့ရတယ်၊ ငါတို့ကို. . အရှူးတွေတဲ့၊ ကလေးတွေကအစ. . မလေးမစားနဲ့ ခဲနဲ့ပေါက်တာကို ခံခဲ့ကြရတယ်၊ အဲ့ဒါ. . မင်းရဲ့ အလိုကိုလိုက်မိလို့. . သည်လို ဖြစ်ခဲ့ကြရတာ. ."

"အဲ့သည်လိုဆိုရင်လည်း ငါ့ကိစ္စငါပဲ ရှင်းတော့မယ်၊ မင်းတို့ ဝင်မပါကြနဲ့. ."

မြဝင်းက နေရာမှ ထ,သွားခဲ့လေသည်။

"ဟေ့ကောင်. . မြဝင်း၊ မင်း တို့ကို သည်လိုလုပ် မသွားနဲ့နော်၊ ငါတို့က မင်းကို စေတနာနဲ့ သတိပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



မင်း . . ထင်ရာတွေ လျှောက်လုပ်မနေနဲ့ . . သတိပေးလိုက်ပါရဲ့ကွာ . . ”

အေးသော် . . လှမ်းပြောလိုက်သည်ကို မြဝင်းက မကြားနိုင်တော့ . . မွန်ထူလျက်ရှိနေလေပြီ။

○ ○ ○

မင်္ဂလာဆောင်မည့်ရက်က တစ်ပတ်ကျော်ကျော် လောက်ပဲ လိုတော့သည်။ ဦးကြာညို . . ဒေါ်ဝေတို့၏ အိမ်တွင် မဏ္ဍာပ်ဆောက်ကြမည့် သူများကလည်း စည်းဝေးတိုင်ပင်လျက် ရှိနေလေပြီ။ အချိန်မှာ ညခုနှစ်နာရီခန့်ရှိနေလေပြီ။ ခြံအပြင်ဘက်တွင် လူတစ်ယောက်သည် မှောင်ရိပ်ခိုကာ အိမ်ထဲကို ချောင်းမြောင်းနေလျက်ရှိနေသည်။

ထိုသူကား . . မြဝင်းပင်တည်း။ သူသည် ညဘက်မှသာ အပြင်ကိုထွက်ပြီး ဦးကြာညို၏ အိမ်ကို ပတ်ပြီးတော့ ချောင်းနေလျက်ရှိသည်။ သူချောင်းနေသည်ကား ဝတ်မှုံကိုပင်တည်း။ ဝတ်မှုံကလည်း သူချောင်းသည့် အချိန်ကစပြီး အိမ်အပြင်ကို မထွက်တော့၊ အိမ်ထဲမှာသာ ရှိနေလေသည်။ သူ့အကြောင်းနှင့်သူ အိမ်ထဲမှာ နေ,နေခြင်းသာဖြစ်သည်။

မြဝင်းသည် ဝတ်မှုံကို ဝင်ဆွဲရန် ကြိုးစားနေသည်။ သူ့ငယ်ချင်းတွေကလည်း သူ့နောက်က တစ်ယောက်မှ မပါကြ





တော့။ ထို့ကြောင့် . . မိုက်ရူးရဲဆန်လှစွာဖြင့် . . ဝတ်မှုံကို အပိုင်ကြံရန် ကြိုးစားနေခြင်းပင်ဖြစ်သည်။

“တောက် . . သင်းက တော်တော်ကံကောင်းနေသေးတယ်၊ ဒါပေမယ့် ငါ့လက်က မလွတ်ဖူးမှတ် . . မြဝင်းဆိုတဲ့ကောင်က ကိုယ်လိုချင်တာကို မရ,ရအောင် ယူတတ်တယ်။ နင် . . ငါ့လက်က မလွတ်ဘူး . . ”

မြဝင်းသည် စိတ်ထဲက ကြိတ်ကာ ကြိမ်းဝါးနေမိသည်။ မြဝင်း . . အမှောင်ရိပ်ကွယ်ကာ ချောင်းနေသည်ကို မည်သူကမှ မသိကြ၊ ဦးကြာညို၏ အိမ်ရှေ့မှာ . . မဏ္ဍာပ်ထိုးမည့် ကိစ္စအတွက် ရွာသားများက အိမ်ပေါ်မှာ စည်းဝေးတိုင်ပင်နေကြသည်။

ထိုအချိန်တွင် . .

ဝတ်မှုံသည် အိမ်ရှေ့ကို ထွက်လာသည်။ ဧည့်သည်များအတွက် ရေနွေးခရားကို ချပြီးတော့ ပြန်ထွက်သွားခဲ့သည်။ မြဝင်းတွေ့လိုက်ရလေသည်။ ဝတ်မှုံအိမ်အထဲ ပြန်ပြီးဝင်သွားသည်ကို တွေ့လိုက်ရ၍ ရင်ထဲ ထိတ်ကနဲဖြစ်သွားခဲ့ရလေသည်။

“ဟော . . ”

မြဝင်းသည် ဦးကြာညို၏ ခြံထဲကို မယောင်မလည်နှင့် ဝင်လိုက်သည်။ မည်သူမှ မမြင်လိုက်ကြ၊ အိမ်ကြီး၍ ခြေရင်းဘက်မှပတ်ပြီး အိမ်အနောက်ဖက်ကို ထွက်သွားခဲ့လေသည်။ ခြံထဲမှာတော့ မှောင်နေသည်။ မြဝင်းသည် ကြွေကျနေသော



www.burmeseclassic.com

www.burmeseclassic.com



အုန်းသီးခြောက်တစ်လုံးကို အလုတ်တိုက်မိလျှင် စိတ်ထဲက ကျိန်ဆဲမိလိုက်လေသည်။ လူရိပ်လူခြေကိုခြံထဲမှာမမြင်ရ၊ လူသံလိုလိုကြားလိုက်ရ၍ ညောင်းပင်ကြီးဆိုဆီကိုပြေးကပ်မိလိုက်လေသည်။ သူရပ်နေသောနေရာမှ အိမ်နောက်ဘက်ရေကပြင်ကို တန်းပြီးတော့မြင်နေရသည်။

ထိုစဉ်

ဝတ်မှုံသည် မီးတိုင်ခွက်ကိုကိုင်တာ အပြင်ကိုထွက်လာခဲ့လေသည်။ မြဝင်း၏ရင်ထဲမှာ. . လှုပ်ရှားသွားခဲ့ရလေသည်။ ဝတ်မှုံသည် အိမ်အောက်ကိုဆင်းလိုက်သည်။ ကိစ္စတစ်ခုကြောင့် ခြံနောက်ဘက်ကိုထွက်သွားခဲ့လေသည်။ မြဝင်းလည်းတံတွေးကို မြိုချလိုက်ကာ မှောင်ရိပ်ကိုခို၍ မယောင်မလည်နှင့်လိုက်သွားခဲ့လေသည်။

ဝတ်မှုံက နားပါးသည်ရွက်ခြောက်တွေကိုနင်းလာသလိုလိုခြေသံကိုကြားလိုက်ရသောကြောင့်ပင် မိမိ၏ခြံထဲမှာ ခွေးကမရှိ ခြံစည်းရိုးတစ်နေရာကပေါက်နေကာ ခွေးတစ်ကောင်ကောင်များဝင်လာလေသလားဟု၊ မီးတိုင်နှင့်ဝေယမ်းပြီးအမှတ်တမဲ့နှင့်ကြည့်မိလိုက်သော်လည်း ခွေးကိုမမြင်ရ၊ မြဝင်းသည်လည်း သစ်ပင်ကြီးတစ်ပင်မှာချက်ချင်းပင် ကွယ်ပစ်လိုက်သောကြောင့်ပင်။

နွားခြောက်ကောင်နှင့် ကျွဲနှစ်ကောင်ကလည်း တင်းတုပ်တွေထဲမှာ အေးအေးဆေးဆေးပင်ရှိနေကြသည်။





ထိုစဉ်. .

တင်းကုပ်ထဲက ကျွဲများအနက်တစ်ကောင်သည် ကြိုးပြတ်ကာ တရှူးရှူးနှင့်နှာမှုတ်နေသည်၊ အကြောင်းတစ်ခုခုကြောင့်ဒေါသဖြစ်နေသလိုပင်။

ဝတ်မှုံသည် ရေတွင်းကုန်းသက်ဆီကိုသွားရင်းစိတ်ထဲက အလိုလိုပင် မသက်သာသလိုဖြစ်နေမိသည်၊ ကိုယ်စောင့်နတ်ကပဲ သတိပေးနေသလားမသိ၊ သိပ်တော့အကြောင်းမထားပါ မည်သူမဆို တစ်ခါတစ်ရံမှာ အလိုလိုနေရင်း ဘယ်လိုမျိုးဖြစ်တတ်သည် မဟုတ်ပါလား မီးတိုင်ခွက်ကို ရေတွင်းဘောင်ပေါ်မှာတင်လိုက်သည် ရေပုံးကိုယူကာ ရေငင်မည်ပြုစဉ်. .

"ဟိတ် နည်းနည်းလေးမှ မအော်လိုက်နဲ့နော် သေသွားမယ်"

လေသံနှင့်အံကိုကြိတ်ကာပြောလာသူ ဝတ်မှုံမှာရုတ်တရက်မို့ ဖျန်းကနဲဆို ကြက်သီးမွေးညင်းများထောင်ထသွားသော်လည်း အချိန်မီ စိတ်ကိုထိမ်းလိုက်ရသည်။ သတိကို ကိုယ်မှာပြန်ပြီးတော့ ကပ်လိုက်ရသည်။ မိမိ၏ညာဘက်ခါးကိုလည်းခပ်စူးစူးအရာတစ်ခုကထောက်ထားသည်။ ဓါးဦးနှင့်ဖြစ်မည် ထိုသူ. . မည်သူဖြစ်နိုင်သလည်း ဆိုသည်ကို အလျှင်အမြန်ပင်စဉ်းစားလိုက်ရသည်။

မည်သူကမှ အကြောင်းမဲ့ သက်သက်ကြီးတော့ မိမိကိုစော်ကားရန်မကြံစည်နိုင်ရာ ဝတ်မှုံသည် ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



အတွေးကိုလည်းခန့်မှန်းနေမိသည်။ ရန်သူကို မည်သို့သော်ပရိယာယ်ဆင်ရမည်နည်း. . ။

"နင် မြဝင်းမဟုတ်လား ဒါဘာသဘောလဲ. . "

ဝတ်မှုံသည် လေသံကိုတမင်မြှင့်ကာ ရှက်တရက်ကောက်ကာငင်ကာပင်မေးလိုက်သည်။ ထင်သည့်အတိုင်းပင်သူမ၏ခါးကိုထောက်ထားသော ဓါးဦးက ချက်ချင်းပင်ကွာသွားသည်။ ရန်သူသည်စိတ်လှုပ်ရှားသွားခဲ့ပြီဖြစ်သည်။

ထို့နောက်. .

မထင်မှတ်သောလှုပ်ရှားမှု. .

ဝတ်မှုံသည်နောက်ကိုဆတ်ကနဲ ဆိုလှည့်လိုက်သည်။ ညာခြေကိုတစ်လှမ်းဆုတ်ပြီးသား ညာလက်ကလည်းနောက်ကလူ၏မှါးကိုင်လက်ကိုပုတ်ထုတ်ပြီးသား၊

"ဖတ်. . "

တစ်ဆက်တည်းမှာပင် သူမ၏လက်ဖဝါးက မြဝင်း၏ရင်ညွန့်ကို ခပ်ဆက်ဆက်ပင်ဆောင့်တွန်းပစ်လိုက်သည်။

"အင်. . "

မြဝင်းသည် မထင်မှတ်သောတိုက်ကွက်ကြောင့်အရှိုက်မှာအော်ထွက်သွားခဲ့ရသည်။ အသက်ရှူရပ်သွားမတတ်ခံစားလိုက်ရပြီး လတ်တလောမှာဝတ်မှုံကို ဘာမှပြန်ပြီးမတုန့်ပြန်နိုင်တော့၊ ဝတ်မှုံသည် ထိုသူကိုမြင်မိလိုက်စဉ်မှာ မျက်နှာနှင့်ခေါင်းပေါ်ကို လုံချည်တစ်ထည်စွပ်ကာရစ်ထားပြီး မျက်လုံးနှစ်



လုံးသာဖော်ထားသော လူတစ်ယောက်ကို မလျှောက်လင့်ဘဲတွေ့လိုက်ရသည်။ သို့သော် ရန်သူကို တိုက်ခိုက်မိသွားခဲ့လေပြီဒါကလည်း အကျင့်ကပါနေသောကြောင့်ပင်၊

"မြဝင်း နင်မြဝင်းဆိုတာ ငါသိတယ်၊ ငါကိုနင် မကျေနပ်ဆုံးဆိုတာကိုလည်း ငါသိတယ်၊ နင် အကြံပက်စက်လှချည်လားဟင်"

မြဝင်းသည် သူ့. . ဘယ်သူလည်းဆိုသည်ကို သိသွားပြီးဖြစ်သည်၊ အတွက်တုန်လှုပ်ချောက်ချားသွားမိသည်။

"ဝတ်မှုံ သိသွားပြီ. . "

ထို့ကြောင့်. .

လုပ်မိလုပ်ရာကို လုပ်မိလိုက်သည်။ ရှေ့ငါးပေအကွာလောက်မှာ ရှိနေသော ဝတ်မှုံကို ဓါးနှင့်ပိုင်းချလိုက်သည်။

"ဝှစ်"

သတိထားနေသော ဝတ်မှုံကလည်း မဆင်မခြင် ဝင်လာသော ဓါးချက်ကို ဖျတ်ကနဲဆိုခုန်ကာ ရှောင်တိမ်းလိုက်သည်။ ကျလာသော ဓါးချက်က လွဲချော်သွားသည်။ ဝတ်မှုံသည် မြဝင်းအနားကို ရောက်သွားသည်။

"ခွပ်"

"အား. . . "

မေးရိုးသည် ကျင်ကနဲဖြစ်ကာ ခေါင်းလည်း လန်ထွက်သွားသည်။ မိန်းကလေးတစ်ယောက်၏ လေ့ကျင့်ထားသော

www.burmeseclassic.com

www.burmeseclassic.com



လတ်သီးစာမိသွားခဲ့ရလေပြီ။ တဆက်တည်းမှာပင် ဝတ်မှုံ၏ ညာဒူးက. . . မြဝင်း၏ အစ္ဆိုက်ဆီကို ဝင်သွားခဲ့သည်။

"အွတ်. . ."

မြဝင်း၏ ပါးစပ်ထဲက လေတွေ အံထွက်သွားခဲ့လေ၏။ လက်ထဲမှ ဓါးသည်လည်း လွတ်ကျသွားခဲ့ရသည်။ ထို့နောက် ဓါးကိုကုန်းကာ အနိုင်နိုင်ခြေလှမ်းများနှင့် လှမ်းကာ ပြေးလေတော့သည်။ အိမ်ထဲမှ မိခင်ဒေါ်ဝေသည် ဝတ်မှုံ၏ အသံနှင့် တိုက်ခိုက်သံများကြောင့် အိမ်ထဲမှ ထွက်လာကာ ရေကပြင်ထက်မှ ဆင်းလိုက်သည်။ ရေတွင်းကုန်းဘက်ဆီကို လှမ်းကြည့်လိုက်ရာ ဝတ်မှုံနှင့် လူတစ်ယောက်တို့၏ တိုက်ခိုက်မှုများကို အမှတ်မထင် တွေ့လိုက်ရလေသည်။

"ဟင်. . ခြံထဲမှာ. . . လူ. . . လူ"

ဟု အော်ဟစ်လိုက်ရာ. . အိမ်ရှေ့မှ လူများအားလုံး ကြားသွားခဲ့ရလေသည်။ ဦးကြာညိုသည် လျင်မြန်ဖျတ်လတ်စွာနှင့် အိမ်ရှေ့မှ ခုန်ဆင်းကာ ခေါင်းရင်းဘက်မှပတ်ကာ အိမ်နောက်ဖက်ဆီသို့ ပြေးလေတော့သည်။ ဓါးရှည်တစ်လက်လည်း ပါသွားခဲ့လေသည်။ အိမ်ပေါ်မှ လူများလည်း ချက်ချင်းလိုလိုပင် လိုက်သွားခဲ့လေသည်။

○ ○ ○



## အခန်း ( ၂၈ )

## အပြစ်ကျခံသွားရသူ

မြဝင်းသည် မမျှော်လင့်ဘဲ အတိုက်ခိုက်ခံလိုက်ရသည်။ အတွက်မြက်မြက်ကလေးခံစားလိုက်ရလေသည်။ ရဲဆေးတစ်ကာသောက်လာခံသည်။ အရှိန်ပင်ဘယ်ဆီသို့ရောက်သွားမှန်း မသိတော့ မိမိ၏ရည်ရွယ်ချက်မပြောက်ခဲ့သည်။ တမင်လူသိသွားသည့် အဖြစ်သို့ပင်ရောက်သွားခဲ့ရလေပြီး. . .

ထို့ကြောင့်. . .

မိမိ၏ ဓါးကိုပင်မကောက်နိုင်တော့ပဲ လူပင်အနိုင်နိုင် ပြေးဖို့ကြိုးစားနေရလေပြီ။

"ပြေးမှပဲ. ."

သို့သော်. .

အိမ်ရှေ့မှလူများ ရုတ်ရုတ်သဲသဲနှင့် ဖြစ်လာခဲ့ကြသည်



www.burmeseclassic.com

www.burmeseclassic.com



မှ အိမ်နောက်ဘက်သို့ ပြေးထွက်လာခဲ့လေတော့သည်။ ခြံစည်းရိုးကိုကျော်ထွက်ပြီးခုန်ဆင်းပြေးရန်အကြံပင်။

ရှေ့မှာ အမှောင်ရိပ်က ရှိနေသည်။ ငှက်တို့များ သစ်ပင်များကိုလည်း အကြိမ်ကြိမ်ပင်ဝင်ပြီးတော့ တိုက်ခဲ့သည်။

ရင်ဝကလည်း အောင့်နေသည်။ မျက်နှာပြင်တစ်ခုလုံးလည်း ပူထူနေလျက်ရှိသည်။ ခြံနောက်ဘက်က ရှည်လျားလှသည်။ သီးပင်စားပင်တွေကလည်း ပေါများလှသည်။ မျက်လုံးနှစ်လုံးကိုပြူးပြဲပြီးတော့ ကြည့်ကာ ခြံစည်းရိုးဘက်ဆီကိုမှန်းပြီးတော့ ပြေးနေရသည်။ သို့သော်. .

မည်သည့် အကြောင်းကြောင့်လည်းမသိ၊ ခြံစည်းရိုးဘက်ကိုတော်တော်နှင့် မရောက်နိုင် အမှောင်ထဲမှာပင်ချာချာလည်လျက်ရှိနေသည်။ ထိုစဉ်. .

မြဝင်း၏ရှေ့မှ ဘွားကနဲဆိုပေါ်လာသော မည်းမည်းသဏ္ဌာန်ကြီးတစ်ခု ၊ မြဝင်း၏ ရင်ထဲတွင်ထိတ်ကနဲဖြစ်သွားသည်။ ခြေဂျမ်းတွေကလည်းတုံ့သွားခဲ့ရသည်။

ကျွဲကြီးတစ်ကောင်ပင်တည်း၊ သူနောက်ထပ်မြင်လိုက်ရသည်ကား ကျွဲပေါ်မှာ လူတစ်ယောက်ဟုထင်မိလိုက်သည်။ ထိုကလေးသည် ကျွဲကြီးကိုစီးကာ မြဝင်းဆီကို တဟုန်ထိုးပင်ပြေးဝင်လာခဲ့သည်။

"သူ့ကို ချိုနဲ့ ခတ်ပစ်လိုက်စမ်း. ."

မြဝင်း၏ နားထဲမှာကြားလိုက်ရသည်အသံ၊ ကျွဲကြီးက



လည်း နှာတရှူးရှူးမှုတ်ကာ ခေါင်းကြီးကိုငုံ့ကာ ပြေးဝင်းလာသည်။ မြဝင်းကိုလိုက်ခုက်လေတော့သည်။

"အား ကယ်ကြပါဦးဗျ"

မြဝင်းသည် ငယ်သံပါအောင်အော်ပြီးနောက် ကြောင်ပြီး ပြုန်လှည့်ကာပြေးလေတော့သည်။

○ ○ ○

ဝတ်မှုံသည် မြဝင်းထွက်ပြေးသွားသည့်အတွက် ပထမသော် ကြောင်နေမိသေးသည်။ နောက်တော့မှ သတိရသွားကာ ကျကျန်ရစ်ခဲ့သည် ဓါးကိုကောက်ပြီး နောက်မှလိုက်သွားတော့မည်အပြု. .

"သမီး. ."

ဦးကြာညိုက အပြေးပင်ရောက်လာခဲ့သည်။

"အဖေ မြဝင်း မြဝင်းလေ"

"ငါသဘောပေါက်ပြီ မဝေ၊ နင့်သမီးနဲ့နေခဲ့ ရွာသားတစ်ယောက်နှစ်ယောက်လည်း အဖော်အဖြစ်နေပေးခဲ့ပါ ဒါနဲ့ သည်ကောင်ဘယ်ဘက်ကိုပြေးသွားသလဲ သမီး"

"ဟို. . ဟိုဘက်ကို အဖေ"

"လာလိုက်ကြမယ်"

နောက်မှလိုက်လာကြသော ရွာသားတချို့သည် မီးတုတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုကိုင်ဆောင်လာကြသည်။ ဦးကြာညိုဦးဆောင်ပြီး ခြံနောက်ဘက်ကို ထွက်သွားခဲ့ကြလေသည်။

○ ○ ○

မြဝင်း၏ အဖြစ်သည်ကား. . .

ကျွဲကြီးက နောက်ကနေပြေးလိုက်ပြီး ရန်ရှာခံနေရသည့်အတွက် သူလည်း သေလုမျောပါးပင်ပြေးနေရသည်။ သူ၏နားထဲမှာလည်း လူတစ်ယောက်၏ အားပါးတရရယ်လိုက်သံကိုကြားနေမိရသည်။

"အောင်မယ်လေးဗျ. . ကျွဲကြီးလိုက်ခတ်နေပြီး"

ဦးကြာညိုနှင့်ရွာသားများသည် အော်သံကိုအမှတ်မထင်ပင် ကြားမိလိုက်ကြလေသည်။

"ဟော ကြားကြလား. . "

မကြာမီ. . ခြေသံတဖုတ်ဖုတ်နှင့် ပြေးလာသံများ သူတို့ရှေ့တည့် တည့်ဆီသို့ပင် မည်းမည်းသဏ္ဍာန်တစ်ခုသည် လေထဲမှာမြောက်လာပြီး ဦးကြာညိုနှင့် ရွာသားများ၏ ရှေ့ကို ဖုတ်ကနဲဆို ကျလာခဲ့လေသည်။ ထိုသူကို မီးတုတ်နှင့် အနီးကပ်ကြည့်လိုက်ကြသောအခါ. .

"ဟာ မြဝင်း. . "

မြဝင်းသည် သတိကောင်းစွာပင် ရှိနေသည်။ နေရာမှ





လူးလဲပြီးတော့ ထ,လိုက်လေသည်။

"ကျွန်. . ကျွန်တော်နောက်က ကျွဲ. . ကျွဲကြီးလိုက်ခတ်တယ်၊ ကျွဲပေါ်က ကောင်လေးတစ်ယောက်ကလည်း. . ကျွဲကြီးကိုအမိန့်ပေးတယ် ကျွန်. . ကျွန်တော်ကို ချိုနဲ့ခက်လိုက်စမ်းတဲ့"

"ဟေ့ကောင်မြဝင်း၊ မင်း. . သွေးရူးသွေးတန်းနဲ့ပြောချင်ရာကို လျှောက်ပြောမနေနဲ့ ဒီအိမ်မှာ ဘယ်ကကောင်လေးမှ မရှိဘူး. . "

ထိုအခါ. . တစ်ယောက်က. .

"ဆရာကြီးရဲ့ ကျွဲတစ်ကောင်ကောင်များလွတ်နေသလား၊ ခြံထဲခိုးဝင်ပြီး. . ကျွဲခိုး၊ နွားခိုးမယ့် လူတစ်ယောက်ယောက်များ ဖြစ်နေမလား၊ ကျွန်တော်တို့သွားကြည့်လိုက်ဦးမယ်. . "

"အေး. . အေးကွယ် ကျေးဇူးပါပဲ. . "

အမောဆို့သလိုဖြစ်နေသော မြဝင်းကိုဝိုင်းပြီးတော့ ထူမပေးလိုက်ကြသည်။ ဖျတ်လတ်သွက်လက်သော ကာလသားတစ်ယောက်က သူကြီးဦးဘတူကို သွားပြေးခေါ်ခဲ့ပြီလေပြီ။

"ကဲ. . မြဝင်း၊ မင်းဘယ်လိုအကြံအစည်နဲ့ ဆရာကြီးရဲ့ခြံထဲကို ခိုးဝင်ရတာလဲ၊ ဝတ်မှုံကို သဘောကြောင်းကြံတာဘာကြောင့်လဲ၊ ပြောကွာ. . . မင်းတို့ အခုတလောမှာ ရှုပ်ပြနေကြတယ်. . "

ဦးဘတူကလည်း စိတ်မရှည်တော့၊ ခပ်ငေါက်ငေါက်



www.burmeseclassic.com

www.burmeseclassic.com



ပင်မေးလိုက်လေသည်။

"ဂျွန်. . ကျွန်တော်. . ဝတ်မှုံဆီကိုလာတာပါ. . "

"မင်းက ဘာကိစ္စနဲ့လာတာလဲ. . "

"မပြောပါရစေနဲ့တော့ ကျွန်တော်အမှားပါ အားလုံးကို တောင်းပန်ပါတယ်. . "

"အေး မင်းတော့. . အပြစ်တွေတစ်သီကြီးနဲ့ထောင်ထဲ တန်းပြီးရောက်တော့မယ် ကော်တော့်ကိုဒုက္ခပေးတဲ့ကောင်ပဲ မင်းတစ်ယောက်တည်းလား"

"တစ်ယောက်တည်းပါ. . "

ထို့စဉ်. . ခြံအနောက်ဖက်ကို ဝင်သွားကြသော လူနှစ်ယောက်က ကျွဲကြီးတစ်ကောင်ကို ဆွဲယူလာခဲ့လေသည်။

"ဆရာကြီးရဲ့ ကျွဲလွတ်နေတာပေါ့"

"ချည်တိုင်မှာသေသေချာချာချည်ထားတာပါ။ ဘယ်လို ကြောင့် လွတ်သွားတာပဲ ကြိုးပြတ်သွားတာလား"

"မဟုတ်ပါဘူး ဆရာကြီး၊ ချည်တိုင်ကကြိုးပြေသွား တာပါ"

ဦးကြာညိုမှာ. . စဉ်းစားရကြပ်သွားခဲ့လေသည်။

"ဟို. . ဟို ကျွဲပေါ်ကကောင်လေးတော့"

"ဟော့ကောင်မြဝင်း ကျွဲပေါ်မှာ ဘယ်ကောင်လေးမှမ ရှိဘူး၊ မင်း မူးမူးရူးရူးနဲ့ထင်ရာ မြင်ရာတွေလျှောက်ပေးမနေနဲ့"

ကာလသားခေါင်းကျော်ဟိုးကလည်း မြဝင်းကို ဟောက်



လိုက်လေသည်။

"ကျွန်တော်သေသေချာချာကို မြင်လိုက်ရတာပါခင်ဗျာ"

"တော်ပြီကွာ မင်းဘာမှမပြောနဲ့တော့ ဟေ့ ဒီကောင်ကို ခေါ်လာခဲ့ကြ ဒီတစ်ညတော့ ထိပ်တုံးခတ်ထားရမယ် မနက်ဖြန် ကျမှ ငါကိုယ်တိုင် မြို့တက်ပြီးဂါတ်ကိုပို့မယ်"

သူကြီးဦးဘတူသည် မြဝင်းကိုခေါ်သွားခဲ့လေသည်။ မြဝင်း၏မိဘများက ချက်ချင်းလိုလိုပင် သူကြီးအိမ်ကိုရောက်လာ ကြသည်။

"ကျွန်မရဲ့သားက မလိမ္မာပါဘူး၊ သူကြီး ကြိုက်သလို ဆုံးမပါ၊ ဒါပေမယ့် အမှုမဖွင့်ပါနဲ့ ဂါတ်ကိုမပို့ပါနဲ့ တောင်းပန် ပါတယ်၊ ကာယကံရှင်တွေကိုလည်း ကျေနပ်အောင်တောင်းပန် ပါမယ်. . "

"ဟေ့ ဒီမှာ. . မြရီ၊ နင့်သားက သည်လိုအပြစ်ကြီးမျိုး ကျူးလွန်တာ ခဏခဏပဲ၊ ငါ့သည်းမခံနိုင်တော့ဘူး သဟိလည်း ခဏခဏပေးပြီးပြီ၊ ဒါလည်းမရဘူး၊ သူကြီးကိုလည်းမထေမဲ့ မြင်ပြုတယ်၊ ငါ. . ဒီရွာကိုအုပ်ချုပ်နေတာ သည်ရိုက်စွမ်းမျိုးတွေ ဖြစ်မလာဖို့ပဲ၊ အားလုံးအေးအေးချမ်းချမ်းနဲ့ပဲရှိစေချင်တယ်"

"နင်တို့မကျေနပ်ရင်လည်း ရုံးမှာလိုက်ပြီးတော့ရှင်းကြ"

"ဒီ. . ဒီလိုလည်းဥပေက္ခာမပြုလိုက်ပါနဲ့ သူကြီးရယ် တောင်း. . တောင်းပန်ပါတယ် ကျွန်တော်သားနောက်တစ်ခါ သည်လိုမဖြစ် ရအောင်ဖိဖိစီးစီးဆုံးမပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . သူကြီးသည် မြဝင်းကိုထိပ်တုံးခတ်ထား လိုက်လေသည်။

○ ○ ○

နောက်ပိုင်းတွင် . . . မြဝင်းက . . ကတိအထပ်ထပ်ပေး၍ သော်လည်းကောင်း သူကြီးဦးဘတူမှာ လူကြီးများနှင့် အစည်းအဝေးထိုင်ကာ စဉ်းစား ကြရသည်။ ကာယကံရှင်များကလည်း မြဝင်းနှင့် သူ၏မိဘများ ထံမှ ကတိအထပ်ထပ်တောင်းခံသည်။

မြဝင်း၏အမှုကို မြို့သို့မပို့ပဲ ရွာမှာသာစီရင်ဆုံးဖြတ် လိုက်ကြသည်။ မြဝင်းကို တစ်လတိတိ ထိပ်တုံးခတ်ထားစေကာ တစ်လက လွန်မြောက်ခဲ့သော်. . ရွာဦးကျောင်း၌ တစ်လတိတိ ရဟန်းဝတ်နှင့် အကျင့်သိက္ခာညီစွာနေထိုင်ရန် အမိန့်ချမှတ် လိုက်လေသည်။ မြဝင်းကလည်း ထိုစီရင်ချက်ကို လက်ခံလေ သည်။

များမကြာမီမှာပင်. . ထွေးမောင်နှင့် ဝတ်မှုံတို့သည် လည်း ရွာမှာ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်လိုက်ကြလေ သည်။

○ ○ ○



## အခန်း ( ၂၁ )

## ရည်းစားရပြီဖြစ်သော မောင်တိုးဝေ

ကိုဌေးနှင့် မရီတို့မှာ မိမိတို့၏ လုပ်ငန်းများ တိုးချဲ့လျှင် ချဲ့သလောက် အကျိုးစီးပွားဖြစ်လာခဲ့ရလေသည်။ စီးပွားတက် လာခဲ့သည်နှင့်အညီ အလှူအတန်းများကိုလည်း မကြာခဏ ပြုလုပ်ကြသည်။ ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်း ဒါယကာများ အဖြစ်လည်း ခံယူထားကြလေသည်။

မရီသည် မောင်တိုးဝေကလေး ရောက်လာသည့်အချိန် ကစပြီး ဤသို့ စီးပွားတက်လာခဲ့ခြင်းဖြစ်သည်ဟု စွဲမြဲစွာယုံကြည်ထားလေသည်။ ကိုဌေးကတော့ မရီလောက် အစွဲ အလန်းမကြီးပေ။

ထွေးမောင်သည် ဇနီးဖြစ်သူ ဝတ်မှုံ၏ အိမ်ကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွေ့နေထိုင်သည်။ ပန်းပဲလုပ်ငန်းကိုလည်း ရွေ့သွားသည်။ ဦးကြာညိုနှင့် ဒေါ်ဝေတို့မှာ ထွေးမောင်ကို သားရင်းချာတစ်ဦး ပမာသဘောထားသည်။ ပန်းပဲလုပ်ငန်းကိုလည်း ပိုပြီးတော့ တိုးချဲ့လုပ်ကိုင်ကာ အလုပ်သမား ငါးယောက်ပင် တိုးလာခဲ့လေသည်။

ထွေးမောင်သည် သူ၏ကျေးဇူးရှင်များဖြစ်ကြသော ကိုဌေးနှင့် မရီတို့ကိုကား မမေ့ပေ။ အိမ်ကြီးဆီသို့ မကြာခဏ ပင်သွားရောက်ကြသည်။ ထို့အပြင်. . သူမမေ့နိုင်သော သူတစ်ယောက်ကား ရှိနေသေးသည်။ သူကား မောင့်တိုးဝေပင်။

တစ်ညတွင်. .

ထွေးမောင်သည် မောင်တိုးဝေကို အိပ်မက်မြင်မက်သည်။ ခါတိုင်းလိုပင်. . အပင်ကြီးအောက်မှာ ဖြစ်သည်။

"ဦးဦးကလည်းဗျာ၊ မင်္ဂလာဆောင်ပြီးတာနဲ့ အိမ်ပါပြောင်းပြေးတော့တာပဲ၊ ကျွန်တော့်ကိုတောင် မခေါ်တော့ဘူး၊ ဦးဦးမရှိတော့. . ကျွန်တော်လည်း ပျင်းတယ်ဗျ. ."

"ငါလည်း မင်းကိုသတိရပါတယ်ကွာ၊ ငါပြောင်းသွားခဲ့ရတာလည်း. . မလွှဲမရှောင်သာကာ့ အကြောင်းကြောင့်ပါ"

"ဦးဦးမရှိတာနဲ့ ကျွန်တော်လည်း မကစားရတော့ဘူးဗျာ၊ တစ်ယောက်တည်း ကစားရတာလည်း ပျင်းတယ်"

"မင်းမှာ တခြားကစားဖော်တွေ မရှိဘူးလား. . မောင်းတိုးဝေရာ"

"မရှိဘူးဗျ၊ ရှိလည်း သူတို့နဲ့ မကစားပါဘူး၊ အခုင်းခွင်း ကစားကြရင်း အမှားဖြစ်လာရင် တစ်ယောက်အပေါ် တစ်ယောက်ခွင့်မလွှတ်နိုင်ကြလို့. . ကျွန်တော်ကတော့ အပေါင်းအသင်းကို ရှောင်တယ်. ."

"ငါ့ကျတော့ကော. ."

"ဟာ. . ဦးဦးကတော့ စိတ်ထားရှင်းတယ်လေ၊ ကျွန်တော်နဲ့ စိတ်ဓါတ်ချင်းတူတယ်၊ ပေါင်းသင်းရဲတာပေါ့ဗျာ"

"ဒါဖြင့်ရင် မင်းနဲ့ငါ ရှေးသိုင်းကစားကြရအောင်ကွာ"

ထွေးမောင်သည် အိပ်မက်ထဲတွင် ထွေးမောင်နှင့် သိုင်းကစားလျက်ရှိသည်။ သို့သော် ထွေးမောင်က ဓါးရေးကောင်းသော်လည်း မောင်တိုးဝေကို မနိုင်ချေ။

"ကောင်လေး. . မင်းကို ငါအရှုံးပေးလိုက်ပြီကွာ"

"ဟဲ. . ဟဲ သည်လိုပဲဖြစ်ရမယ်လေ၊ ကျွန်တော့်ကို ဦးဦးသာမဟုတ်ဘူး. . ဘယ်သူမှ မနိုင်နိုင်ဘူးဗျ"

မောင်တိုးဝေသည် သဘောကျစွာပင် ရယ်မောလိုက်လေ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွေးမောင်. . ကိုထွေးမောင်"

ကိုယ်ကို လှုပ်နှိုးခြင်းခံလိုက်ရသည်။ ထွေးမောင် နိုးသွားခဲ့ရလေ၏။

"ဟင်. . ဝတ်မှုံ၊ ဘာဖြစ်တာလဲ. . ဘာဖြစ်လို့လဲ"

ကယောင်ကတမ်းနှင့် ဝတ်မှုံကို ပြန်ပြီးတော့ မေးလိုက်လေသည်။

"ဟင်. . မသိဘူးလား၊ အိပ်ပျော်နေရင်း. . ယောင်နေလို့. . ဘယ်သူ့ကို အရှုံးပေးနေတာလဲ"

ထိုအခါကျမှ ထွေးမောင်သည် မိမိ၏အိပ်မက်ကို ဖျတ်ကနဲဆို သတိရသွားခဲ့လေသည်။

"ဩော်. . အိပ်မက်ထဲမှာ ကောင်လေးတစ်ယောက်နဲ့ ဓါးသိုင်းကစားနေလို့. . သူက ဓါးရေးကောင်းတယ်လေ၊ ကိုယ် သူ့ကို မနိုင်ဘူး. . ဒါ့ကြောင့် အရှုံးပေးပါတယ်လို့ ပြောနေမိတာ. . "

ထိုအခါကျမှ ဝတ်မှုံသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ဖြစ်ရမယ်. . အိပ်မက်ထဲမှာတောင် ဓါးသိုင်းက, ကစားနေတာကိုး၊ တော်တော့်ကို အစွဲအလန်းကြီးတယ်"

"အစွဲအလန်း"

ဝတ်မှုံ၏ စကားကို ထွေးမောင်၏ ရင်ထဲမှာပဲတတို့ ထပ်သွားသည်။ မိမိသည် အပြင်မှာ တစ်ခါမှမမြင်ဖူးသော





လူငယ်တစ်ယောက်ကို အိပ်မက်ထဲမှာ အမြဲမြင်တွေ့နေရသည်။ ရင်းနှီးနေမိသည်။ မည်သူမဆို. . အပြင်မှာ ကိုယ်တိုင်ဆက်ဆံခြင်းမရှိသော. . အမြင်ဖူးသောသူကို တစ်ခါတရံတွင် အိပ်မက်ထဲမှာ မက်တတ်ကြသည်။

[ရှားပါးလှသော. . အတွေ့အကြုံပါ. . ]

ထိုသူကို (သို့မဟုတ်) သူမကို တစ်ချိန်ချိန်တွင် တစ်နေရာရာမှာ ပြန်ပြီးတော့ တွေ့ရတတ်သည်။ ဤကား ဆန်းကြယ်သော စိတ်ချင်းဆက်သွယ်မှုကြောင့်ပင်ဖြစ်သည်။

ထွေးမောင်ကတော့. . မိမိကိုယ်မိမိ မောင်တိုးဝေပါဟု မိတ်ဆက်လာသော ကလေးငယ်တစ်ယောက်ကို အိပ်မက်ထဲမှာ စတင်ပြီး ဆုံတွေ့လာခဲ့ချိန်မှစ၍ ယခုထက်တိုင် မကြာခဏ မြင်မက်နေရခြင်းသည် အစွဲအလန်းကြောင့်လော. . ထိုကလေးကို ချစ်ခင်သောစိတ်ကြောင့်. . ဖြစ်ပေါ်လာသည့် သံယောဇဉ်သည်. . မိမိ၏နှလုံးသားကို တစ်ချိန်လုံးရစ်ပတ်နေသောကြောင့်ပင်လော၊ အမှတ်သညာကြီးလွန်းသောကြောင့်လည်း တွယ်တာစိတ်က လွန်ကဲနေဟန်ရှိနေသည်။ ထူးဆန်းလှသော စိတ်ဆန္ဒများပါတကား။

တစ်ခါတရံတွင် မိမိကိုယ်မိမိတွေးမိသည်က. .

"ငါဟာ စိတ်ရောဂါလို ခံစားမှုမျိုး တကယ်ဖြစ်နေပြီလား. . "

ဟူ၍ပင်၊ သို့သော်. . သူဖြစ်ပေါ်ခံစားနေမှုသည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် မထင်မှတ်သောအကျိုးဆက်များ ဖြစ်ပေါ်နေရသည်ကို မသိရှာ။

ထို့အတူ. .

ကိုဌေးနှင့် မရီတို့သည်လည်း အလားတူ အကျိုးဆက်များရိုက်ခတ်ခံနေရသည်။ တစ်ရက်တွင်. .

○ ○ ○

မရီသည်. . တွေးမောင်နေသွားခဲ့သော တဲကြီးကို ဖျက်ထားသည့်နေရာတွင် ပျိုးပင်အိုးများကို တစ်ယောက်တည်း ရှင်းနေခိုက်. .

"အမေ. . တစ်ယောက်တည်း မ,မနဲ့လေ၊ ကျွန်တော် ကူမှာပေါ့. ."

မမျှော်လင့်ပဲထွက်ပေါ်လာသော အသံနှင့်အတူ. . မိမိထံသို့ ပြေးလာသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရလေသည်၊ သူကား. . မောင်တိုးဝေ၊ မိန်းကလေးတစ်ယောက်လည်း လိုက်ပါလာခဲ့လေသည်၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ချစ်စရာလေးဖြစ်သည်၊ ကေသာဆံမျှင်များကို ကစ်ပတ်လျှိုကာ ထုံးနှောင်ထားသည်၊ သနပ်ခါးပါးကွက်ကြားက ပါးမို့မို့မှာတင်ထားသည်၊ နက်မှောင်သော မျက်ခုံးမွေးထူထူအောက်မှာ. . မျက်ဝန်းတစ်စုံက. . ရွှန်းလဲ့တောက်ပြောင်လျက် ရှိနေလေသည်၊



မောင်တိုးဝေထက် အသက်အနည်းငယ်ကြီး ယောင်ထင်ရသည် မရီသည် ထိုမိန်းကလေးကို စိတ်ဝင်စားသွား ခဲ့လေ၏။

မောင်တိုးဝေက. . ပျိုးပင်အိုးများကို ဝိုင်းပြီးရွှေ့ပေး သလို မိန်းခလေးကလည်း ကူညီလေသည်။

"ဟဲ့. . သမီးရယ် ပန်းအိုးက. . အလေးကြီးကွယ် လက်နာနေပါဦးမယ်. . မတော်ကာလွတ်ကျသွားခဲ့ရင်"

"ရပါတယ်အမေ. . သမီးနိုင်ပါတယ်"

မိန်းခလေးက ပြုံးမွှင်မှာစွာဖြင့်ပြန်ပြီးတော့ ပြောလေလည်း မရီမှာ မိန်းခလေးက လုပ်ကိုင်နေသည်ကို ရင်တမမနှင့် ကြည့်နေရလေသည်၊ အားလုံးရွှေ့ပြီး သောအခါ. . မရီမှာ မနေနိုင်၍. .

"သား. . သူကလေးက ဘယ်သူလေးလည်းကွယ်. ."

"အမေ. . ဒါ သားရဲ့ ချစ်သူလေ. ."

"ဟင်. . သားရဲ့ ချစ်သူ ဟုတ်လား၊ ဘယ်အချိန်က ချစ်သူရလိုက်တာလဲ သားရယ်. ."

"မကြာသေးပါးဘူး အမေ၊ သူ့နာမည်က မိုးသူဇာတဲ့"

"ဩော်. . မိုးသူဇာ တဲ့လား၊ လှလိုက်တဲ့ နာမည်လေး ကွယ် သမီးကတော့ သားကို သိပ်ချစ်သလား. ."

မိုးသူဇာသည်. . မရီ၏ အမေးကြောင့်. . ရှက်ပြုံး ကလေးပြုံးလိုက်သည်။ ထို့နောက် ခေါင်းကို ညင်သာစွာညိတ်ပြ လိုက်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com

"အေးအေး . . ကောင်းတာပေါ့ကွယ် . . ဒီလိုပဲ တစ်ယောက်အပေါ်တစ်ယောက်ကြင်နာမှပေါ့ . . ဝမ်းသာတယ်ကွယ်၊ ဝမ်းသာတယ် . ."

"အမေ၊ ကျွန်တော် . . သူ့ကိုလိုက်ပို့လိုက်ဦးမယ်နော် . .၊ ဪ . . မိုးသူဇာကို အိမ်အလည်ခေါ်လာရင် . . အမေက ခွင့်ပြုပေးမှာ လာဟင် . ."

"ခွင့်ပြုပါတယ်သားရယ် သူလည်း . . အမေ့သမီးပဲပေါ့ လာလည်နော် . . သမီး"

"ဟုတ်ကဲ့ . ."

မိုးသူဇာက ဝမ်းသာသွားဟန်နှင့် ခေါင်းညိတ်လိုက်လေသည်၊

ထို့နောက် . .

နှစ်ယောက်အတူယှဉ်ပြီး ထွက်သွားခဲ့ကြလေသည်၊ မရီသည် . . ဘာကြောင့်ရယ်မသိ၊ သူတို့နှစ်ယောက်ကို ကြည့်ပြီးတော့ရင်ထဲမှာလှိုက်ကနဲ ဆိုဖြစ်သွားခဲ့ရလေသည်။

"ဪ . . သွားသွား . . ချစ်သူတွေ ဘာတွေတောင်ရနေပြီကိုး . . ဟင်း . . ဟင်း . ."

○ ○ ○





"မရီ . . မရီ . . နေ့အင်းကြောင်တောင်ကြီး . . အိပ်ပျော်နေရာက ဘာတွေယောင်နေတာလဲ . ."

အနားမှာရှိနေသော ကိုဌေးက နှိုးလိုက်မှ မရီသည် အိပ်ပျော်နေရာက ဆိုးသွားခဲ့ရလေသည်။ နိုးနိုးချင်း . . အနီး အနားများ ဟိုသည်လိုက်ပြီးတော့ ကြည့်နေမိလိုက်ပြီးမှ . .

"ကိုဌေး . . သားလေး . . ချစ်သူရနေပြီတော့ သူတောင်မလေးကို အိမ်ခေါ်လာခွင့်ပြုပါတဲ့ ကျွန်မကလည်း ခွင့်ပြုလိုက်တာပေါ့ . .၊ ဪ . . မိန်းကလေးရဲ့အမည်က မိုးသူဇာတဲ့ . ."

မရီသည် ကိုဌေးကို အားတက်သရောပင်ပြောလိုက်လေသည်၊ ကိုဌေးသည် မရီကို အံ့အားသင့်စွာပင်ကြည့်နေမိသည်၊ ဇနီးဖြစ်သူသည် အိပ်မက်မက်ပြန်လေပြီ ကြုံကြုံဖန်ဖန်မက်တတ်တာပဲဟု တွေးနေမိသည်၊ နောက်တော့မှ ယောက်ျားဖြစ်သူက ဘာပြန်ပြောမလဲဟု မျှော်လင့်စောင့်စားသောမျက်နှာနှင့် ကြည့်နေသော မရီကိုသနားသွားပြီ . .

"ဪ . . ဟုတ်လား၊ ရည်းစားရနေပြီလား အေးလေ သူ့အသက်အရွယ်နဲ့ ဆိုရင် . . ချစ်သူထားလောက်ပြီပေါ့"

အလိုက်သင့်ပင် ပြန်ပြီးတော့ပြောလိုက်ရလေသည်၊ မရီလည်း ကျေနပ်သွားခဲ့ရသည်။ ကိုဌေး၏ စိတ်ထဲမှာမူ

"အင်း . . သားရူး၊ သမီးရူး အစွဲက . . ပိုပြီးတော့ကြီးမားလာနေပါလား၊ ဘယ်တော့များမှ ပျောက်ဖျက်သွားပါမည် ဘာမဆို သူ့အလိုပဲလိုက်နေရတာပါပဲလား . ."

www.burmeseclassic.com



ဟု. . တွေးက သက်ပြင်းချမိလိုက်လေသည်။

တစ်ရက်တွင်. .

မရီက ကိုဌေးကို ပြောလိုက်သောစကား တစ်ခွန်းကြောင့် မျက်လုံးပြူးသွားခဲ့ရလေသည်။

"ညက ကျွန်မ အိပ်ပျော်နေတုန်း အပေါ်ထပ်အထပ်ခိုးထဲက စကားပြောသံတချို့ ကြားနေရသလိုပဲ၊ ရယ်သံတွေလည်းကြားနေရတယ်၊ သားများ သူ့ကောင်မလေးကိုခေါ်လာသလားမသိဘူး. . အဟင်း. . ဟင်း"

ကိုဌေးသည် မရီကိုတစ်ခုခု ပြန်ပြောလိုက်တော့မည်ပြုသော်လည်း ကျေနပ်နေသယောင်ဖြစ်နေသော သူမ၏မျက်နှာပေးလေးကြောင့် မပြောရက်တော့ပေ၊ ဂရုဏာသက်သွားမိသည်။ သက်ပြင်းတစ်ချက်သာ ချမိလိုက်လေသည်။

○ ○ ○

## အခန်း ( ၂၂ )

## ''အစဖောင်းက မောင်လှလှ''

တောတောင်ရှုခင်းတွေက သာယာလှသည်၊ မရီသည် သစ်ပင်ကြီးတစ်ပင်အောက်ရှိ မြက်ခင်းကြီးတစ်ခုပေါ်မှာ ထိုင်နေလျက်ရှိလေသည်၊ တစ်ဦးတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိသည်၊ တစ်ခဏအကြာတွင် လူငယ်လေးတစ်ယောက်ထွရောက်လာခဲ့လေသည်။

"သူကတော့. . "

မောင်တိုးဝေ

"အမေ စောင့်နေတာကြာပြီလား. . "

"သိပ်မကြာသေးပါဘူးကွယ်. . ခုလေးတင်ပါပဲ. . "

"ကျွန်တော်အမေ့ကို ဇာတ်လမ်းတစ်ခု ပြောပြချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဇာတ်လမ်းများလဲ သားရယ်. ."

"အမေ သိသင့်သိထိုက်တယ်လို့ထင်လို့ပါ၊ ဒီလိုပါ. .၊ ဟို. . ရှေးရှေးတုန်းက. . ရွာကြီးတစ်ရွာမှာ. . သူကြွယ်လင်မယား နှစ်ယောက်ရှိကြတယ်၊ သူကြွယ်ဆိုပေမယ့်. . သူဌေးအဆင့် လောက်အထိရှိကြတယ်. ."

"သူဌေးအဆင့်လောက်ရှိနေပြီး သူကြွယ်အမည်ခံ ထားတာ ဘာဖြစ်လို့လဲသား. ."

"ခိုးသား၊ ဓါးပြ၊ တောပုန်းဓါးပြတွေရဲ့ရန်ကို ကြောက် လို့ပေါ့ အမေ၊ သူကြွယ်ဆိုပေမယ့်. . သာမာန်လောက် ပဲရှိကြတဲ့ အခြေအနေမျိုးပဲ လူတွေကိုသိစေတယ်၊ သူတို့မှာ. . သမီး နှစ်ယောက်နဲ့ သားတစ်ယောက် ရှိကြတယ်၊ သားက အထွေးဆုံးဆိုတော့. .၊ ယောကျ်ားလေးကလည်း ဖြစ်ပြန်၊ တစ် အိမ်လုံးက အချစ်ပိုကြတာပေါ့"

အလိုလိုက်ခြင်းခံနေတဲ့ သားဟာ. . မိဘနှစ်ပါးရဲ့ စည်းကမ်းအောက်မှာ နေရာလို့. . ငယ်စဉ်ကတော့ စကားကို မြေဝယ်မကျနားထောင်တယ်၊ အတတ်ပညာကိုလည်း မြို့ကို လွှတ်ပြီးသင်ယူစေတယ်. .၊ အဌာရသ တစ်ဆယ်ရှစ်ရပ်ကို လည်းတတ်ကျွမ်းခဲ့တယ်. .၊ သူဟာ. . . ဓါးသိုင်း၊တုတ်သိုင်းနဲ့ လက်သိုင်းပညာတွေမှာ. . တစ်ဖက်ကမ်းခတ်အောင်. . တတ် မြောက်ခဲ့တယ်၊

"အဲ့၊ မောင်လှလှ. . ဟာ. . မြို့ကိုပြန်ပြီးရောက်လာ





တော့မှပဲ. . ပညာမာနတက်ကြွပြီး. . စိတ်ဓာတ်ကပျက်စီးတော့ တာပါပဲ. ."

"ဟင် ဘယ်လိုပျက်စီးသွားတာလည်း. . သား. ."

"ဒီလိုပါ အမေ"

မောင်တိုးဝေသည် သူ၏ဇာတ်လမ်းကို အောက်ပါတိုင်း ဆက်လက်၍ ပြောပြလေသည်။

○ ○ ○

သူကြွယ်ကြီးဦးမိတ္တသည် သားဖြစ်သူမောင်လှလှကို အိမ်မှာမတွေ့၍. .

"ဟဲ့၊ ရှင်မ သားကောကွယ်. ."

"စောစောကလေးတင်. . အိမ်ရှေ့မှာ. . ထိုင်နေ တာကိုတွေ့နေမိသေးတယ်. ."

ဦးမိတ္တသည် သက်ပြင်းတချက်ချလိုက်လေသည်။

"ပညာတွေတတ်ပြီးတော့လည်း. . ဘာအတွက်မှ အသုံးမချဘူး၊ တစ်နေ့. . တစ်နေ့. . အပျော်အပါးနဲ့ပဲ အချိန်ကုန်နေတော့တာပဲ"

**သူကြွယ်ကြီး**၏ဇနီးဒေါ်သဲရွှေသည်. . သားထွေး လှလှကို ချစ်လွန်းသောကြောင့်. . မပြောရက်မဆူရက်သော



www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီးနှစ်ယောက်ကလည်း . . မောင်ငယ်မျက်နှာတစ်ချက်ညို သွားမှာ ကိုမလိုလား၊ သဲသဲလှုပ်အောင်ပင် ချစ်နေကြသည်။

○ ○ ○

"သား၊ သည်အိမ်မှာ . . သားက အငယ်ဆုံးဖြစ်ပေမယ့် ယောက်ျားလေးမို့ . . တာဝန်ပိုပြီးတော့ရှိတယ်၊ မိဘတွေမရှိကြ တော့တဲ့ နောက်ပိုင်းမှာ . . သားကဦးစီးရမှာ၊ အဲ့ဒီတော့ လိမ်လိမ်မာမာနေပါ၊ မိဘရဲ့စီးပွားကိုလည်းထိန်းသိမ်းဖို့ကြိုးစား ရမယ်၊ အစ်မနှစ်ယောက်ကိုလည်း . . စောင့်ရှောက်ရမယ် . ."

"ဟုတ်တယ်သား၊ သားရဲ့ အဖေပြောတာမှန်တယ်၊ အမေတို့မှာ ရှိသမျှစည်းစိမ်ဥစ္စာဟာ သမီးနှစ်ယောက်နဲ့ သားအ တွက်ပဲ၊ လုပ်ငန်းနဲ့စည်းစိမ်မပျောက်ပျက်ဖို့ ထိမ်သိမ်းဖို့ဟာ . . သားသမီးတွေရဲ့တာဝန်ပဲ . . ၊ ဒီမိဘနှစ်ပါးမျက်ကွယ်ပြုသွား ကြရင် . . ဘယ်လိုလုပ်ကြမလဲ . ."

"ဟာဗျာ . . အဖေနဲ့အမေက အခုမှငယ်ငယ်ကလေးပဲ ရှိကြသေးတာ၊ မသေနိုင်သေးပါဘူး၊ လောကကြီးထဲမှာ အကြာကြီးနေရဦးမှာ . . ."

မောင်လူလှ၏ ပြောစကားကြောင့် စိတ်မသက်မသာ ဖြစ်သွားခဲ့ကြရလေသည်။

"မောင်လေးရယ်၊ ဒီလိုပေါ့ဆဆမပြောလိုက်ပါနဲ့၊





မောင်လေးကို၊ ကတ်သိနားလည်စေချင်လို့၊ ကောင်းစေချင်လို့ ဆုံးမနေတာပါ . ."

"ဟာ . . မမကြီးကလည်း . . ခုတော့၊ ကျွန်တော်ကဆိုး နေလိုလားဗျာ၊ လူကိုတွေ့တာနဲ့ ဒီစကားမျိုးပဲပြောနေကြတယ် နားညည်းတယ် . ."

မောင်လူလှမှာ လူလှသလောက် အပြောကဆိုးလာ သည်၊ မိမိကိုမြှောက်ပင့်၍ပေါင်းကြသော သူများကိုသာအလေး ထားသည်၊ ထိုသူတွေကား ပညာမဲ့ကြသောသူများ၊ ကိုယ့်ထက် လူရောစိတ်ဓာတ်ပါနိမ့်ကျကြသော သူများပင်၊ ဒီလိုလူမျိုးတွေ၏ စကားကိုမှ ယုံစားသည်၊

"သား . . မင်းက ပညာတတ်တစ်ယောက်ဖြစ်ပြီး လူမိုက် လူဇာလတွေရဲ့ အမူအကျင့်တွေကို . . ယူတယ်၊ အပြောအဆို ပက်စက်ကြမ်းတမ်းတယ်၊ မိဘတွေကယဉ်ကျေး တယ်၊ ပီယဝါ စာချိုသာသော စကားကိုဆိုတယ် . .

မင်းအစ်မနှစ်ယောက်ကို . . ကြည့်စမ်း၊ ဘယ်သူ့မှ အပြောအဆိုမကြမ်းတမ်းဘူး၊ မယဉ်ကျေးတဲ့ အမူအယာမျိုး မရှိကြဘူး၊ မင်းကျမှ မိဘကိုပြန်ပြီးတော့ ပြောတတ်လာတယ်၊ အကျိုးအကြောင်းနဲ့ပြောပြလည်း လက်မခံဘူး၊ မင်းပညာသင်ခဲ့ တာ . . ဆရာကလည်း . . တပည့်ကို အစဉ်မပြတ် ကောင်း ကောင်းဆုံးမနေမှာပဲ၊ အသိဉာဏ်ပညာတွေ တိုးပွားအောင် ဆုံးမနေမှာပဲ၊ ကောင်းတဲ့အလုပ်ကို ညွှန်ကြားမှာက ဆရာတွေ


www.burmeseclassic.com

www.burmeseclassic.com



ရဲ့မေတ္တာစေတနာပဲ၊ မင်းက ဆရာ့စကားကိုလည်း မနာခံဘူး၊ မိဘရဲ့ စေတနာ၊ မေတ္တာနဲ့ သံယောဇဉ်ကိုလည်း အသိအမှတ်မပြုဘူး၊ မင်းပေါင်းနေတာက ဘာတွေလည်းဆိုတာကိုကော သိရဲ့လား. . ”

“အဖေ. . သူတို့ဟာ ကလေကချေတွေ မဟုတ်ကြပါဘူး၊ သားအပေါ်မှာ. . ကောင်းကြပါတယ်”

“ကောင်းကြမှာပေါ့၊ မင်းက သူတို့အပေါ်မှာ အကျခံတာကိုး၊ ကိုယ်ကပဲ. . အကုန်အကျခံပြီး ကျွေးမွေးတာကိုး၊ သည်တော့. . မင်းကိုမြှောက်ပင့်ပြီးတော့ စားသောက်ကြမှာပေါ့၊ မင်းကို သူတို့ကပြန်ပြီးတော့ ပေးကြတာက. . အရက်နဲ့ လောင်းကစားပဲ၊ ပျက်စီးရာ ပျက်စီးကြောင်းတွေပဲ. . ”

ဖခင်က ထိုသို့ပြောလိုက်သည့်အတွက် မောင်လူလှသည် ရှုံ့ရှုံ့ရှားရှားနှင့် ဖြစ်သွားခဲ့ရလေသည်။

“အဖေ. . ကျွန်တော့်သူငယ်ချင်းတွေကို သည်လိုပုတ်ခတ်ပြီးတော့ မပြောပါနဲ့၊ သူတို့ဟာ အဖေထင်သလို မဟုတ်ကြဘူး. . အားလုံးကောင်းကြတယ်. . ဒါပဲ”

“မောင်လေး၊ အဖေ့ကို သည်လိုပြန်မပြောနဲ့လေ၊ ငရဲကြီးလိမ့်မယ်. . ”

“အိုဗျာ၊ အကျိုးသင့်. . အကြောင်းသင့်ပြောတဲ့စကား ငရဲကြီးစရာမဟုတ်ဘူး၊ ကျွန်တော်ကလည်း ငရဲရှာတာ မဟုတ်ဘူး၊ အစ်မတို့ကပါ ကျွန်တော့်ကို မကောင်းထင်နေကြပြီလား”





“ဟယ်. . မောင်လေးရယ်၊ အစ်မတို့က သည်လိုသဘောမျိုးနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ မောင်လေးကို လိမ္မာစေချင်လို့ပါ. . ”

“မလိမ္မာရအောင် ကျွန်တော်ကကော သိပ်ပြီးတော့ ဆိုးမိုက်နေလို့လားဗျာ. . ”

မောင်လူလှမှာ လူကြီးသူမများ၏ စကားကို တစ်စက်လေးမှမနာခံ၊ ကိုယ်ထင်ရာကိုသာ လုပ်နေစမြဲပင်၊ အားလုံးမှာ စိတ်မကောင်းခြင်းကြီးစွာနှင့် လက်လျှော့ထားလိုက်ရလေသည်။

○ ○ ○

မောင်လူလှသည် မကောင်းသော အပေါင်းအသင်းများနှင့်ပေါင်းပြီး သေရည်သောက်ကျူးသည်။ မိဘအိမ်မှပစ္စည်းဥစ္စာများကို တိတ်တဆိတ်ခိုးယူသည်။ ကျွဲပွဲ၊ နွားပွဲ၊ ကြက်ပွဲများတွင် လောင်းကစားပစ်သည်။

“လူလှရေ၊ ငါ့ကို ငွေစလေးများပါရင် ပေးခဲ့ပါဦးကွား၊ ငါ့မိန်းမ မီးဖွားကာနီးနေလို့. . ငါ့မှာ တစ်ပြားမှ မရှိလို့ပါ”

“ဟုတ်လား. . ရော့. . ရော့ ပြန်မပေးနဲ့၊ မင်းကိစ္စသာ အဆင်ပြေအောင်လုပ်. . ”

“လူလှ. . ငါ့အမေက နာတာရှည်ရောဂါဖြစ်နေတာ မင်းအသိပဲ၊ ခါတ်စာလေးဝယ်ကျွေးချင်လို့ကွာ၊ ငါ့မှာ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံလေတော့. . ”

“ဒါများ. . ညည်းမနေပါနဲ့ကွာ၊ ငါရှိနေတာပဲ၊ ကဲ. . ရော့. . ရော့”

မောင်လူလှက လက်လွှယ်သည်။ အပေးအကမ်း ရက်ရောသည်။ အမှန်အကန် အကူအညီတောင်းကြသူလည်း ရှိကြသလို၊ အရက်ဖိုး၊ လောင်းကစားဖိုးများအတွက် လိမ်ညာပြီးတော့ တောင်းကြသူများလည်းရှိကြသည်။

“လူလှက လူတွေကို ခွဲခြားပြီးတော့ မပေါင်းတတ်ဘူးကွ. . သဘောကောင်းတယ်”

ဤသို့ဖြင့်လည်း မောင်လူလှကို ကွယ်ရာတွင် ချီးမွမ်းကြသည်။ ဤစကားများကို မောင်လူလှ၏ နားထဲသို့ ရောက်အောင်ပို့ပေးကြသည်။ ကြာတော့. . မိဘများ ပိုင်ဆိုင်သော ပစ္စည်းများကို သူငယ်ချင်းများအတွက် အိမ်မှနေ ကဲ့ပေးနေရလေသည်။

○ ○ ○





“ရှင်မရေ. . သားတွေးလူလှကြောင့်. . ငါတို့ပိုင်ဆိုင်သမျှ ပစ္စည်းတွေ. . မကြာခင်မှာ ကုန်ဆုံးသွားရလိမ့်မယ်။ အဲသည်တော့. . အချိန်မီ သိမ်းဆည်းထားမှဖြစ်မယ်. . ”

“ဟုတ်တယ်. . ကိုရင်ရေ၊ သားသမီးသုံးယောက်. . သုံးပုံပုံပြီး ခွဲထားမှ၊ သည်ကြားထဲမှာလည်း သားကို လိမ္မာအောင် လို့နားဝင်အောင် တဖြည်းဖြည်းနဲ့ ဆုံးမနေရမှာပဲ”

မိဘနှစ်ပါးမှာ သားတွေးမောင်လူလှကို လိမ္မာလာလိမ့်မည်ဟု မျှော်လင့်ချက်ထား,ထားကြလေသည်။ လူလိမ္မာသားယဉ်ပါးဟူသည့် စကားရှိသော်လည်း မောင်လူလှကား မွေးရာပါ ဗီဇဆိုး၊ သန္ဓေဆိုးပါလာခဲ့သည့်အတွက် မည်မျှပင်. . ဆိုဆုံးမ ပေမယ့်. . မနာခံပါပေ။

ထို့အပြင်. .

စီကာနဲ့ဆို. . ဘယ်သူလည်း မေးကြည့်၊ မောင်လူလှကို ရန်ပွဲ၊ ထိပ်ပေါက်ခေါင်းကွဲဖြစ်၍ ခံလိုက်ကြရသူများတ အလျော်တောင်း၍ ပေးလိုက်ရပြန်ပြီ၊ မောင်လူလှကား. . ကိုယ်ခံပညာတတ်မြောက်ထားသည်ကို အကြောင်းပြု၍ မိမိနှင့် မတည့်သူများကို အနိုင်ကျင့်တတ်လေပြီ။

ဆိုးပေတေလွန်းလှသော မောင်လူလှကိုလည်း မိဘနှစ်ပါးနှင့် အစ်မများက ဥပေက္ခာပြုထားကြလေပြီ။

တစ်ရက်တွင်. .

မောင်လူလှသည် တစ်လခန့်အလည်လွန်နေရာက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပြန်ရောက်လာပြီး. .

"အဖေ. . ကျွန်တော့်ကို အမွေပေးပါ"

"သား. . ဘာစကားပြောလိုက်တာလဲ၊ မင်းဟာ ငယ်ငယ်ကလေးရှိသေးတယ်၊ မိဘနဲ့ ရင်အုပ်မကွာနေရမယ့် အရွယ်၊ သွားချင်ရာသွား၊ လာချင်ရာလာနဲ့. . နေချင်သလို နေတယ်. . ငါ့သားရယ်၊ မင်းတော့ပျက်စီးနေပြီ. . မင်းကို အဖေက အခုနေ အမွေပေးလိုက်ရင် ဖြုန်းပစ်လိုက်လို့ ကုန်သွားမှာပေါ့၊ အဖေ့ရဲ့လုပ်ငန်းကိုသာ ဦးစီးပေးပါ၊ ငါ့သားကြီးပွားရာကြီးပွားကြောင်းက အဖေ့ရဲ့အလုပ်ပဲရှိတယ်၊ အလုပ်အမွေကိုသာ သားယူပါ"

ဖခင်ကြီး ဦးမိတ္တက သားကို ဖြောင်းဖျလေသည်။

"ဟာဗျာ၊ ကျွန်တော် အဖေ့အလုပ်ကို စိတ်မဝင်စားဘူး၊ ကျွန်တော့်ကို အမွေသာ ခွဲပေးပါ၊ အမွေသာရရင် ကျွန်တော် အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူး"

မောင်လူလှကလည်း မရ. . မရမကပင် တောင်းသည်။

"သား. . မင်းကိုငါ ခုနေ မပေးနိုင်ဘူး၊ မင်းလိမ္မာမှသာ ငါအမွေကိစ္စအတွက် စဉ်းစားမယ်၊ မိဘမသေသေးဘူး၊ အမွေက အရင်တောင်းနေပြီ. . သားမိုက်"

မောင်လူလှမှာ စိတ်ဆိုးမာန်ဆိုးနှင့် ရရာရွေ့ထည်ပစ္စည်းများကို ဆွဲယူပြီး အိမ်မှ ထွက်သွားခဲ့လေသည်။

"ဩော်. . သား. . သား၊ နာမည်လေးက လှ၊ လူက



လည်း ချောလှသလောက်. . စိတ်ထားက အကျည်းတန်လှပါလားကွယ်၊ သည်သားတစ်ယောက်ကို လိမ္မာအောင် ဘယ်လိုဆုံးမရပါ့မလဲ. ."

ဦးမိတ္တသည် သားထွေးမောင်လူလှအတွက် များစွာဝင်စိတ်ဆင်းရဲခြင်းဖြစ်မိရလေသည်။

"ကိုရင်. . သားကို အမွေမပေးလိုက်နဲ့နော်၊ သူရသွားရင်. . အိမ်ကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး၊ ကျွန်မလည်း သားနဲ့ တစ်သက်လုံးခွဲရတော့မှာ. ."

"ဟုတ်ပါတယ်. . အဖေရယ်၊ မောင်လေးကို မပေးလိုက်ပါနဲ့ဦး၊ သူ့. . ရသင့်ရထိုက်တာကိုတော့ ဖယ်ထားပေးပါ"

"ငါသိပါတယ်. . သမီးတို့ရယ်၊ ဒါတွေကိုသာ ပေးလိုက်ရင်. . သားပိုပြီးတော့ ပျက်စီးသွားမှာပေါ့၊ သူ့ကို ချစ်ရာရောက်ပဲ နှစ်ရာရောက်သွားတော့မှာပေါ့ကွယ်. .

သမီးတို့ပြောတာတောင် နောက်ကျသွားခဲ့ပါပြီ အဖေဟာ သားလေး မောင်လူလှအတွက် ရသင့်ရထိုက်တာတွေကို အစောကြီးကတည်းက ခွဲထားပြီးပါပြီ. ."

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်. . သမီး၊ သမီးတို့ကို မှာထားရဦးမယ်ဟောသည်. . အိမ်အလည်တိုင်မကြီး တည့်တည့်ရဲ့ အောက်မှာ မောင်လူလှရဲ့ ဝေစုကို မြှုပ်ထားတယ်၊ သူသိပ်ပြီးတော့ ဒုက္ခရောက်နေတဲ့အချိန်. . နောင်တရနေတဲ့အချိန်မှာ ဖော်ပေး

www.burmeseclassic.com

လိုက်ပါ. ."

"အို. . အဖေကလည်း ဘာတွေလျှောက်ပြောနေတာ လဲ. . အဲ့သည်အချိန်မှာ အဖေနဲ့ အမေလည်း ရှိနေကြဦးမှာပဲ မဟုတ်လား"

"စကားအဖြစ်ပြောတာပါ. . သမီးတို့ရယ်၊ ဘယ်လို အကြောင်းနဲ့ပဲဖြစ်ဖြစ်ပေါ့၊ သားလေးသိပ်ပြီး ဒုက္ခရောက်နေခဲ့ လို့ရှိရင်. . ထုတ်ပေးရမှာပဲ မဟုတ်လား. ."

"စိတ်ချပါ အဖေ၊ မောင်လေးကို သမီးတို့လည်း ချစ်ကြပါတယ်၊ ဘယ်လိုအကြောင်းနဲ့မှ ပစ်မထားပါဘူး"

"သမီးတို့ကို အဖေယုံပြီးသားပါကွယ်"

ဦးမိတ္တနှင့် ဒေါ်သဲရွှေတို့မှာ သားတွေးမောင်လူလူ့ အတွက် စိတ်မအေးနိုင်အောင် ရှိနေရလေသည်။ တွေးရင်းနှင့် ပင်. . မျက်ရည်များကျလာခဲ့ကြသည်။

"ငါ့သားလေးသာ လိမ္မာလိုက်ရှင်. . ဘယ်လောက် ကောင်းမလဲ"

ဟု မချိသော စိတ်နှင့် တွေးနေမိကြလေသည်။

ထိုစဉ်မှာပင်. .

အပေါ်ထပ်မှာ မိသားစုတစ်တွေ ဆွေးနွေးတိုင်ပင် နေကြခိုက်. . မောင်လူလူ့ပြန်ရောက်လာခဲ့သည်။ မည်သူမှ မသိလိုက်ကြ၊ သူတို့ပြောနေကြသော စကားတွေကို ကြားသွား ခဲ့ကြလေသည်။



"ငါ့အတွက် ဝေစုကို အိမ်အောက်မှာ မြှုပ်ထားတယ် ဆိုပါလား၊ အတော်ပဲ. . ညကျမှ လာဖော်ပြီး ယူရမယ်"

ဝမ်းသာသွားခဲ့လေသည်။ အကြံနှင့်ဝင်ရောက်လာပြီး တိတ်တဆိတ်ပြန်ထွက်သွားခဲ့သည်ကို မည်သူမှ မသိလိုက်ကြပါ။

○ ○ ○

မောင်လူလူ့သည် အပေါင်းအသင်းများနှင့် တစ်ည နေလုံး သောက်စားနေလျက်ရှိလေသည်။ ညဘက်ကို ရောက် သော် မည်သူနှင့်မှမအိပ်ပဲ မိမိတစ်ယောက်တည်း တစ်နေရာမှာ သွားအိပ်သည်။

ည၌သန်းကောင်ယံအချိန်သို့ ရောက်သောအခါ. . အချိန်ကိုက်ထားသလိုပင်. . နိုးလာခဲ့သည်။ စောင်တစ်ထည် ကို ကိုယ်မှာပတ်ကာ မှောင်ရိပ်ခိုပြီး ရွာထဲကို လျှောက်လာခဲ့သည်။ သူသည်. . ဓားအိမ်နှင့်ထည့်ထားသော ဓါးတစ်ချောင်းကို ကျောမှာပိုးကာ. . စောင်နှင့်အုပ်ထားသည်။

မောင်လူလူ့သည် မူးနေသည့်အရှိန်က မပြေသေး၍ ခြေလှမ်းတွေက မမှန်၊ ကိုယ်လုံးကလည်း ဒယိမ်းဒယိုင်နှင့် ဖြစ်နေလေသည်။ လကလည်း. . မိုက်၍ လမ်းတိုသဲတွဲ ကျွန် မမြင်နိုင်၊ သွားနေ. . လာနေကျလမ်းမို့ မှန်းဆပြီးတော့ သွားနိုင်

www.burmeseclassic.com



လာနိုင်သည်။

တစ်နေရာကို အရောက်တွင်. .

လမ်းမှာ ကန့်လန့်ဖြတ်ကျနေလျက်ရှိသော သစ်ကိုင်းခြောက်ကြီးတစ်ခုက ဆီးပြီးတော့ ခံနေသည်။

"တောက်. . သည်သစ်ကိုင်းခြောက်ကြီးကလည်း ငါသွားမယ့် လမ်းမှာ. ."

စိတ်ထဲမှာ မကျေမနပ်ဖြစ်ပြီး ပစ်ကန်ထည့်လိုက်သည်။

"ကဲကွာ. ."

"အား"

ခြေသလုံးမှာ ပူကနဲ၊ မြက်ကနဲ ဖြစ်သွားခဲ့ရလေသည်။ တကယ်တော့ သူကန်မိလိုက်သည့်အရာကား။

○ ○ ○



# အခန်း ( ၂၃ )

## အိမ်မိကိုင်အောက်မှ ရတနာများ

မောင်လူလှသည် မိမိပိုးထိခဲ့ပြီဟု ချက်ချင်းပင် သိသွားခဲ့ရလေသည်။ မြွေပွေးတစ်ကောင်က သူ့ရှေ့မှာပင် လျှာတန်းဆိုထွက်သွားခဲ့သည်။

"တယ်"

စောင်ခြုံကို ဖယ်ရှားပစ်လိုက်ပြီး ကျောထက်က ဓါးကို ဆွဲထုတ်လိုက်ကာ မြွေနောက်ကိုပြေးပြီးတော့ လိုက်သည်။ ချက်ချင်းမှာပင် မီလာပြီး. .

"ဝှစ်. . ရှပ်"

မြွေသည် နှစ်ပိုင်းပြတ်ထွက်သွားသည်။ ထို့နောက်. . သွေးရူးသွေးတမ်းနှင့် အိမ်ဆီကိုပြေးသည်၊ ပြေးနေရင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေက လေးလံလာခဲ့ရသည်။ ခေါင်းထဲမှာလည်း မိုက်ကနဲ. . မိုက်ကနဲနှင့်ဖြစ်ဖြစ်လာသည်။ မြွေဆိပ်တက်နေခဲ့လေပြီ၊ မျက်လုံးတွေကလည်း ပြာဝေလာခဲ့သည်။

"အမေ. . အမေ"

သတိလစ်ချင်လာသည်။ စိတ်ကို မနည်းတင်းထားရလေသည်။

"ငါ. . အိမ်ကိုရောက်မှ ဖြစ်မယ်၊ ငါ့. . ငါ့ပစ္စည်းတွေ၊ ဘယ်သူမှ မယူရဘူး၊ ငါပဲယူမယ်၊ ဒါ. . ငါ့အပိုင်ပစ္စည်း၊ ငါ့. . ငါ့ဥစ္စာတွေ. . ဟာ ငါ့မျက်လုံးတွေ မမြင်ရတော့ဘူး၊ ပိုပြီးမှောင်လာပြီ၊ ငါ့ရှေ့မှာ ဘာရှိသလဲ၊ ဘာရှိသလဲ. . ငါ. . ငါအိမ်ကိုရောက်မှရောက်ပါတော့မလား၊ အမေ. . အမေ. . သားကို ခွင့်. . ခွင့်လွှတ်ကြပါ"

ခွေးတွေက စူးစူးရွားရွားဝင်. . ထိုးပြီးတော့ ဟောင်နေကြသည်။ အူသည့် ခွေးတွေကလည်း အူနေကြသည်။ မောင်လူလှသည် ခွေးတွေကို ဒေါသတကြီးနှင့် ကြည့်နေမိသည်။ လက်ထဲမှာကိုင်ထားသော ဓါးနှင့်ပြေးပြီး ပိုင်းပစ်လိုက်ချင်သည်။ ဒေါသထွက်နေမိသည်။

ကိုယ်ပေါ်မှာ ခံစားနေရသည့် ရောဂါဝေဒနာလည်း မရှိတော့သလို၊ ခြေသလုံးမှ မြွေကိုက်ခံရသည့် ဒဏ်ရာသည်လည်း ဘယ်ကိုပျောက်သွားမှန်းမသိ၊ သူ၏ ခြေလှမ်းများသည် ပေါ့ပါးစွာဖြင့် အိမ်ကိုသာလှမ်းနေသည်။ ခွေးတွေဟောင်နေကြ



သံများကိုလည်း သူဂရုမစိုက်နိုင်တော့။

"ငါ့ပစ္စည်းတွေကို ငါ. . အရယူရမယ်. ."

စိတ်ထဲမှာ ပစ္စည်းတွေဆီကိုပဲ ရောက်နေသည်။ မကြာမီ ခြံနားကို ရောက်လာခဲ့သည်။ တံခါးကိုတော့ ပိတ်ထားသည်။ စည်းရိုးကို ခွကျော်ပြီး ဝင်ရန် ကြိုးစားလိုက်စဉ်မှာပင်. .

"ဟိတ်. . မဝင်နဲ့"

နက်ကျောသော အသံကြီးတစ်သံကို သူကြားလိုက်ရလေသည်။ လစ်ဟာနေသော စည်းရိုးပေါက်တစ်နေရာက လှမ်းပြီးတော့ ကြည့်လိုက်သောအခါ. . မျက်နှာထားတင်းတင်းမာမာနှင့် လူကြီးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

ထိုလူကြီးသည် ရှေးဇာတ်မင်းသားများကဲ့သို့ ဝတ်ဆင်ထားသည်။ ခေါင်းပေါင်းကိုလည်း အကျအန ပေါင်းထားလေသည်။ မောင်လူလှသည် မိမိ၏ခြံထဲမှာ ဘယ်ကလူစိမ်းတစ်ယောက် ရောက်နေပါလိမ့်ဟု တွေးမိလိုက်သေးသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ဟေ့. . မင်းမဝင်နဲ့ဆို မဝင်နဲ့၊ ငါ. . ခွင့်မပြုနိုင်ဘူး"

ထိုလူကြီးက ထပ်ပြီးတော့ ပြောပြန်သည်။ ထိုအခါ မောင်လူလှသည် မခံချင်စိတ်ဖြစ်ပေါ်လာကာ. .

"ဝင်တယ်ကွာ. . ဘာဖြစ်သေးသလဲ၊ ဒါ. . ငါ့အိမ်. ."

စည်းရိုးကို ခွကျောကာ တက်မည်ပြုရာ ထိုလူကြီး၏ လက်ထဲမှာ ကိုင်ထားသော ကြိမ်လုံးနီနီကြီးနှင့် တအားရိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထည့်လိုက်သည်နှင့်. . .

"ရှမ်း. ."

"အား. ."

ပူလောင်နာကျင်သောဝေဒနာကို ခံစားလိုက်ရပြီး အဝေးကို လွင့်ထွက်သွားခဲ့ရလေတော့သည်။ မြေပြင်ထက်မှ ချက်ချင်းပင် လူးလဲပြီးတော့ ထလိုက်သည်။

"အဖေ၊ အမေ. . ကျွန်တော်အိမ်ထဲကို ဝင်လို့မရတော့ဘူး၊ ကျွန်တော် ဝင်ပါရစေ၊ ကျွန်တော့်ကို ပစ်မထားပါနဲ့၊ ပစ်မထားပါနဲ့၊ အဖေ. . အမေ. . သား. . သားကို ခေါ်ပါ. . ခေါ်ပါ"

မောင်လူလှသည် တစာစာနှင့်သာ အော်နေလေတော့သည်။ ထိုစဉ်. . .

လမ်းသွားလမ်းလာတစ်စုက မြေပြင်မှာလဲကျနေသော လူတစ်ယောက်ကို မီးတုတ်တွေကိုယ်စီနှင့် ကြည့်နေကြသည်။

"ဟာ. . . သည်ကောင်က သူကြွယ်ကြီး ဦးမိတ္တရဲ့ သားလူလှပဲကွ၊ ဘယ်လိုဖြစ်တာလဲ မသိဘူး. ."

"ဘယ်လိုဖြစ်ရမှာလဲကွ၊ ပိုးထိလို့သေတာ၊ ဟောသည်မှာ မြင်လား၊ မြွေပွေးကြီး နှစ်ပိုင်းပြတ်နေတာ. ."

"ဟုတ်ပါရဲ့ကွာ၊ သည်ကောင်. . သူ့ကို ကိုက်လိုက်တဲ့မြွေကိုတော့ သတ်နိုင်ခဲ့သေးသားကွ၊ ဖြစ်မှ ဖြစ်ရလေကွာ. ."

ဒမောင်လူလှသည ထိုသူများပြောနေကြသည့် စကား





တွေကို ကြားသွားခဲ့ရလေကား. .

"ဟင်. . သူတို့ဘာတွေ ပြောနေကြပါလိမ့်"

သိချင်ဇောနှင့် အနားကိုကပ်ပြီး ကြည့်လိုက်ရာ. .

"ဟာ. . သူ. . သူဟာ. . ငါ, ငါပါပဲလား. . ငါ့ကို ပိုးထိတာတဲ့၊ ပိုးထိတာတဲ့. ."

လွန်စွာမှပင် တုန်လှုပ်ချောက်ချားသွားခဲ့ရလေတော့သည်။ ဟိုပြေး၊ သည်ပြေးနှင့် ဆောက်တည်ရာမရ အော်ခံစားနေရစဉ်မှာပင်. . မိမိကိုယ်ကို လေနီကြမ်းကြီးတစ်ခုက ဝင်ပြီးတော့ ဆောင့်လိုက်သလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံးစကြာဝဠာတိုက်ကြီးထဲမှာ လွင့်ပါးသွားသော လဲမှိုလေးတစ်ခုလိုပင်။ အားလုံးလောကကြီးတစ်ခုလုံးနှင့် ကင်းကွာသွားခဲ့လေတော့သည်။ ထို့နောက်. . ဘာဆိုဘာမှ မသိရပါလေတော့။

"ကျွန်တော် ပြောပြချင်တဲ့. . ဇာတ်လမ်းက အဲဒါပဲအမေ"

မောင်တိုးဝေသည် သူ၏ဇာတ်လမ်းကို အဆုံးသတ်လိုက်လေသည်။ မရီသည် မောင်တိုးဝေဇာတ်လမ်းပြောပြနေသည်မှာ ရင်ထဲတသိမ့်သိမ့်နှင့် ဝမ်းနည်းနေမိသလိုလို ကြေကွဲနေမိသလိုလိုပင် ခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . သား. . သားပြောတဲ့ ဇာတ်လမ်းက အမေ့ရင်ထဲကို လှုပ်ခါသွားစေခဲ့ပါလားကွယ်၊ သားက ဘယ်လိုအကြောင်းကြောင့် ပြောပြရတာလဲ၊ ဘယ်သူ့ဇာတ်လမ်းလဲ"

"အမေ. . သည်ဇာတ်လမ်းကို ကျွန်တော်လည်း ခံစားရတာပါပဲ. . ကျွန်တော်ကတော့ အမေသိအောင်ပြောပြတာပါ"

မောင်တိုးဝေသည် မျက်နှာမကောင်းပေ။ ထို့နောက် မိခင်ကို နှုတ်ဆက်ပြီးတော့ ပြန်သွားခဲ့လေသည်။

○ ○ ○

မရီသည် အိပ်မက်မှ လန့်ပြီးတော့ နိုးလာသည့်တိုင် ရင်ထဲမှာ လှိုက်ဖိုမော၍ ရှိနေဆဲပင်။ မနက်လင်းလင်းချင်းမှာပင် ခင်ပွန်းဖြစ်သူကိုဌေးကို အချိန်မဆိုင်းဘဲ ပြန်လည်၍ ပြောပြမိလိုက်လေသည်။

ကိုဌေးကတော့ မရီကို ဘယ်လိုနားလည်ရမှန်းပင် မသိတော့ပေ၊ အကောင်အထည်မရှိသော အကြောင်းအရာနှင့် ပတ်သက်ပြီး စွဲလမ်းမှုအတိမ်အနက်က ပိုပြီးတော့ သိသာထင်ရှားလာခဲ့ပြီဖြစ်သည်။

တစ်ရက်တွင်. . .

အိမ်မကြီး၏ အလယ်တိုင်သည် ခြစားနေသော အခြေအနေမျိုးကို ကိုဌေးအမှတ်မထင်ပင်. . တွေ့လိုက်ရသည်။





"ဟင်. . . သည်အိမ်က ဆောက်ထားတာ မကြာသေးပါဘူး၊ တိုင်ကလည်း သစ်ကောင်းနဲ့ဆောက်ထားတာပါ၊ ဖြုံ မတက်နိုင်တဲ့အသား၊ ဘယ်လိုကြောင့် သည်လိုဖြစ်ရတာလဲ"

"ဟုတ်ပါရဲ့. . အထဲမှာ ခြသံတွေကို ကြားနေရတယ်၊ မြန်မြန်လဲမှ ဖြစ်မယ် ကိုဌေး. . ."

"အေးကွယ်. . ထွေးမောင်ကို ခေါ်ဦးမှပဲ. ."

ထွေးမောင်သည် လယ်သမားပညာကိုလည်းတတ်သည်။ များမကြာမီမှာပင် ရောက်လာပြီး စစ်ဆေးကြည့်ရာ. .

"ခြက. . တိုင်တစ်ဝက်လောက်ကို ရောက်နေပြီ၊ မြန်မြန်လဲမှ ဖြစ်မယ်. ."

"ဒါဖြင့်လည်း လုပ်ကြကွာ. ."

ထွေးမောင်သည် လူနှစ်ယောက်ကိုခေါ်ပြီး တိုင်ကို အခြေမှ ဖြိုစေသည်။ နှုတ်ယူသည်။ အောက်မှာ ခြတွင်းကြီးကို တွေ့လိုက်ရလေသည်။

"အောက်ခြေကို ဆက်တူးမှဖြစ်မယ်။ တိုင်ကို တွင်းခပ်နက်နက်ထဲ ထည့်မှ. . . ပိုပြီးတော့ တောင့်တင်းခိုင်မာတယ်"

အလုပ်သမားနှစ်ယောက်ကလည်း တိုင်ဟောင်းတိုဖယ်ရှားပြီး ဆက်၍တူးကြသည်။ နောက်ထပ် နှစ်တောင်လောက် တူးပြီးသောအခါ. . .

"ဒေါက်"

ပေါက်တူး အသွားသည် အမှတ်မထင် အမာခံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိခိုက်မိသွားလေသည်။ အုတ်ကျောက်တစ်လုံးဟုသာ ထင်မိလိုက်ကြသည်။ ထွေးမောင်က. . .

"ခဏနေဦး. . ပေါက်တူးအသွား ပဲ့သွားမယ်၊ ငါဖယ်လိုက်ဦးမယ်. ."

ထို့ကြောင့်. .

ဆောင့်ကြောင့်ထိုင်ပြီး တွင်းထဲကို လက်ကနှိုက်လိုက်ရာ ပြောင်ချောနေသောအရာတစ်ခုကို စမ်းမိလိုက်လေသည်။ မြေစာများကို လက်နှင့် ဖယ်ရှားလိုက်သည်။ တွေ့လိုက်ရသည်က ကြေးပြားဝိုင်းဝိုင်းလေးတစ်ချပ်ဖြင့် ပိတ်ထားသော စဉ့်အိုးဟုထင်ရသည့် အရာတစ်ခုပင်. . .

"အစ်ကို. . သည်မှာ. . လာကြည့်ပါဦး. ."

"ဘာလဲကွ. ."

ကိုမွှေးက ထိုင်နေရာကို ရောက်လာပြီး ကြည့်လိုက်ရာ အံ့အားသင့်သွားခဲ့ရလေသည်။ အပေါ်ယံက ကြည့်မိလိုက်ရုံနှင့်ပင် စဉ့်အိုးတစ်လုံးဖြစ်မှန်း သိလိုက်ရသည်။

"ဖော်ကြစမ်းကွာ. ."

သုံးယောက်သား ဝိုင်းပြီးတော့ ဖော်ကြရာ. . အလတ်စား စဉ့်အိုးလေးတစ်လုံး ပေါ်လာခဲ့လေသည်။

"တစ်ခုခုတော့ တစ်ခုခုပဲဟေ့. . . ကဲ. . ထွေးမောင်၊ မင်းကြည့်ကွာ. ."

ထွေးမောင်သည် ကြေးပြားနှင့်ပိတ်ကာ ဘေးမှ စေးကပ်





မာကျောနေသော သစ်စေးတစ်မျိုးနှင့် မံထားသော အဖုံးပတ်ပတ်လည်ကို ခါးဦးနှင့် ဂျပုတစ်ချက်ပင် ခွာထုတ်လိုက်သည်။ မကြာမီ. . အဖုံးသည် ကွာထွက်သွားခဲ့လေ၏။

"အစ်ကို. ."

"မင်းပဲ. . နှိုက်ကြည့်ပါကွာ. ."

ထွေးမောင်က စဉ့်အိုးထဲကို လက်နှိုက်ကြည့်ရာ. . . အံ့အားသင့်သွားခဲ့ရလေသည်။ အထဲမှ. . တချွင်ချွင်အသံများ ထွက်ပေါ်လာခဲ့သည်။ အခြားသော ပစ္စည်းများကိုလည်း စမ်းမိသည်။ ဘယက်၊ ဆွဲကြိုး၊ လက်ကောက်များပင် ဖြစ်ဟန်တူသည်။

"ကဲ. . ကဲ. . ဟောသည် အဝတ်စပေါ်မှာသာ ပုံချလိုက်ပါကွာ. ."

ကိုမွှေက နှစ်ပေပတ်လည်ရှိ. . ပိတ်စတစ်စကို ခင်းပေးလိုက်သည်။ ထွေးမောင်သည် စဉ့်အိုးကိုတွင်းထဲမှ မ,ယူကာ သွန်ချလိုက်လေ၏။

"ဝေါ"

ဝေါကနဲဆိုကျလာကြသော ပစ္စည်းများကား ရွှေဒင်္ဂါးပြားများနှင့် အဖိုးတန်ရတနာပစ္စည်းများပင်တည်း။

"ဟင်. ."

"ဟာ"

မြင်တွေ့လိုက်ရသော အဖိုးတန်ရတနာပစ္စည်းများကြောင့် အားလုံး အံ့အားသင့်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဋ္ဌေးသည် မရီမကြာသေးမီကမှ ပြောဖူးထားခဲ့သော ဇာတ်လမ်းလေးတစ်ပုဒ်ကို ချက်ချင်းပင်သတိရသွားခဲ့လေသည်။ မရီသည်လည်း. . ကိုဋ္ဌေး၏မျက်နှာကို ဖျတ်ကနဲဆို ကြည့်လိုက်လေသည်။

သူကြွယ်ကြီး ဦးမိတ္တနှင့်မောင်လူလှတို့၏ ဇာတ်လမ်းပင်၊ မောင်လူလှရမည့်အမွေများကို မြှုပ်နှံခဲ့သော. . သူကြွယ်ကြီး၏ ပစ္စည်းများနှင့် ဆိုင်၊ မဆိုင်တော့ မသိပါ။

သို့သော်. . .

မရီသည် ထိုပစ္စည်းများကို မြင်တွေ့လိုက်ရသည်နှင့် မည်သည့်အကြောင်းကို စဉ်းစားမိလိုက်သည်မသိ၊ အလိုလို နေရင်း ဝမ်းနည်းသွားမိလေသည်။

ကိုဋ္ဌေးကား မိမိတို့၏ ကံတရားကြောင့် ရရှိခဲ့သည့် ပစ္စည်း မှန်သော်လည်း ကံစပ်ကြသူများဟူ၍ တစ်သက်လုပ်စား၍ ရနိုင်လောက်အောင် ထိုက်ထိုက်တန်တန်ပင် ချီးမြှင့်လိုက်လေသည်။

○ ○ ○

## အခန်း ( ၂၆ )

## နောက်ဆက်တွဲများသူ

ကိုဋ္ဌေးနှင့် မရီတို့၏ အိမ်ထဲမှ အဖိုးတန်ရတနာများကို တူးဖော်ရရှိလိုက်သည့်သတင်းသည် ဒေါင်းဖိုရွာတွင် တမဟုတ်ချင်းပင် ပျံ့နှံ့သွားခဲ့လေသည်။

ဗူးတစ်ရာကိုသာ ပိတ်၍ရမည်။ ပါးစပ်တစ်ပေါက်ကိုကား ပိတ်၍မရနိုင်ပါ။ ထိုသတင်းကို ဝမ်းဆွဲဒေါ်ဘုမသည်လည်း မရဘဲမနေပါ။ ထိုအခါ ဒေါ်ဘုမက ပါးစပ်တောမီးရှို့လေတော့သည်။

"သူတို့ကို. . လူခြောက်ကလေးက အကျိုးပေးနေတာ"

"ဘာရယ်. . လူခြောက်ဟုတ်လား. . "

"ဟုတ်တယ်လေ၊ မရီမှာ လူခြောက်ကလေးမွေးထားတာ. . နင်တို့ မသိကြဘူးလား. . "

www.burmeseclassic.com

www.burmeseclassic.com

“ဟင့်အင်း. . . မသိဘူး”

“ငါကိုယ်တိုင် မွေးပေးခဲ့ရတာ၊ နင်တို့မသိတာ မဆန်းပါဘူး၊ သူတို့က လျှို့ဝှက်ထားခဲ့တာကိုး. . ”

ဒေါ်ဘုမသည် အရှိန်မသတ်နိုင်တော့ဘဲ တွေ့ရာလူတကာကို လျှောက်ပြောနေလေတော့သည်။

“ဟယ်. . ဟုတ်လား၊ ကြီးတော်ဘုမပြောမှပဲ သည်အကြောင်းတွေကို သိရတော့တယ်၊ လူခြောက်က အကျိုးပေးတယ်တဲ့၊ မရီနဲ့ ကိုဌေးတို့က ဒါကြောင့် ချမ်းသာနေကြတာကိုး”

တစ်ယောက်က အစတစ်ရာဆိုသလို. . တစ်ရွာလုံးက စိတ်ဝင်စားသွားခဲ့ကြသည်။ ကိုဌေးနှင့် မရီတို့အပေါ်မှာ အာရုံစိုက်လာခဲ့ကြလေသည်။ မနေနိုင်သူ အလိုက်မသိကြသူတွေက စပ်စုကြသည်၊ မေးမြန်းကြသည်။

“ဟာဗျာ. . မဟုတ်တာတွေ၊ ဘယ်သူက ပြောသလဲ”

“ကြီးတော်ဘုမက ပြောတာ. . ”

“ကျွန်မတို့မှာ သည်လိုရှင်းပြစရာအကြောင်းမရှိပါဘူးရှင်၊ ဒါဟာ. . သူ့ကံတရားနဲ့သူဖြစ်လာတာပါ. . ”

တစ်နေ့ပြီးတစ်နေ့. . ဤကိစ္စကိုပဲ ရှင်းပြနေရသည်။ တစ်ချို့က ယုံသည်၊ တစ်ချို့ မယုံကြ။

“ငါတို့ကို ပြစမ်းပါဟယ်၊ မမြင်ဖူးလို့ ကြည့်ချင်လိုက်တာ၊ ဘယ်သူ့ကိုမှ. . ပြန်မပြောပြပါဘူးဟယ်”

လူတွေက အကြောင်းအမျိုးမျိုးနှင့် ဖွတ်တိုးလာခဲ့ကြ



သည်။ ဆိုးသည်က အိမ်ထဲသို့ ဖွတ်အတင်းဝင်ရောက်အာ ရှာဖွေပြီး ကြည့်လိုကြသည့်သူများ ပါရှိလာခဲ့ကြသည်။

“အစ်ကိုနဲ့ အစ်မတို့မှာ. . သည်လို ကိစ္စမျိုးတွေ မရှိကြဘူးဗျာ ထင်ကြေးနဲ့ပြောကြတာ ဖြစ်ပါလိမ့်မယ်. . ”

ထွေးမောင်ကပါ မနေသာတော့၊ ဝင်ပြီးတော့ အတာအကွယ်ပေးရလေသည်။

“မင်းက. . ရွာကို မနေ့တစ်နေ့ကမှ ရောက်လာခဲ့တာ၊ ဘာသိလို့လဲ၊ငါတို့က ကြည့်ရုံပဲ ကြည့်ချင်တာ၊ မမြင်ဖူးလို့. . ဒါလောက်လေးလိုက်လျောရတာ ဘာဖြစ်သွားမှာကျနေတာလဲ၊ လူမှုရေးစိတ်ဓါတ်မရှိကြဘူး၊ အသိခေါင်းပါးကြတယ်. . ”

အပျက်ပျက်နှင့် မလိုလားအပ်သည့်ကိစ္စများကိုသာ ကြုံတွေ့လာကြရလိမ့်မည်ဟု ထင်လာမိကြသည်။

“ကိုဌေး၊ လူတွေက သေသေချာချာ မသိကြပဲနဲ့ တစ်ဖက်သတ်ကြီးဖြစ်လာခဲ့ကြတယ်၊ ကျွန်မတော့ စိတ်ညစ်လာပြီ. . ”

“အေး. . ငါလည်း စိတ်အနှောင့်အယှက်ဖြစ်လာပြီဒါ. . ဟိုကြီးတော်ဘုမပါးစပ်စည်းမစောင့်လို့ သည်လိုဖြစ်ရတာ”

ဘာကြောင့်ရယ်မသိ၊ လင်မယားနှစ်ယောက်စလုံး အလိုလိုနေရင်း စိတ်တွေလေးနေကြသည်။ ထွေးမောင်ကတော့ ရိုးမီပြီဖြစ်သော်လည်း အစ်ကို၊ အစ်မများကို စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ၊ မမေးပါ. . မေးဖို့လည်း မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင်. . အိမ်ထဲမှာ သူမနှင့် ကိုဌေးတို့အပြင် နောက်တစ်ယောက်ရှိနေသေးသည်ဟူသော အသိက ရှိနေခဲ့လေသည်။ ခုတစ်လောတွင် အိမ်မှာ. .

တစ်ယောက်ယောက်လိုနေသည်ဟု မရီ၏ အထင်မှာ ရှိလာခဲ့ရသည်။ မိသားစု သုံးယောက်ထဲမှ တစ်ယောက်ပဲ့နေသည်ဟု အလိုလိုပင် ထင်လာမိခဲ့လေသည်။

"ငါ့သားလေး၊ အိမ်မှာမှ ရှိရဲ့လားမသိဘူး၊ သူလည်း စိတ်အနှောင့်အယှက်ဖြစ်ပြီး လျှောက်သွားနေတယ် ထင်ပါရဲ့၊ သားရယ်. . လူတွေကြောင့် အနေရခက်ပြီး အိမ်မကပ်တာများလား. . "

မရီက တစ်ယောက်တည်း ညည်းညူနေလေရာ. .

"မရီ. . ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဖြစ်နေပါဦးမယ်ကွယ်၊ မင်းက သိပ်ပြီးတော့ အစွဲအလန်းထားလွန်းတယ်"

"ဘာ. . ကျွန်မက အစွဲအလန်းထားလွန်းတယ်. . ဟုတ်လား၊ ဒါဆို. . ရှင်က ကျွန်မတို့မှာ သားတစ်ယောက်ရှိတာတို့. . လက်မခံဘူးပေါ့. . ဟုတ်လား၊ အသိအမှတ်မပြုတဲ့သဘောပေါ့. . "

"မဟုတ်ရပါဘူး မရီရယ်၊ မင်း တောင်တွေး မြောက်တွေးနဲ့ လျှောက်ပြီး တွေးမနေဖို့ပြောတာပါ၊ စိတ်ဖိစီးတာဟာ မကောင်းဘူးလေ၊ မင်းပဲ ရောဂါရမှာပေါ့. . "

"အို. . မိဘဆိုတာ သားသမီးအတွက် ဘယ်လိုကိစ္စ



မျိုးမဆို ခံစားရမှာပဲ၊ သားဟာ. . ကိုယ့်ရင်သွေးဖြစ်ခဲ့တယ့် မိဘနဲ့ အတူတူမနေနိုင်တဲ့ သား၊ ကိုယ့်မိဘကို မြင်မြင်ထင်ထင် မပြနိုင်တဲ့သား၊ ကျွန်မမှာ တွေးပွေ့ချင်လျက်နဲ့ ရင်ခွင်ထဲမှာ ထည့်မထားနိုင်ဘူး။

မအေဆိုတာ အမည်ခံပဲရှိတယ်၊ ဘယ်မှာလည်း ကိုယ့်သားဆိုလို့ လက်ညှိုးထိုးပြီးတော့ ပြနိုင်လို့လား"

မရီသည် ရင်ဘတ်ကို လက်ညှိုးထိုးပြီးတော့ ပြသည်။ တဘုန်းဘုန်းနှင့်နေအောင် လက်နှင့်ပုတ်ပြသည်။ ထိုအခါ. .

ကိုဌေးသည် သက်ပြင်းချမိလိုက်ရပြီး. .

"မရီရယ်၊အဲ့. . အဲ့ဒါတွေဟာ ငါတို့ရဲ့ ဆိုးရွားလှတဲ့ ကံတရားကြောင့် ဖြစ်လာခဲ့ရတာတွေပါ၊ သည်လိုပဲ သဘောထားရတော့မှာပေါ့။ ကံကြမ္မာက ငါတို့ကို မျက်နှာသာမပေးလို့ ခံစားနေရတာဟာ အတိတ်က ဝဋ်ကြွေးရှိခဲ့လို့ပဲ သဘောပေါက်ထားလိုက်ပါတော့ကွယ်. . "

ကိုဌေးက အဓိပ္ပါယ်ရှိသော စကားကို ပြောလိုက်လေသည်။ ဝမ်းနှင့် မလွယ်သားမမယ်ဟူသည့် စကားရှိသော်ငြား ဝမ်းနှင့်လွယ်ခဲ့သော်လည်း သားမမည်ဟု ပြောရပေဦးမည်လားမပြောတတ်ပါတော့ပေ။ မရီတို့၏ အဖြစ်တား ရင်နာစရာကောင်းလှပါတော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



မောင်တိုးဝေနှင့် ပတ်သက်ပြီး အိပ်မက်မမက်သည်မှာ ကပင် ကြာခဲ့လေပြီ။ မရီသည် မိမိနှင့်သား အိပ်မက်ထဲမှာပင် တွေ့ဆုံခွင့်ရသည်။ အဆက်အသွယ်လုပ်နိုင်သည့်အတွက် သောကဗျာပါဒတွေများနေခဲ့ရသည်။

"သားရယ်. . အမေ့ကို အဆက်အသွယ်လုပ်ပါဦးလား ကွယ်. . "

မရီမှာ တတမ်းတတနှင့် ရှိနေရလေသည်။ ထို့အစွဲ အလန်းကြောင့်လားမသိ၊ တစ်ရက်မှာ. .

○ ○ ○

မြူတွေက ခြံထဲတွင် တဝေ့ဝေ့နှင့် လွင့်ပါးနေလျက် ရှိလေသည်။ တစ်ခါတစ်ရံတွင် မြူလှိုင်းရှည်ကြီးများက မြွေတစ်ကောင်ပမာ ရှည်လျားစွာပင် ရွေ့လျားနေလျက်ရှိသည်။

လူငယ်လေးတစ်ယောက်သည် မြူမှုံထဲမှာ လျှောက်လာလျက်ရှိသည်။ စောစောက မြူလှိုင်းရှည်ကြီးများက သူ့ကိုယ်ပေါ်မှာ ရစ်ပတ်ထားလိုက်၊ လျောထွက်သွားလိုက်နှင့် ရှိနေကြသည်။ မြွေမြူတွေက ရစ်ပတ်လိုက်၊ လျောထွက်သွားလိုက်ကြနှင့် ရှိနေကြသလိုပင်။

မောင်တိုးဝေသည် အိပ်ပျော်နေသော မရီဆီကို သွားရန် အိမ်ပေါ်ကို တက်လာခဲ့လေသည်။ မရီသည်





တစ်ယောက်တည်း နှစ်ခြိုက်စွာပင် အိပ်ပျော်နေလေတော့၏။

မောင်တိုးဝေက. .

မရီ၏ အနားမှာ ထိုင်လိုက်သည်။

"အမေ. . လူတွေက ကျွန်တော့်ကို သိပ်ပြီးတော့ စိတ်ဝင်စားနေကြတယ်၊ သည့်အတွက် အမေနဲ့ အဖေလည်း စိတ်ညစ်နေကြရတယ်၊ ကျွန်တော်လည်း လူတွေကို ကြောက်လာခဲ့ရတယ်။

ဒါကြောင့်. .

ကျွန်တော်. . အိမ်မှာ မနေရဲတော့ဘူး၊ခြေဦးတည့်ရာကိုလျှောက်သွားနေခဲ့ရတာပါ၊ ကြာရင် လူတွေရဲ့ စပ်စုမှုတာ ကျွန်တော်တို့ မိသားစုကိုပါ ထိခိုက်လာခဲ့တော့မယ်၊ လူတွေက ကျွန်တော့်ကို မရမကရှာဖွေပြီးတော့ ကြည့်ကြတော့မယ်. .

အမေ. . ကျွန်တော် လူတွေကြည့်တာကို မခံနိုင်ဘူး ကျွန်တော့်ရဲ့ လူမဆန်တဲ့ရုပ်သွင်ကို ဘယ်သူမှ မကြည့်စေရဘူး အဲ့ဒါကြောင့် ကျွန်တော် သည်အိမ်က ထွက်သွားပါတော့မယ် ကျွန်တော့် မိဘတွေကို မခွဲချင်ပါဘူး. .

တစ်သက်လုံး အတူတူနေသွားဖို့ပါပဲ၊ အမေ့ကိုလည်း သားချစ်ပါတယ်၊ အဖေ့ကိုလည်း သားချစ်ပါတယ်၊ ကျွန်တော့်ကို အရုပ် ရုပ်သွင်နဲ့ သားကို သားရယ်လို့ အသိအမှတ်ပြုပေးခဲ့တဲ့ အမေ့ကို ကျေးဇူးတင်ပါတယ်၊ မိဘတွေနဲ့ အတူနေချင်ပေမယ့် အတူမနေရသလို ခံစားနေရတဲ့ ကျွန်တော့်ရဲ့ ဒုက္ခတို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပဲသိပါတယ်။

တစ်ကယ်လို့များ ကျွန်တော်ဟာ ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရတာဆိုရင် အဲ့သည်ဝဋ်ကြွေးဟာ သည်ဘဝမှာပဲ ကြေပါရစေ. . ကြေပါစေတော့လို့. . ”

မောင်တိုးဝေမှာ ပြောနေရင်းက မျက်ရည်တွေတွေ စီးကျလာလျက်ရှိနေလေသည်။

“ကျွန်တော်. . အမေတို့ကို အတတ်နိုင်ဆုံး ကူညီခဲ့ပြီး ပါပြီ၊ မွေးကျေးဇူးဆပ်ပေးခဲ့တယ်လို့ပဲ သဘောထားပေးပါ၊ အသိအမှတ်ပြုပေးပါ. . တစ်ကယ်လို့ နောင်ဘဝဆိုတာများ ရှိနေခဲ့ရင် သည်လိုအဖြစ်ဆိုးမျိုးတွေ မကြုံတွေ့ရပဲ. . မိသားစု အတူတူပျော်ရွှင်စွာနဲ့ နေနိုင်ရပါစေ. .

အမေတို့နဲ့အတူ လက်ပွန်းတတည်းနေရပြီး လူ့လောက ရဲ့ မိသားစုအတွေ့အထိကို ခံစားနိုင်ရပါစေလို့ သားဆုတောင်း ပါတယ်၊ သားကို ချစ်ရင် သားအတွက် ကောင်းမှုကုသိုလ်လုပ် ပေးပါ. . ဆုတောင်းပေးပါ. .

သားကိုယ်သားလည်း ဆုတောင်းပါတယ်၊ ဖြစ်လေရာ ဘဝတိုင်းမှာ သားကောင်းသားမြတ်ပဲ ဖြစ်ရပါလို၏။ မိဘကို စော်ကားသူ၊ မိဘကျေးဇူးကို နားမလည်တဲ့သားမျိုး မဖြစ်ရပါ စေနဲ့လို့. . ”

မောင်တိုးဝေသည် ပါးပြင်ထက်မှ မျက်ရည်များကို လက်နှင့် ပွတ်သပ်ကာ သုတ်ပစ်လိုက်သည်။ မိခင်ကို





လက်ဆာယ်ဖြာမိုး၍ သေချာစွာ ကန်တော့သည်။ ကန်တော့ရင်း က. . ငိုရှိုက်နေမိလေသည်။

ထို့နောက်. .

အားပါးတရ ကန်တော့အပြီး နေရာမှ ထ,လိုက်လေ သည်။ လှေကားအတိုင်း အိမ်ကြီးပေါ်မှ အောက်ကို ဆင်းသွား ခဲ့သည်။ မိမိနေထိုင်ခဲ့သော အိမ်ကြီးကို တစ်ချက်ကြည့်သည်။ ပြီးသော်. . နှင်းမြူထဲကို တိုးဝင်ကာ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား. . သား ဘယ်ကို ထွက်သွားမလို့လဲ၊ ပြန်လာပါ သားရယ်၊ အမေ့ဆီကို ပြန်လာပြီးတော့ နေပါ၊ တစ်ယောက်တည်း ဘယ်ကိုမှ ထွက်မသွားပါနဲ့ သားရယ်၊ အမေ့ကို သနားပါ။ အမေ့ကို ပစ်ထားခဲ့ပါနဲ့ ဘယ်သူတွေ ဘာပဲပြောကြ. . ပြောကြ သားဟာ အမေ့သားပါပဲ၊ အမေကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ သားပါကွယ်၊ ဒါကို သားနားလည်ထားပါ. ."

မရီသည် အိပ်ပျော်နေရာက အထိတ်တလန့်နှင့် နိုးလာခဲ့လေသည်။ နေရာမှလည်း ရုတ်တရက် ထ,ရပ်လိုက်ကာလှေကားဆီကို ပြေးသွားသည်။

"မရီ. . မရီ၊ ဒါဘယ်လဲ၊ ဘယ်သွားမလို့လဲ. . ဟာ မှောင်ထဲမှာ လိမ့်ကျတော့မှာပဲ. ."

မရီ၏ အသံကြောင့် ကိုဌေးလည်း ဖျတ်ကနဲဆို နိုးလာခဲ့ရလေသည်။ မရီသည် ကိုဌေးခေါ်သည်ကို မကြားသလိုပင်၊ လှေကားအတိုင်း အောက်ကို ဆင်းသွားခဲ့လေသည်။ ကိုဌေးလည်း ချက်ချင်းပင် လိုက်သွားခဲ့ရသည်။

ထိုအချိန်တွင်. .

မရီမှာ ခြံထဲကို ရောက်သွားခဲ့လေပြီ။ ထူးထူးခြားခြား ဆောင်းကာလ မဟုတ်ပါပဲနှင့် မြူတွေက ဆိုင်းလျက်ရှိနေကြသည်။ ဝသန္တမိုးကာလကြီးမှာ မိုးနှင့် မြူတွေက ဆိုင်းနေကြလေသည်။ လရောင်အောက်မှာ ဖြူဆွတ်သောနှင်းမြူတွေက မထူမပါး ကျဆင်းလျက်ရှိနေကြသည်။



မြွေလိမ်မြွေကောက်လို ဖောက်ပြီးသွားနေကြသော နှင်းလမ်းကြောင်းသုံးလေးခုကလည်း ရှိနေကြလေသည်။

"သားရေ၊ သား၊ သား ဘယ်မှာလဲ၊ ဘယ်ကိုထွက်သွားတာလဲသားရယ်၊ အမေ့ကိုခွဲမသွားပါနဲ့၊ အမေ့ဆီကို ပြန်လာခဲ့ပါကွယ်၊"

မရီသည် နှင်းတောထဲကို ဖြတ်လျှောက် သွားရင်း တကြော်ကြော်နှင့် အော်ကာခေါ်နေလေသည်။

"မရီ. .၊ မရီ. .၊ မင်းဘယ်ကိုသွားနေတာလဲ. .၊ ခဏနေပါဦး၊ နေပါဦးလေ. ."

ကိုဌေးကလည်း. . မရီ၏နောက်ကို အမှီလိုက်လာသည်။ လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

"ဟင်၊ မရီ၊ ပြောစမ်းပါဦး၊ မင်းကဘာဖြစ်လို့ တဆက်တည်းလျှောက်သွားနေရတာလဲ၊ ငါ့ကိုအကျိုးအကြောင်း ပြောပြစမ်းပါဦး. ."

"ဟင်၊ ရှင်မသိဘူးလား၊ သားလေး၊ သားလေးမောင်တိုးဝေ"

"သား၊ သားကဘာဖြစ်လို့လဲ . ."

"အိမ်က ထွက်သွားပြီရှင့် . . "

"ဟာ၊ မဟုတ်တာကွယ်၊ မင်း. . . ဘာတွေလျှောက်ပြောနေတာလဲ၊ သွေးရူးသွေးတမ်းဖြစ်နေပြီ၊ ထင်မိသော်မှာ အစွဲအလမ်းကြီးကြီးကို တစ်ချိန်လုံးခေါင်းထဲမှာ ထည့်ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်. . ”

“ ဘာ၊ ဘာပြောတယ်၊ လာပြန်ပြီ. . ၊သည်အစွဲအလန်း၊ ကျွန်မကိုရှင်က. . စိတ်မမှန်ဘူးလို့ စွပ်စွဲနေဆဲပဲလား၊ ကျွန်မသိတယ်၊ ရှင်လည်းသားလေးကို အသိအမှတ်မပြုဘူးဆိုတာ၊ ရှင်. . ၊ရှင်ဟာ ဖအေမပီသဘူး၊ ကိုယ်သားကိုတောင် ဥပေက္ခာပြုတယ်၊ လက်မခံဘူး၊ သည်လိုနဲ့ပဲ ကျွန်မစိတ်ချမ်းသာအောင်လို့ဟန်ဆောင်လက်ခံထားပေးတယ်၊ ရှင်ဘာကောင်းသလဲ၊ ရက်စက်တယ်၊ နှလုံးသားမရှိတဲ့ ဖအေ. . ”

“ မဟုတ်သေးပါဘူးကွယ်၊ မင်းပြောတာမမှန်ပါဘူး၊ ငါလည်းမင်းလိုပဲခံစားချက်ရှိပါတယ်၊ မင်းလိုပဲ ငါလည်း သားလေးမောင်တိုးဝေကို လက်ခံထားပါတယ်၊ မယုံမရှိပါနဲ့. . ”

“ အို၊ မယုံဘူး၊ ရှင်ဟန်ဆောင်နေတာ၊ အမှန်ကိုဘယ်တော့မှမပြောဘူး ၊ ခုထက်ထိ လိမ်ညာနေဆဲပဲ. . ”

ကိုဌေးသည် စိတ်မသက်မသာနှင့် ခေါင်းကို ယမ်းခါမိလိုက်လေသည်။ ဇနီးဖြစ်သူသည် လွန်စွာမှပင်. . စိတ်လှုပ်ရှားလျက်ရှိသည်။ မည်သို့သော အိပ်မက်ကြောင့်ပါလဲ၊

နှစ်ယောက်စလုံးမိုးနှင့် ရေထဲကို . . တိုးဝင်သွားနေကြသည်။ ရှည်လျားသော. . ခြံနောက်ဖက်ကို သွားနေကြသည်၊ မရီကား မောင်တိုးဝေကို လိုက်လံရှာဖွေလျက်ရှိနေလေသည်။

ထိုစဉ်

“ ဖလပ်. . ဖလပ်. . ဖလပ်. . ”





မြဲလဲရှိသစ်ပင်ကြီးတစ်ပင်ထက်မှ. . အိပ်တန်းတက်နေကြသော ငှက်တစ်အုပ်က ရုတ်တရက် လန့်ပျံပြီးတော့ပြေးသွားကြသည်။

သို့ရှိခိုက်မှာပင်. .

ရှေ့မှလုံးထွေးနေလျက်ရှိသော မြူဝန်းထုကြီးတစ်လုံးက တလိမ့်လိမ့်နှင့်ရောက်လာခဲ့သည်။ ကြယ်ရောင်များနှင့်အင်အားငယ်သော လရောင်အောက်တွင် တွေ့လိုက်ရသည်က. . ကျောပေးပြီးသွားနေကြသောသဏ္ဍာန်နှစ်ခု၏ အမြင်ကား. . ယောကျာ်းလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်။

“သား၊သားနဲ့ သမီးပေါ့ ဒါဘယ်ကို သွားကြမလို့လဲ ပြန်လာကြပါ၊ အမေ့ဆီကိုပြန်လာကြပါ. . ”

မရီသည် တကြော် ကြော်နှင့် အော်ခေါ်ပြီးတော့ ပြေးသွားသည်။

“ မရီ. . မရီ. . ”

ကိုဌေးသည် မရီကို ဆွဲထားရသည်၊ ကိုဌေးကတော့ မြူဝန်းထုကြီးကလွဲပြီး. . ဘာဆိုဘာမှမမြင်ပါ၊ တကယ်တော့ မရီသည် မိမိ၏စိတ်ထဲမှာ စွဲထင်လျက်ရှိသော ကြီးမားသည့် သံယောဇဉ်ကြောင့် သားကို မြင်ချင်ဇောစိတ်ပြင်းပြနေသော ကြောင့်ဖြစ်ပါသည်။

ယခုလည်းကြည့်ပါ. . ၊



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံကြောင့်. . သဏ္ဍာန်နှစ်ဦးသည် ရုပ်ကာအောက်ကိုလှည့်ကြည့်လိုက်ကြသည်၊ လက်အုပ်လေးတွေကိုချီကာ၊ ရင်မှထိထားလိုက်ကြသည်၊ ထို့နောက်. . နောက်ဆုတ်၊ နောက်ဆုတ်နှင့်ရှိနေပြီးမှ . . နောက်ဖက်ခြံတံခါးဆီကို မျက်နှာမူလိုက်ကြလေသည်၊ ဤကားမရီအမြင်ပါ။

ထိုစဉ်မှာပင်လျှင်. .

မြူလုံးကြီးထဲက သဏ္ဍာန်နှစ်ခုသည် ပျောက်ကွယ်သွားခဲ့ကြသည်၊ ဒူးအစုံညွတ်သွားခဲ့စဉ်မှာပင် ကိုဌေးက ဆွဲပွေ့ထားလိုက်ရသည်။

"မရီ၊ မရီ၊ မင်းဘာဖြစ်တာလဲ၊ သတိထားမှပေါ့၊ ငါ့ကိုလည်းအကျိုးအကြောင်း ရှင်းပြပါဦး. . ၊ စိတ်ကိုလည်း ထိန်းဦးမှပေါ့ကွ. ."

ကိုဌေးသည် ဇနီးဖြစ်သူကို. . မပြတ်ပင်သတိပေးနေလျက်ရှိသည် မရီသည်ကိုဌေး၏ ရင်မှာ မျက်နှာအပ်ကာ ချုံးချပြီးတော့ငိုကြွေးနေလျက်၊ ရင်မှာဆို့နင့်နေ၍ပြန်ပြောချင်လည်းမရပါ။

အကယ်၍သာ. .

သူတို့နှစ်ဦး. . အိမ်အပေါ်အထပ်ခိုးလေးထဲကိုသာတက်၍ ကြည့်ခဲ့လျှင် သွေးပျက်သွားကြလေမလားမသိ၊ သေတ္တာ လေးထဲမှာ ထည့်ထားသော. . တယုသန်အစွဲကြောင့် ရုပ်တည်နေခဲ့ရရှာသည်၊ အမနုသရုပ်တုလေးသည်၊ ဆွေးမြေ့



ကြေပျက်နေကာ၊ မြေဇာမှုန့်များပမာစုပုံလျက် ရှိနေသည့်အခြေအနေကိုသာမြင်တွေ့ခဲ့ပါလျှင်. . . ၊

မရီ. . အရိုးစွဲအောင်လက်ခံထားသည့်၊ ရင်နှစ်သည်းချာ. . မောင်တိုးဝေကား သူမထံသို့ ဘယ်သောအခါမှ ပြန်မလာတော့ပါ၊ အိပ်မက်လည်း မပေးတော့ပါ။

မိခင်ဖြစ်သူမရီသည် မည်သို့ဖြေသိမ့်နိုင်ပါတော့မည်နည်း၊ အိမ်ကြီးကားအစိပ်ပွါယ်မဲ့ခဲ့လေပြီတည်း၊ မိသားစုဘဝထားခြောက်သွေ့ခဲ့လေပြီတည်း။

○ ○ ○

ဆက်လက်[illegible]

[illegible]

www.burmeseclassic.com